
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သတို့သမီး သတို့သားလောင်းများနှင့်
မိန်းမောင်နှံတိုင်း လက်ကိုင်ထားရမည့် . . .

# ဗိုဓ အိမ်တောင်ဦးလက်စွဲ

တက္ကသိုလ်နေဝင်း

စီစဉ်သူ–တင်ရှိန်

ဖြန့်ချိရေး

ရွှေတံတားစာပေ
အမှတ် (၁၆၀)၊ (အခန်း–၅) ဦးချစ်မောင်လမ်း၊
ဗဟန်း၊ ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်းစာနယ်ဇင်း
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် – ၆၉၇/၉၆(၁၀)

စာအုပ်စာတမ်းမျက်နှာဖုံး
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်အမှတ် – ၅၃၄/၉၆(၁၀)

**မျက်နှာဖုံးပန်းချီ**
ဆွေမြင့်

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ်
အုပ်ရေ (၅၀၀)
တန်ဖိုး 750 ကျပ်

**ကွန်ပျူတာစာစီ**
မျိုးမော်ကွန်ပျူတာ (ဖုန်း – ၂၇၇၄၅၆)

**ထုတ်ဝေခြင်း**
၁၉၉၆–ခု၊ ဒီဇင်ဘာလ။

(၃၅)၊ သမာဓိလမ်း၊ မရမ်းကုန်းစွဲစုရပ်၊ ကမ္ဘာအေး။
**အသိုင်းအဝိုင်းစာပေ**
မောင်မြသန်း–စိတ်ဓာတ်မြသန်း
မှတ်ပုံတင်အမှတ် (၀၁၅၀)
ဒေါ်နှင်းရီ (၀၄၅၆၀) သစင်အော့ဖ်ဆက်
၁၃၉၊ လမ်း–၅၀ (အထက်)၊ ပုဇွန်တောင်၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အိမ်ထောင်ဘက်ရွေးချယ်ခြင်း | ၁ |
| ၂ | အချစ်နှင့်အိမ်ထောင်ရေး | ၁၆ |
| ၃ | ဖို၊မဆက်ဆံရေး၏ အရေးပါမှု | ၃၅ |
| ၄ | နိုင်ငံခြားပညာရှင်များ အယူအဆ | ၅၀ |
| ၅ | လိင်ပညာသင်ကြားမှု အတိုင်းအတာ | ၇၂ |
| ၆ | အချစ်နှင့်လိင်စိတ်ဓာတ် | ၈၁ |
| ၇ | သတို့သမီး သတို့သားလောင်းတို့ သိမှတ်စရာများ | ၉၈ |
| ၈ | လက်ထပ်ပြီးအချိန်ကာလ | ၁၁၄ |
| ၉ | သာယာချမ်းမြေ့သော အိမ်ထောင်ရေးသို့ | ၁၃၀ |
| ၁၀ | ဖခင်းမောင်နှံ အချစ်လမ်းညွှန် | ၁၄၄ |
| ၁၁ | လွဲမှားသော အယူအဆများ | ၁၆၆ |
| ၁၂ | အိမ်ထောင်ရေး အဆင်ပြေမှု | ၁၈၈ |


www.burmeseclassic.com

www.burmeseclassic.com

# အမှာ

အာသဝေါ. မကုန်သေးသူမှန်သမျှကို ပုထုဇဉ်ဟု ခေါ်ကြရာ ပုထုဇဉ် လူသားတို့အနေဖြင့် ပုထုဇဉ်တို့ဘာဝ ဂရာဝါသ အိမ်ယာထောင်ခြင်းကိစ္စနှင့် မကင်းနိုင်ကြချေ။ ချွင်းချက်အနေဖြင့်ကား ရှိ၏။ ရဟန်းသံဃာကဲ့သို့ သာသနာ့ဝန်ထမ်းများ၊ အမျိုးသမီး ဘိက္ခုနီများအပြင် အကြောင်းကြောင်းကြောင့် တသက်ပတ်လုံး အိမ်ထောင်မပြုဘဲ အသက်ထက်ဆုံး နေသွားသူ လူပျိုကြီး၊ အပျိုကြီး များလည်း ရှိကြပါ၏။ သို့ရာတွင် ယင်းတို့မှာ ချွင်းချက်သာလျှင် ဖြစ်သည့်အလျောက် ပုထုဇဉ်လူသား ရာခိုင်နှုန်း အများစုကတော့ အချိန်တန်အရွယ်ရောက်လျှင် အိမ်ထောင်ပြုကြသည်ချည်းတည်း။

အိမ်ထောင်ပြုသည်ဆိုရာ၌ သွေးသား မတော်စပ်သော လူပျိုတစ်ဦးနှင့် အပျိုတစ်ဦး တို့ အကြင်လင်မယားအဖြစ် ပေါင်းသင်း ကြသည်ဖြစ်ရာ သူတို့နှစ်ယောက်အနေဖြင့် ရာသက်ပန် ဘဝ ကြင်ဖော်အဖြစ် အတူတကွ နေထိုင်ကြရသည် ဖြစ်သောကြောင့် သာယာချမ်းမြေ့သော အိမ်ထောင်ရေးဘဝ ရရှိရန် အရေးကြီး လှပေသည်။

ယောကျ်ားနှင့် မိန်းမ အိမ်ထောင်ပြုရာဝယ် ချစ်ခြင်း မေတ္တာ (ဝါ)အချစ်သည် အဓိက အရေးပါဆုံး ဖြစ်သည်ဟူ၍ကား ရှေးစာဆို ပညာရှိများက အစဉ်အဆက်အားဖြင့် မိန့်ဆိုခဲ့ကြ၏။ အချစ်နှင့် အရင်းတည်သော အိမ်ထောင်ရေးမှ သာယာမည်။ တည်တန့်ခိုင်မြဲမည် ဟုလည်း ဆိုကြ၏။ ယင်းအချက်တို့ကို ဤစာအုပ်အနေဖြင့် ငြင်းချက် ထုတ်ရန် မရည်ရွယ်ပါ။ ချစ်ခြင်းမေတ္တာဆိုသည်မှာ အလွန်သိမ်မွေ့နက်နဲသော စိတ်ပိုင်းဆိုင်ရာ အကြောင်းရပ်ဖြစ်၍ ကျွမ်းကျင်နားလည်သော ပညာရှင်ကြီးများသာ ဆွေးနွေးသုံးသပ်နိုင်သော ကိစ္စအဖြစ် ချန်လှပ်ထားသင့်ပေသည်။

ဤစာအုပ်၏ ရည်ရွယ်ချက်ကား ယောကျ်ားနှင့်မိန်းမ အိမ်ထောင်ပြုခြင်း၏ ပါကာဗေဒ သိပ္ပံပညာဆိုင်ရာ အကြောင်း အချက်များကို အမှန်အတိုင်း လုလင်ပျို၊ လုံမပျိုတို့အား ပညာပေးကာ ဗဟုသုတများ ဖောက်သယ်ချ လမ်းညွှန်ပြရန်ပင် ဖြစ်ပါသည်။ အိမ်ထောင်ပြုခြင်း၏ ပါကာဗေဒဆိုင်ရာဆိုသည်မှာ လင်နှင့်မယား ဘဝတွင် မလွှဲမသွေ ကြုံတွေ့ရသည့် ဖိုမဆက်ဆံရေး (တနည်း အားဖြင့်– လိင်)ကိစ္စပင်ဖြစ်၏။

ယောကျ်ားကလေးနှင့် မိန်းခလေး ထိမ်မြားလက်ထပ်ပြီး သည်နှင့် တူနှစ်ကိုယ် ရွှေလည်တွဲ ချစ်ပွဲဝင်ရန်အတွက် ခန်းစက်ရာ သဥ္ဇာထက်မှာ အိပ်စက်ကြရတော့မည်ဖြစ်ရာ ယင်းသို့ အိပ်စက် ကြသည့်အခါ ရင်ဆိုင်တွေ့ကြုံရလတ္တံ့သော အဖြစ်နှင့် ပတ်သက်၍ သိပ္ပံနည်းကျကျ လိင်ပညာဆိုင်ရာ ဗဟုသုတများ အမှန်အတိုင်း နားလည်သိရှိနေပါက အိမ်ထောင်ရေးဘဝသည် သာယာအဆင်ပြေပြီး စိတ်ချမ်းသာမှု၊ ကျေနပ်ရောင့်ရဲမှုများကို ပေးစွမ်းနိုင်မည် ဖြစ်ပေသည်။

တစ်ချိန်က ဖိုမဆက်ဆံရေး (လိင်)ကိစ္စကို ပွင့်လင်းစွာ ဖွင့်ဟဆွေးနွေးရန် မသင့်သော ရှက်စရာကိစ္စဟူ၍ ကမ္ဘာတစ်ဝှမ်းလုံး၌ ယူဆခဲ့ကြ၏။ သို့ရာတွင် လက်တွေ့အားဖြင့်ကား အချိန်တန်လျှင် အိမ်ထောင်ပြုကြကုန်သော ယောကျ်ားတိုင်း၊ မိန်းမတိုင်းသည် ယင်း

www.burmeseclassic.com

www.burmeseclassic.com

ဖိုမဆက်ဆံရေးကိစ္စကို မလွဲမသွေ ရင်ဆိုင်တွေ့ကြုံရ သည်ချည်းဖြစ်၏။ တစ်ဖန် လူ၏ခန္ဓာကိုယ် တည်ဆောက်ပုံ သဘာဝအရ အရွယ်ရောက်သူ မိန်းကလေးတိုင်း၊ ယောကျ်ားကလေးတိုင်း၊ သားသမီးပွားသန္ဓေ တည်နိုင်ရေး(ဝါ) မျိုးဆက်ပွားရေးအတွက် ပါဏဗေဒဆိုင်ရာ ပြောင်းလဲမှုများ (ဥပမာ–မိန်းခလေးတွင် ဓမ္မတာရာသီသွေးပေါ်ခြင်း၊ ယောကျ်ားကလေးတွင် သုတ်ရည်ဖြစ်လာခြင်း) သည် အလိုအလျောက် ဖြစ်လာရသည်ချည်းဟူသော အချက်သည်လည်း မည်သို့မျှ ရှောင်လွှဲ၍ မရပေ။

အရွယ်ရောက်၍ အပျိုလူပျိုဖြစ်လာပြီဆိုလျှင် ဆန့်ကျင်ဖက်လိင်နှင့် နီးစပ်မှု ပေါင်းဖော်မှုကို တောင့်တ,သည့်စိတ် ပေါ်လာခြင်းမှာလည်း စင်စစ်အားဖြင့် ရှက်စရာ၊ ကြောက်စရာ မဟုတ်ချေ။ လူသားတို့အတွက် သဘာဝ အကျဆုံး လိုလားချက် တစ်ခုသာဖြစ်ပေသည်။

ယင်းသို့ ဆန့်ကျင်ဖက်လိင်ကို တောင့်တ,ကြရာမှ ထိမ်းမြားလက်ထပ်ခြင်းစသည်ဟူသော ယောကျ်ားနှင့်မိန်းမ ပေါင်းသင်းဆက်ဆံမှုသည် ဖြစ်လာပေရာ သဘာဝမိခင်၏ တိုက်တွန်း စေ့ဆော်ချက်ကို သဘာဝကျကျ လိုက်နာကျင့်သုံးခြင်းသာ ဖြစ်သည်ဟု ဆိုရပေမည်။

သို့ဖြစ်ရာ ဖိုမဆက်ဆံရေးဆိုင်ရာ လိင်ပညာပေး ဗဟုသုတများကို သိပ္ပံနည်းကျကျ စနစ်တကျ လေ့လာခြင်း၊ သင်ကြားပြသခြင်းတို့သည် ရှက်စရာ မဟုတ်။ တတ်သိနားလည် ထိုက်သော ပညာရပ်တစ်ခုဟု မယူဆထိုက်ပါသလော။

ထို့ကြောင့်ပင် ယခုအခါ တိုးတက်သော နိုင်ငံမှန်သမျှ လိင်ပညာပေး သင်ကြားရေးအပေါ် အယူအဆများ သိသိသာသာ ပြောင်းလဲလာခဲ့ပေသည်။

တစ်ချိန်က လူကြားထဲ ဆွေးနွေးပြောဆိုခြင်းငှာ မသင့်သော ရှက်စရာကိစ္စတစ်ခုဟု ယူဆခဲ့ကြသဖြင့် ဖိုမဆက်ဆံရေးဆိုင်ရာ လိင်ပညာနှင့်ပတ်သက်၍ အမေရိကန်နှင့် ဥရောပနိုင်ငံ စာသင်ကျောင်းများ၌ ကျောင်းသူ ကျောင်းသားများအား စနစ်တကျ သင်ကြားပို့ချပေးလျက်ရှိပေပြီ။ ဆွီဒင်နိုင်ငံတွင်ဆိုလျှင် အရွယ်ရောက်သူတိုင်း မလွှဲမသွေ ကြုံတွေ့ရမည့် လိင်ကိစ္စကို ဖြိုတင်၍ သင်ကြားပြ,သပေးခြင်းက ပိုကောင်းသည်ဟု ပြည်သူလူထုကိုယ်တိုင်က တောင်းဆိုလာချက်ကြောင့် စာသင်ကျောင်းများ၌ ဘာသာရပ်တစ်ခုအဖြစ် သင်ကြားပို့ချပေးရန် အစိုးရက ပြဋ္ဌာန်းခဲ့ရပေသည်။

သင်ကြားပို့ချပေးသည် ဆိုရာ၌ ကျောင်းသူကျောင်းသားလူမမယ်တို့အား ရာဂစိတ် နှိုးဆွပေးသည့်သဘော မဟုတ်။ ယုတ်မာညစ်ညမ်းသော အသွင်မျိုးလည်း မဟုတ်၊ သိပ္ပံနည်းအရဆေးပညာသဘောအရ လူ့ခန္ဓာကိုယ် သဘာဝ၏ ပါဏဗေဒ၊ စိတ္တဗေဒဆိုင်ရာ အချက်အလက်များကို အမှန်အတိုင်း တတ်သိ နားလည်သင့်သလောက် နားလည်အောင် သင်ကြားပို့ချပေးခြင်းသာ ဖြစ်ပေသည်။

ယင်းဘာသာရပ် စတင်ပို့ချစဉ်ကဆိုလျှင် ကျောင်းသားမိဘများကိုယ်တိုင် ကျောင်းသင်တန်းများသို့ တက်ရောက်၍ နားထောင်လေ့လာကြည့်ခဲ့ကြပါသည်။ ညစ်ညမ်းသော သဘောလုံးဝမပါပဲ ပညာပေးသက်သက် သိပ္ပံပညာဆန်ဆန် သင်ကြားပို့ချပုံများကို တွေ့ရှိရတော့မှ မိမိတို့ သားသမီးများ တတ်သိနားလည်ထားသင့်သည်ဟု သဘောပေါက် လက်ခံခဲ့ကြသည်ဟု ဆိုလေသည်။

ဤသို့လျှင် လိင်ပညာနှင့် ပတ်သက်၍ အနောက်နိုင်ငံများ၌ စာသင်ကျောင်းများတွင် ဘာသာရပ်တစ်ခုအဖြစ် သင်ကြားပို့ချပေးခြင်းကို လက်ခံနေကြပြီ ဖြစ်သော်လည်း အရှေ့တိုင်း

www.burmeseclassic.com

နိုင်ငံများကမူ ယင်းကိစ္စကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးရန် ကြောက်သလို ရှိသလို ဖြစ်နေကြပါသေးသည်။ ရှေးဆန်သော အတိတ်က အယူအဆများ ကြွင်းကျန်လွှမ်းမိုးလျက် ရှိသေး၍သာ ဖိုမဆက်ဆံရေးဆိုင်ရာ လိင်ကိစ္စကို ပွင့်လင်းစွာ မဆွေးနွေးဝံ့ကြခြင်း ဖြစ်သည်ဟု ယူဆရပေသည်။

သို့ရာတွင် တစ်နေ့တစ်ခြား တိုးတက်ပြောင်းလဲနေသော ခေတ်ကြီး၌ ခေတ်၏ရေစီးကြောင်းကို ဗီလာဆန့်ကျင်၍ မဖြစ်နိုင်ကြောင်းကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်လာပေသည်။

ရေဒီယို၊ တယ်လီဗေးရှင်း၊ ရုပ်ရှင်၊ ဂျက်လေယာဉ်တို့ လွှမ်းမိုးသောခေတ်၌ ကမ္ဘာတစ်ဝှမ်းလုံးကို အိမ်ဦးနှင့် ကြမ်းပြင်သဖွယ် ပမာ မြေကြောရှုံ့နိုင်သော ကာလသို့ ရောက်လာပြီဖြစ်၍ ဖိုမ ဆက်ဆံ ရေး လိင်ကိစ္စအပေါ် သဘောထား အယူအဆတို့သည်လည်း ကမ္ဘာ့ တိုးတက်သော နိုင်ငံများနည်းတူ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ ရောက်ရှိခြင်းကို တားဆီး၍ ရနိုင်မည် မဟုတ်ချေ။

ယင်းအခြေအနေအရ အရှေ့ဖျားမှ ဂျပန်ကဲ့သို့ တိုးတက်သော နိုင်ငံများတွင်ပင်လျှင် လိင်ပညာအပေါ် သဘောထားများသည် ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီကနှင့် မတူတော့ဘဲ သိသိသာသာ ပြောင်းလဲလာနေပြီ ဖြစ်ပေသည်။

အထူးသဖြင့် ပုထုဇဉ် လူသားတို့ ဘဝ အချိန်တန် အရွယ်ရောက်၍ ထိမ်းမြားလက်ထပ်ကြတော့မည့်ဆဲဆဲ လုလင်ပျို လုံမပျိုတို့ အနေဖြင့် ပျော်ရွှင်ကြည်နူး အိမ်ထောင်ဦး အခါသမယ တတ်သိနားလည်ထားထိုက်သော ဖိုမ ဆက်ဆံရေးဆိုင်ရာ ကိစ္စ များနှင့် ပတ်သက်၍ စနစ်တကျ ပညာပေး ညွှန်ပြသော စာအုပ် စာတမ်းများသည် ယခုအခါ တည်ကြည်ခန့်ငြားစွာ ထွက်ပေါ် လျက်ရှိပြီ ဖြစ်ပေသည်။

အဆိုပါ လိင်ပညာပေး စာအုပ်များကို ညစ်ညမ်းသော စာပေဟူ၍ ဝါးလုံးရှည်နှင့် သိမ်းရမ်းပြစ်တင်ခြင်းမှာ မသင့်ပေ။ လူငယ်တို့၏ ရာဂစိတ်ကို အကြောင်းမဲ့ နှိုးဆွသော စိတ်ကူးယဉ် ဝတ္ထုများကိုသာ ညစ်ညမ်းသည်ဟု ရှုတ်ချသင့်ပေသည်။ အိမ်ထောင်မှန်သမျှ မည်သို့မျှ ရှောင်၍မရသော ဖိုမ ဆက်ဆံရေး ကိစ္စနှင့် ပတ်သက်၍ ပါဏဗေဒ၊ စိတ္တဗေဒ ဆိုင်ရာ အချက်အလက် များကို ပွင့်လင်းစွာ ညွှန်ပြပေးအပ်သော ပညာပေးစာစဉ် ဟူ၍သာ သတ်မှတ်ရမည် ဖြစ်ပေသည်။

ယောကျ်ားကလေးတစ်ယောက်နှင့် မိန်းကလေး တစ်ယောက်တို့သည် လူသားဘဝ တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်နေရာမှ အခြေအနေပေး၍ ထိမ်းမြားလက်ထပ်လိုက်သည် ဆိုပါစို့။ အကယ်၍ သူတို့နှစ်ဦးစလုံးတွင် လိင်ပညာနှင့် ပတ်သက်ပြီး လုံးဝ ဗဟုသုတ မရှိပါက အိမ်ထောင်ဦးကာလတွင် စောစောက စိတ်ကူးယဉ် မျှော်မှန်းသလို သာယာကြည်နူးဖွယ် အခါသမယ မဖြစ်နိုင်ပေ။

သာယာကြည်နူးဖွယ် မဖြစ်ရုံ မဟုတ်သေး။ တစ်ဦးကိုတစ်ဦး အသက်ပေး ချစ်ပါသည်ဆိုသော ညားခါစ ဇနီးမောင်နှံတို့၏ ချစ်ခြင်းမေတ္တာအပေါ် သံသယများပင် ဖြစ်လာနိုင်ပါသေးသည်။ ချစ်သူတို့ဘဝ တစ်ယောက်၏အလိုကို တစ်ယောက်က လိုက်၍ ဖြည့်စွမ်းချင်သော ဆန္ဒရှိလင့်ကစား အိမ်ထောင်ဦး ခန်းစက်ရာထက်၌ ချစ်တင်းနှီးနှောရာဝယ် ကျေနပ်နှစ်သိမ့်မှု မရရှိသော အဖြစ်မျိုး ကြုံရာမှ စိတ်ပျက်ခြင်း၊ အားငယ်ခြင်း၊ အိမ်ထောင်ပြုတာ စောစောက ထင်သလို ပျော်စရာ မကောင်းပါလားဟု စိတ်ဓါတ်ကျဆင်းခြင်းများလည်း ပေါ်ပေါက်လာနိုင်ပေသည်။

စင်စစ်အားဖြင့် ဤသို့ ဖြစ်စရာအကြောင်း မရှိချေ။ လိုအပ်သည်ကား ထိမ်းမြားလက်ထပ်မည့် ချစ်သူနှစ်ဦးတို့ အနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်ပြီး အကြင်လင်မယားဘ၀တွင် ကြုံတွေ့ရလတ္တံ့သော ဖို့မ ဆက်ဆံရေး ဆိုင်ရာ လိင်ပညာ ဗဟုသုတများ သိရှိနားလည်ထားရန်ပင် ဖြစ်သည်။

အထူးသဖြင့် လိင်ပညာဆိုင်ရာ ခေတ်ပေါ် သုတေသနပြု တွေ့ရှိချက်များ ကမ္ဘာ့ ပညာရှင်ကြီးတို့၏ အဆိုအမိန့် ညွှန်ပြချက်များကို တတ်နိုင်သမျှလောက် လေ့လာထားခြင်းသည် အိမ်ထောင်ဦး ချစ်သူတို့အတွက် အကောင်းဆုံးပင် ဖြစ်ပါ၏။

ယင်းသို့ သာယာသော အိမ်ထောင်ရေးဘ၀ကို မျှော်မှန်းလိုသူ အိမ်ထောင်ပြုအံ့ဆဲဆဲ လူငယ် အမျိုးကောင်း သားသမီးများအတွက် အထူးရည်ရွယ်လျက် ဤအိမ်ထောင်ဦးလက်စွဲစာအုပ်ကို ရေးသားပြုစုရခြင်းပင် ဖြစ်ပါသတည်း။

တက္ကသိုလ် နေဝင်း



# (၁)

# အိမ်ထောင်ဘက် ရွေးချယ်ခြင်း

အချိန်တန် အရွယ်ရောက်၍ အိမ်ထောင်ပြုရန် စိတ်ကူးသူ အမျိုးသမီး၊ အမျိုးသားတို့အဖို့ ပထမဆုံး ရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာကား မိမိနှင့် ရာသက်ပန် ဘ၀ကြင်ဖော်အဖြစ် ပေါင်းဖော်ရမည့် အိမ်ထောင်ဘက်ကို ရွေးချယ်ရေး ကိစ္စပင်ဖြစ်၏။ ဤအချက်သည် အိမ်ထောင်ပြုအံ့ဆဲဆဲ လူငယ်တို့၏ အရေးအကြီးဆုံး ကိစ္စလည်း ဖြစ်၏။

ထို့ကြောင့် အိမ်ထောင်ဘက် ရွေးချယ်ခြင်းနှင့် ပတ်သက်၍ မြန်မာလူငယ် မောင်မယ်တို့နှင့် အသင့်လျော်ဆုံးဟု ယူဆရသော အကြံဉာဏ်များ တင်ပြလိုက်ရပေသည်။

အိမ်ထောင်ပြုရေး(ဝါ) အိမ်ထောင်ဘက် ရွေးချယ်ရေးကိစ္စတွင် "အချစ်" သည် အဓိက မဟုတ်ပါလောဟု မေးဖွယ်ရှိပေ၏။ သို့ရာတွင် အချစ်နှင့် အိမ်ထောင်ရေး အကြောင်းကို သီးခြားအခန်းဖွင့်၍ ဆွေးနွေးရေးသားရန် အစီအစဉ် ရှိသဖြင့် ဤအခန်းတွင် "အချစ်"

www.burmeseclassic.com

www.burmeseclassic.com

သို့မဟုတ် ချစ်ခြင်းမေတ္တာအကြောင်းကိုသာ ချန်လှပ်ထားကာ အိမ်ထောင်ဘက်ရွေးခြင်း၏ အခြားသော ရှုထောင့်များကို တင်ပြပါမည်။

ပထမဆုံး ဆွေးနွေးလိုသော အချက်မှာ အသက်အရွယ်ပင် ဖြစ်၏။

ယောကျ်ားကလေးတစ်ယောက် သို့မဟုတ် မိန်းကလေး တစ်ယောက်သည် မည်သည့်အသက်အရွယ်တွင် အိမ်ထောင်ပြုသင့် ပါသနည်း။

အိမ်ထောင်ပြုသောအခါ ယောကျ်ားကလေးနှင့် မိန်းကလေး သက်တူရွယ်တူ ဖြစ်သင့်သလော။

သို့တည်းမဟုတ်၊ အများလိုက်နာ ကျင့်သုံးနေကြသလို ယောကျ်ားကလေးက မိန်းကလေးထက် အသက်ကြီးသင့်သလော။ အသက်ချင်း မည်မျှလောက် ကွာခြားသင့်သနည်း။

တစ်ဖန် မိန်းကလေးက အသက်ကြီးပြီး ယောကျ်ားကလေးက အသက်ငယ်နေသော်လည်း တစ်ဦးနှင့်တစ်ဦး မေတ္တာမျှပါက ထိမ်းမြားလက်ထပ်ခြင်း မပြုထိုက်ပါသလော။

ဤမေးခွန်းများကို အိမ်ထောင်ပြုရန် စိတ်ကူးသူ လူငယ် မောင်မယ်တိုင်း မေးချင်ကြပေသည်။ အဖြေသိချင်ကြ ပေလိမ့်မည်။

ပါဏဗေဒ သိပ္ပံပညာသဘောသက်သက်အရဆိုလျှင် မိန်းခလေးများ အသက် ၁၂–နှစ်၊ ၁၃–နှစ်အရွယ် ရာသီသွေး ဓမ္မတာ စပေါ်၍ အိုဗာရီ (Ovary) ခေါ် သန္ဓေတည်နိုင်သည့် အကြိတ်များ ဖြစ်လာချိန်၌လည်းကောင်း၊ ယောကျ်ားကလေးများအဖို့ သန္ဓေမျိုးစေ့ ဖြစ်နိုင်သည့် (Sperm) "စပန်း" ခေါ် သုတ်သွေး စတင်ဖြစ်လာချိန် (အသက် ၁၄–နှစ် မှ ၁၆–နှစ်) ၌လည်းကောင်း၊ ဖို၊မ ဆက်ဆံရေး အမှုကို ပြုနိုင်သဖြင့် ထိမ်းမြားလက်ထပ်နိုင်ပြီဟု ဆိုရပေမည်။ သို့ရာတွင် ယင်းရှုထောင့်တစ်ခုတည်းမှ ကြည့်ပါက လူမျိုးဆက် ပြန့်ပွားရေးအတွက် သန္ဓေတည်နိုင်ခြင်းကိစ္စ မထမြောက်နိုင်ခြင်းသာလျှင် အဓိပ္ပါယ်ရသဖြင့် ယောကျ်ားနှင့်မိန်းမ အိမ်ယာထောင်ခြင်းတည်းဟူသော အတူတကွ ပေါင်းသင်းရေး၏ အခြား မြောက်မြားစွာ ရှုထောင့်များဖက်မှ ပြည့်စုံပြေလည်နိုင်မည် မဟုတ်ချေ။



ဥပမာ–အရွယ်ရောက်ချိန်(လူလားမြောက်ချိန်)တွင် လုလင် သို့မဟုတ် လုံမပျိုတစ်ဦးသည် ခန္ဓာကိုယ်အားဖြင့်သာ အရွယ် ရောက်ပြီဖြစ်လျက် စိတ်နေ စိတ်ထားအရသော်လည်းကောင်း၊ သားသမီးရပြီး မိခင်၊ဖခင်ဘဝ၏ တကယ့်အခြေအနေတို့ကို ရင်ဆိုင်ရန်လည်းကောင်း၊ အိမ်ထောင်ပြုပြီး ကိုယ့်ဘဝကိုယ်ဖန်တီးရန် အလုပ်အကိုင် ၊ စီးပွားရေး အခြေအနေ စသည်တို့၌လည်းကောင်း မည်သို့မျှ အဆင်သင့် ဖြစ်ဦးမည် မဟုတ်ချေ။ တစ်နည်းအားဖြင့် ခန္ဓာကိုယ်က အရွယ်ရောက်နေလင့်ကစား အခြားသော အခြေအနေ များက အိမ်ထောင်ပြုရန် လုံးဝ အချိန်မတန်သေးကြောင်း ညွှန်ပြလျက် ရှိပေသည်။

နောက်တစ်ချက်ကား ခန္ဓာကိုယ်၏ ရုပ်ပိုင်းက အရွယ်ရောက် လာချိန်တွင် များသောအားဖြင့် လူငယ်မောင်မယ်တို့မှာ ကျောင်း၌ ပညာသင်ကြား ဆည်းပူးနေဆဲ သို့မဟုတ် အသက်မွေးဝမ်းကျောင်း ပညာ တစ်ခုခုကို လေ့လာနေဆဲ အချိန်မျိုး ဖြစ်တတ်လေရာ ယင်းအခြေအနေတွင် မည်သည့်နည်းနှင့်မှ အိမ်ထောင်ပြုရန် မသင့်သေးဟူ၍သာ အဖြေထွက်နေပေသည်။

အိန္ဒိယပြည်၌ မိန်းကလေးများ အရွယ်ရောက်လျှင် ရောက်ချင်း(အသက် ၁၂–နှစ်၊ ၁၃–နှစ်) ထိမ်းမြားလက်ထပ်ပေးခြင်း အလေ့ရှိသည်ကို မည်သို့ဆိုမည်နည်းဟု ထောက်ပြနိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် ယင်းအလေ့အထသည် တစ်ချိန်က နိုင်ငံနှင့် လူမျိုးတို့ အစဉ်အလာ သဘောမျှလုပ်ခဲ့ကြခြင်းသာ ဖြစ်သည်ဟု ဆိုရပါမည်။ အရွယ်ရောက်ရောက်ချင်း အိမ်ထောင်ပြုပေးခြင်းအားဖြင့် ခန္ဓာကိုယ်၏ ဝါဿဗေဒ သဘောအရ မည်သို့မျှ ထိခိုက်ခြင်း မရှိဟုလည်း ဆိုနိုင်ပါ၏။ သို့ဖြစ်လင့်ကစား ယခုနောက်ပိုင်း ခေတ်မီတိုးတက်လာသော အိန္ဒိယပြည်တွင်မှ မိန်းကလေး ငယ်ငယ်ရွယ်ရွယ် အိမ်ထောင်ပြုပေးခြင်းသည် လူမှုရေးဆိုင်ရာ အခြားရှုထောင့်အားလုံးမှ ကြည့်၍ မသင့်လျော်ကြောင်း သိမြင်သဘောပေါက် လာကြသဖြင့် အဆိုပါ အလေ့သည် တစ်နေ့တစ်ခြား လျော့ပါးလာပြီ ဖြစ်လေသည်။

ရှေးမြန်မာမင်းတို့ ခေတ်ကပင်လျှင် "သမီးကညာ" ဆက်သည်ဟူ၍ ရှိခဲ့ကြောင်း ကြားဖူးကြပါလိမ့်မည်။ ဤသည်မှာလည်း အရွယ်ရောက်ကာစ ကညာပျိုကလေးများကို ပဒေသရာဇ်ခေတ်က ရှင်ဘုရင်အား မျက်နှာလို မျက်နှာရ ပဏ္ဏာဆက်ခြင်းမျိုးသာဖြစ်ပြီး ခေတ်၏ ရေစီးကြောင်း ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ ယင်းအလေ့အထသည် နောက်ဆုံးမင်းဆက် ကုန်းဘောင်ခေတ်လောက်တွင် ပြောပလောက်အောင် မရှိတော့ကြောင်း သမိုင်း အထောက်အထားများက ဆိုကြပေသည်။

ဤအချက်များကို တင်ပြနေရခြင်းကား မိန်းကလေးများ အရွယ်ရောက်ကာစ (ခန္ဓာကိုယ်က ဖွံ့ဖြိုးပြီး လူလားမြောက်စေကာမူ) အိမ်ထောင်ပြုခြင်းငှာ မသင့်သေးကြောင်း ဆိုလို၍ပင် ဖြစ်ပေသည်။

ဤအချက်၏ တစ်ဖက်စွန်းကိုလည်း တစ်ဖန်ဆင်ခြင်သုံးသပ်ကြည့်ရန် လိုပေလိမ့်မည်။ ငယ်ငယ်ရွယ်ရွယ် လက်ထပ်ခြင်းငှာ မသင့်ဟုဆိုလျှင် မိန်းကလေးများ အသက်ကြီးကာမှ (အပျိုကြီးဘဝနှင့် အတန်ကြာနေပြီးမှ) လက်ထပ်လျှင် ကောင်းမည်လောဟု မေးစရာရှိ၏။

အသက်အရွယ်ကြီးကာမှ ထိမ်းမြားလက်ထပ်ခြင်းသည်လည်း မကောင်းလှချေ။ အိမ်ထောင်ပြုလိုက်ပြီဆိုလျှင် သဘာဝအလျောက် ပဋိသန္ဓေတည်၊ သားမွေးရတော့မည်ဖြစ်ရာ အရွယ်ကြီးရင့် အပျိုဟိုင်းကြီးဖြစ်ခါမှ အိမ်ထောင်ပြုသော် ခန္ဓာကိုယ်အတွင်း သားအိမ်စသည်တို့၏ ရင့်ရော်နေမှုကြောင့် ကိုယ်ဝန်ရှိသောအခါ မွေးဖွားရ ခက်ခဲတတ်၏။ မွေးမည့်ခလေးတွင်လည်း ထိခိုက်တတ်၏။ မိခင်၏ ကျန်းမာရေးအတွက်လည်း ပိုမိုဂရုစိုက်ရ၏။ မီးယပ်နှင့် သားဖွားပညာဆိုင်ရာ ပါရဂူ ဆရာဝန်ကြီးများ အဆိုအရ ခလေးမွေးဖွားရာ၌ ချော်မောလွယ်ကူခြင်းသည် အသက်ကြီးကြီး အမျိုးသမီးများထက် အမျိုးသမီး ခပ်ငယ်ငယ်များတွင် အများဆုံး တွေ့ရတတ်သည်ဟု ဆိုကြပေသည်။ တစ်နည်းအားဖြင့် အိမ်ထောင်ပြုခြင်းပြုလျှင် ခပ်ငယ်ငယ် အရွယ်တွင် အိမ်ထောင်ပြုလိုက်သင့်သည်ဟူသော သဘောပင်တည်း။

အသက်ကြီးလွန်းမှ အိမ်ထောင်ပြုလျှင် မကောင်း။ အရွယ်ရောက်ခါစ အပျိုဖော်ဝင်ချိန်တွင် လက်ထပ်ရန် မသင့်ဟု ဆိုလျှင် မည်သည့်အရွယ်တွင် အိမ်ထောင်ပြုသင့်ပါသနည်းဟု ဆက်လက်၍ မေးထိုက်ပါချေပြီ။

ယင်းမေးခွန်း၏ အဖြေကိုကား မယုတ်မလွန် အလယ်အလတ်လောက်သာ ချိန်ဆဆုံးဖြတ်သင့်သည်ဟု ဆိုရပါတော့မည်။

တစ်နည်းအားဖြင့် အရွယ်ရောက်ကာစ (အပျိုဖော်ဝင်စ) အရွယ်လည်း လွန်ပါစေ။ အသက်သုံးဆယ်ခန့် အပျိုဟိုင်းကြီးဖြစ်သည်အထိလည်း မနေသင့်၊ ကြားကာလ သင့်တင့်သော အချိန်ကို ရွေးချယ်သင့်ပေသည်။

အသက်အပိုင်းအခြားနှင့် အကြံပေးရပါမူ မြန်မာနိုင်ငံ၏ အခြေအနေ အရပ်ရပ်ကို ထည့်တွက်လျက် မိန်းကလေးများ

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ပြုသင့်သော အရွယ်မှာ အသက် ၁၇–နှစ် မှ ၂၅–နှစ်ကြား အရွယ်သည် အကောင်းဆုံးဟု အကြံပေးရပါမည်။

ဤသည်မှာလည်း ခန့်မှန်းခြေ အကြံပေးရသော အိမ်ထောင်ပြုသင့်သော အသက်၏ ဖျမ်းမျှချက်ပင်ဖြစ်ရာ လက်တွေ့အားဖြင့်မူကား သက်ဆိုင်ရာ ကာယကံရှင်၏ အခြေအနေကိုလိုက်၍ ဖော်ပြပါ အသက်အရွယ်နှင့် အနီးကပ်ဆုံး အချိန်လောက်ဆိုလျှင် အိမ်ထောင်ပြုသင့်သည်ဟု မှတ်ယူသင့်ပါသည်။

မိန်းကလေးများ အသက် ၁၈–နှစ် မှ ၂၅–နှစ်အရွယ်တွင် အိမ်ထောင်ပြုရန် သင့်သည်ဆိုပါမူ ယောကျ်ားကလေးများအတွက် မည်သို့ သတ်မှတ်ပါမည်နည်း။

ယောကျ်ားကလေးများအတွက်ကား အထက်တွင် ဖော်ပြခဲ့သော ခန္ဓာကိုယ် အရွယ်ရောက် လူလားမြောက်ချိန်တွင် ဘဝခရီးရှေ့ရေးအတွက် ပညာသင်ကြား ဆည်းပူးနေဆဲကာလ ဖြစ်သောကြောင့်လည်းကောင်း မိန်းကလေးတစ်ယောက်အား လိင်ဆက်ဆံမှုပြုနိုင်ပြီး သန္ဓေတည်စေနိုင်ပြီ ဖြစ်လင့်ကစား ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးမှုသည် မရပ်တန့်သေးဘဲ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်နေသေး၍လည်းကောင်း၊ အိမ်ထောင်ပြုရန် စောလွန်းလှသေးသည်ဟု ယူဆရပေမည်။ အထူးသဖြင့် ယောကျ်ားကလေးမည်သည် အိမ်ထောင်ဦးစီးအဖြစ် စားဝတ်နေရေး တာဝန်ယူရသောကြောင့် အသက်မွေးဝမ်းကျောင်းပညာ သို့မဟုတ် အလုပ်အကိုင် ဝင်ငွေတစ်ခုခု ရှိမှသာ အိမ်ထောင်ရေး သာယာ အဆင်ပြေနိုင်မည်ဟူသော အချက်ကိုပါ အလေးအနက် ထည့်သွင်းစဉ်းစားရပေမည်။

သို့ဖြစ်လေရာ ပညာသင်ဆဲ ဆိုလျှင်လည်း ပညာကို ဆုံးခန်းတိုင် ရောက်သည်အထိ သို့တည်းမဟုတ် ဝင်ငွေရှိသော အလုပ်အကိုင် တစ်ခုခု ရရှိပြီးသည်အထိ အချိန်စောင့်ခြင်းသည် အကောင်းဆုံးဟု အကြံပေးလိုပါသည်။ စိတ်ကူးယဉ်သမားတို့ ပြောသလို "တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ" အဖြစ်မျိုးမှာ လက်တွေ့ကျတော့ မဖြစ်နိုင်ကြောင်းကို သိထားရပေမည်။ "တစ်ယောက်မျက်နှာ တစ်ယောက်မြင်လျှင် မတင်းတိမ်သေးသဖွယ် ထမင်းမြိန်ဆေးသဖွယ်" ဆိုသည့် သီချင်းထဲကလိုလည်း လက်တွေ့ကျတော့ ချစ်သူနှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေရုံနှင့် ထမင်းဝ,နိုင်မည် မဟုတ်သဖြင့် အိမ်ထောင်ဦးကာလ စားဝတ်နေရေးကို လက်တွေ့ကျကျ ဖန်တီးရမည် ဖြစ်ပေသည်။ ဆိုလိုရင်းကား ယောကျ်ားကလေးတစ်ယောက် အိမ်ထောင်ပြုတော့မည်ဆိုလျှင် အလုပ်အကိုင်၊ ဝင်ငွေ တစ်ခုခုရရှိအောင် ရှေးဦးစွာ လုပ်ရန် အရေးကြီးလှသည် ဟူသတည်း။

ယင်းသို့ ပညာသင်ကြားရေး ပြီးဆုံး၍ အလုပ်အကိုင်နှင့် အခြေကျပြီဆိုလျှင်ကား အိမ်ထောင်ပြုနိုင်ပြီဟု ယူဆနိုင်ပေသည်။ ဤအခြေအနေရောက်လျှင် အသက်အရွယ် ၂၅–နှစ် မှ ၂၇–နှစ်သို့မဟုတ် ၂၈–နှစ် အရွယ်သို့ ရောက်နေမည်ဖြစ်ရာ ယင်းအသက်အရွယ်သည်ပင်လျှင် ယောကျ်ားကလေးတစ်ယောက် အိမ်ထောင်ပြုရန် အချိန်ကောင်းဖြစ်သည်ဟု ယူဆသင့်ပါတော့သည်။

အိမ်ထောင်ဖက် ရွေးချယ်ခြင်းအကြောင်းကို ဆက်လက်ဆွေးနွေးကြပါစို့။

အိမ်ထောင်ဖက် ရွေးချယ်ခြင်းဆိုသည်မှာ မည်သို့မှ ပေါ့ပေါ့ဆဆ မဆုံးဖြတ်သင့်သော ကိစ္စတစ်ခုဖြစ်ကြောင်း ရှေးဦးစွာ သိထားရမည် ဖြစ်ပေသည်။

အခြေခံလိုအပ်ချက်တစ်ခုကား ထိမ်းမြားလက်ထပ်ကြတော့မည့် မိန်းကလေးနှင့် ယောကျ်ားကလေး နှစ်ဦးစလုံး ကျန်းမာသန်စွမ်းရေးပင်ဖြစ်သည်။ ဤနေရာတွင် ကျန်းမာခြင်းအကြောင်းကို

www.burmeseclassic.com



ထပ်ဆင့်ရှင်းလင်းရန် လိုပါမည်။ လူတစ်ယောက်သည် နေထိုင်ကောင်းရုံနှင့် ပကတိ ကျန်းမာခြင်းနှင့် ပြည့်စုံပြီဟု မဆိုနိုင်သေး။ သာမန်အားဖြင့် ရိပ်မိသိရှိခြင်း မဖြစ်နိုင်သော ရောဂါဘယများ ကင်းရှင်းရန်လည်း လို၏။ ဥပမာ – မိန်းကလေးတစ်ဦးသည် သွေးအားနည်းသောရောဂါ၊ သားအိမ်ရောဂါ၊ ရင်သား၌ ဖြစ်တတ်သော ကင်ဆာရောဂါ စသည်တို့ ရောဂါနစဉ် အခြေအနေမျိုးဖြစ်နေသည် ဆိုပါစို့။ ကာယကံရှင်ကိုယ်တိုင်ပင်လျှင် ရုတ်တရက် မသိနိုင်သကဲ့သို့ အခြားလူများကလည်း မည်သို့မျှ သံသယ ရှိကြမည် မဟုတ်ချေ။

ချွင်းချက်သဘော ဆိုချင်ဆို။ တစ်ခါတစ်ရံ ဆန်းကြယ်သော အဖြစ်မျိုးလည်း ရှိတတ်ပါသေးသည်။ မိန်းကလေးတစ်ဦးအား ဆရာဝန်က အိမ်ထောင်ပြုလျှင် သားသမီး မရ၊အောင်နေ၊ အကယ်၍ ပဋိသန္ဓေတည်ပြီး မွေးဖွားရလျှင် အသက်အန္တရာယ် စိုးရိမ်ရသည်ဟု ကြိုတင်သတိပေးထား၏။ သို့သော် အချိန်တန်၍ ချစ်သူတွေ့သော အခါ ဆရာဝန်၏ သတိပေးချက်ကို မေ့ပြီး လက်ထပ်လိုက်၏။ တစ်နှစ်ခန့် ကြာသောအခါ မိန်းကလေးတွင် ကိုယ်ဝန်ရှိပြီး၊ လစေ့၍ မီးဖွားချိန်တွင် ကောင်းစွာ မဖွားနိုင်ဘဲ အသက်သေဆုံး သွားရှာတော့သည်။ ဤကား မိန်းကလေး၏ ခန္ဓာကိုယ် တည်ဆောက်ပုံ သဘာဝမှာ သာမန် မိန်းကလေးများနှင့် မတူဘဲ သားအိမ် အနေအထားက ပဋိသန္ဓေကို လွယ်ပြီး မွေးဖွားရန်ခက်ခဲသော အဖြစ်မျိုးကြောင့် ဆရာဝန်က ကြိုတင်သတိပေးထားခြင်း ဖြစ်ဟန်တူ၏။

မည်သို့ပင်ဖြစ်စေ လက်မထပ်မီ ကျန်းမာရေး အခြေအနေ စင်းလုံးချော ကောင်းမွန်ခြင်း ရှိ၊ မရှိ ကြိုတင်စမ်းသပ်ခြင်းသည် အကောင်းဆုံးဖြစ်၏။ အနောက်နိုင်ငံများတွင်ဆိုလျှင် ယခုအခါ သတို့သမီးလောင်း၊ သတို့သားလောင်းတို့သည် မိမိတို့ဆန္ဒ အလျောက် အိမ်ထောင်ပြုရန် သင့်၊ မသင့် ဆရာဝန်နှင့် ကျန်းမာရေး စစ်ဆေးခံတတ်ကြလေသည်။ သူတို့အနေဖြင့် ဤကိစ္စမျိုးကို ရှက်စရာမဟုတ်ဟု ယူဆနေကြလေပြီ။

မိန်းကလေးများနည်းတူ သတို့သားလောင်း ယောကျ်ားကလေးသည်လည်း လက်ထပ်ခါနီး ကျန်းမာရေး အခြေအနေ ကောင်းမွန်နေရန် လိုအပ်ပေသည်။ အထူးသဖြင့် အားအင်ဆုတ်ယုတ်တတ်သော ကာလသားရောဂါများ ရှိ၊ မရှိ စစ်ဆေးသိရှိရန် အရေးကြီး၏။ အကယ်၍ ရောဂါတစ်စုံတစ်ရာသည် (မည်မျှပင် နုစေကာမူ) ရှိနေသည် ဆိုပါက ယင်းရောဂါကို စနစ်တကျ ကုသရန် အထူးအရေးကြီးပေသည်။

ကာလသားရောဂါအကြောင်းကို ထည့်သွင်းရေးသားရခြင်းကား ဤရောဂါမျိုးသည် အိမ်ထောင်ပြုပြီးနောက်ပိုင်း ရလာလတ္တံ့သော သားသမီးများမှစ၍ သားစဉ်မြေးဆက် အညွန့်တုံးနိုင်လောက်အောင် ကြောက်စရာကောင်းသောကြောင့် ပင်ဖြစ်၏။ အထူးသဖြင့် အသက် ၂၂–နှစ် နောက်ပိုင်း အိမ်ထောင်ပြုသော ယောကျ်ားကလေးများသည် လူငယ်ဘာဝ အပျော်အပါး လိုက်စားရာမှ မကောင်းသော မိန်းမများနှင့် ပျော်ပါးဆက်ဆံမိပြီ ကာလသားရောဂါ ကူးစက်ရရှိတတ်ကြပေသည်။ တစ်ခါတစ်ရံ ကာယကံရှင်ကိုယ်တိုင်က လတ်တလော ခံရသော ဂနိုရီယာ (ဆီးပူညောင်းကျ) ၊ ရောဂါ၊ ဆစ်ဖလစ်ရောဂါများ မဖြစ်သဖြင့် ရောဂါပိုးရှိနေမှန်း မသိဘဲ ဖြစ်နေတတ်၏။ ထိုသို့ရောဂါမရှိဟု အင်မှတ်လျက် အိမ်ထောင်ပြုလိုက်ပြီးမှ ကာလသား ရောဂါပိုးများသည် မိန်းခလေးထံ ကူးစက်ရောက်ရှိပြီး နောက်ပိုင်း ဒုက္ခတွေ့ရတတ်၏။

စာရေးသူ၏ မိတ်ဆွေတစ်ဦး လူပျိုကျောင်းသားဘဝက အပျော်အပါးလည်း မလိုက်စား၊ မည်သည့် မိန်းမနှင့်မှလည်း

www.burmeseclassic.com



ဆက်ဆံခြင်း မပြုဘူးသော လူပျိုစစ်စစ် ဖြစ်လင့်ကစား ကျောင်း၌ ဆရာဝန်က ကျန်းမာရေး စစ်ဆေးသောအခါ သူ၏သွေးမှာ ပေါ့စတစ် (Positive) ဖြစ်နေကာ ဆစ်ဖလစ်ခေါ် ကာလသားရောဂါပိုး ရှိနေကြောင်း တွေ့ရှုရ၏။ ဆရာဝန်၏ ပြောပြချက်အရ ဤအဖြစ်မျိုးမှာ ထိုသူ၏ ဖခင် သို့မဟုတ် ဘိုးအေတို့ထံမှ မျိုးရိုးစဉ်ဆက်ကြောင့် ကာလသားရောဂါပိုးများ သူ၏ သွေးထဲတွင် ရောက်ရှိနေသည်ဟု ဆို၏။ ကာလသားရောဂါမည်သည် သားစဉ်မြေးဆက်လိုက်၍ ဒုက္ခပေးနိုင်ကြောင်း ထင်ရှားစေသည့် သာဓက ပင်တည်း။

ထို့ကြောင့် အိမ်ထောင်ပြုတော့မည့် အမျိုးသားကောင်း ယောကျ်ားပျိုတို့သည် မိမိတို့၌ ကာလသားရောဂါ ရှိ၊မရှိ စစ်ဆေးကြည့်ရန် အရေးကြီးလှပေသည်။ စစ်ဆေး၍ ရောဂါရှိကြောင်း သိရလျှင်လည်း ရှက်စရာဟု သဘောမထားဘဲ ပျောက်ကင်းအောင် ကုသ,ရပေမည်။ ယခုအခါ ဆေးသိပ္ပံပညာ တိုးတက်လာသည်နှင့်အမျှ အစွမ်းအာနိသင် ထက်မြက်လှသော ခေတ်မီဆေးဝါးများ၊ ပင်နီစလင်နှင့် အင်တီဘိုင်အိုတစ် (Antibiotics) ဆေးဝါးများလည်း ပေါ်ပေါက်နေပြီဖြစ်၍ ကာလသားရောဂါကို ယခုခေတ် ဆရာဝန်များက နိုင်နင်းစွာ ကုသ,နိုင်ကြပြီ ဖြစ်သည်။

ဤသို့ ရောဂါကင်းရှင်းအောင် ကုသခြင်းသည် မိမိ ချစ်မြတ်နိုး၍ လက်ထပ်ယူတော့မည့် မိန်းကလေးအတွက် အကျိုးပြုရာ လည်း ရောက်ပါ၏။ ထိုမျှမကသေး။ လာလတ္တံ့သော သားသမီးများ ၄င်းမှတစ်ဆင့် မြေးမြစ်များထိအောင် ကာလသားရောဂါဆိုး ကြိုတင်ကာကွယ်ပေးရာလည်း ရောက်၏။

မည်သည့်ရောဂါမျှ မရှိကြောင်းကို ဆေးစစ်ရာ၌ တွေ့ရှိ လျှင်ကား စိတ်ချရလောက်ပြီဖြစ်၍ အိမ်ထောင်ပြုရန် ကျန်းမာရေး ရှုထောင့်မှ သင့်တော်ပြီဟု ဆုံးဖြတ်ချက် ချနိုင်မည် ဖြစ်ပေသည်။ ကျန်းမာရေး စစ်ဆေးသောအခါ မိန်းကလေးရော ယောကျ်ားကလေးပါ နှစ်ဦးစလုံး စစ်ဆေးလျှင် အကောင်းဆုံးဖြစ်၏။ ထိုသို့စစ်ဆေး၍ နှစ်ဦးစလုံး ကောင်းစွာ ကျန်းမာသန်စွမ်းပြီး ရောဂါကင်းရှင်း သည်ဆိုလျှင် သာယာချမ်းမြေ့သော အိမ်ထောင်ရေးအတွက် အခြေခံ လိုအပ်ချက်တစ်ခု ပြည့်စုံပြီဟု စိတ်ချနိုင်ပေသည်။

"အာရောဂျံ–ပရမံ–လာဘံ" ဟူသော စကားသည် အခါ ခပ်သိမ်း မှန်လှသည်ဖြစ်ရာ အိမ်ထောင်ဦးကာလတွင်လည်း အထူး သဖြင့် တန်ဖိုးရှိလှသည်ဟု မှတ်ယူသင့်၏။

ထိမ်းမြားလက်ထပ်မည့် သတို့သား၊ သတို့သမီးလောင်း နှစ်ဦးစလုံးသည် ကျန်းမာရေးနှင့် ကောင်းမွန်ပြည့်စုံသည် ဆိုပါစို့။ အိမ်ထောင်ဖက် ရွေးချယ်ရာတွင် အခြားလိုအပ်ချက်များ ရှိပါသေး သလော။

ရှိပါသေးသည်ဟုပင် ဖြေရပါမည်။ အထူးသဖြင့် ရာသက်ပန် ဇနီးမောင်နှံအဖြစ် ဆက်ဆံပေါင်းသင်း သွားရမည့်သူများအဖြစ် လက်ထပ်ပြီး ဘာမှ မကြာသေးမီ တစ်ဦးနှင့်တစ်ဦး စိတ်သဘောချင်း မတိုက်ဆိုင်မှု၊ တစ်ယောက်နှင့်တစ်ယောက် ပင်ကိုယ်စရိုက်ချင်း မတူညီမှု စသည်တို့ ဖြစ်ပေါ်လာပါမူ သူတို့၏ အိမ်ထောင်ရေး အဝသည် စောစောက စိတ်ကူးယဉ်ခဲ့သလို သာယာချမ်းမြေ့ နိုင်မည် မဟုတ်ချေ။ "စလယ်ဝင် ဖင်မမဲခင်ကကွဲ" ဆိုသလို အဖြစ်မျိုးတွေ ယခုခေတ် အိမ်ထောင်ရှင် ဇနီးမောင်နှံ ငယ်ငယ် ရွယ်ရွယ် အများအပြား၌ ကြုံရခြင်းမှာ အထက်ဖော်ပြပါ လင်နှင့်မယား စိတ်သဘောချင်း မတိုက်ဆိုင်မှုတည်းဟူသော ဝဋ်ပက္ခ ပြင်းထန်ရာမှ ပေါက်ကွဲရခြင်းပင် ဖြစ်ပေသည်။

www.burmeseclassic.com


ထို့ကြောင့် အိမ်ထောင်ဖက်ရွေးရာတွင် မိန်းကလေးနှင့် ယောကျ်ားကလေးတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောချင်း တိုက်ဆိုင်မှု၊ လူ့သဘာဝအရ စရိုက်ချင်း လုံးဝ မတူစေကာမူ တစ်ယောက်အပေါ်တစ်ယောက် ခွင့်လွှတ်နိုင်မည့် အဆင့်မျိုး ယောက်ရှိရန်လည်း လိုအပ်ချက်တစ်ခုဖြစ်ကြောင်း ထင်ရှားနေပေ၏။

ကောင်းပြီ။ တစ်ယောက်နှင့်တစ်ယောက် စိတ်သဘောချင်း တိုက်ဆိုင်မှု ရှိ၊မရှိ မည်သို့ လေ့လာသိရှိရပါမည်နည်းဟု မေးဖွယ်ရှိနေ၏။ လွယ်လွယ်နှင့် မသိနိုင်ပါဟူ၍ကား ဝန်ခံရပေမည်။ သို့သော် စိတ်ရှည်ရှည်ထား၍ လေ့လာရမည် ဖြစ်ပေသည်။ အထူးသဖြင့် လူတစ်ယောက်၏ စိတ်နေသဘောထား သဘာဝ စရိုက်တို့ကို တိုတောင်းသော အချိန်ကာလအတွင်း မှန်ကန် တိကျစွာ မည်သို့မှ သိရှိနိုင်မည် မဟုတ်ချေ။

သို့ဖြစ်လေရာ ယင်းကိစ္စကို အချိန်ယူ၍ လေ့လာရမည် ဖြစ်ပေသည်။ ဤနေရာတွင် ရှေးမြန်မာ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှု အစဉ်အလာတစ်ခုဖြစ်သော အပျိုနှင့်လူပျို ချစ်ကြိုက်ပြီး သုံးနှစ်သုံးမိုး သမီးရည်းစားဘဝနှင့် နေကြခြင်း အလေ့သည် အလွန်သင့်လျော် ကောင်းမွန်လှကြောင်း ထင်ရှားနေပေသည်။

ယောကျ်ားကလေး တစ်ယောက်သည် မိန်းကလေး တစ်ယောက်အား မျက်စေ့ကျပြီဆိုလျှင် ရာသက်ပန် အကြင် လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းရန် စိတ်ကူး၏။ စိတ်ကူးသည့် အတိုင်းလည်း မိန်းကလေး၏ ချစ်ခြင်းမေတ္တာကို ရရှိရန် "လူပျိုလှည့်"၏။ မိန်းကလေးက စကားစ,လာသော ကိုလူပျိုအား သဘောကျပြီး လက်ခံစကားပြောခြင်း၊ မိန်းကလေးအိမ်သို့ လာရောက် လည်ပတ်သည်ကို ခွင့်ပြုခြင်း၊ ရည်မွန်စွာ စကားပြောခြင်း စသည်တို့ဖြင့် လိုက်လျောသည့်တိုင်အောင် ထိုမိန်းကလေးနှင့်

ယောကျ်ားကလေးတို့သည် ချက်ချင်းလက်ငင်း လက်ထပ် ပေါင်းသင်းကြသည် မဟုတ်ချေ။ သုံးနှစ်သုံးမိုး သမီးရည်းစားအဖြစ် စည်းကမ်းထိန်းသိမ်း၍ နေကြရင်း ယောကျ်ားကလေးသည် သူတို့ဖခင်မောင်နှံ သီးခြား အိမ်ခွဲနေလျှင် စားဝတ်နေရေးအတွက် ဖန်တီးနိုင်ရန် အသက်မွေးဝမ်းကျောင်း စီးပွားရေး လုပ်ငန်းတစ်ခုခု ကို ကြိုးစားဖန်တီး၏။ တစ်ချိန်ထဲမှာပင် သုံးနှစ်တာကာလအတွင်း တစ်ယောက်ကိုတစ်ယောက် စိတ်နေသဘောထား၊ အယူအဆ စသည်တို့ကို လေ့လာအကဲခတ်ကြ၏။ တစ်ယောက်အကြောင်း တစ်ယောက် မသိမသာ စုံစမ်းကြ၏။ ဤမျှ အချိန်ကာလ ကြာကြာရခြင်းကြောင့် လေ့လာစုံစမ်းလိုသမျှကို ကောင်းစွာသိရှိရသဖြင့် နှစ်ဦးစလုံးတွင် နှစ်သက်ကျေနပ်ဖွယ်ရာ အချက်အလက်များ သာမက ချို့ယွင်းချက် အားနည်းချက်များကိုပါ နားလည်ရိပ်မိလာ၏။

ထို့ပြင် ဤသို့ အချိန်ကာလ ဆွဲထားခြင်းဖြင့် ကာယကံရှင် နှစ်ဦး၏ အချစ်ကိုလည်း မှတ်ကျောက်တင် စစ်ဆေးခံပြီး ဖြစ်သွားနိုင်၏။ ဖိုနှင့်မ လူချင်း တွေ့တွေ့ချင်း တပ်မက်သော ကောက်ရိုးမီးလို တဟုန်ထိုး ခေတ္တမျှ တောက်လောင်သော အချစ်မျိုး ဖြစ်ပါမူ ထိုကာလအတွင်း ပျက်ပြယ်သွားနိုင်၏။ တစ်နည်းအားဖြင့် သုံးနှစ်တိုင်တိုင် စောင့်ရန် စိတ်မရှည်ဘဲ နောက်ထပ် အချစ်သစ် တစ်ဦးတွေ့ကာ အိမ်ထောင်ပြုသွားကြခြင်းမျိုးလည်း ရှိနိုင်၏။ သည်လိုဖြစ်သွားလျှင်လည်း ဝမ်းနည်းဖွယ်ရာ မရှိ။ စစ်မှန်သော အချစ်မဟုတ်။ ရာသက်ပန် အတူလက်တွဲသွားသင့်သော စုံတွဲ မဟုတ်ဟု စစ်ဆေးသိရှိ အဖြေထွက်ပြီးသားလည်း ဖြစ်နိုင်၏။

သုံးနှစ်စောင့်ရခြင်း၏ အခြား တန်ဖိုးကား ယောကျ်ားလေး နှင့် မိန်းကလေး တစ်သက်လုံး ဆက်ဆံပေါင်းသင်း သွားနိုင် လောက်အောင် စိတ်နေသဘောထားချင်း တိုက်ဆိုင်မှု ရှိ၊မရှိ

www.burmeseclassic.com

www.burmeseclassic.com

အကဲခပ်သိနိုင်ခြင်းပင်ဖြစ်၏။ တစ်ယောက်၏ ချို့ယွင်းချက်များကိုလည်း တစ်ယောက်က သိရှိရသဖြင့် အကြင်လင်မယားဘဝတွင် ခွင့်လွှတ်နိုင်မည် ဟုတ်၊ မဟုတ် ကိုယ့်ကိုယ်ကို ပြန်မေးမြန်း အဖြေထွက်လာနိုင်၏။ ဤကဲ့သို့ အချိန်ယူလေ့လာမှုလည်း မှန်ကန်သော အဖြေထွက်လာပေမည်။

ထိုသို့မဟုတ်ဘဲ ရှေ့လောကြီးစွာ ယခုတွေ့၊ ယခုကြိုက် ယခု လက်ထပ်ယူကြမည်ဆိုလျှင်ကား အထက်တွင် ဖော်ပြခဲ့သလို မှတ်ကျောက်တင် စစ်ဆေးခံရာ မရောက်သဖြင့် နောက်ပိုင်းကျမှ နှစ်ဦးစလုံး စိတ်ဆင်းရဲစရာအဖြစ်မျိုးသာ မလွဲ မသွေ ကြုံတွေ့ရမည် ဖြစ်ပေသည်။

တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှု ရှိရမည်ဟု မဆိုလို။ လူလူချင်း တစ်ဦးနှင့်တစ်ဦး မတူသည့် သဘာဝစရိုက်အရ အယူအဆ အတွေးအခေါ်ချင်း ထပ်တူရှိရန်လည်း လက်တွေ့အားဖြင့် မဖြစ်နိုင်ပါချေ။ အရေးကြီးသည်ကား တစ်ယောက်၏ အယူအဆ အတွေးအခေါ်များနှင့် ပတ်သက်၍ ကျန်တစ်ယောက်က အိမ်ထောင်ဖက် ဘဝကြင်ဖော်အဖြစ် သည်းခံခွင့်လွှတ်နိုင်ရန်ပင် ဖြစ်လေသည်။ ပုထုဇဉ် လူသားမှန်သမျှ ချို့ယွင်းချက်ရှိကြသည်သာတည်း ဟူသော သဘောတရားကို လက်ခံကာ မိမိ၏ အိမ်ထောင်ဖက်တွင်ရှိနေသော ချို့ယွင်းချက်များသည် မကြီးကျယ်လှသဖြင့် ခွင့်မလွှတ်နိုင်စရာ မရှိဟု သဘောထားနိုင်လျှင်ပင် ပြေလည်လောက်ပေပြီ။

ထို့ကြောင့် အိမ်ထောင်ဖက် ရွေးချယ်ရေးနှင့် ပတ်သက်၍ ဖော်ပြခဲ့ပြီးသော အချက်အလက်များကို ချုံ့၍ ကောက်ချက်ချကြည့်လိုက်သော် အဓိကအားဖြင့် အောက်ပါအချက် သုံးချက်သည် ပေါ်ထွက်လာမည် ဖြစ်ပေသည်။



(၁) အသက်အရွယ် ကွာခြားမှုအရ သင့်တော်ခြင်း။

(၂) ကျန်းမာရေးနှင့်ပြည့်စုံခြင်း။

(၃) တစ်ဦးနှင့်တစ်ဦး စိတ်နေသဘောထားအရ ကိုက်ညီခြင်း။

ယင်းအချက်သုံးချက်ကို အခြေတည်၍ အိမ်ထောင်ဖက် ရွေးချယ်မည်ဆိုပါက သာယာချမ်းမြေ့သော အိမ်ထောင်ရေးဆီသို့ မျှော်မှန်း ခြေလှမ်း လှမ်းရန်အတွက် အထိုက်အလျောက် အသင့်ဖြစ်ပြီဟု ဆိုနိုင်ပေသည်။

သို့သော် ပြီးပြည့်စုံပြီဟူ၍ကား မယူဆသင့်သေး။ လူသားမှန်သမျှ မကင်းနိုင်သော "အချစ်နှင့် အိမ်ထောင်ရေး" ကို ရှေ့အခန်းတွင် ဆက်လက်၍ ဆွေးနွေးသွားပါမည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# (၂)

# အချစ်နှင့်အိမ်ထောင်ရေး

သာယာအဆင်ပြေသော အိမ်ထောင်ရေးတွင် အချစ်သည် အရေးအပါဆုံးအချက်ဖြစ်သည်ဟု ယုံကြည်သူများ ရှိသလို အချစ်သည် စိတ်ကူးယဉ်သမားများအတွက်သာ ဖြစ်သည်။ စနစ်တကျ စီစဉ် ပြင်ဆင်တည်ဆောက်သော အိမ်ထောင်ရေးဆိုလျှင် အချစ်သည် အဓိက မကျ၊ အရေးမကြီးလှဟု ဆိုသူများလည်း ရှိပေသည်။

အိမ်ထောင်ရေးတွင် အချစ်သည် အဓိက မဟုတ်ဟု ဆိုသူများက အထောက်အထားအဖြစ် ရာသက်ပန် ခိုင်မြဲနေသော အိမ်ထောင်ရှင်စုံတွဲအချို့ကို လက်ညှိုးထိုးပြကြသည်။ ယင်းစုံတွဲများမှာ လက်မထပ်မီက တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်ခြင်း မရှိရုံမက လူချင်းလည်း မသိ၊ မြင်ဖူး၊ တွေ့ဖူးခြင်းလည်း မရှိဘဲ လူကြီးမိဘများက သင့်တော်သလို စေ့စပ်စီစဉ်ချက်ဖြင့် ထိမ်းမြားလက်ထပ်ခဲ့သူများ ဖြစ်ပေသည်။ အထူးသဖြင့် ရှေ့အဖွဲ့အစည်း၏ အထက်တန်းလွှာဟု ဆိုကြသော ကြေးရည်တက် ဂုဏ်သရေရှိ လူတန်းစား၊ ခေတ်ပညာ တတ်၊ ရာထူးကြီးကြီး ရှိသူများ လောကတွင် ဘယ်သူ့ဌေးသမီးနှင့် ဘယ်စက်ရှင်မင်းကြီးသား၊ ဘိလပ်ပြန် အရာရှိကလေးတို့ လက်ဆက်



ပေးရင် မကောင်းပါလားဟု ကြားမှဝင်အောင်သွယ် စေ့စပ်ရင်း ကာယကံရှင်များကလည်း ကျေနပ်ပါက နှစ်ဖက်မိဘများက လက်ခံစီစဉ်သည့်အခါ လူငယ်များကလည်း မငြင်းမဆန် နာခံကြရမှ ကြီးကျယ်ထယ်ဝါစွာ လက်ထပ်မင်္ဂလာပွဲများ ပြုလုပ်ကြသည့် အဖြစ်မျိုးတွေ မနည်းလှချေ။ ထိုသို့ လူကြီးမိဘ စီစဉ်ရာကို နာခံပြီး လက်ထပ်ခဲ့သူများ (မူလက တစ်ယောက်ကိုတစ်ယောက် ချစ်ကြိုက်ခြင်း မရှိပါဘဲလျက်) အိမ်ထောင်သက် ရှည်ကြာ ခိုင်မြဲနေခြင်းကိုထောက်၍ အိမ်ထောင်ရေးတွင် အချစ်သည် အဓိက မဟုတ်ဟု ဆိုကြခြင်း ဖြစ်ဟန်တူသည်။

စင်စစ်အားဖြင့် ဤကိစ္စကို ရှုထောင့်တစ်ခုထဲမှနေကြည့်၍ ယထာဘူတ ကျမည် မဟုတ်ပေ။ ရှုထောင့်အမျိုးမျိုးမှ စုံလင်အောင် ကြည့်ပါမှ မှန်ကန်သောအဖြေ ထွက်လာမည် ဖြစ်ပေသည်။

လူကြီးမိဘများက သင့်တော်သည်ထင်၍ စေ့စပ်စီစဉ်သော အိမ်ထောင်ရေးကို လူငယ်များက လက်ခံထိမ်းမြားခဲ့ရာမှ အိမ်ထောင်သက်ရှည်ကြာ တည်တန့်ခြင်းကို မည်သည့်အကြောင်းများ ကြောင့်နည်းဟု စိစစ်သုံးသပ်ကြည့်ရန် လိုပေလိမ့်မည်။

တောသူဌေးသမီးတစ်ဦးနှင့် ခေတ်ပညာတတ် အစိုးရ အရာရှိ တစ်ဦးတို့ လူကြီးချင်း စေ့စပ်စီစဉ်၍ လက်ထပ်ကြသော အိမ်ထောင်တစ်ခုကို လေ့လာကြည့်ကြပါစို့။ ပွင့်ပွင့်လင်းလင်း ဝေဖန်ရလျှင် လူပျိုအရာရှိ မြို့သားက တောသူဌေးသမီးကို ယူခြင်းမှာ မိန်းကလေးဖက်မှ ကြွယ်ဝချမ်းသာသော ငွေကြေးဥစ္စာပစ္စည်း(ဒါ) မနဂုဏ်ကို မက်၍သာ ဖြစ်သလို မိန်းကလေးဖက်ကလည်း ငါတို့တွင် ပစ္စည်းဥစ္စာသာ ချမ်းသာသည်။ မင်းစိုးရာဇာကတော် ဖြစ်မှသာ ဂုဏ်ရှိနိုင်မည်။ လတ်တလော ငါတို့တွင် မရှိသော ဂုဏ်ကို

www.burmeseclassic.com

ငွေနှင့်ပေါက်၍ ဝယ်ယူမှသာ ရမည် ဟူသောအတွေးဖြင့် မြို့သား အရာရှိကို လက်ထပ်ယူခြင်းဖြစ်၏။ ထို့ထက်ပို၍ ရှင်းရှင်းဆိုရသော် မိန်းကလေးဖက်က ငွေကြေး စိန်ရွှေရတနာတို့ဖြင့် မင်းစိုးရာဇာ အရာရှိဟူသော ဂုဏ်ကို ဝယ်ယူလိုက်ရာ၌ ယောကျ်ားကလေးကလည်း ပညာအရာရှိဖြစ်လင့်ကစား ငွေကြေးချို့တဲ့သဖြင့် လူနှင့်တကွ ရာထူးဂုဏ်ကို ကြိုက်ဈေးနှင့်ရောင်းလိုက်သည့်သဘော ဟူ၍သာ ဝေဖန်ရမည် ဖြစ်ပေသည်။

ထိမ်းမြားလက်ထပ်ပြီးသည့် နောက်ပိုင်းတွင်ကား သူတို့နှစ်ဦး အသက်ထက်ဆုံး ပျော်ရွှင်စွာ ပေါင်းသင်းကြလေသတည်းဟု ဝတ္ထုထဲကလို တထစ်ချ တွက်၍ မရသေးကြောင်း ဆက်လက် စိစစ် ရပေလိမ့်မည်။

တောသူဌေးသမီးနှင့် အရာရှိတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်ခြင်း မရှိဘဲ (ဝါ) အချစ်မပါဘဲ လက်ထပ်ခဲ့လင့်ကစား သူတို့၏ အိမ်ထောင်ဖက်က ဆက်လက်မြဲနေသဖြင့် အမြဲတစေ သာယာကြည်နူးဖွယ် ဖြစ်နေလိမ့်မည်ဟု ယူဆ၍ မဖြစ်ချေ။ လင်မယား ကွာရှင်းပြတ်စဲခြင်း မပြုဘဲ ဆက်လက်ပေါင်းသင်းနေသည်မှာ မှန်၏။ အချိန်တန်၍ သားသမီးများထွန်းကားလာသည်မှာလည်း သဘာဝ ကျပေ၏။

သို့ရာတွင် စာရေးသူ သိဖူးသော အလားတူ အိမ်ထောင် တစ်ခုတွင် လင်တော်မောင် အရာရှိသည် သူ၏ဇနီးမယား တောသူမကို မေတ္တာလည်း မရှိ။ စိတ်ပျက်နေ၏။ သို့ဖြစ်လင့်ကစား ဇနီး တောသူမ ကို စွန့်ပစ်ကွာရှင်းရန် မဝံ့ချေ။ အကြောင်းမူကား သူ ရသော အစိုးရ လစာထက် အဆပေါင်းများစွာ လစဉ် သုံးဖြုန်းနိုင် လောက်အောင် လိုသမျှ ငွေကြေးကို ဇနီး၏ မိဘ(ယောက္ခမ)များက မှန်မှန်ပေးကမ်း ထောက်ပံ့လျက် ရှိသောကြောင့်ပင်တည်း။



သူ၏စိတ်ထဲတွင် ငါဟာ ဒီမိန်းမကို ပစ်လိုက်တာနဲ့ ငါထင်သလို သုံးဖြုန်းရမယ့် ငွေရပေါက်ပါ ပိတ်သွားတော့မှာပဲ ဟူသော အသိက စွဲမြဲစွာ သတိပေးနေ၏။ ထို့ကြောင့် ဘဏ်တိုက်ကြီးသဖွယ် ငွေလိုချင်တိုင်း ထုတ်ပေးနေသော ယောက္ခမ ကြီးများရှေ့၌ မျက်နှာရအောင် သူတို့သမီး တောသူမကိုပင် ကြင်နာယုယသယောင် ဟန်လုပ်ပြနေရ၏။ "မချစ်သော်လည်း အောင့်ကာနမ်း"ပြနေရ၏။ ယောက္ခမများကလည်း အကြီးအကျယ် သဘောကျကာ ဒါမှ ငါတို့သားမက်၊ ရွှေသားမက်၊ ငွေသားမက်ဟု ကျေနပ်ဂုဏ်ယူရင်း သားမက်တော် အရာရှိမင်း လိုသမျှ ငွေကြေးဥစ္စာ တို့ကို ပေးကမ်းထောက်ပံ့၏။

ကိုရွှေအရာရှိမင်းသည် ငွေကို ရေလိုဖြုန်းနိုင်ချိန်တွင် နိုင်ငံခြားအရက်၊ ဝီစကီ၊ ဘရမ်ဒီများ မပြတ်တမ်း သောက်၏။ သူ၏ဇနီး တောသူမနှင့်စာလျှင် အလွန်ခေတ်ဆန်လှပ ချစ်စရာ ကောင်းသော မြို့သူမိန်းကလေး ငယ်ငယ်ချောချောများကို ရှာကြံ ၍ တီတီတာတာ အမြှောင်ထား၏။ တစ်ယောက်ငြီးငွေ့လာလျှင် နောက်တစ်ယောက် ပြောင်း၏။ ငွေကြေးတတ်နိုင်ပြီး အရာရှိဟူသော ဂုဏ်ရှိန်ကြောင့် ရလည်း ရနိုင်၏။ သို့ရာတွင် တရားဝင် လက်ထပ်ထားသော တောသူမ ဇနီးကိုတော့ ရန်မလုပ်။ ကွာရှင်း ပြတ်စဲရန်လည်း စိတ်မကူး။ အိန္ဒြေမပျက် ချစ်ချင်ဟန်ဆောင်ကာ ပေါင်းမြဲပေါင်းနေ၏။

သည်လိုနည်းဖြင့် အိမ်ထောင်သက် ကြာရှည်ခိုင်မြဲနေသော လင်မယား ကွာရှင်းပြတ်စဲခြင်းလည်း မရှိသော အိမ်ထောင်မျိုးကို သာယာချမ်းမြေ့ဖွယ်ကောင်းသည်ဟု သတ်မှတ်၍ ရပါမည်လော။

ဇနီးသည်ဖက်မှ နေကြည့်ပြန်လျှင်လည်း ချစ်ခြင်းမေတ္တာဖြင့် အရင်းခံခြင်း မရှိ။ အရာရှိကတော်ဖြစ်ချင်လှသော ဂုဏ်မက်မှု

www.burmeseclassic.com

www.burmeseclassic.com

ဝကားသ ၊ လောဘကြောင့် ငွေကြေးဥစ္စာများနှင့် လူကိုပါ ဝယ်အပ်သည့်သဘော ထိမ်းမြားလက်ထပ်ယူခဲ့ခြင်းကြောင့် အကြင် လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံရသော်လည်း နှစ်နှစ်ကာကာ မရှိလှ။ တာဝန်ဝတ္တရားအရသာလျှင် ပေါင်းသင်းဆက်ဆံရပုံမျိုး ဖြစ်နေတတ်ပေသည်။ ထိုထက်ပို၍ သရုပ်ခွဲပြရလျှင် ခန္ဓာကိုယ်ချင်း ပေါင်းသင်းနေလင့်ကစား စိတ်နှလုံးထဲမှ လှိုက်လှိုက်လှဲလှဲ ဖြစ်ပေါ် အပ်သည့် သာယာကြည်နူးဘွယ် အချစ်၏ အရသာမျိုးကိုလည်း ခံစားရမည် မဟုတ်ဟု ဆိုရပေမည်။

နှစ်ရှည်လများ အတူတကွ နေလာရ၍ လူချင်းနီးစပ်ရာမှ ဖြစ်အပ်သည့် သံယောဇဉ်မျိုး တွယ်လာခြင်း၊ သားသမီးများ ရ,လာ၍ ခလေးများအပေါ် မိဘ၏ ချစ်ချင်းမေတ္တာ ဖြစ်ပေါ်ခြင်း စသည်တို့ ရှိလင့်ကစား ဇနီးမောင်နှံ၏ အိမ်ထောင်ရေးဘဝသည် တကယ့် အနှစ်သာရ ပြည့်စုံခြင်း မရှိနိုင်ဟုလည်း ဆိုနိုင်ပေသည်။

ဤကား ချစ်ခြင်းမေတ္တာဖြင့် အခြေမခံဘဲ ထိမ်းမြားလက်ထပ် ပြီး အိမ်ထောင်သက် တည်မြဲနေသော သာဓကတစ်ခုကို ဖော်ပြခြင်း ဖြစ်ပေသည်။

တောသူဌေးသမီးနှင့် ခေတ်ပညာတတ် အရာရှိ မောင်နှံလို မဟုတ်ဘဲ သာမန်ဂုဏ်ရည်တူချင်း လူကြီးများ စေ့စပ်စီမံချက်ဖြင့် လက်ထပ်ယူကြသော အိမ်ထောင်ရှင်များထဲမှ အဆင်ပြေနေတာမျိုး မရှိပါသလောဟု ထပ်ဆင့်စောဒက တက်စရာ ရှိပါသေးသည်။ ဤကိစ္စမျိုးတွင်လည်း အဖြေရှိနေပေသည်။

ငွေကြေးချမ်းသာတောင့်တင်းသည့် အခြေအနေမျိုး မဟုတ်ဘဲ ရရစားစား သာမန်လူတန်းစားထဲမှ မိမိနှင့်လူနေမှု အဆင့်အတန်းချင်း မကွာခြားလှသူ မိန်းကလေးနှင့်ယောကျ်ားကလေးကို ကြား အောင်သွယ်၏ စေ့စပ်မှုဖြင့်ဖြစ်စေ၊ လူကြီးမိဘများ၏ စီမံချက်



ဖြင့်ဖြစ်စေ ထိမ်းမြားလက်ထပ်ပေးကြခြင်းများလည်း ရှိပါသည်။ လက်ထပ်ပြီးနောက် လင်မယား ကွာရှင်းပြတ်စဲခြင်း မရှိဘဲ အိမ်ထောင် တည်မြဲနေခြင်းများလည်း ရှိတတ်ပေသည်။ သို့ရာတွင် ဇနီး မောင်နှံအတူတကွ ဆက်လက်ပေါင်းသင်းနေရုံနှင့် သူတို့၏ အိမ်ထောင်သည် သာယာအဆင်ပြေကာ ပျော်ရွှင်ချမ်းမြေ့ဘွယ် ကောင်းနေပြီဟု မှတ်ချက်ချ၍ မဖြစ်သေးပါချေ။

မကြာခဏ လင်နှင့်မယား စိတ်သဘောထားချင်း မတိုက်ဆိုင်မှု၊ တစ်ယောက်အပေါ်တစ်ယောက် အပြစ်မြင်မှု စသည်တို့ ဖြစ်သော် လည်း မိဘဆွေမျိုးမျက်နှာကြောင့်လည်းကောင်း၊ အခြားသော လူမှုရေးအကြောင်းများကြောင့် ရှိနေသော သားသမီးများကို ငဲ့ကွက်၍ သော်လည်းကောင်း၊ လင်မယား ကွာရှင်းပြတ်စဲသည့် အဆင့်သို့ မရောက်ဘဲ ရေလိုက်ငါးလိုက် နေကြရသည့် ဇနီးမောင်နှံမျိုးတွေကို တွေ့ရတတ်ပေသည်။ လင်မယား ပေါင်းသင်းနေလင့်ကစား နှစ်ဦးစလုံးတွင် စိတ်ကျေနပ်ချမ်းမြေ့မှု မရရှိဘဲ ဖြစ်နေတတ်ပေသည်။

လူချင်း ပဋိပက္ခမဖြစ်ဘဲ နေသည်ထားဦး။ လင်နှင့် မယား ပေါင်းသင်းရာတွင် အသဲနှလုံးထဲမှ လှိုက်လှိုက်လှဲလှဲချစ်ကြသော ဇနီးမောင်နှံတို့၏ ဘဝကဲ့သို့ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ကျေနပ်မှု၊ သာယာပီတိဖြစ်မှုတို့ မရှိနိုင်ဘဲ ဆားမပါသည့်ဟင်း စားရသလို ပေါ့ပြက်ပြက်နှင့် အရသာ မပြည့်မစုံ ဖြစ်နေတတ်၏။ ဤအချက်ကို ဆက်လက်၍ ရှင်းလင်းတင်ပြသွားမည် ဖြစ်ပေသည်။

နိုင်ငံခြားမှ လိင်ပညာပေး ပါရဂူများနှင့် အိမ်ထောင်ရေး အကြံပေး ပုဂ္ဂိုလ်ကြီးများကမူ သာယာချမ်းမြေ့မှု ပြည့်စုံသည့် အိမ်ထောင်ရေးတွင် အချစ်သည် မရှိလျှင် မဖြစ်လောက်အောင် အရေးကြီးဆုံး လိုအပ်ချက်ပင်ဖြစ်သည်ဟု ဆိုကြပေသည်။ အချို့ပွင့်ပွင့်လင်းလင်း ရေးတတ်သော ဆရာကြီးများကဆိုလျှင်

www.burmeseclassic.com


အချစ်မပါဘဲ အိမ်ထောင်ပြုခြင်းသည် ယောကျ်ားနှင့်မိန်းမ ခန္ဓာကိုယ်ချင်း ဆက်ဆံခြင်း သက်သက်ဖြစ်၍ တိရစ္ဆာန်များ အထီးအမ မိတ်လိုက်ခြင်းနှင့် မခြား၊ သို့တည်းမဟုတ် အခကြေး ငွေပေး၍ ပြည့်တန်ဆာမနှင့် ပျော်ပါးသည်နှင့် မကွာလှဟုပင် ဆိုကြ၏။ နှိုင်းယှဉ်ချက် ဥဒါဟရဏ် အနည်းငယ် ကြမ်းသည်ဟု ထင်ရသော်လည်း သေချာစွာ တွေးကြည့်သော် ပြန်၍ ငြင်းချက် ထုတ်ရန်ကား ခဲယဉ်းပေလိမ့်မည်။

ဖိုနှင့်မ တစ်ဦးကိုတစ်ဦး တပ်မက်ခြင်းတည်းဟူသော ရာဂစိတ်(ဝါ) တိရစ္ဆာန်သဘာဝစ်ဟ်က ရှိနေသဖြင့် လက်ထပ်ကာစ အချိန်ကာလတွင် လိင်ဆက်ဆံရေး၏ သာယာမှု ရှိသင့်သလောက် ရှိပေလိမ့်မည်။ သို့ရာတွင် ခန္ဓာကိုယ် သွေးသား တောင့်တမှု တည်းဟူသော ရာဂစိတ်ကို ယာယီ ပြေငြိမ်းစေသည့် သဘောထက် မပိုတတ်သဖြင့် ကြေးစားပြည့်တန်ဆာတို့နှင့် ပျော်ပါးခြင်းမျိုးနှင့် မခြားလှကြောင်းကို ဝန်ခံရမည် ဖြစ်ပေသည်။

ယင်းအခြေအနေမျိုးနှင့် ဆန့်ကျင်ဖက် အဖြစ်မျိုးသည် အချစ်ဖြင့် အခြေခံ တည်ဆောက်သော အိမ်ထောင်ရေးမျိုးတွင် တွေ့နိုင်မည် ဖြစ်ပေသည်။ မိန်းကလေးနှင့် ယောကျ်ားကလေးတို့ တကယ်တန်း စစ်မှန်သော အချစ်ဖြင့် နှစ်နှစ်ကာကာ ချစ်ခင်မေတ္တာ သက်ဝင်ပြီးမှ အခြေအနေပေး၍ အိမ်ထောင်ပြုလိုက်သောအခါ စာဖြင့်ရေးသား ဖော်ပြခြင်းငှာ မစွမ်းနိုင်အောင် ထူးခြားပြည့်စုံသည့် အိမ်ထောင်ရေး အရသာကို ခံစားရပေလိမ့်မည်။ သူတို့နှစ်ဦးအဖို့ ခန္ဓာကိုယ်ချင်း ဆက်ဆံပေါင်းသင်းခြင်းတည်းဟူသော ရာဂစိတ် ပြေငြိမ်းရာ လိင်ကိစ္စ တစ်ခုတည်း မဟုတ်တော့။ ထို့ထက်ပို၍ ပြီးပြည့်စုံကာ အနှစ်သာရရှိသော အိမ်ထောင်မှု သုခသည် ရှိလာမည်ဖြစ်၏။

အချစ်မပါသော အိမ်ထောင်ရေးမျိုးနှင့် ကွာခြားပုံကို ဆက်လက်၍ သုံးသပ်ဆွေးနွေး ပြပါဦးမည်။

ဖို၊မ ဆက်ဆံရေးဆိုင်ရာ လိင်ကိစ္စသည်ပင်လျှင် တစ်ယောက်နှင့်တစ်ယောက် ချစ်မြတ်နိုးသူ ဇနီးမောင်နှံအဖို့ တစ်မျိုး ထူးခြားနေမည်ဖြစ်၏။ သူတို့နှစ်ဦး၏ မင်္ဂလာဦးညသည် တောသူဆွေးသမီးနှင့် မြို့သားအရာရှိတို့ "လူအရောင်းအဝယ်" သဘော ဈေးတည့် လက်ထပ်၍ ကာယကံမြောက် ပေါင်းသင်းခြင်းမျိုး နှင့်လည်း မတူ။ ရာဂစိတ် ပြေငြိမ်းရုံသက်သက် ပြည့်တန်ဆာနှင့် ပျော်ပါးခြင်းမျိုးလည်း လုံးဝမဟုတ်ဘဲ တမူထူးခြားကာ ခန္ဓာကိုယ် ကာယ၏ အတွေ့အရသာအပြင် စိတ်ပိုင်းဆိုင်ရာ ကျေနပ် နှစ်သိမ့်မှု၊ သာယာချမ်းမြေ့မှုများ ထပ်ဆင့်ပြည့်စွက်ထားသလို ဖြစ်နေပေ လိမ့်မည်။

ဤသည်ပင်လျှင် မေတ္တာစစ်ဖြင့် ချစ်ခင်မြတ်နိုးသူ အချင်းချင်း ထိမ်းမြားလက်ထပ်ရခြင်း၏ ထူးခြားသော ရလဒ်တစ်ခု ဖြစ်နေ တော့သည်။

ဤနေရာတွင် စိတ်က ရုပ်ကို လွှမ်းမိုးသည်ဟူသော သဘော တရားကိုပါ ဆက်စပ်ဆွေးနွေးရမည် ဖြစ်ပေသည်။

မိန်းကလေးတစ်ယောက်သည် ယောကျ်ားကလေး တစ်ယောက် အား လိုက်လိုက်လှဲလှဲ ချစ်နေပြီဆိုလျှင် သူ၏စိတ်ထဲ၌ ချစ်သူအပေါ် ခတနာ၊ မေတ္တာ၊ ကရုဏာ၊ မြတ်နိုးမှု၊ ကြည်ညိုလေးစားမှု၊ အလိုလိုက်ချင်မှု စသည်တို့ အပြည့်အဝ ရှိနေမည်ဖြစ်၏။ သူ၏ စိတ်ကူးယဉ်ချက်တွင် မျှော်မှန်းမြင်ယောင်သော ယောကျ်ားကောင်း တို့၏ အရည်အချင်းတွေအားလုံး မိမိချစ်သူတွင် ပြည့်စုံနေသည်ဟု ယူဆ၏။ ချစ်ခြင်းမေတ္တာအပြင် ကြည်ညိုလေးစားစိတ်၊ မြတ်နိုး ဒိုးကွယ်လိုစိတ်များ ရှိနေခြင်းကြောင့်လည်း ချစ်သူယောကျ်ား

www.burmeseclassic.com



အား တစ်နေ့အိမ်ထောင်ပြုပြီးလျှင် ဝတ်ကြီးဝတ်ငယ်အားလုံ တာဝန်ယူ ပြုစုမည်ဟု စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်၏။ မိမိ၏ချစ်သူအား အခါခပ်သိမ်း အလိုလိုက်ချင်သည့် စေတနာလည်း အပြည့်ရှိနေသဖြင့် လက်ထပ်ပြီး လင်မယားဘဝတွင် ယင်းစေတနာကို အကောင် အထည်ဖော်ရန် ဆုံးဖြတ်ထားပြီး ဖြစ်၏။

ယင်းဆုံးဖြတ်ချက် စေတနာတို့သည် လက်ထပ်ပြီး၍ အကြင်လင်မယား ဖြစ်လာသောအခါ၌ တကယ်လည်း အကောင် အထည် ပေါ်လာတော့၏။ သဘာဝအလျောက် ဖိုနှင့်မ သဏ္ဌာလီ ဆောင်ခန်းထက်ဝယ် စက်ပျော်ရာ အတူနှံ၍ ရွှေလည်တွဲ ချစ်ပွဲဝင် သည့်အခါ ဤအချက်သည် ပိုမိုထင်ရှားလာမည် ဖြစ်ပါ၏။ မိန်းကလေး၏ စိတ်၌ ဤသူသည် ငါ၏ ခင်ပွန်းယောကျ်ားဖြစ်၍ ငါ၏ ခန္ဓာကိုယ်ကို သူပြုသမျှ နရန် ငါ့တာဝန်ပဲဟု သဘောထား မျိုးဖြင့် လင်နှင့်အတူ အိပ်စက်ရသည့် ဝတ်ကျေတန်းကျေ မယားတာဝန် ဆောင်ရွက်မည် မဟုတ်။ ငါ၏ အသဲနှလုံးထဲမှ လှိုက်လှိုက်လှဲလှဲ ချစ်ခင်မြတ်နိုးထားသော ငါ့ချစ်သူအား ပါးစပ်မှ ချစ်လှပါသည်ဟု ဖွင့်ပြောခြင်းထက် လွန်ကဲ၍ "သက်ဝေ" သီချင်းထဲ ကလို---

"တစ်ကိုယ်လုံးသိမ်းကြုံး
လိုရာသုံး သက်ဝေ
အပြုံးမပျက်ပေါင် စိတ်လက်ရှည်ရှည်
အချစ်အတွက်ဖြင့်
အသက်ပင်သေသေ
အသွေးယူ အသားကိုယူယူ
စိတ်တူတယ် ရီရီပြုံးပြုံး"



-ဟု ရက်ရောကြည်ဖြူစွာ ခန္ဓာကိုယ်ကို ချစ်သူအား ပုံအပ်ခြင်းဖြင့် ချစ်လင်အား အလိုပြည့်စေရင်း မိမိကိုယ်ကိုပါ အချစ်၏ အရသာ ပြည့်ပြည့်ဝဝ ရစေအံ့ဟု တွေးတောပြုမူပေလိမ့်မည်။

ထိုအချိန်၌ မိန်းကလေးအဖို့ ချစ်သူအား အလိုလိုက်ရခြင်း၊ စိတ်ရောကိုယ်ပါ ပုံအပ်ရခြင်း၊ မိမိချစ်သူနှင့် အသဲနှလုံးချင်း ရောယှက်နီးစပ် ထိကပ်နေရဘိသကဲ့သို့ ထင်ရခြင်း၊ မိမိမြတ်နိုး သောသူ၏ အလိုဆန္ဒ ပြည့်ဝအောင် ဖန်တီးဖြည့်စွက် ပေးရခြင်း ●သော စိတ်လှုပ်ရှားမှု အာရုံများနှင့်အတူ ကြည်နူးသာယာ ပီတိဖြာမှု အရသာကို ခံစားရမည် ဖြစ်ပေ၏။

ယောကျ်ားကလေးအနေနှင့်လည်း မိမိချစ်မြတ်နိုးသော မိန်းကလေးနှင့် ထိမ်းမြားလက်ထပ်ပြီး၍ လက်တွေ့ဆက်ဆံ ပေါင်းသင်းရသောအခါ သာမန် ရာဂစိတ် ပြေငြိမ်းရုံ ဖို့မ ဆက်ဆံရေး သဘောမျိုး မဖြစ်ဘဲ မိမိအသက်ပေးချစ်သူ လှပျိုဖြူ၏ အသဲနှလုံးကို ကာယကံမြောက် တကယ်ပင် ဆုပ်ကိုင်ရယူဘိသကဲ့သို့ ကျေနပ်မှု အရသာကို ခံစားရတတ်၏။ ချစ်သူ၏ စိတ်ရောကိုယ်ပါ ပိုင်ဆိုင်ရယူကာ လက်ဝယ်ရောက်ရှိသကဲ့သို့ အားရတင်းတိမ်တတ်၏။ အထက်တွင် ဖော်ပြခဲ့သလို ချစ်သူနှင့် အိမ်ထောင်ပြု ပေါင်းသင်းရသည့် အခါ ယောကျ်ားကလေးအဖို့ လူချင်း မချစ်ဘဲ မိဘရှာ ပေးစား၍ လက်ထပ်ပေါင်းသင်းရသည့် မိန်းကလေးနှင့် ဆက်ဆံရခြင်းမျိုး နှင့်လည်း မတူ။ ပြည့်တန်ဆာ သို့မဟုတ် မိန်းမပျက်တစ်ဦးနှင့် ပျော်ပါးဆက်ဆံရခြင်းမျိုးနှင့်လည်း အကြီးအကျယ် ကွာခြားမှု ရှိသည်မှာ အမှန်ပင် ဖြစ်သတည်း။

ဤကား အချစ်ဖြင့် အရင်းတည်သော အိမ်ထောင်ရေးတွင် လက်ထပ်ပြီးကာစ ကာယကံမြောက် ပေါင်းသင်းရသည့်အခါ ကြုံတွေ့ရမည့် ထူးခြားချက် တစ်စိတ်တစ်ဒေသပင်ဖြစ်၏။ အတိုချုံး၍

www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် လူငယ်ချင်း မေတ္တာသက်ဝင် ချစ်ခင်ပြီးမှ ထိမ်းမြားလက်ထပ်သော အိမ်ထောင်၌ ခန္ဓာကိုယ်၏ ဖသသ အတွေ့တည်းဟူသော ရာဂစိတ် ပြေငြိမ်းမှုသာမက နှလုံးသား အတွင်းမှ ထွေပြာဖြစ်ပေါ်လာသည့် စိတ်ပိုင်းဆိုင်ရာ သာယာကြည်နူးမှု၊ ကျေနပ်ရောင့်ရဲမှု၊ ပျော်ရွှင်ချမ်းမြေ့မှုများကိုပါ ခံစားရရှိနိုင်သည်ဟု ဆိုလိုပေသည်။

** ** **

အိမ်ထောင်ဦး အခါသမယ လွန်မြောက်၍ နောက်ပိုင်း အချိန်ကာလများတွင်လည်း ချစ်သူချင်း လက်ထပ်ထိမ်းမြားရသည့် အကျိုးထူးများသည် ဆက်လက်၍ ထင်ရှားပေါ်လွင်လာဦးမည် ဖြစ်ပေသည်။ အထူးသဖြင့် အခန်း(၁) "အိမ်ထောင်ဖက် ရွေးချယ်ခြင်း"ကဏ္ဍ၌ ဆွေးနွေးတင်ပြခဲ့သော စိတ်သဘောချင်း တိုက်ဆိုင်မှု ကိစ္စတွင် အချစ်ဖြင့် တည်ဆောက်သော အိမ်ထောင်ရေးက များစွာသာမည် ဖြစ်ပေသည်။

အိမ်ထောင်သည်ဘဝတွင် ချစ်သူရည်းစားနှင့် နေရသည်နှင့် မတူ။ ဟန်ဆောင်မှုများ ကင်းလာသည် ဖြစ်ရာ ဇနီးမောင်နှံ နှစ်ဦးစလုံး၏ ပင်ကိုယ်သဘာဝစရိုက် စိတ်နေစိတ်ထားတို့သည် အမှန်အတိုင်း ဘွင်းဘွင်း ပေါ်လာမည်ဖြစ်၍ လူသားတို့ ထုံးစံအတိုင်း ချို့ယွင်းချက်ကလေးများသည်လည်း အသီးသီး ပေါ်ထွက်လာ တတ်၏။ တစ်ယောက်၏ အပြုအမူ၊ အပြောအဆို၊ အယူအဆများကို တစ်ယောက်က မနှစ်သက်သည့် အဖြစ်မျိုးလည်း ကြုံလာရတတ်၏။ သမီးရည်းစားဘဝတွင် အမြဲထာဝစဉ် စကားကို ချိုသာစွာ ပြောတတ်ခြင်း အလေ့သည်ပင်လျှင် လင်မယား ဖြစ်လာသောအခါ ရံဖန်ရံခါ ပျောက်ကွယ်၍ လေသံပြင်းပြင်း မာမာဖြင့် စကားပြော လာတတ်၏။ အယူအဆ သဘောထားချင်း ကွာခြားသည့်အ



သူနိုင်ကိုယ်နိုင် ငြင်းခုံလာတတ်၏။ ယုတ်စွအဆုံး ဘတ်ယောက်က ဖျင်းဖျင်းရှိ၍ ရုပ်ရှင်သွားရအောင်ဟု ခေါ်ချိန်တွင် ကျန်တစ်ယောက်က ရုပ်ရှင်မလိုက်ချင်ဘဲ သူငယ်ချင်းအိမ် သွားလည်ချင်သည့် အဖြစ်မျိုးလည်း မကြာခဏ ကြုံရတတ်မည် ဖြစ်ပေ၏။ တစ်ယောက် က ညအိပ်ယာဝင်တော့မည်ဟု ဆိုလျှင် ကျန်တစ်ယောက်က ဝတ္ထုစာအုပ် ဖတ်ကောင်းပြီး စွဲနေသဖြင့် "အိပ်နှင့်တော့" ဟု ချစ်သူအား အိပ်ယာဝင်ခိုင်းတတ်၏။ စားရေးသောက်ရေးတွင်လည်း အိမ်ထောင်ဖက် ဖြစ်လာသောအခါ၌ ဟန်လုပ်စားခြင်းမျိုး မရှိတော့ဘဲ တစ်ယောက်က နှစ်သက်သော အစားအစာကို တစ်ယောက်က မကြိုက်သဖြင့် မစားနိုင် ဖြစ်တတ်ကာ ဟင်းလျာချက်ပြုတ်ရေး ကိစ္စတွင်ပင် စိတ်သဘောချင်း မတိုက်ဆိုင် ဖြစ်တတ်၏။

သည်လိုအခါများတွင် တစ်ယောက်နှင့်တစ်ယောက် ချစ်ကြိုက်ပြီး ယူကြသူများနှင့် မိဘ ပေးစား၍ လက်ထပ်ရသော ဇနီးမောင်နှံတို့အဖို့ အကြီးအကျယ် ကွာခြားမှုရှိကြောင်း တွေ့ရ ပေလိမ့်မည်။ တစ်ယောက်ကိုတစ်ယောက် သည်းခံခွင့်လွှတ်ခြင်း၊ တစ်ယောက်အပြစ်ကို တစ်ယောက်က မမြင်ခြင်း၊ တစ်ယောက်၏ အလိုကို တစ်ယောက်က လိုက်လျောခြင်း စသည်တို့ကို တကယ် ချစ်သော ဇနီးမောင်နှံတို့တွင် မုချမြင်ရပေလိမ့်မည်။ ငါ့ချစ်သူ စိတ်ချမ်းသာလျှင်ပြီးရော ဟူသော အတွေးက ဝင်လာတော့၏။ အကြောင်းမှုကား ချစ်သူအပေါ် အမှန်ထားရှိသော မေတ္တာဓါတ်က အပြစ်ဟူသမျှကို ဖုံးလွှမ်းပ,ပျောက်စေနိုင်သောကြောင့်တည်း။

အချစ်ဟူသော မေတ္တာဓါတ်ဖြင့် အခြေခံ တည်ဆောက်ထား ခြင်း မရှိဟူသော အိမ်ထောင်မျိုးတွင်ကား ဤသို့ သာယာချမ်းမြေ့ဖွယ် အဆင်ပြေမှုမျိုးရှိရန် မလွယ်ကူလှချေ။ အထူးသဖြင့် သားခါစ အိမ်ထောင်ဦးကာလ ကျော်လွန်လာသောအခါ ၌ သိသာ

www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားလာတတ်၏။ တစ်ယောက်က ရုပ်ရှင်သွားကြည့်ရအောင်ဟု ခေါ်လျှင် တစ်ယောက်က မလိုက်ချင်ပါဘူးဟု ဆိုလျှင်၊ တမင် သက်သက် ငွစာတိုက်သည်ဟု ထင်ရတတ်၏။ တစ်ယောက်က နှစ်သက်မက်မောသော အစားအစာ တစ်ခုခုကို တစ်ယောက်က မကြိုက်သဖြင့် မချက်ဘဲ၊ မဝယ်ဘဲ သူကြိုက်တာမှ ရွေးစားလျှင်လည်း တစ်ကိုယ်ကောင်းဆန်သည်ဟု အပြစ်မြင်လာတတ်၏။ ထို့မျှမက သေး။ မကြီးကျယ်သော အသေးအဖွဲကိစ္စကလေးများဟု ဆိုရမည့် အိမ်ကိုမွမ်းမံပြင်ဆင်ခြင်း၊ ပန်းပင်စိုက်ခြင်း၊ အဝတ်အစား ရွေးချယ် ဝယ်ယူခြင်း၊ အိပ်ယာခမ်းနား ပြင်ဆင်နေရာချထားခြင်း စသည် တို့တွင်ပင် တစ်ယောက်နှင့်တစ်ယောက် အမြင်ခြင်း မတူကြသည့်အခါ စိတ်ဝမ်းကွဲမှုများ ဖြစ်လာတတ်၏။ ထို့ပြင် မြန်မာ့လူ့အဖွဲ့အစည်း အနေဖြင့် မကင်းနိုင်သော ဟိုဘက်ဒီဘက် မိဘဆွေမျိုးများနှင့် ပေါင်းသင်းဆက်ဆံရေးတွင်လည်း ချစ်ခြင်းမေတ္တာမရှိက ပြဿနာများ ပေါ်တတ်ပါသေးသည်။

တစ်ခါက စာရေးသူကိုယ်တိုင် ရန်ကုန်မြို့၌ ထိပ်ထိပ်ကြဲ နာမည်ကြီး လက်ထပ်မင်္ဂလာ ညည့်ခံပွဲကြီးတစ်ခု တက်ခဲ့ရဖူး၏။ သတို့သမီးက ငယ်ငယ်ရွယ်ရွယ်၊ လှလှပပ ရှိရုံမက မိဘများကလည်း ကျိကျိတက် ချမ်းသာကြွယ်ဝသည် ဆို၏။ သတို့သားကလည်း နိုင်ငံခြားပြန် ခေတ်ပညာတတ်၊ နာမည်နောက်က ဘွဲ့ဒီဂရီတွေ တစ်သီတစ်တန်းကြီးရှိလျက် ရှေ့အဖို့ တက်လမ်းအလွန်ကောင်းမည့် ဌာနတစ်ခု၌ အရာရှိဖြစ်နေ၏။ သူတို့နှစ်ဦး၏ မင်္ဂလာညည့်ခံပွဲသို့ တက်ရောက်ကြကုန်သော ရန်ကုန်မြို့၏ အထက်တန်းလွှာ ပရိသတ် အပေါင်းက "နေနှင့်လ၊ ရွှေနှင့်မြ"လို တင့်တယ်ပါပေသည်ဟု ချီးကျူးဩဘာပေးကြ၏။



သတို့သမီးက ဥစ္စာပေါ၊ ရုပ်ချော၊ သတို့သားက နိုင်ငံခြားပြန် ခေတ်ပညာတတ် အရာရှိဖြစ်၍ ကြီးကျယ်ခမ်းနားစွာသော မင်္ဂလာ ညည့်ခံပွဲကြီး ဆင်ယင်ကျင်းပချိန်တွင် ထိပ်သီးပုဂ္ဂိုလ်ကြီးတစ်ဦးက ထိမ်းမြားလက်ထပ်ပေးပြီးနောက် မင်္ဂလာ ဩဘာစကားတွေပြော၊ ရတုပိုဒ်စုံများ သီဆိုကျူးရင့်လျက် "အခါတော်ပေးတာက နတ်ရေးငယ် ရှေစာ" ချီ မင်္ဂလာဩဘာဘွဲ့သီချင်းကို တီးဝိုင်းမှ သာယာငြိမ့်ညောင်းစွာ သီဆိုတီးမှုတ်သံ ကြားရသောအခါ ရောက်ရှိနေသူ ပရိသတ်အဖို့ "ရွှေနဲ့မြ၊ နေနဲ့လ"လို့တင့်တယ်ပါပေသည်ဟု တကယ်ပင် ချီးကျူးထောပနာပြုရမည့် အခြေအနေမျိုး ရှိခဲ့ပါ၏။

မျက်နှာကြီးမင်္ဂလာပွဲ ဖြစ်သည်နှင့်အညီ အကောင်းဆုံးသော စားသောက်ဖွယ်ရာတို့ဖြင့် ညည့်ခံတည်ခင်းသည်ကို ကျေနပ်အားရစွာ စားသောက်ပြီး ပြန်သွားကြသောအခါ၌လည်း "သူတို့နှစ်ဦး အသက်ထက်ဆုံး ပျော်ရွှင်စွာ ပေါင်းသင်းကြလေသတည်း" ဟူ၍သာ တစ်ထစ်ချ မှတ်ယူလိုက်စရာ ရှိပါတော့သည် မဟုတ်ပါလော။

မင်္ဂလာ ညည့်ခံပွဲတုန်းက လက်ဖက်ရည်၊ ကိတ်မုန့်၊ ရေခဲမုန့် ကောင်းကောင်းစား ပြန်သွားကြသော ပရိသတ်အားလုံး မသိလိုက်သော နောက်ပိုင်း ဇာတ်လမ်းက ဤသို့ပါတည်း။

ရန်ကုန်မြို့ မျက်နှာကြီး ရပ်ကွက်တွင် ဘယ်သူ့သားနှင့် ဘယ်သူ့သမီးတို့ နေရာချထားရင် မကောင်းပါလားဟု အစချီကာ ငွေမက်၊ ဂုဏ်မက်သူတို့အကြား လူ့အရောင်းအဝယ် လုပ်သလို စပ်ဟပ်အောင်သွယ်ပေးတတ်သော ကြေးစားအောင်သွယ် သို့မဟုတ် လူပွဲစားများ ရှိကြ၏။ သူတို့၏ ဆက်သွယ်စေ့စပ်မှုဖြင့် အရေး အယူတည့်ကာ မင်္ဂလာပွဲ ဖြစ်မြောက်သွားပြီဆိုလျှင် မိဘများက ကျေးဇူးဆပ်သည့် သဘောဖြင့် အောင်သွယ်တော်ကြီးအား ပေးကမ်း ချီးမြှင့်တတ်သော "ပွဲခ"လည်း ရနိုင်သော ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com


ဖော်ပြပါ စာရေးသူ တက်ရောက်ခဲ့ရသော မင်္ဂလာပွဲမှာလည်း အလားတူ ဆောင်သွယ်တော်ကြီးတစ်ဦး၏ ဆက်သွယ်ပေးမှုကြောင့် ဖြစ်မြောက်လာခဲ့ရသည်ဆို၏။

သတို့သမီး၊ သတို့သားနှစ်ဦးစလုံးတွင် မာန်မာနထောင်လွှား သောစိတ်က ပြင်းထန်နေသည့်အပြင် လူငယ်ချင်း မေတ္တာသက်ဝင် ချစ်ခင်ခြင်း မရှိဘဲ ကြားဝင်စေ့စပ်မှုကြောင့် လက်ထပ်ခဲ့သူများ ဖြစ်သည့်အလျောက် အကြင်လင်မယား ဖြစ်လာကြသောအခါ၌လည်း တစ်ယောက်ကိုတစ်ယောက် အလိုလိုက် အလျှော့ပေးရန် အထူးပင် ဝန်လေးနေကြပါတော့သည်။

သတို့သမီး၏ မိဘများက ငါတို့ ငွေကြေးချမ်းသာတယ်၊ လင်ကောင်းတစ်ယောက်ကို အချိန်မရွေး ဝယ်ယူနိုင်တယ်၊ သူတို့ဖက်က ဘာရှိလို့လည်း ဟူသော အယူအဆတွေကို သမီးငယ်အား သင်ပေး၏။ ယောက်ျားလေးလုပ်သူဖက်ကလည်း ငါ့ပညာ၊ ငါ့ဂုဏ်နဲ့ ဘယ်မိန်းမမျိုးမဆို လိုချင်တဲ့အချိန် ရနိုင်တယ်ဟု မာနထောင်လွှား၏။ မိန်းကလေးက အားအားရှိတိုင်း မိဘအိမ်သို့ သွား အချိန်ဖြုန်းနေတတ်ရာ ယောက်ျားလုပ်သူကလည်း အပေါင်း အသင်းများနှင့်သောက်စား ပျော်ပါးနေတတ်၏။ တစ်ယောက်ကို တစ်ယောက် သည်းမခံဘဲ အပြစ်တင် ဝေဖန်မှုတွေ တစ်ဖြည်းဖြည်း ပြင်းထန်လာရာမှ လက်ထပ်ပြီး တစ်နှစ်မှ မကြာသေးမီ ကွဲသွား ကြပါတော့သည်။

ဤကား လူငယ်ချင်း မေတ္တာသက်ဝင် ချစ်ခင်ခြင်းမရှိဘဲ စီးပွားရေး ကုန်ရောင်းကုန်ဝယ် လုပ်သလို အပေးအယူတဲ့အောင် စေ့စပ်ခြင်းဖြင့် အကောင်အထည်ဖော်ကာ တည်ဆောက်လိုက်သော အိမ်ထောင်ရေးများတွင် ဖြစ်တတ်ပုံကို ထင်ရှားစေသည့် သာဓက တစ်ရပ်ပင် ဖြစ်ပေသည်။တရားဝင် ထိမ်းမြားလက်ထပ်ပြီး၍ ဇနီးမောင်နှံ ဖြစ်လာရလင့်ကစား သူတို့နှစ်ဦးအဖို့ အနှစ်သာရနှင့် ပြည့်စုံသော အိမ်ထောင်မှုသုခ ဆို၍လည်း မခံစားရ။ တစ်ယောက်ကို တစ်ယောက် ချစ်ခင်မြတ်နိုးလျက် ကြင်နာယုယမှုလည်း မရှိ။ ဝတ်ကြေတန်းကြေ ပေါင်းသင်းကြရသော လင်မယားအဖြစ်သာလျှင် အိမ်ထောင်ဦးကာလတွင် နေရမည်ဖြစ်ပေ၏။

သည်လို အိမ်ထောင်ရေးမျိုးကိုလည်း ယခုခေတ် လူငယ် မောင်မယ်များ မည်သည့်နည်းနှင့်မျှ အားကျခြင်းငှာ မသင့်ပေ။ အထူးသဖြင့် မြန်မာနိုင်ငံလိုနေရာ ၊ မြန်မာ့လူ့အဖွဲ့အစည်း၏ ထုံးတမ်းစဉ်လာ အယူအဆ သဘောထားအရ ပို၍ပင် မလိုလားအပ်ဟု ဆိုရပေမည်။

လက်ထပ်ပေါင်းသင်းပြီး စိတ်သဘောချင်း မတိုက်ဆိုင်၍ ကွာရှင်းပြတ်စဲ၍ နောက်ထပ်အိမ်ထောင်သစ် ထူထောင်ရင်လည်း ရသားပဲဟု စောဒက တက်ချင်သူများလည်း ရှိကြပေမည်။ အခုညား၊ အခုကွာ၊ အခုနောက်တစ်ယောက် ထပ်ယူကြသည့်အလေ့ အလွန် ခေတ်စားနေသော အနောက်နိုင်ငံများ၌ပင်လျှင် ယခုအခါ လူမှုရေး သိပ္ပံပညာ ပါရဂူများက အိမ်ထောင်ရေး တည်တန့်ခိုင်မြဲမှုရှိမှသာလျှင် စိတ်၏ချမ်းသာမှုကို ပေးစွမ်းနိုင်သည်ဟု ဆိုနေကြပေပြီ။ အိမ်ထောင်ပြုသည် ဆိုခြင်းမှာ ခန္ဓာကိုယ်ချင်း ဖို့မ ဆက်ဆံမှုဖြင့် ပေါင်းသင်းရရုံတွင်မက လူ့ဘဝ၏ ခရီးကြမ်းကို အတူတွဲ၍ သွားပါတော့မည်ဟု စိတ်အားဖြင့်လည်း ဂတိပြုသစ္စာ နံသည့် သဘော သက်ရောက်သဖြင့် ညားပြီးမှ တစ်ဖန် ပြန်ကွဲရခြင်းမျိုးသည် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်တစ်မျိုး ဖြစ်ကျန်ရစ်တတ်သည် ဟုလည်း စိတ္တဗေဒ ပညာရှင်များက ဆိုကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ယခုအခါ အမေရိကန်နှင့် ဥရောပနိုင်ငံများတွင် အိမ်ထောင်ရေး သာယာအဆင်ပြေရေး၊ အိမ်ထောင်သက် တည်တန့်ခိုင်မြဲရေးအတွက် အကြံပေးပုဂ္ဂိုလ်များ (Marriage Counsellor) များ ပေါ်ပေါက်လျက်ရှိရာ အနောက်နိုင်ငံသား လူငယ်များစွာက ယင်းအကြံပေးပုဂ္ဂိုလ်များထံ ချဉ်းကပ် အကူအညီတောင်းနေကြ၍၊ အခကြေးငွေပေး၍ အိမ်ထောင်မှုဆိုင်ရာ အကြံဉာဏ်များ၊ ညွှန်ကြားချက်များ ရယူနေကြပေသည်။

အမိပ္ပါယ်ကား အနောက်နိုင်ငံများ၌ပင် လက်ထပ်ပြီးမှ လင်မယားကွဲခြင်းထက် အိမ်ထောင်ရေး သာယာတည်တန့်ရေးကို ပိုမိုလိုလားကြသည်ဟူသော သဘောပင်တည်း။

** ** **

အိမ်ထောင်ရေးတွင် အချစ်သည် အရေးအကြီး ဆုံးသော အခြေခံအုတ်မြစ်တစ်ခုဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာက်ပေပြီ။

အချစ်ဆိုသော်လည်း အရွယ်ရောက်ခါ ကျောင်းသူကျောင်းသားဘဝတွင် မိန်းကလေးနှင့် ယောကျ်ားကလေး မျက်စေ့ကျပုံမျိုး(ဝါ) ဆယ်ကျော်သက်တို့၏ အချစ်မျိုးနှင့် ရောထွေး အထင်မမှားရန်လည်း အရေးကြီးပါသေးသည်။ အချစ်ဟူသည် အလွယ်တကူ ပေါ့ပေါ့ဆဆ သဘောထား၍ရသော အရာမျိုး မဟုတ်ပေ။ ဆန့်ကျင်ဖက်လိင်ကို တောင့်တ,တပ်မက်ခြင်းမျိုး၊ ရုပ်ရည်ချော့မော လှပခြင်းကြောင့် နှစ်သက်သဘောကျပုံမျိုးများကိုလည်း အချစ်စစ် အချစ်မှန်ဟု အလောတကြီး ဆုံးဖြတ်၍ မရနိုင်ပေရာ လူပျိုအပျိုများအနေဖြင့် မိမိအတွက် တကယ့်အချစ်ကို ရှာတွေ့ရန် မလွယ်ကူလှပါဟု ဆိုရပေမည်။

ကောင်းပြီ။ စစ်မှန်သောအချစ်ဖြစ်ကြောင်းကို မည်သည့်နည်းဖြင့် တိုင်းတာသိရှိနိုင်မည်နည်း။ မှတ်ကျောက်တင်စစ်ဆေး ရပါမည်နည်း။



ဤနေရာတွင် ယင်းအခန်းမှ ထောက်ပြချက်တစ်ရပ်ကိုပင် ပြန်လည်ကောက်ယူဦးမည် ဖြစ်ပေသည်။

အချစ်ကို တိုင်းတာ မှတ်ကျောက်တင်စစ်ရန် အကောင်းဆုံးနည်း၊ အမှန်ဆုံးသော စမ်းသပ်ချက်မှာ အချိန်ကာလပင် ဖြစ်ပါ၏။ ထို့ကြောင့် သုံးနှစ်သုံးမိုး လူပျိုလှည့်ကြသည် ဟူသော ရှေးမြန်မာ့ရိုးရာ အစဉ်အလာသည် ယောကျ်ားကလေးနှင့်မိန်းကလေး တစ်ယောက်၏ အချစ်ကို စစ်ဆေးဆုံးဖြတ်သည့် သဘောပင် ဖြစ်ပေသည်။

လတ်တလော ရှောင်တခင် တွေ့ဆုံမှုက်စေ့ကျရာမှ ချစ်ကြိုက်ကြခြင်းမျိုးကို အချိန်ကာလတည်းဟူသော မှတ်ကျောက်ဖြင့် တင်စစ်လိုက်သောအခါ စာမေးပွဲအောင်သလို သို့မဟုတ် ရှုံးသလို တိကျသော အဖြေမှန်သည် မုချထွက်လာရမည်ဖြစ်၏။

ကောင်မလေးတစ်ယောက်နှင့် ကောင်လေးတစ်ယောက်တို့ ချစ်နေကြသည်ဟု ကြားသိရပြီး နောက်တစ်နှစ်ခန့်ကြာသောအခါ ကောင်မလေးက တစ်ခြားကောင်လေးတစ်ယောက်နှင့် ကြိုက်သွားပြန်ပြီဟူသော သတင်းမျိုး ယခုခေတ်၌ မကြာခဏ ကြားရတတ်ခြင်းမှာလည်း သူတို့၏ လျှပ်တစ်ပြက်အချစ်မှာ အချိန်ကာလ၏ မှတ်ကျောက်တင် စာမေးပွဲတွင် ရှုံးသွားသည့် သဘောပင်ဖြစ်၏။

သို့ဖြစ်လေရာ ချစ်သူတွေ့ထားပြီ ဆိုသည်နှင့်တစ်ပြိုင်နက် အချိန်ကာလ၏ မှတ်ကျောက်တင် စစ်ဆေးခြင်းကို ခံကြည့်ရန် စိတ်ကူးရပေမည်။ ထိုအတောအတွင်း ချစ်သူနှင့်ပတ်သက်၍ မေးခွန်းပေါင်းများစွာကိုလည်း ကိုယ့်ဟာကိုယ်ထုတ်၊ ကိုယ်ဟာကိုယ် ဖြေဆိုကြည့်ရပေမည်။

အဓိကအားဖြင့် ငါသည် ငါ့ချစ်သူနှင့် အသက်ထက်ဆုံး ဘဝခရီးလမ်းတစ်လျှောက် အတူတွဲသွားရန် အဆင်သင့် ရှိ၏လော။ လူချင်းစရိုက်ချင်း ကွာခြားမှု ရှိသင့်သလောက် ရှိကြသဖြင့် နှစ်ရှည်

www.burmeseclassic.com

www.burmeseclassic.com


လများ အတူတကွ ပေါင်းသင်းနေထိုင် သွားနိုင်ပါမည်လော။ ငါ့ချစ်သူတွင် ဘာချို့ယွင်းချက် ရှိရှိ ၊ဘယ်လိုအပြစ်မျိုးပဲ လုပ်လုပ် ငါက ချစ်ခင်ကြည်ဖြူစွာ ထာဝစဉ် ခွင့်လွှတ်နိုင်မည်လော စသည့် မေးခွန်းများသည် အရေးကြီးပါ၏။

ယင်းမေးခွန်းများ၏ အဖြေကို မထောက်မညှာ အမှန်အတိုင်း ဆုံးဖြတ်ရရှိ၍ ချစ်သူအပေါ် တကယ့်မေတ္တာ စေတနာများ အခါ မရွေးထားနိုင်မည်ဆိုလျှင်ကား မိမိအချစ်၏ မှတ်ကျောက်တင်စာမေးပွဲ အောင်မြင်သည်ဟု ဆုံးဖြတ်နိုင်ပြီ ဖြစ်ပေသတည်း။

◆ ◆ ◆

# (၃)

## ဖို့မဆက်ဆံရေး၏ အရေးပါမှု

ပုထုဇဉ်ဘာဝ ယောကျ်ားနှင့်မိန်းမ အိမ်ထောင်ပြုလိုက်သည်ဆိုလျှင်ပင် လူနှစ်ယောက် အတူတကွ စားသောက်နေထိုင်ကြရုံ မဟုတ်တော့ဘဲ လူမျိုးဆက် ပြန့်ပွားရေးအတွက် ပါဏဇေဒ သဘောအရ သဘာဝက ဖန်တီးပေးအပ်သော ဖို့မ ဆက်ဆံရေး ကိစ္စသည်လည်း အလိုအလျောက် ပါဝင်လာရကြောင်းကို အထူး ရေးသား ဖော်ပြနေစရာ လိုမည် မထင်ပေ။ ဇနီးမောင်နှံ ဖြစ်လာသည်နှင့် အတူပေါင်းသင်းသည် ဟူသော စကားအရ လူချင်း အတူနေရုံမက အတူအိပ်ပြီး ကာယကံမြောက် ဆက်ဆံ ပေါင်းသင်းကြရသည်ကိုလည်း ရှက်စရာကိစ္စတစ်ခုဟု မယူဆသင့် ကြတော့ကြောင်း ယနေ့လူမှုရေးသိပ္ပံ ပညာရှင်များက ဆိုနေကြပေပြီ။

ဇနီးမောင်နှံတို့အဖို့ အိမ်ထောင်ရေးနှင့်တစ်ဆက်တည်း ထက်ကြပ်မကွာ ပါလာရသော ဖို့မဆက်ဆံရေးကိစ္စကို သိပ္ပံပညာ မျက်စေ့ဖြင့် ခေတ်မီသော သဘောထား အယူအဆများအရ သုံးသပ်လေ့လာကြရန် လိုအပ်လာပေ၏။

www.burmeseclassic.com

တစ်ချိန်ကဆိုလျှင် ယရာဝါသ ဖို့မ ဆက်ဆံရေး(လိင်)ကိစ္စကို မှင့်လင်းစွာ ထုတ်ဖော်မဆွေးနွေးအပ်သော ရှက်စရာ ကိစ္စတစ်ခုအဖြစ် အနောက်နိုင်ငံများ၌ပင် ယူဆခဲ့ကြ၏။ သို့ရာတွင် ယနေ့တွင်မူထိုသို့ မဟုတ်တော့ချေ။ ပုထုဇဉ်လူသားမှန်သမျှ မကင်းနိုင်ကြသော ပါဏဗေဒဆိုင်ရာ သဘာဝ လိုအပ်ချက်တစ်ခုအဖြစ် စနစ်တကျ လေ့လာနားလည်ထားသင့်သည်ဟု လက်ခံယူဆနေကြပေပြီ။ တကယ်တော့လည်း ကျန်းမာရေး၊ လူမှုရေးရှုတောင့် အမျိုးမျိုးမှ နေကြည့်သော် မှန်ကန်စနစ်ကျသော ပညာပေးနည်းဖြင့် လိင်ကိစ္စ လေ့လာနားလည်ထားသင့်သော အကြောင်းရပ် တစ်ခုဖြစ်ပေသည်။

ယင်းယူဆချက်ပေါ် အခြေတည်၍ အိမ်ထောင်ရေးတွင် ဖို့မဆက်ဆံရေးကိစ္စသည် မည်မျှ အရေးပါပုံကို ကြိုးစား၍ ရှင်းလင်းတင်ပြရန် ရည်ရွယ်ပေသည်။

အနောက်နိုင်ငံများမှ စိတ္တဗေဒပညာ၊ လူမှုရေးသိပ္ပံပညာ ကျွမ်းကျင်သော ဆရာဝန်ကြီးများ၊ ပါရဂူများကမူ သူတို့ ကိုယ်တိုင် လူချင်းတွေ့ဆုံလေ့လာချက်အရ အိမ်ထောင်မှု သုခ မရရှိဘဲ အဆင်မပြေဖြစ်နေကြသော ဇနီးမောင်နှံများ၌ အဓိက ပြဿနာမှာ ဖို့မဆက်ဆံရေး (လိင်) ပြဿနာပင် ဖြစ်သည်ဟု ဆိုကြပေသည်။

အင်္ဂလိပ်ဘာသာဖြင့် "ဆက်စ်" (Sex) ဟုခေါ်သော ဖို့မ ဆက်ဆံရေး (လိင်)ကိစ္စသည် လင်နှင့်မယား ဘဝသာယာရေးအတွက် မည်မျှအထိ အရေးပါ နေပါသနည်း။

ယင်းမေးခွန်း၏ အဖြေကို သိပ္ပံနည်းကျကျ ပွင့်လင်းစွာ ဆွေးနွေးမှသာလျှင် ဖော်ထုတ်နိုင်မည် ဖြစ်ပေ၏။ ဖို့မဆက်ဆံရေး ကိစ္စကို ရှက်စရာ၊ ကြောက်စရာသို့တည်းမဟုတ် ညစ်ညမ်းသော အကြောင်းရပ်တစ်ခုဟု ယူဆနေသမျှ ကာလပတ်လုံး ယထာဘူတ



ကျသော အဖြေမှန်ကို ရရှိနိုင်မည် မဟုတ်ချေ။ သိသင့်သိထိုက်သော ပညာရပ်တစ်ခု လေ့လာသည့်သဘော သုံးသပ်ရပေမည်။

ဖို့မဆက်ဆံရေးကိစ္စသည် အိမ်ထောင်တစ်ခု၏ သာယာ အဆင်ပြေမှု၊ စိတ်ချမ်းသာမှု၊ ကျေနပ်ရောင့်ရဲမှုတို့ကို ဖန်တီးပေးရာ၌ အရေးအပါဆုံးအချက် ဖြစ်သည်ဟူ၍ကား ယနေ့ကမ္ဘာ့ပညာရှင်ကြီး များက ချွင်းချက်မရှိ လက်ခံနေကြပြီ ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ဇနီးမောင်နှံ လက်ထပ်ပြီး၍ အတူတကွ ပေါင်းသင်းနေထိုင်ချိန်၌ သူတို့နှစ်ဦးစလုံး ဖို့မဆက်ဆံရေး ကိစ္စအကြောင်း နားလည် သဘောပေါက်ရန် (ဝါ) ဖို့မ ဆက်ဆံရေးဆိုင်ရာ လိင်ပညာကို တတ်ကျွမ်းနေရန် အရေးကြီးသည်ဟု ဆိုလိုပေ၏။

တစ်ယောက်ကိုတစ်ယောက် မေတ္တာစစ်ဖြင့် ချစ်ခင်မြတ်နိုး ကြကုန်သော ယောကျ်ားကလေးနှင့် မိန်းကလေး လက်ထပ်ထိမ်းမြား ပြီးမှ အခြားဘာလိုသေးသနည်းဟု မေးဖွယ်ရှိပါ၏။ ပြီးခဲ့သော အခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း အိမ်ထောင်ရေးတွင် အချစ်သည် အထူးအရေးကြီးသည်မှာ မှန်ပါ၏။ သို့သော် အချစ်တစ်ခုတည်းနှင့် မပြည့်စုံသေး။ ယင်းအချစ်ကို စိတ်ကူးယဉ် တွေးတောချက်အဖြစ် လက်တွေ့ အကောင်အထည်ဖော်ကာ အချစ်၏ အရသာကို အပြည့်အဝ ခံစားနိုင်ရန် အတွက် လိင်ဆက်ဆံရေးကိစ္စ ပြေလည်ရန် လိုအပ်ပါသေးသည်။

ယင်းအချက်ကို ပိုမိုထင်ရှားအောင် ဆက်လက်ရှင်းပြပါဦးမည်။ တစ်ယောက်ကိုတစ်ယောက် အမှန်တကယ် ချစ်မြတ်နိုးသော ဇနီးမောင်နှံ နှစ်ဦးစလုံးသည် မိမိချစ်သူအား စိတ်ချမ်းသာ ပျော်ရွှင်မှုကို အပြည့်အဝ ပေးလိုသော ဆန္ဒရှိကြသည်ချည်း ဖြစ်၏။ ချစ်သူက ကျေနပ်ပီတိဖြစ်မှုကို လိုလားကုန်၏။ ထိုသို့ ချစ်သူကျေနပ်ပျော်ရွှင် ပီတိဖြစ်မှုကို လိင်ဆက်ဆံမှု ပြေလည်ချောမောမှသာလျှင် ပေးစွမ်း

www.burmeseclassic.com

www.burmeseclassic.com

နိုင်စွမ်းရှိကြောင်းကို အိမ်ထောင်ဦးကာလ လူငယ်မောင်မယ်တို့ သိရှိထားရန် အလွန်ပင် လိုအပ်ပေသည်။

ထိုသို့မဟုတ်ပါလျှင်ကား သမီးရည်းစားဘဝက တစ်ယောက်ကိုတစ်ယောက် အသက်ပေးကာ ချစ်ခင်မြတ်နိုးကြပါလျက် ထိမ်းမြားလက်ထပ်ပြီးသောအခါ၌ စိတ်ကျေနပ်ရောင့်ရဲမှု အပြည့်အဝ မရရှိဘဲ တစ်ခုခုလိုနေသလို ရင်ထဲဟာတာတာကြီး ဖြစ်ရာမှ အိမ်ထောင်ပြုရတာ ထင်သလောက် ပျော်ရွှင်ကြည်နူးဖွယ်ရာ မကောင်းပါကလားဟူသော အတွေးမျိုး ဝင်လာတတ်ပေသည်။ ဤသည်ပင်လျှင် အိမ်ထောင်မှုသုခ ရာနိုင်နှုန်းပြည့် မရှိကြောင်း ထင်ရှားစေသည့် အချက်ပင်ဖြစ်၏။

ချစ်သူနှစ်ဦး အိမ်ထောင်ပြုကြသည့်အခါ တစ်ယောက်၏ စိတ်ချမ်းသာပျော်ရွှင်မှုကို တစ်ယောက်က ဖန်တီးပေးနိုင်စွမ်း ဆိုသည့် ဆန္ဒပြင်းပြမည်မှာ ဓမ္မတာပင် ဖြစ်ရာ ထိုသို့ ဖန်တီးပေးစွမ်းနိုင်မည့် အဓိက သော့ချက်ကား ဖို့မဆက်ဆံရေးကိစ္စပင် ဖြစ်၏။ ရှင်းရှင်းနှင့်ဘွင်းဘွင်း ဖော်ပြရပါမူ ချစ်သူနှစ်ဦးတို့လက်ထပ်ပြီးနောက် "အိစက်ညက်ညောတဲ့ ဖဲမွေ့ရာပေါ်ဝယ်" ချစ်ဗျူဟာခင်းကြသည့် လိင်ဆက်ဆံရေးသည် ကျေနပ်အားရ လိုအင်ဆန္ဒ ပြည့်ဝမှသာလျှင် ကြည်နူးပျော်ရွှင် စိတ်ချမ်းသာမှု ရရှိနိုင်မည် ဖြစ်ပေ၏။

လိင်ဆက်ဆံရေးတွင် လိုအင်ဆန္ဒ ပြည့်ဝခြင်းဆိုသည်မှာ ဘာကို ဆိုလိုပါသနည်း။

ယောကျ်ားနှင့်မိန်းမ လက်ထပ်ပြီးလျှင် ကာယကံမြောက် ခန္ဓာကိုယ်ချင်း ပေါင်းသင်းဆက်ဆံကြရင် ပြီးတာပဲဟု ထင်နေသူ အများအပြားပင် ရှိနေကြပေသည်။ ဤကား ဖို့မဆက်ဆံရေးဆိုင်ရာ လိင်ပညာနှင့် ပတ်သက်၍ သိပ္ပံနည်းကျကျ ကျွမ်းကျင်နားလည်မှု မရှိသူများအနေဖြင့် ထင်ကြစမြဲပင် ဖြစ်၏။



ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် ထိမ်းမြား လက်ထပ်ပြီး ပေါင်းသင်းနေထိုင်ရာမှ အထက်တွင် ဖော်ပြခဲ့သလို ခန္ဓာကိုယ်ချင်း ဆက်ဆံမှုရရှိသဖြင့် အချိန်တန်သော် သားသမီးများ ရလာ၏။ ဤသည်လည်း သဘာဝပင် ဖြစ်၏။ သို့သော် သားသမီးသုံးလေးယောက် ရလာသည့်တိုင်အောင် လိင်ဆက်ဆံရေးတွင် ကျေနပ်အားရ ဆန္ဒပြည့်ဝမှု တစ်ကြိမ်တစ်ခါမှ မခံစားရဘူးသည့် ဇနီးမောင်နှံများ တကယ်ပင်ရှိ၏။ သူတို့အနေဖြင့် လိင်ပညာ ဗဟုသုတ မရှိကြသဖြင့် သူတို့အိမ်ထောင်ရေးတွင် တစ်ခုခု လိုနေသယောင် ဖြစ်မိလင့်ကစား ဘာ့ကြောင့် ဘာလိုနေသနည်း ဟူ၍ကား သိကြမည် မဟုတ်ချေ။ သို့ရာတွင် သူတို့ဇနီးမောင်နှံတွင် အိမ်ထောင်မှုသုခ ရာနိုင်နှုန်းပြည့် ခံစားရမှု မရှိသည်ကား သေချာ နေပေသည်။

တစ်ချိန်က ဖို့မဆက်ဆံရေးလိင်ကိစ္စကို ရှက်စရာ ကြောက်စရာ ဟူ၍လည်းကောင်း၊ ဆွေးနွေးလေ့လာခြင်းငှာ မသင့်ဟူ၍လည်းကောင်း ယူဆခဲ့ကြသဖြင့် ယခုထိ အိမ်ထောင်မှုသုခ ပြည့်ပြည့်ဝဝ ခံစားရရှိမှု အကြောင်း လုံးဝ မစဉ်းစားသူများလည်း ရှိနေပေသည်။

ယခုခေတ်တွင်ကား ဤသို့ မဟုတ်တော့ချေ။ အမေရိကန်၊ ဥရောပ စသော အနောက်နိုင်ငံများတွင်သာမက တိုးတက်သော အရှေ့တိုင်းနိုင်ငံများမှ ခေတ်ပညာတတ် လူငယ်များက ဖို့မ ဆက်ဆံရေးကိစ္စကို လေ့လာနားလည်ထိုက်သည့် ပညာရပ် တစ်ခု အဖြစ် လက်ခံကာ အိမ်ထောင်တစ်ခု၏ စိတ်ကျေနပ်ချမ်းမြေ့မှုကို ဖန်တီးပေးနိုင်စွမ်းသည့် ကိစ္စတစ်ခုအဖြစ် သိနားလည်နေကြပြီ ဖြစ်ပေသည်။

ယင်းအခြေအနေတွင် ကျန်းမာသန်စွမ်းပြီး အိမ်ထောင်ပြုရန် ရည်ရွယ်ကြံစည်ထားသူ မြန်မာအမျိုးသားလောင်း သားသမီး

www.burmeseclassic.com

လူငယ်မောင်မယ်များ အနေနှင့်လည်း သိပ္ပံနည်းကျကျ လိင်ပညာ လေ့လာဆည်းပူးရေးကို မကြိုးစားထိုက်ပါသလော။ အချစ်ရေး အိမ်ထောင်ရေးတို့နှင့် မကင်းနိုင်သေးသူ ပုထုဇဉ် လူသားမှန်သမျှ မလွဲမသွေ ရင်ဆိုင်တွေ့ကြုံရမည့် ဖိုနှင့်မ ဆက်ဆံရေးသည် ရှက်စရာကိစ္စတစ်ခုဟူ၍ သဘောမထားထိုက်ပါတော့ချေ။

လိင်ကိစ္စကို သီးခြားလေ့လာရမည့် ဘာသာရပ်တစ်ခုဟူ၍ လက်မခံသူလည်း ရှိပါသေးသည်။ သူတို့အနေဖြင့် အရွယ်ရောက်လာသူ ယောက်ျား၊ မိန်းမတိုင်းသည် သဘာဝအလျောက် ဖို၊ ဆက်ဆံရေးကိစ္စကို မည်သူမှ မသင်မပြရဘဲ အလိုလို တတ်မြောက်လာကြသည်ဟု ဆိုကြ၏။ သူတို့က တိရစ္ဆာန်များ အချိန်တန်လျှင် အထီးနှင့်အမ မိတ်လိုက်ခြင်းအလုပ်ကို ဘယ်လိုမှ သင်ကြားပြသမပေးရဘဲ တတ်မြောက်လာပုံကို ထောက်ပြတတ်ကြလေသည်။

ဤနေရာတွင် လူနှင့်တိရစ္ဆာန် ကွာခြားချက်(ဝါ) မတူညီသော ကွာခြားချက်ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပေသည်။ တိရစ္ဆာန်များ အထီးနှင့်အမ မိတ်လိုက်ခြင်းကား ပါဏဗေဒ သဘောအရ သွေးသားတောင့်တချက်ကို ဖြည့်စွမ်းသည့် မေထုန်မှု ပြုခြင်းသာ ဖြစ်၏။ သူတို့၌ စိတ်ပိုင်းဆိုင်ရာကဏ္ဍဟူ၍ မရှိပေ။ တိရစ္ဆာန် မျိုးဆက်ပြန့်ပွားရေးအတွက် ဆက်လက်ပေါက်ပွားအောင် သဘာဝမိခင်က ဖန်တီးပေးထားသည့်အတိုင်း လိုက်နာကျင့်သုံးကြခြင်းသာဖြစ်၍ စိတ်ပိုင်းဆိုင်ရာ ကျေနပ်နှစ်သက်မှု ကြည်နူးပီတိဖြစ်မှု တည်းဟူသော ပြဿနာလည်း မပေါ်တော့ချေ။ ခန္ဓာကိုယ်ချင်း ထိတွေ့မိတ်လိုက်ရလျှင်ပင် ကိစ္စပြီးမြောက်နေ၏။ ပြည့်စုံနေ၏။

လူသားတို့အနေဖြင့်ကား ဤသို့မဟုတ်ပေ။ ဖို၊မ ဆက်ဆံရေးတွင် ခန္ဓာကိုယ် ပေါင်းသင်းရုံနှင့် ကိစ္စမပြီး။ စိတ်ပိုင်းဆိုင်ရာ



ကျေနပ်မှု၊ လိုအင်ဆန္ဒပြည့်ဝမှုသည် အရေးကြီးလာပေသည်။ ထို့ကြောင့်ပင်လျှင် အခကြေးငွေပေး၍ ပြည့်တန်ဆာတို့နှင့် ပျော်ပါးခြင်းကို ယောက်ျားများက ငြီးငွေ့လာကြလျက် လူတိုင်းလိုလို တစ်နေ့ အခြေတကျ အိမ်ထောင်ပြုကြခြင်း ဖြစ်ပေသည်။

မိန်းကလေးအနေနှင့်လည်း ယောက်ျားနှင့်အတူ "အိပ်" လိုက်ရုံနှင့် စိတ်ပိုင်းဆိုင်ရာ ကျေနပ်နှစ်သိမ့်မှု သာယာကြည်နူးမှု မရရှိနိုင်ချေ။ ငွေအသပြာ ရလိုမှုကြောင့် ခန္ဓာကိုယ်ကို ငွေရှင် ယောက်ျားအား ပေးအပ်ကာ လိုက်လျော "အိပ်"ကြရသော ပြည့်တန်ဆာမများပင်လျှင် ကာယကံမြောက် ဆက်ဆံပျော်ပါး ရလင့်ကစား သူ့တို့စိတ်ထဲတွင် မည်သို့မှ သာယာကြည်နူးမှု မခံစားရကြောင်းကို ဝန်ခံကြပေလိမ့်မည်။ သူတို့အဖို့ ယောက်ျားနှင့် "အိပ်"ရခြင်းသည် ငွေရရေးအတွက် စီးပွားရေးအလုပ်တစ်ခု လုပ်ရသည့် သဘောမျိုးသာ ရှိတတ်ပေသည်။

ဤမျှဆိုလျှင် ယောက်ျားနှင့်မိန်းမ ခန္ဓာကိုယ်ချင်း ထိတွေ့ပေါင်းသင်းရုံနှင့် မပြည့်စုံနိုင်ကြောင်း ထင်ရှားလောက်ပေပြီ။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ ကျေနပ်တင်းတိမ်မှု သာယာကြည်နူးမှုများ မရရှိနိုင်ကြောင်း သဘောပေါက်လောက်ပြီဟု မျှော်လင့်ရပေသည်။

သို့ဖြစ်ပါမူ ချစ်သူနှစ်ဦး စိတ်တူသဘောတူ ထိမ်းမြားလက်ထပ်ပြီးနောက် အိမ်ထောင်မှုသုခ ခံစားရရှိအောင် ဖို၊မဆက်ဆံရေးဆိုင်ရာ (လိင်)ကိစ္စကို အရေးကြီးသော ပညာရပ်တစ်ခုအဖြစ် စနစ်တကျ လေ့လာထားခြင်းငှာ မသင့်ပါသလော။

လေ့လာမည်ဆိုလျှင်ကား အိမ်ထောင်မပြုမီ ထိမ်းမြားလက်ထပ်ရန် ဆုံးဖြတ်ပြီးသောအချိန်၌ လေ့လာရမည် ဖြစ်၏။ သို့မှသာ အိမ်ထောင်ရှင် ဖြစ်လာပြီး နှမ်းတွေ့၊ ဒူးတွေ့ အချိန်အခါ၌

www.burmeseclassic.com

www.burmeseclassic.com



သိသင့်သိထိုက်သော အချက်အလက်များကို တတ်သိနားလည်နေမည် ဖြစ်ပြီး မိမိတို့အိမ်ထောင်ရေး သာယာချမ်းမြေ့ရေးအတွက် ဖို့မဆက်ဆံရေးဆိုင်ရာ (လိင်)ကိစ္စအပိုင်းကို ကျွမ်းကျင်စွာ ကိုင်တွယ်ကျင့်သုံးနိုင်မည် ဖြစ်၏။ အိမ်ထောင်ပြုရန် ဆုံးဖြတ်ပြီးမှတော့ ဖို့မဆက်ဆံရေးကိစ္စကို ရှက်စရာဟူ၍ ရှောင်နေခြင်းမှာ မသင့်တော့ပါချေ။

အိမ်ထောင်ရေးတွင် ဖို့မဆက်ဆံရေးသည် အရေးပါပုံနှင့်တကွ သတို့သမီး၊ သတို့သားလောင်းတိုင်း သိသင့်သိထိုက်သော လိင်ပညာပေး စာအုပ်များ၊ ဆေးသိပ္ပံပညာရှင်များ ပြုစုသော ကျမ်းများကို ယခုအခါ အနောက်နိုင်ငံများ၌ အမြောက်အများ ထုတ်ဝေဖြန့်ချိလျက်ရှိပေသည်။ ပညာပေးစာအုပ်ဆိုသည်မှာ ရာဂစိတ် နှိုးဆွပေးရုံသက်သက် ညစ်ညမ်းစွာ ရေးသားသည့် စာအုပ်မျိုးကို မဆိုလိုကြောင်း အထူးသတိပေးလိုပေသည်။ သိပ္ပံပညာ ရှုထောင့်သက်သက်ဖြင့် ပါဏဗေဒ၊ ဇီဝဗေဒ၊ စိတ္တဗေဒပညာများအရ ဖို့မဆက်ဆံရေးကိစ္စများအကြောင်း အမှန်အတိုင်း ဖော်ထုတ်ညွှန်ပြသည့် ပညာပေးစာအုပ်မျိုးကို ဆိုလိုပေသည်။

လေ့လာသူ အိမ်ထောင်ရှင်လောင်း မောင်မယ်များ အနေဖြင့်လည်း မှန်ကန်သော ပညာပေး စာအုပ်စာတန်းများကို ရွေးချယ်လေ့လာတတ်ရန် အရေးကြီးပေသည်။ ဤသို့ ကြိုတင် သတိပေးရခြင်း အကြောင်းကား နိုင်ငံခြားမှ ရိုက်နှိပ်ထုတ်ဝေသော ဖို့မဆက်ဆံရေး အကြောင်း စာအုပ်များအနက် ပညာပေးစာအုပ် ဖြစ်သယောင် ကြော်ငြာပြီး တကယ်တော့ လူငယ်များအား မှားယွင်းဖောက်ပြန်သော အမှုအဆများ သွင်းပေးကာ လိင်စိတ်ခါတ် နှိုးဆွပေးသည့် ညစ်ညမ်းသော စာအုပ်များလည်း ရှိတတ်သောကြောင့်ပင်ဖြစ်၏။ ယင်း



အချက်ကို အင်္ဂလိပ်စာတတ် ပရိသတ်က အထူးသတိထားသင့်လှပေသည်။

တစ်ခါက အိမ်နီးချင်း နိုင်ငံတစ်နိုင်ငံမှ ထုတ်ဝေသော "ကာမသျှတ္တရ"အမည်ရှိ စာအုပ်တစ်အုပ်ကို ဖတ်ကြည့်ဖူး၏။ မူရင်းဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားချက်ဖြစ်၍ လုံးစေ့ပတ်စေ့ ဖတ်ရှုလေ့လာကြည့်သောအခါ လိင်ပညာကို သိပ္ပံနည်းကျကျ ဖွင့်ဆိုဖော်ပြသည့် စာမျိုးမဟုတ်။ လိင်ကိစ္စ ပြုမူကျင့်သုံးနည်းမျိုးစုံကို ဖော်ပြရင်းက ကိုယ်ကျင့်တရား ဖောက်လွဲဖောက်ပြန် မပြုသင့်တာတွေကို မည်သို့ပြုနည်း၊ ကြံစည်နည်းများကိုပါ အကျယ်တဝင့် ထုတ်ဖော်ရေးသားထားသဖြင့် ရိုးသား အပြစ်ကင်းသူ အိမ်ထောင်ရှင်လောင်း မောင်မယ်တို့ လုံးဝဖတ်ရှုလေ့လာခြင်းငှာ မထိုက်သည့် စာအုပ်ဟု သိရှိခဲ့ရပါ၏။ ဤစာအုပ်မျိုးကို ရှောင်ရှားရန် အရေးကြီးပေသည်။

အင်္ဂလိပ် ဘာသာဖြင့် ထုတ်ဝေသော ဖို့မဆက်ဆံရေး ပညာပေး စာအုပ်ကောင်းလည်း ရှိပေသည်။ အင်္ဂလန်နှင့်အမေရိကန်မှ ထုတ်ဝေသည့် ဂျာနယ်၊ မဂ္ဂဇင်းများတွင်လည်း ဇနီးမောင်နှံတို့၏ လိင်ဆက်ဆံမှု ကောင်းမွန်ပြေပြစ်စေရန် အကြံပြု ပညာပေးသည့် ဆောင်းပါးများ ရံဖန်ရံခါ ပါလာတတ်၏။ အင်္ဂလိပ်စာတတ် ပရိသတ်အဖို့ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်ဝေဖန်ကာ ကောင်းနိုးရာရာကို ရွေးချယ်ဖတ်ရှုကြလျှင် အကျိုးရှိနိုင်ပေသည်။

ယင်းစာအုပ်မျိုး၊ ဂျာနယ်မဂ္ဂဇင်းပါ ဆောင်းပါးမျိုး များထဲမှ သင့်တော်မည့် ကောက်နုတ်ချက်များ မြန်မာနိုင်ငံ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာ စရိုက်တို့နှင့် ကိုက်ညီဟပ်မိသည့် အကြံပေး ညွှန်ပြချက်များကို အခြေပြုကာ ဤစာအုပ်ကို ရေးသားပြုရခြင်းပင် ဖြစ်ပါ၏။ စေတနာသန့်သန့်ဖြင့် အိမ်ထောင်ရှင်လောင်း မောင်မယ်

www.burmeseclassic.com

တို့၏ ဘဝသာယာအဆင်ပြေရေးကိုသာ ရည်ရွယ်ရေးသားလျက် မြန်မာစာဖတ် ပရိသတ်အား အကျိုးပြုလိုသည့် ဆန္ဒရှိကြောင်း တင်ပြရပါ၏။

ဖို့မဆက်ဆံရေးဆိုင်ရာ (လိင်) ကိစ္စ အကြောင်းကို မြန်မာဘာသာဖြင့် ရေးသားပြုစုရသည်မှာ မလွယ်ကူလှချေ။ လင်နှင့်မယား အိပ်ယာထဲ၌ ဆက်ဆံပြုမူရသည့်အကြောင်းက မပါလျှင်မပြီးသဖြင့် ရှက်တရက်သော် ကြမ်းတမ်းညစ်ညမ်းသော ရေးသားချက်များအဖြစ် အထင်အမြင် မှားနိုင်ပေသည်။ သို့ရာတွင် ဤကိစ္စ၌ ဆေးပညာ သင်ကြားနေသော ဆရာဝန်လောင်းတို့ကဲ့သို့ အမြင်သဘောမျိုး ထားရှိနိုင်ပါက ပါဏဗေဒ၊ ဇီဝဗေဒ၊ စိတ္တဗေဒ ပညာဆိုင်ရာ သဘောတွေပါကလား ဟု တွေးခေါ်လက်ခံလာနိုင်မည် ဖြစ်ပေသည်။ ဥပမာ–သားဖွားခြင်း(ဝမ်းဆွဲ)ပညာ လက်တွေ့သင်ကြားရသော ဆရာဝန်လောင်းတို့အနေဖြင့် ရှက်စရာဟု သာမန်အားဖြင့် ယူဆရသော ကိစ္စမျိုးကို လုံးဝ မရှက်မကြောက်တော့ဘဲ ပညာယူသည့် သဘောသက်သက်ဖြင့် လေ့လာကြရသကဲ့သို့ပင်တည်း။

ထိုနည်းတူစွာ ဖို့မဆက်ဆံရေးအကြောင်း၊ လိင်ကိစ္စအကြောင်း လေ့လာသည့်အခါ ရှက်စရာကောင်းသော (သို့မဟုတ်) ညစ်ညမ်းသော ကိစ္စတစ်ခုကို လေ့လာဆည်းပူးရသည်ဟု မယူဆဘဲ လူသားမှန်သမျှ မကင်းနိုင်သည့် သဘာဝအကျဆုံးသော ကိစ္စတစ်ခုအကြောင်း အမှန်အတိုင်း နားလည်အောင် လေ့လာသင်ကြားရသည်ဟု သဘော ထားသင့်ပါ၏။

မိမိတို့၏ ကိုယ်ရေးကိုယ်တာ အခြေအနေအရ အိမ်ထောင်ပြုရန် သင့်ပြီဟု ဆုံးဖြတ်လိုက်သည့် တစ်ချိန်ထဲမှာပင် အိမ်ထောင်ရေးတွင် ဖို့မဆက်ဆံရေးကိစ္စသည် အရေးပါကြောင်းကိုလည်း စဉ်းစား သဘောပေါက်လျက် ဖို့မဆက်ဆံရေးဆိုင်ရာ လိင်ကိစ္စအကြောင်း



သိသင့်သိထိုက်သလောက် လေ့လာထားရန် ဆုံးဖြတ်သင့်ပေသည်။ ထိုအချိန်မှစ၍ အိမ်ထောင်ဦးကာလ၌ မည်သို့မည်ပုံ ပြုမူသင့်ကြောင်းများကို နည်းလမ်းကောင်း၊ အကြံဉာဏ်ကောင်းများ ရှာဖွေရယူသင့်ပေတော့သည်။ မိန်းကလေးရော ယောကျ်ားကလေးပါ နှစ်ဦးစလုံးက ဖို့မဆက်ဆံရေးကိစ္စတွေ နားလည်ထားရန် အရေးကြီးသော အချိန်သို့ ရောက်ပြီဟု မှတ်ယူသင့်ပေပြီ။

ဤနေရာတွင် မြန်မာအမျိုးသမီး အိမ်ထောင်ရှင်လောင်းများအနေဖြင့် အထူးမှတ်သားသင့်သည်ကား မိမိခင်ပွန်းလောင်းအား စိတ်ထဲမှ လှိုက်လှိုက်ဖိုလှဲ ချစ်နေရုံနှင့် မပြီးကြောင်း သတိပေးရပေမည်။ ယခင်အခန်းတွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း အိမ်ထောင်ရေးတွင် အချစ်သည် အဓိက အရေးအကြီးသကဲ့သို့ ဖို့မဆက်ဆံရေးကိစ္စသည်လည်း အလွန်အရေးပါကြောင်းကို မိန်းကလေးကိုယ်တိုင်သဘောပေါက်ထားပါမှ သာယာသော အိမ်ထောင်ရှင်ဘဝကို ရရှိနိုင်ပေမည်။

ဤသို့ သတိပေး ရေးသားနေရခြင်းမှာ မြန်မာမိန်းကလေးများသည် ရှေးသမရိုးကျ အစဉ်အလာအရ အရှက်အကြောက် အားကြီးပြီး ဖို့မဆက်ဆံရေးကိစ္စကို စဉ်းစားရန်ပင် ဝန်လေးတတ်ကြသောကြောင့် ဖြစ်ပေသည်။ "မိန်းမတို့အိမ်ခြေ ရှာပေးလို့မရ" ဟူသော ရှေးစကားကို လှေနံဓါးထစ် မှတ်ယူလျက် အိမ်ထောင်ပြုသည့် အချိန်၌လည်း ဖို့မဆက်ဆံရေးကိစ္စအကြောင်း တွေးတောခြင်းသည်ပင်လျှင် အိမ်ခြေမဲ့ရာရောက်သည်ဟု ယုံကြည်နေတတ်ကြပေသည်။ စင်စစ် အိမ်ထောင်ပြုခြင်းနှင့်အတူ ဖို့မဆက်ဆံရေးကိစ္စသည် ထက်ကြပ်မကွာ တွဲပါနေသည် မဟုတ်ပါလော။

ယင်းသို့ တွဲပါနေသည့်အတွက်လည်း အိမ်ထောင်ရေးတွင် ဖို့မဆက်ဆံရေးကိစ္စသည် အရေးပါကြောင်း၊ အိမ်ထောင်ပြုရန်

www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်ပြီးသော လူငယ်မောင်မယ်မှန်သမျှ ဖို့မဆက်ဆံရေးဆိုင်ရာ လိင်ပညာကို လေ့လာသင့်ကြောင်း ထပ်တလဲလဲ နှိုးဆော်ရေးသားနေရခြင်း ဖြစ်ပေသည်။

ယင်းသို့လေ့လာရန် ရှက်စရာဟု မယူဆသင့်ကြောင်းကိုပါ အထက်တွင် တင်ပြခဲ့ပြီး ဖြစ်ပေသည်။ မိမိချစ်သူနှင့် အိမ်ထောင်ပြုရန် စိတ်ပိုင်းဖြတ်ပြီးမှတော့ ချစ်သူနှင့်အတူ ခန္ဓာကိုယ်ချင်း ကာယကံမြောက် "ချစ်"ကြရတော့မည့် အရေးကိုလည်း ရှက်စရာဟူ၍ သဘောမထားသင့်တော့ပေ။

သို့မှသာလျှင် ဖို့မဆက်ဆံရေးကိစ္စကို လေ့လာရာတွင် မှန်ကန်သော အမြင်မျိုး ရှိနိုင်မည် ဖြစ်ပေသည်။

အထက်တစ်နေရာတွင် ဖော်ပြခဲ့သလို ဖို့မဆက်ဆံရေးကိစ္စမည်သည် အချိန်တန်တော့ သဘာဝအလျောက် အလိုလို တတ်မြောက်လာမည်ဟု ထင်မြင်ကြခြင်းကား တစ်စိတ်တစ်ဒေသအားဖြင့်သာမှန်၏။ ပါဏဗေဒပညာ သဘောအရ ခန္ဓာကိုယ် သွေးသားတောင့်တမှုကို ပြေငြိမ်းစေရန်အတွက်မျှသာ ဖိုနှင့်မ ပေါင်းသင်းဆက်ဆံခြင်းအမှုကို ပြုတတ်မည်ဖြစ်၏။ သို့သော် ချစ်သူနှစ်ဦးခန်းစက်ရာထက်၌ ချစ်ပွဲဝင်ကြရာဝယ် ဆန္ဒပြည့်ဝမှု၊ တင်းတိမ်ကျေနပ်မှု၊ သာယာကြည်နူးမှုများ အပြည့်အဝ ရရှိအောင် မည်သို့ဆက်ဆံရမည်၊ မည်သို့ ပြင်ဆင်ရမည်၊ မည်ကဲ့သို့ စိတ်ထားမျိုးထားရမည် စသဖြင့် ဖို့မဆက်ဆံရေး၏ သိမ်မွေ့နက်နဲသော အပိုင်းများကိုကား အလိုလို နားလည် တတ်မြောက်လာမည် မဟုတ်ချေ။

ဤအပိုင်းများကို နားလည်သဘောပေါက် မထားပါက ချစ်သူနှစ်ဦးတို့၏ အိမ်ထောင်ရေးဘဝသည် အပြည့်အဝ မရှိနိုင်ကြောင်း ထပ်လောင်း၍ ဆိုရဦးမည်ဖြစ်ပေသည်။



ဖို့မဆက်ဆံရေးကိစ္စဆိုသည်မှာ ယောကျ်ားနှင့်မိန်းမ ကာယကံမြောက် ပေါင်းသင်းဆက်ဆံခြင်းသာဖြစ်၍ နှစ်ဦးသဘောတူအိပ်ယာထဲ ပေါင်းသင်းလိုက်လျှင် ပြီးတာပဲ မဟုတ်လားဟု မေးဖွယ်ရှိ၏။ ဖို့မဆက်ဆံရေးကိစ္စကို ပညာရပ်တစ်ခုအဖြစ် သုတေသနပြု လေ့လာထားသူ ပညာရှင်ကြီးများကတော့ မပြီးပါဟု ဆိုကြပေသည်။ ဤနေရာတွင် "မပြော့မပြီး မတီးမမြည် "ဆိုသလို မြန်မာတို့၏ ရှေးရိုးအယူအဆနှင့် ယဉ်ကျေးမှုအစဉ်အလာကို ထောက်၍ "နားနှင့်မနာ ဖဝါးနှင့်နာတော်မူကြပါ"ဟု တောင်းပန်ရပေမည်။

ယောကျ်ားနှင့်မိန်းမ အတူအိပ်လိုက်ရုံနှင့် "မပြီး"ဟု ဆိုခြင်းမှာ လူ၏ခန္ဓာကိုယ်တည်ဆောက်မှု၏ သဘာဝအရ ဖိုနှင့်မ ထိတွေ့ပေါင်းသင်းရုံနှင့် စိတ်ထဲ ကျေနပ်တင်းတိမ်အားရမှု၊ ရောင့်ရဲပျော်ရွှင်မှု လွယ်လွယ်နှင့် မရနိုင်သဖြင့် "မပြီး"ပါဟု ဆိုရခြင်း ဖြစ်ပေသည်။

လူ၏ခန္ဓာကိုယ်သည် အလွန်ဆန်းကြယ်၏။ အနောက်နိုင်ငံမှ ဆေးပညာရှင်ကြီးများက လူ၏ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ထားပုံမှာ အလွန်ရှုပ်ထွေးသော စက်ကိရိယာ ယန္တရား ရာစ်ခုထက်ပင်ပို၍ ရှုပ်ထွေးသည်။ အံ့ဩဘွယ် ကောင်းလှသည်ဟု ဆိုကြ၏။ အထူးသဖြင့် စိတ်နှင့်ရုပ်တို့၏ အပြန်အလှန် အမှုသဟဲပြုတတ်ပုံ၊ စိတ်က ရုပ်တည်းဟူသော ခန္ဓာကိုယ်ကို လွှမ်းမိုးပြုပြင်တတ်ပုံတို့မှာ အလွန်နက်နဲလှပါ၏။

ယင်းအချက်အလုံးတို့ကို ဖို့မဆက်ဆံရေး (လိင်)ကိစ္စလေ့လာရာတွင် ထည့်သွင်းစဉ်းစား၍ သုံးသပ်လေ့လာရမည်ဖြစ်ပေသည်။

ဒါတွေကို မလေ့လာဘဲ ယောကျ်ားနှင့်မိန်းမ လက်ထပ်ပေါင်းသင်းလို့ မရတော့ဘူးလားဟု မေးချင်သူများလည်း ရှိပေ

www.burmeseclassic.com

www.burmeseclassic.com

လိမ့်မည်။ လင်မယား အရာမြောက်ရုံမက အချိန်တန်လျှင် သားသမီးများလည်း ထွန်းကားလာမည် ဖြစ်ပါ၏။ သို့သော် ရာခိုင်နှုန်းပြည့် ကျေနပ်ဖွယ်ကောင်းသည့် အခြေအနေမျိုးကား ဖြစ်နိုင်မည်မဟုတ်ပေ။

ရာခိုင်နှုန်းပြည့် ကျေနပ်ဖွယ် မကောင်းလျှင်ကော ဘာဖြစ်လာနိုင်ပါသနည်း။

လူတို့တွင် သာမန်စိတ်အပြင် "ဆဗ်ကွန်ရှပ်စ်" (Subconscious) ဟုခေါ်သော အတွင်းစိတ်တစ်မျိုး ရှိသေး၏။ ယင်းအတွင်းစိတ်ကို သာမန်အားဖြင့် မသိကြချေ။ ဗိပဿနာတရားအားထုတ်သူများက "ရှေ့စိတ်"ကို "နောက်စိတ်"က သိနေအောင် မပြတ်ဆင်ခြင် ရှုပွားနေရမည်ဟု ဆိုခြင်းမှာ အထက်ဖော်ပြပါ "အတွင်းစိတ်"ကို အကဲခပ် သိရှိရန်ပင်ဖြစ်၏။

လင်နှင့်မယား ဖို့မဆက်ဆံရေးကိစ္စတွင် ရာခိုင်နှုန်းပြည့် ကျေနပ်မှု မရှိပါက "အတွင်းစိတ်"သည် သာယာရောင့်ရဲမှု မရှိသဖြင့် အကျိုးသက်ရောက်မှုများ ဖြစ်လာတတ်၏။ အကယ်၍ မိန်းမလုပ်သူက လိင်ကိစ္စတွင် ကျေနပ်ရောင့်ရဲမှု မရှိလျှင် ယင်းအကြောင်းကိုတော့ ဘာမှ ဖွင့်မပြောလင့်ကစား လင်ယောကျ်ားအပေါ် ဆက်ဆံရေး မသိမသာ ပြောင်းလာတတ်၏။ ကိုယ်ချစ်၍ လက်ထပ်ယူလာခဲ့သူ ဖြစ်သော်လည်း လင်ယောကျ်ားအပေါ် တစ်ဖြည်းဖြည်း ငြူစူလာတတ်၏။ တစ်ချိန်က အချစ်ဝင်၍ အပြစ်မမြင်နိုင်ပါဟု ဆိုသူက ယခုနောက်ပိုင်းကျတော့ အပြစ်များ မြင်လာတတ်၏။ အသေးအဖွဲကိစ္စကလေးများမှအစ ဝေဖန်ပြောဆိုရာမှ စိတ်ဝမ်းကွဲမှု ကလေးများ ဖြစ်လာတတ်၏။ တစ်ဖြည်းဖြည်း အချိန်ကြာလာသော် လင်မယားကတောက်ကဆ ဖြစ်မှုကလေးများပါ စတင်လာတတ်၏။ တစ်နည်းအားဖြင့် အိမ်ထောင်ရေး သာယာအဆင်ပြေမှုကို ထိခိုက် လာတတ်၏။

အနောက်နိုင်ငံများ၌ လင်မယား ကွာရှင်းပြတ်စဲကြခြင်းအမှုများ၌ ယောကျ်ားနှင့်မိန်းမ စိတ်ဝမ်းကွဲရခြင်း၏ အဓိကအကြောင်းတစ်ခုမှာ ဖို့မ ဆက်ဆံရေးဆိုင်ရာ (လိင်)ကိစ္စ ကျေနပ်ရောင့်ရဲမှု မရှိခြင်းပင် ဖြစ်စေသည်ဟု လူမှုရေး သိပ္ပံပညာရှင်များက ထောက်ပြကြပေသည်။



သို့ဖြစ်လေရာ အိမ်ထောင်ရေးသာယာအဆင်ပြေမှုအတွက် ဖို့မဆက်ဆံရေးဆိုင်ရာ (လိင်)ကိစ္စကို မပျက်မကွက် လေ့လာသင့်လှပေတော့သည်။

အဆိုပါ ဖို့မဆက်ဆံရေးဆိုင်ရာနှင့် ပတ်သက်၍ တတ်ကျွမ်းနားလည်သူ ပါရဂူများ၊ ပညာရှင်များ ထောက်ခံအကြံပေးသည့် နည်းနာနိဿယများကို နောက်အခန်းများ၌ ဆက်လက်ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသတည်း။

❖ ❖ ❖

www.burmeseclassic.com

# (၄)

# နိုင်ငံခြား ပညာရှင်များ၏ အယူအဆ

အိမ်ထောင်ရေးတွင် ဖို,မဆက်ဆံရေး (လိင်) ကိစ္စသည် အရေးပါလှကြောင်းကို တင်ပြပြီးနောက် ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံခြားမှ ပညာရှင်ကြီးများ၏ ထင်မြင်ချက်၊ အာဘော်၊ အယူအဆ များ အကြံပေး ညွှန်ကြားချက်များအကြောင်းကို ဤအခန်းတွင် ဖော်ပြသွားမည် ဖြစ်ပေသည်။

နိုင်ငံခြား ပညာရှင်ဟုဆိုရာ၌ ဆေးပညာ ပါရဂူကြီးများ၊ လူမှုရေး သိပ္ပံပညာရှင်များ၊ ပါဏဗေဒ၊ ဇီဝဗေဒ၊ စိတ္တဗေဒ ပညာ များကို အထူးလေ့လာထားသူ "စပါယ်ရှယ်လစ်" ပညာရှင်ကြီးများက မိမိတို့ သက်ဆိုင်ရာ ပညာရှုထောင့်မှနေ၍ ဖို,မဆက်ဆံရေး (လိင်) ကိစ္စအပေါ် သုံးသပ်ရှုမြင်ချက် တွေ့ရှိချက်များအပေါ် အခြေပြု ဖွင့်ဆိုအပ်သော အယူအဆများကို ဆိုလိုပေသည်။ တစ်နည်းအားဖြင့် ယောကျ်ားနှင့်မိန်းမ လိင်ကိစ္စဆက်ဆံရေးကို သိပ္ပံနည်းကျကျ လေ့လာ သုံးသပ်ချက်များပင် ဖြစ်သည်ဟု ဆိုနိုင်ပေ၏။

ဖို,မဆက်ဆံရေးကိစ္စသည် လူမျိုးဆက် ပွဲ့ပွားရေးအတွက် ကမ္ဘာဦးအခါကပင် လူသားနှင့်အတူ ဖြစ်ပေါ်ခဲ့သော သဘာဝ



တရားတစ်ခု ဖြစ်သည်။ ယုံကြည်ကြသူ အနောက်နိုင်ငံသားတို့ အနေဖြင့် အဘယ်ကြောင့် ယခုခေတ်ကျမှ စနစ်တကျ ပညာရပ် တစ်ခုအဖြစ် လေ့လာစူးစမ်းခြင်း ပြုနေကြပါသနည်း။

ဤမေးခွန်းကား မေးသင့်မေးထိုက်သော မေးခွန်းပင် ဖြစ်ပါ၏။

အမှန်တော့လည်း အနောက်နိုင်ငံ၌ ဖို,မဆက်ဆံရေးဆိုင်ရာ (လိင်)ကိစ္စကို သိပ္ပံနည်းကျ လေ့လာခြင်း၊ ဆွေးနွေးခြင်းများ ပြုခဲ့ကြသည်မှာ ၂၀-ရာစုနှစ်များ ဆန်းလာမှပင် ဖြစ်ရာ များစွာ မကြာလှသေးဟု ဆိုရပေမည်။ ဤသို့ဖြစ်ရခြင်းကား ၁၉၀၀-ပြည့်နှစ်လောက်အထိ သူတို့ဆီမှာလည်း မြန်မာနိုင်ငံကဲ့သို့ပင် ဤကိစ္စမျိုးကို လူရှေ့သူရှေ့ ဖွင့်ဟဆွေးနွေးခြင်းငှာ မသင့်အောင် ရှက်စရာကောင်းသည့်ကိစ္စဟူ၍ လူ့အဖွဲ့အစည်းက ယူဆခဲ့သော ကြောင့်ပင်ဖြစ်၏။ သာမန်အရပ်သားများ မဆိုထားဘိ။ ဆေးပညာ သင်ကြားတတ်မြောက်ထားသူဆရာဝန်များအနေဖြင့် တစ်ခါတစ်ရံ (ရောဂါကုသရင်း) လိင်ကိစ္စအကြောင်း ထုတ်ဖော်ဆွေးနွေးခြင်းကို ပင်လျှင် လူထုပရိသတ်က နားရှက်ဖွယ် ကောင်းသည်ဆိုကာ လက်မခံကြချေ။ အမှန်အားဖြင့် တိုးတက်ခေတ်မီပါသည်ဆိုသော လူမျိုးများကိုယ်တိုင်က ခေတ်နောက်ကျ နေခြင်းသာ ဖြစ်၏။

ယင်းသို့ ရှက်စရာ၊ ကြောက်စရာဟု ယူဆခဲ့ရာမှ လူသားတို့အတွက် (စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ဖြစ်နိုင်ရေးအတွက်) အရေးကြီးလှသော ကိစ္စတစ်ခုအကြောင်း မသိနားမလည်ဘဲ နေခဲ့ကြခြင်းကြောင့် လိင်ပညာဆိုင်ရာ ဗဟုသုတများစွာ ခေါင်းပါးခဲ့ ရပေသည်။

ယင်းအခြေအနေတွင် လူအများစုက ဝေဖန်ရှုမြင်ခြင်းကို သတ္တိရှိရှိ ရင်ဆိုင်ကာ ဖို,မ ဆက်ဆံရေး (လိင်) အကြောင်းကို ပညာ ဗဟုသုတ ရှာမှီးသည့်အနေဖြင့် လေ့လာဆွေးနွေးသင့်ရုံမက

www.burmeseclassic.com

www.burmeseclassic.com

လူထု ပရိသတ်ရှေ့မှောက် တင်ပြပညာပေးသင့်သည်ဟု ဆိုသူ ဒေါက်တာ မာရီစတုပ်(စ်)ဟဲဗလော့အဲလစ်စ် စသော ပုဂ္ဂိုလ်ကြီးများ ပေါ်ထွက်လာခဲ့ပေသည်။

အမေရိကန်နိုင်ငံတွင်လည်း ကိုယ်လက်ကြံ့ခိုင်ရေးနှင့် ကာယဗလပညာအကြောင်း ရေးသားထုတ်ဝေသည့် ဂျာနယ် မဂ္ဂဇင်းများတွင် ဘာနာမက္ကဖာဒင်၊ ဒေါက်တာ ဖရက်ဒရစ်တီလ်နီ၊ ရောဘတ်ပော့ဖ်မင်း စသော ပုဂ္ဂိုလ်များက၊ ဖို့မတို့၏ သဘာဝ ဖြစ်သည့် လိင်ဆက်ဆံရေးဆိုင်ရာ ပညာပေးစာတမ်းများ၊ ဆောင်းပါးများ ပွင့်လင်းရဲတင်းစွာ ရေးသားစ ပြုလာခဲ့၏။

ပထမတွင် အနောက်နိုင်ငံ စာဖတ်ပရိသတ်သည် ထိုပုဂ္ဂိုလ်ကြီးတို့၏ ပွင့်လင်းလှသော အရေးအသားများကြောင့် အတော်ပင် တုန်လှုပ်သွားခဲ့၏။ စာရေးသူတို့အား ညစ်ညမ်းသော စာပေရေးသူများ အဖြစ် တရားဥပဒေအရ အရေးယူပေးရန်ပင် တောင်းဆိုခဲ့ကြ၏။ ဘာသာတရား လေးစားကိုင်းရှိုင်းသူတို့ကလည်း လိင်ပညာပေး ဆောင်းပါး၊ စာအုပ်များကို ယုတ်ညံ့ညစ်ညမ်းသော စာပေဟု စွပ်စွဲခဲ့ကြ၏။

သို့ရာတွင် သိပ္ပံပညာဟု အသိအမှတ်ပြုထားသော ပါဏဗေဒ ဇီဝဗေဒ၊ ပညာရပ်များ တတ်မြောက်ကျွမ်းကျင်သူ ဆရာဝန်ကြီးများ ကမူ ယင်းစာပေများအပေါ် တစ်မျိုးမြင်လာကြလေသည်။ အိမ်ထောင်ရေးနှင့်ပတ်သက်၍ ကိုယ်ရောစိတ်ပါ ချမ်းသာမှုရရှိရန် ဖို့မဆက်ဆံရေးကိစ္စကို စနစ်တကျ လေ့လာခြင်းသည် အမှန် လိုအပ်သည်ဟု သဘောထားလာကြ၏။ လိင်ပညာဆိုင်ရာ သုတေသန ပြုခြင်းများကိုလည်း လုပ်သင့်လုပ်ထိုက်သည်ဟု ယူဆလာကြ၏။ ထိုမှုမကသေး ဆရာဝန်ကြီးများကိုယ်တိုင် လေ့လာတွေ့ရှိချက်များ



အပေါ်မူတည်၍ လိင်ပညာပေး စာအုပ်စာတမ်းများ ရေးသားစ ပြုလာကြလေသည်။

ဥပမာ–အမ်ဒီဘွဲ့ရ ဆရာဝန်ဇနီးမောင်နှံ ဖြစ်ကြသော ဒေါက်တာ ဝီလျံမာစကာစ်နှင့် ဗာဂျီနီယာဂျွန်ဆင်တို့ဆိုလျှင် လူတို့၏ ဖို့မဆက်ဆံရေးကိစ္စအကြောင်းကို အကြီးအကျယ် သုတေသန ပြုပြီးနောက် လိင်ပညာပေး ကျမ်းစာအုပ်ကြီးများ ရေးသားထုတ်ဝေ ခဲ့ကြလေသည်။ သူတို့၏ လက်ရာတစ်ခုဖြစ်သော (Human Sexual Response) ခေါ် စာအုပ်ဆိုလျှင် ကမ္ဘာကျော်အောင် ထင်ရှားခဲ့သည့် လိင်ပညာ ကျမ်းကြီးတစ်စောင်ဖြစ်ခဲ့၏။ ယင်း စာအုပ်မျိုးတွေကို ညစ်ညမ်းသောစာပေဟူ၍ မည်သူကမှ ဝေဖန် ပြစ်တင်ခြင်း မပြုနိုင်ကြချေ။

တစ်ဖြည်းဖြည်းနှင့် စာဖတ်ပရိသတ်ကပါ ဆရာဝန်ကြီးများ၏ ရေးသားထောက်ပြချက်များကို ဖတ်ရှုလေ့လာရင်းက ဖို့မဆက်ဆံရေး ကိစ္စကို ပညာရပ်တစ်ခုအဖြစ် တတ်သိနားလည်ထားသင့်သည်ဟု သဘောပေါက် လက်ခံလာကြလေသည်။ တချို့ထဲမှာပင် လူမှုရေး သိပ္ပံပညာရှင်များက လိင်ကိစ္စကို ကျောင်းသူ၊ ကျောင်းသား လူငယ်များအား သင်ကြားပို့ချ ပေးသင့်ကြောင်း အဆိုပြုလာကြ လေသည်။ ထိုအတောအတွင်း ဖို့မဆက်ဆံရေးကိစ္စကို သုတေသနပြု လေ့လာသူများက ယင်းကိစ္စအကြောင်း ဗဟုသုတ ခေါင်းပါးမှုကြောင့် မလိုလားအပ်သော ဖြစ်ရပ်မျိုးတွေ ပေါ်ပေါက်လာတတ်ကြောင်း တိုလည်း ဆွေးနွေးတင်ပြခဲ့သေး၏။ ပညာရှင်ကြီးများ အဆိုအရ ဖို့မဆက်ဆံရေး (လိင်)ကိစ္စအကြောင်း နားလည်ထားခြင်းသည် ကျန်းမာရေးပညာ လေ့လာတတ်မြောက်ထားဘိသကဲ့သို့ပင် ဖြစ်သည် ဟု ဆိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ကြီးများ ထောက်ခံညွှန်ပြသော လိင်ပညာဆိုသည်မှာ ယောကျ်ားနှင့်မိန်းမတို့၏ ဖို့မဆက်ဆံရေးကိစ္စသာမက ကျားနှင့်မတို့၏ ခန္ဓာကိုယ်တည်ဆောက်မှု သဘာဝ "အနာတိုမီ" ခေါ် ခန္ဓဗေဒပညာ၊ ပါဏဗေဒ၊ ဇီဝဗေဒ စသော ပညာရပ်၏ အခြေခံအပိုင်းများပါ အကျုံးဝင်ပြီး လူ့ခန္ဓာကိုယ်အကြောင်း ကောင်းစွာ တတ်သိနားလည်ထားလောက်အောင် အဆင့်ရှိသော ပညာကို ဆိုလိုကြပေသည်။

ဥပမာ မိန်းကလေး သို့မဟုတ် ယောကျ်ားကလေးတစ်ဦး အရွယ်ရောက်လာသည်နှင့် ဖြစ်ပေါ်လာတတ်သော ခန္ဓာကိုယ်၏ ပြောင်းလဲမှုများ (ယောကျ်ားကလေးတွင် သုတ်ရည် ဖြစ်လာခြင်း၊ မိန်းကလေးတွင် ဓမ္မတာ ရာသီသွေး ဖြစ်လာခြင်း စသဖြင့်) သန္ဓေတည်နိုင်အောင် ခန္ဓာကိုယ်က ပြောင်းလဲလာခြင်း၊ ပဋိသန္ဓေတည်ပုံမှအစ တစ်ဖြည်းဖြည်း ရင့်လာပြီး သားဖွားချိန်အထိ တိုးတက်ဖြစ်ပေါ်ပုံ အဆင့်ဆင့်အကြောင်း၊ ဖိုနှင့်မ ပေါင်းသင်းစပ်ယှက်သည့်အခါ ခန္ဓာကိုယ်အစိတ်အပိုင်းများ မည်သို့ဖြစ်လာတတ်ပုံအကြောင်း ကာလသားရောဂါဖြစ်ခြင်းနှင့် ကူးစက်ပျံ့ပွားခြင်းအကြောင်း၊ ကျန်းမာရေးပညာအကြောင်း နားမလည်ဘဲ ပဋိသန္ဓေဖျက်ချခြင်း၏ အန္တရာယ်အကြောင်း၊ အင်္ဂါချို့ယွင်းမှုကြောင့် ဖို့မဆက်ဆံရေးတွင် ထိခိုက်တတ်ပုံအကြောင်း စသည်ဖြင့် အကြောင်းရပ်ပေါင်း မြောက်များစွာ ပါဝင်ပေသည်။ ထိုမျှမကသေး ဇနီးမောင်နှံ သဘာဝ ဖို့မ ဆက်ဆံရေးအမှုပြုရာဝယ် မှန်ကန်နည်းလမ်းကျစွာ ပြုမှသာလျှင် သူတို့၏ အိမ်ထောင်ရေးသည် သာယာနိုင်မည်ဟု ဆိုသူများလည်း ပေါ်ထွက်လာခဲ့ပေသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံခြားပညာရှင်အားလုံး သဘောတူညီကြသော အချက်ကား ဖို့မဆက်ဆံရေးဆိုင်ရာ (လိင်) ကိစ္စကို



ကျန်းမာရေး ပညာပေး ဘာသာရပ်တစ်ခုသဖွယ် စနစ်တကျ လေ့လာ နားလည်ထားသင့်ကြသည် ဟူသော အချက်ပင် ဖြစ်ပါသတည်း။

အင်္ဂလန်ပြည်မှ အမျိုးသမီး ဆရာဝန်ကြီး ဒေါက်တာ ရီစတုပ်ကဆိုလျှင် ဖို့မဆက်ဆံရေးကိစ္စအကြောင်း ကောင်းစွာ ားလည် ဗဟုသုတရှိသူ ဇနီးမောင်နှံသည် လက်ထပ်ပြီးသည့် ာက်ပိုင်း၌ တစ်ဦးကိုတစ်ဦး ဆတ်ပိုးတိုးလျက် ကိုယ်ရောစိတ်ပါ မ်းသာသော အိမ်ထောင်မှုသုခ ရရှိနိုင်သည်ဟု အတိအလင်း ဆိုထားပေသည်။

အနောက်တိုင်း၌ အိမ်ထောင်ရေးကိစ္စတွင် သျှုတ္တရ ဆရာကြီး တစ်ဆူဟု ဆိုကြသော ဟဲဗလော့အဲလစ္စ ကလည်း လင်နှင့်မယား ပေါင်းသင်းဆက်ဆံရာတွင် တိရစ္ဆာန်များ အထီးနှင့်အမ မိတ်လိုက် င်းမျိုးထက် ပို၍ စိတ်ထဲ ကျေနပ်ရောင့်ရဲမှု၊ ဆန္ဒပြည့်ဝမှုသည် အမှန်ပင် လိုအပ်နေပေသည်။

စိတ္တဗေဒပညာကို အထူးလေ့လာထားသူဆရာဝန်ကြီးများက မှ ဆက်ဆံရေးကိစ္စ ပြုလုပ်အံ့ဆဲဆဲ ယောကျ်ားနှင့်မိန်းမတို့တွင် (Excitement) စိတ်လှုပ်ရှားမှု ဖြစ်ပေါ်ပုံများကို ထောက်ပြကာ တို့၌ လိင်ဆက်ဆံမှုသည် ကိုယ်ရောစိတ်ပါ နှစ်မျိုးလုံးနှင့် ိုက်ရိုက်သက်ဆိုင်နေကြောင်း ညွှန်ပြကြလေသည်။ စိတ်ကရုပ်ကို မ်းမိုးသည် ဟူသော အယူအဆကို ထောက်ခံသည့်သဘော င်ဖြစ်၏။

အမေရိကန်မှ ကာယဗလ နည်းပြဆရာကြီး ဘားနာမက်ဖာဒင် သည် လိင်ပညာပေး ဆောင်းပါးများကို ရေးသားခဲ့စဉ်က တ်ရေးကိစ္စတွေ ထုတ်ဖော်ရေးသားသည်ဟု အကြီးအကျယ် ဖန်ခြင်း ခံခဲ့ရ၏။ သို့သော် နောက်များမကြာမီ ပူတွေ၏

www.burmeseclassic.com

www.burmeseclassic.com

အယူအဆ အတွေးအခေါ်များ ပြောင်းလဲလာချိန်ဝယ် ပညာရေးဌာန အကြီးအကဲများကပင် ဆရာကြီး ဘာနာ့မက္ကဖာဒင်အား လိင်ပညာသင်တန်းများ ပို့ချပေးပါရန် တောင်းပန်ကြရသောဟူ၏။

နောက်ပိုင်းတွင်ကား ဘာနာ့မက္ကဖာဒင်သည် ဖို့မဆက်ဆံရေးဆိုင်ရာ ဆောင်းပါးများသာမက လိင်ပညာပေး စာအုပ် အတော်များများကိုပါ ရေးသားထုတ်ဝေခဲ့၏။ နယူးယောက်မြို့ထုတ် သူ၏ကိုယ်ပိုင် ကာယဗလ မဂ္ဂဇင်းတွင် ဇနီးမောင်နှံတို့၏ အိမ်ထောင်မှုသုခ ရရှိရေးအတွက် နည်းပေးလမ်းပြ လိင်ကိစ္စ အကြံပေး ဆောင်းပါးများ အပတ်စဉ် ရေးသားခဲ့၏။ သူ၏ရေးသားချက်များက ပွင့်လင်းလှ၏။ ဖို့မ ဆက်ဆံရေးကိစ္စကို ဒဲ့ဒိုးပင် ဖွင့်ဟဆွေးနွေး၏။ သို့သော် ကြမ်းတမ်း ညစ်ညမ်းသည်ဟု မည်သို့မှ ပြစ်တင်ဝေဖန်၍ မရအောင် သိပ်သည်းပိရိစွာ ရေးသားခဲ့ပေသည်။

ယင်းသို့ အင်္ဂလန်နှင့် အမေရိကန်မှ ပညာရှင်ကြီးများ၏ လိင်ကိစ္စနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးရေးသားချက်များကို အခြားနိုင်ငံများမှ ဆရာဝန်များ၊ ပညာရေးလောက အကြီးအကဲများက တစ်ဖြည်းဖြည်း လက်ခံလာကြလေသည်။

ဤနည်းအားဖြင့် ဖို့မဆက်ဆံရေးဆိုင်ရာ လိင်ကိစ္စကို ပညာရပ်တစ်ခုအဖြစ် လေ့လာဆည်းပူးခြင်းသည် အနောက်နိုင်ငံများ၌ ခေတ်စားလာခဲ့ရပေသည်။ အနောက်ဥရောပနိုင်ငံအားလုံးလိုလိုက ဖို့မ ဆက်ဆံရေးကိစ္စအကြောင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးရေးသားခြင်းကို ပိတ်ပင်တားမြစ်ခြင်း မပြုရုံမက လိင်ပညာပေး စာပေ ဆောင်းပါး၊ စာအုပ်စာတမ်းများ ထုတ်ဝေဖြန့်ချိခြင်းကိုလည်း ခွင့်ပြုလာကြလေသည်။ လူထုပရိသတ် အနေဖြင့်လည်း လိင်ပညာ ဆိုင်ရာ ဗဟုသုတ ရှိထားသင့်သည်ဟု ယူဆကာ ယင်းအကြောင်းရပ်ဆိုင်ရာ စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာကြကုန်လေသည်။



နိုင်ငံခြားပညာရှင်ကြီးများ အနေဖြင့် ဖို့မ ဆက်ဆံရေးကိစ္စကို လိင်ပညာ (Sex Education) ဟူ၍ ခေါင်းစဉ်တစ်ခုတည်းတပ်၍ အမည်ပေးထားလင့်ကစား စင်စစ်အားဖြင့် အခေါ်အဝေါ် လွယ်ကူလာအောင်သာမှည့်ခေါ်ထားခြင်းဖြစ်ပြီး ယင်းခေါင်းစဉ်အောက်မှသည် ထပ်ဆင့်ခွဲခြား စိတ်ခြာကာ အသေးစိတ် ဆွေးနွေးတင်ပြသော အကြောင်းရပ် များစွာရှိနေ၏။ အကြောင်းရပ်အချို့ကိုပင် အထက်တွင် အမြွက်မျှ ဖော်ပြခဲ့ပြီးပေပြီ။ အမှန်တော့လည်း ဖို့မဆက်ဆံရေး (လိင်) ပညာဟူသည် နက်နဲကျယ်ပြန့်လှသည့် ဖြစ်ပေ၏။

ထို့ကြောင့်လည်း နိုင်ငံခြားမှ ပညာရှင်ကြီးများ ပြုစုရေးသားသော လိင်ပညာပေး စာအုပ်များတွင် အကြောင်းရပ် အလိုက် သီးခြားဆွေးနွေး တင်ပြသော စာအုပ်စာတမ်းတွေ အမြောက်အမြား ပေါ်ထွက်ခဲ့ပေ၏။

မည်သည့်ပညာရပ်မဆို လေ့လာသင်ကြား၍ ဆုံးသည်မရှိ။ ပညာဟူသည် သင်၍ မကုန်နိုင်ဟူသော ရှေးဆိုရိုးစကားသည် ဖို့မဆက်ဆံရေး (လိင်) ပညာအဖို့လည်း အထူးမှန်ကန် လှပေသည်။ ကိစ္စတစ်ခုအကြောင်းကို စာအုပ်ရေးသား ထုတ်ဝေပြီးနောက် နှစ်အနည်းငယ်ကြာသောအခါ အခြားပုဂ္ဂိုလ်တစ်ဦးက ယင်းကိစ္စအကြောင်းကိုပင် ထပ်မံ သုတေသနပြုလျက် စူးစမ်းတွေ့ရှိသော အချက်အလက်သစ်များ တွေ့ရှိကာ နောက်ထပ် စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခြင်းများလည်း ရှိတတ်၏။ ပညာလိုလားသူတွေ အနေနှင့်ကား ပထမစာအုပ် ဖတ်ထားရုံနှင့် မပြီး။ နောက်ထပ် ထွက်လာသည့် ဒုတိယ စာအုပ်ကိုပါ ဖတ်ရှုလေ့လာရပြန်သည်။ ဤကား ယခုခေတ် သိပ္ပံပညာ စူးစမ်းလေ့လာမှုတွင် တွေ့ရမြဲ ဓမ္မတာပင်ဖြစ်၏။ ရောဂါတစ်ခုအတွက် ဆရာဝန်များ၏ ကုထုံးသည်

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလနှင့်အညီ ခေတ်မီအောင် တိုးတက်ပြောင်းလဲလာဘိသကဲ့သို့ပင်တည်း။

သိပ္ပံပညာမည်သည် လက်တွေ့ စမ်းသပ်ခြင်း၊ သုတေသနပြုစူးစမ်းခြင်း တို့အပေါ် သုံးသပ်တွေ့ရှိချက်များကို အခြေခံပြု၍ ပညာရှင်တို့က မှတ်တမ်းသဖွယ် ရေးသားထားသည်ကို လေ့လာမှတ်သားရသည့်အလျောက် အချိန်ကာလ ရွေ့လျားလာပြီးနောက် အခြားပညာရှင်များက ထပ်မံသုတေသနပြု လေ့လာရာ၌ ယခင်က မသိသေးသော တွေ့ရှိချက်များ ပေါ်ပေါက်လာတတ်ပေ၏။ ထိုအခါမျိုး၌ ပထမတွေ့ရှိချက်များကို ပယ်၍ နောက်ထပ်တွေ့ရှိချက်များကို လက်ခံ အတည်ယူရစမြဲဖြစ်၏။

ဖို့မ ဆက်ဆံရေးအကြောင်း လေ့လာတွေ့ရှိချက်များကို ၂၀-ရာစုနှစ်များဆန်းစ အချိန်လောက်ကစ၍ စာအုပ်စာတမ်းများ ထွက်ပေါ်ခဲ့သော်လည်း နောက်ထပ် သုတေသနပြုချက်များကြောင့် ယခင်က မသိသေးသော အချက်အလက်များ သိရှိလာရချိန်ဝယ် စာအုပ်စာတမ်းသစ်များ ထပ်မံရေးသားထုတ်ဝေကြရပြန်လေသည်။ ထို့ကြောင့် ယခုအချိန်အထိ နိုင်ငံခြားမှ ဂျာနယ်မဂ္ဂဇင်း စာစောင်များတွင် လိင်ကိစ္စအကြောင်း ဆွေးနွေးချက် ဆောင်းပါးများ မပြတ်ပါရှိနေသေးသည့်ပြင် လိင်ပညာပေးစာအုပ်စာတမ်း အသစ်များလည်း ထွက်ပေါ်လျက်ရှိပေသည်။ စာအုပ်စာတမ်းများကလည်း စိတ်ဝင်စားဖွယ် ကောင်းလှပါပေ၏။ ပရိသတ်က အားပေးဖတ်ရှု၍ အထူးပင် အရောင်းရ တွင်ကျယ်ကြပေသည်။

အမေရိကန်ပြည်မှ အလေးနှင့် ကာယဗလ နည်းပြဆရာကြီး ရောဘတ်ဟောဖ်မင်းသည် ၁၉၃၈-ခုနှစ်က လိင်ကိစ္စဆိုင်ရာ နည်းပေးလမ်းပြ (Sex Technique) စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့၏။ သူ၏အဆိုက ဇနီးမောင်နှံ အိမ်ထောင်ရေးသုခ ရရှိစေရန် ဖို့မ ဆက်ဆံရေးကိစ္စတွင် နည်းနာနှင့်၊ စနစ်မှန်များ လေ့လာသိရှိပြီး လိုက်နာကျင့်သုံးသည်ဟုဆိုကာ လင်နှင့်မယား ဆက်ဆံပေါင်းသင်းရန် နည်းများကို အကြံပေး ဖော်ထုတ်ထားလေသည်။ လိင်ကိစ္စနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အချက်အလက်များကိုလည်း ညွှန်ပြထား၏။ ယောကျ်ားနှင့်မိန်းမ ကာယကံမြောက် ဆက်ဆံပေါင်းသင်းသည့်အခါ မည်သို့သော ခံစားမှုများ ဖြစ်ပေါ်မှသာ ရာနှုန်းပြည့် ကျေနပ်မှု ရရှိသော ဆက်ဆံရေးမျိုး ဖြစ်သည်ကိုလည်း ဖော်ပြထားလေသည်။

ထိုစာအုပ်သည် ကမ္ဘာအရပ်ရပ်သို့ တင်ပို့ရောင်းချရလောက်အောင်ပင် ရောင်းရတွင်ကျယ်သည့်အပြင် စာနယ်ဇင်းများမှလည်း လေ့လာဖတ်ရှုထိုက်သော လိင်ပညာပေး စာအုပ်ကောင်းတစ်အုပ်အဖြစ် ထောက်ခံရေးသားခဲ့ကြ၏။ သို့ရာတွင် နောက်ပိုင်း၌ ဖို့မ ဆက်ဆံရေးကိစ္စအကြောင်း ဆယ်လက် သုတေသနပြုသူများကမူ ဖော်ပြပါစာအုပ်ကို ချွင်းချက်ဖြင့်သာ လက်ခံပြီး အချို့သော အချက်များကိုတော့ မမှန်ကန်ဟု ဝေဖန်ထောက်ပြလာပြန်လေသည်။ အထူးသဖြင့် ဖိုနှင့်မ ဃရာဝါသကိစ္စကို ခန္ဓာကိုယ်(ရုပ်)အပြင် စိတ်လှုပ်ရှားမှု၊ အာရုံခံစားမှုနှင့်လည်း အကျုံးဝင်သည်ဟု ယူဆကာ စိတ္တဗေဒ ရှုထောင့်မှ လေ့လာခဲ့သူများက အဆိုပါ စာအုပ်မှ နည်းပေးလမ်းညွှန်ချက်များကို တသွေမတိမ်း လိုက်နာရန်မသင့်ဟု ဝေဖန်ရေးသားလာကြပေသည်။

ထိုသို့ စိတ္တဗေဒပညာနှင့် ယှဉ်တွဲ၍ လေ့လာကြည့်ချက်အရ ဇနီးမောင်နှံ အိပ်ယာထဲ ဆက်ဆံပေါင်းသင်းခြင်းကို ရာနှုန်းပြည့် ကျေနပ်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ကြိုးစားအားထုတ်လှင် သော် စိတ်ပိုင်းဆိုင်ရာ အာရုံကြောများက အလုပ်များလွန်း၍ ပန်းလာတတ်ကာ စိတ်စောနေတတ်၏။ စိတ်စောလွန်းမှုကြောင့်လည်း

www.burmeseclassic.com

ကျေနပ်မှု ရှိပါမလားဟူသော သံသယ ဝင်လာပြီး နောက်ဆုံးကျတော့ ရည်ရွယ်ချက် မပြည့်ဝဘဲ စိတ်မောလူမောနှင့်သာ အဆုံးသတ်ရတော့ သည်ဟု ဆိုလေသည်။

ယင်းအချက်ကို ယနေ့ ကမ္ဘာ့ထိပ်သီး လိင်ပညာ သုတေသီများဟု အသိအမှတ်ပြုခြင်းခံရသူ ဒေါက်တာဗီလျံမာစတာ(စ်) နှင့် ဗာဂျီနီယာဂျွန်ဆင်တို့ကလည်း ထောက်ခံရေးသားကြပေသည်။ ဤကိစ္စမျိုးတွင် ဖြစ်တတ်ပုံကိုပါ လက်တွေ့သာဓက တစ်ခုဖြင့် တင်ပြထားသေး၏။

အမေရိကန်ပြည်မှ အသက်အရွယ်ကောင်း ဇနီးမောင်နှံ တစ်စုံသည် သားသမီးလေးယောက်မျှ ရပြီးနောက် သူတို့နှစ်ဦး ဖို,မ ဆက်ဆံရေးကိစ္စတွင် စိတ်တိုင်းမကျ အားရကျေနပ်မှု မရှိ ဖြစ်လာ၏။ ယောကျ်ားလုပ်သူက စီးပွားရေးအတွက် ပင်ပန်းကြီးစွာ ကြိုးစားရင်း အလုပ်များလွန်းမှုကြောင့် အိမ်ပြန်လာချိန်တွင် ခြေပစ်လက်ပစ် မောပန်းနေတတ်၏။ မိန်းမခများမှာလည်း အိမ်ထောင် မှုတာဝန်၊ သားသမီးများ ပြုစုရေးတာဝန်၊ ချက်ရေးပြုတ်ရေး၊ အိမ်တွင်းရေးတာဝန်တစ်ခုကြောင့် အမြဲတမ်း စိတ်ရှုပ်၊ စိတ်တို နေတတ်၏။ ယင်းအခြေအနေမျိုးတွင် သူတို့နှစ်ဦး ညအိပ်ယာဝင်ချိန်၊ ခလေးတွေအိပ်ချိန်တွင် ဖို,မ ဆက်ဆံရေးအမှု ပြုသောအခါ၌ ပျော်ရွှင်ကြည်နူးမှု၊ ကျေနပ်ရောင့်ရဲမှု မရရှိကြတော့ချေ။ သို့သော် သူတို့သည် လိင်ပညာပေး စာအုပ်များ ဖတ်ရှုလေ့လာထားသဖြင့် လင်နှင့်မယား မည်သို့ခံစားမှုများ ရရှိသင့်သည်ဟူသော အချက်ကို သိထားကြလေရာ စာအုပ်ပါ ညွှန်ကြားချက်များအတိုင်း နည်းလမ်းများ ဖြင့် လိင်ကိစ္စ ဆန္ဒပြည့်ဝရေးတည်းဟူသော ရည်မှန်းချက်ရရှိအောင် အထူးကြိုးစားလေလေ စိတ်ဆောလွန်းမှုကြောင့် မရနိုင်လေ ဖြစ်နေ ကြတော့သည်။ ကြာသော် ယောကျ်ားလုပ်သူတွင် ကာမစိတ်



တုန်ခန်း လေပြီလောဟု သူ့ကိုယ် ၌ သံသယ ဖြစ်မိသည့် အခြေအနေ သို့ပင် ရောက်ရှိလာခဲ့လေသည်။

ဤသာဓက ဒေါက်တာမာစတာ(စ်)နှင့် ဂျွန်ဆင်တို့က ထောက် ပြရင်း ဖို,မ ဆက်ဆံရေးကိစ္စတွင် ကာယကံရှင်တို့ စိတ်ဆောပြီး ရှေ့လောကြီးစွာ အာရုံစူးစိုက်လွန်းအားကြီးပါက စိတ္တဗေဒ ပညာသဘောအရ အာရုံကြောများ ပန်းလွန်း၍ မည်သို့မှ ရည်ရွယ်ချက် မအောင်မြင်နိုင်။ စိတ်ကျေနပ်ပျော်ရွှင်မှုလည်း မရရှိနိုင်ဟု ဆိုကြပေသည်။

ဤနေရာတွင် မှတ်သားဖွယ်ရာ ဥပဒေသကား စာအုပ်တွေ ဖတ်ပြီး လေ့နံ့ခါးထစ်မှတ်ယူကာ စာအုပ်ကြီးအတိုင်း တသွေမတိမ်း လိုက်နာခြင်းသည် အခါခပ်သိမ်း သင့်လျော်မည် မဟုတ် ဟူသော အချက်ပင် ဖြစ်၏။ ဥပမာဆောင်ပြရလျှင် ရောဂါတစ်ခုအတွက် ကောင်းလှပါသည်ဆိုသော ဆေးတစ်မျိုးသည် လူတစ်ယောက်အတွက် သင့်တော်ပြီး ရောဂါပျောက်သော်လည်း ထိုဆေးက နောက် တစ်ယောက်နှင့်ကျတော့ မတည့်ဘဲ ဖြစ်တတ်သည့် သဘောမျိုး ပင်ဖြစ်၏။ ပင်နီစလင်ကဲ့သို့ ထိုးဆေးများပင်လျှင် လူတိုင်းနှင့် မတည့်ဘဲ အချို့သူများအတွက် အန္တရာယ် ဖြစ်တတ်သည်ဟူသော သဘောမျိုးလည်းဖြစ်ပါ၏။

နိုင်ငံခြားထုတ် လိင်ပညာပေး စာအုပ်တစ်အုပ်၏ အမေး အဖြေခန်း၌ လင်နှင့်မယား ဖို,မ ဆက်ဆံရေးကိစ္စ(ဝါ) မေထုန်မှီဝဲခြင်း အလုပ်ကို ရက်သတ္တတစ်ပတ်လျှင် ဘယ်နှစ်ကြိမ်ပြုသင့် ပါသနည်း ဟူသော မေးခွန်းကို စာရေးဆရာက "တစ်ပတ်လျှင် သုံးကြိမ်သင့်၏" ဟု ဖြေထားသည်ဆိုပါစို့။ အထက်ဖော်ပြပါ သာဓကမှ ဇနီးမောင်နှံတို့သည် အိမ်ထောင်သက် ခြောက်နှစ်ကျော်လာသော အခါ၌ အကြောင်းကြောင်းကြောင့် ဖို,မ ဆက်ဆံရေးကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com

တစ်ပတ်သုံးကြိမ် မပြုဖြစ်ရုံမက ရံဖန်ရံခါ တစ်ပတ်တစ်ကြိမ်မျှပင် မဖြစ်သည့် အခြေအနေမျိုး ကြုံလာသည်တွင်"ငါတို့တော့ လူစဉ် မမှီတော့ဘူး" ဟု ယူဆကာ အားငယ်စိတ်ညစ်လာတတ်၏။ အားငယ်စိတ်ညစ်မှုဖြစ်လေ ဖို့မ ဆက်ဆံရေးစိတ် လျော့ပါးလေ ဖြစ်ကာ နောက်ပိုင်းကျတော့ အကြီးအကျယ် စိတ်ဆင်းရဲမှုသာ ကြုံရရှာ တော့သည်။

ဤအချက်ကို ဒေါက်တာမာစတာ့စ်နှင့်ဂျွန်ဆင်တို့က ရှင်းလင်းစွာ ဆွေးနွေးတင်ပြထားပေသည်။

လိင်ပညာပေး စာအုပ်တစ်အုပ်က မေထုန်မှီဝဲခြင်းကို ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ်ပြုသင့်သည်ဟု အကြံပေးတောက် ထားတိုင်း ကမ္ဘာပေါ်ရှိ ဇနီးမောင်နှံမှန်သမျှ ဤအချိုးအတိုင်း လိုက်နာရမည်ဟု မမှတ်ယူအပ်ပေ။ လူ၏ခန္ဓာကိုယ် တည်ဆောက်မှု ခန္ဓာကိုယ်အတွင်း ဓါတုဗေဒဖွဲ့စည်းမှု အခြေအနေ၊ ဟော်မုန်းဓါတ် များ၏ ပမာဏနှင့် အထွေထွေ ကျန်းမာရေး အခြေအနေသည် လူတစ်ယောက်နှင့်တစ်ယောက် မတူနိုင် ဟူသောအချက်ကို အထူး လေးနက်စွာ ထည့်သွင်းစဉ်းစားရမည် ဖြစ်၏။ အစာအဟာရ မှီဝဲရာ၌ပင် လူတစ်ယောက်နှင့်တစ်ယောက် အစာစားပုံ အနည်းအများ မတူဘဲ ကွာခြားတတ်ခြင်းမှာ အထက်ဖော်ပြပါ လူတစ်ယောက်နှင့် တစ်ယောက် မတူနိုင်သောကြောင့်ပင်ဖြစ်၏။

ဖို့မ ဆက်ဆံရေးဆိုင်ရာ လိင်ကိစ္စတွင်လည်း တစ်ယောက်နှင့် တစ်ယောက် လိုအပ်ချက်ချင်း မတူသလို ဖို့မဆက်ဆံရေးကိစ္စ တည်းဟူသော ရာဂစိတ် ပြေငြိမ်းရာတွင်လည်း တစ်ဦးနှင့်တစ်ဦး မတူနိုင်ကြချေ။ အမေရိကန်နိုင်ငံမှ ကျန်းမာသန်စွမ်းသော ကမ္ဘာ (လူမဲ) တစ်ဦးသည် အရွယ်ရောက်သည့်အချိန်မှစ၍ အသက် (၆၀)ပြည့်သည့်တိုင်အောင် နေ့စဉ်မပြတ် မေထုန်မှီဝဲခြင်းအမှုကို



ပြုခဲ့သည်ဟု ဖွင့်ဟဝန်ခံဖူး၏။ ဤကားသူ၏ကျန်းမာရေးအခြေအနေ၊ ခန္ဓာကိုယ် သွေးသားတို့၏ လိုအပ်ချက်အနေဖြင့် မှန်၏။ သို့သော် သူ့ကိုအတုယူ၍ ဇနီးမောင်နှံတိုင်း နေ့စဉ်နေ့တိုင်း မေထုန်မှီဝဲမှသာ သင့်တော်မည်ဟု ယူဆရန် မဖြစ်နိုင်ပေ။ အချို့လူများအဖို့ ကျန်းမာရေးအခြေအနေ၊ စိတ်ဆန္ဒဖြစ်ပေါ်မှု အခြေအနေတို့ကြောင့် နေ့စဉ်နေ့တိုင်း မဆိုထားဘိ။ ရက်သတ္တတစ်ပတ်လျှင်တစ်ကြိမ်မျှ မတတ်နိုင်ခြင်းမျိုးလည်း ရှိပေမည်။ ထိုသို့ မတတ်နိုင်ခြင်းကိုလည်း လူစဉ်မမှီ၊ လူညွန့်တုံးသည်ဟု သတ်မှတ်၍ မဖြစ်နိုင်ကြောင်း သိထားရမည်ဖြစ်၏။

အလားတူပင် ရက်သတ္တတစ်ပတ်လျှင် ဘယ်နှစ်ကြိမ်ဖြင့် ပြုသင့်သည်ဟု လိင်စာအုပ်များ၌ ဖတ်ရတိုင်း လိုက်နာခြင်းငှာ မသင့်ကြောင်း ဒေါက်တာ မာစတာ့စ်နှင့် ဂျွန်ဆင်တို့က အတိအလင်း ဆိုထားကြပေသည်။ သူတို့က ဤကိစ္စမျိုးတွင် သူတစ်ပါး၏ အပြုအမူကို လိုက်နာအတုယူရန် မလိုဟုဆို၏။ မိမိတို့ ဇနီးမောင်နှံ၏ ခန္ဓာကိုယ် သွေးသားတို့၏ လိုအပ်ချက် ကျန်းမာရေးအခြေအနေ ဆန္ဒဖြစ်ပေါ်မှု၊ စိတ်ပါမှုအခြေအနေအရ "မီးစင်ကြည့် ကခြင်း"သာ အမှန်ဆုံးဟု ဆိုကြပေသည်။

ဒေါက်တာမာစတာ့စ်နှင့် ဂျွန်ဆင်တို့က အထူးအလေးပေး၍ ရေးသားအကြံပေးသည့် အချက်မှာ ဖို့မ ဆက်ဆံရေးကိစ္စနှင့် ပတ်သက်၍ ကာယကံရှင်တို့၏ လိင်စိတ်ဓါတ် သို့မဟုတ် ဆန္ဒ ဖြစ်ပေါ်မှု (Sexual Desire) ပင်ဖြစ်သည်ဟူသော အချက်ပင်တည်း။

ဆန္ဒဖြစ်ပေါ်မှုဆိုသည်မှာ မြန်မာတို့ သုံးနေကျ သရုပ်ကျ စကားနှင့်ဆိုလျှင် ကိလေသာစိတ်၊ ကာမဂုဏ်စိတ်၊ ရာဂစိတ် စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲနေကြသည့် ဆန့်ကျင်ဖက်လိင်နှင့် ပေါင်းဖော် ဆက်ဆံလိုသော စိတ်ပင်ဖြစ်၏။ ခန္ဓာကိုယ် သွေးသားတောင့်တမှု

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဖို့မ ဆက်ဆံရေးကိစ္စ လိုလားသည့်စိတ်ဆန္ဒ ဖြစ်ပေါ်ခြင်းဟုလည်း ဆိုနိုင်ပါ၏။

ဖော်ပြပါ ဆရာဝန်ကြီးနှစ်ဦး၏ အဆိုအရ ကာမဂုဏ်ခံစားလိုသော ဆန္ဒမည်သည် သဘာဝအလျောက် ဖြစ်ပေါ်တတ်သော ကိစ္စမျိုးဖြစ်၍ လူက အတင်းအဓမ္မ လုပ်ယူခြင်းမှာ မဖြစ်နိုင်ဟု ဆိုကြပေသည်။ ထို့ကြောင့် ဖို့မ ဆက်ဆံရေးကိစ္စကို သဘာဝအလျောက် လိုလားတောင့်တမှုတည်းဟူသော ဆန္ဒမဖြစ်ပေါ်ဘဲ ဖွတ်အတင်းပြုလုပ်၍ မရဟုလည်း အစိုပ္ပါယ်ရ၏။ ဆန္ဒဖြစ်ပေါ်မှုသည် မည်မျှအရေးကြီးပါသနည်းဟူမူ ဖို့မ ဆက်ဆံရေးကိစ္စ၌ ကျေနပ်ပျော်ရွှင်မှုကို ယင်းဆန္ဒဖြစ်ပေါ်မှသာ ခံစားရရှိနိုင်မည်ဟု မှတ်ယူရာ၏။

ထို့ကြောင့် လိင်ပညာပေးစာအုပ်များတွင် အကြံပေးတင်ပြထားသည့် နည်းနာနိသျှများကို ပုံသေထား၍ လိုက်နာကျင့်သုံးကြည့်ပါသော်လည်း စိတ်တိုင်းကျမှု၊ ကျေနပ်ပျော်ရွှင်မှု မရရှိပါဟု ဇနီးမောင်နှံတို့က ညည်းညူသံများ မကြာခဏ ကြားရတတ်ခြင်းဖြစ်ပေသည်။

လေ့နံ့ပါးထစ်မှတ်ယူ၍ မဖြစ်သည့် အချက်များတွင် ဇနီးမောင်နှံ ဖို့မ ဆက်ဆံရေးအမှု ပြုသင့်သည့်အကြိမ်ပေါင်း အနည်းအများ အရေအတွက်လည်း အပါအဝင်ဖြစ်သည်ဟု ဒေါက်တာမာစတာ့စ်နှင့်ဂျွန်ဆင် တို့က ထပ်တလဲလဲ ညွှန်ပြထားပေသည်။ ရက်သတ္တပတ်တစ်ပတ်အတွင်း သို့မဟုတ် တစ်လအတွင်း ဘယ်နှစ်ကြိမ်လောက်မေထုန်မှီဝဲသင့်သည်ကို ကာယကံရှင် ဇနီးမောင်နှံကိုယ်တိုင် လက်တွေ့လေ့လာ စမ်းသပ်ကြည့်ပြီးမှ ဆုံးဖြတ်ခြင်းသည်သာ အမှန်ဆုံးဟုလည်း ထိုဆရာဝန်ကြီးများကပင် အကြံပေးကြခြင်း ဖြစ်ပေသည်။

**  **  **



ဖို့မ ဆက်ဆံရေးကိစ္စနှင့် ပတ်သက်၍ သာမန်အားဖြင့် ယောကျ်ားများက စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာခြင်းအားဖြင့် အသင့်အတင့် ဗဟုသုတ ရှိတတ်သော်လည်း အမျိုးသမီးများ အနေနှင့်ကား အရှက်အကြောက် လွန်ကဲမှုကြောင့် လိင်ပညာ စာအုပ်များဖတ်ခြင်း၊ အချင်းချင်းဆွေးနွေးခြင်းတို့ကို ပြုလေ့မရှိကြပေ။ ထို့ကြောင့်လည်း မိန်းခလေးများတွင် လိင်ပညာဆိုင်ရာ အထွေထွေဗဟုသုတ ခေါင်းပါးနေတတ်၏။ ဤနည်းသည်ပင်လျှင် တစ်နေ့ အိမ်ထောင်ပြုသောအခါ၌ ဖို့မ ဆက်ဆံရေးဆိုင်ရာ အိမ်ထောင်မှုသုခ အပြည့်အဝ မခံစားရဘဲ စိတ်ဆင်းရဲမှု ဖြစ်ရတတ်ပေသည်။

အချိန်တန်၍ မိမိချစ်သူနှင့်သော်လည်းကောင်း ဓေ့စပ်ကြောင်းလမ်း ဆက်သွယ်ပေးသူနှင့်လည်းကောင်း အိမ်ထောင်ပြုပြီး သားသမီးများ ရရှိလာသည့်တိုင်အောင် ဖို့မဆက်ဆံရေးကိစ္စနှင့် ပတ်သက်၍ ဗဟုသုတလည်းမရှိ၊ သိသင့်သိထိုက်သော အခြေခံအချက်အလက်များကိုပင် မသိကြသူ အမျိုးသမီးပေါင်းများစွာ အနောက်နိုင်ငံများ၌ ရှိနေကြပေသည်။

ထိုသို့ လိင်ပညာ ဗဟုသုတ မရှိသူ အမျိုးသမီးများအတွက် အထူးရည်ရွယ်လျက် အမေရိကန်ပြည်ထုတ် (Ladies Home Journal) အမျိုးသမီးဂျာနယ်တွင် အမ်ဒီဘွဲ့ရ ဒေါက်တာ အေဗရာဟမ်စတုံး ဆိုသူ ပညာရှင်ကြီးက ဆောင်းပါးတစ်ပုဒ် ရေးသားဖော်ပြခဲ့ဖူးလေသည်။

အနောက်နိုင်ငံမှ အမျိုးသမီးများနှင့်စာလျှင် မြန်မာအမျိုးသမီးတို့အနေဖြင့် ပို၍ပင် လိင်ပညာဗဟုသုတ နည်းပါးကြမည်မှာ ယုံမှားဘွယ် မရှိပေရာ ဒေါက်တာ အေဗရာဟမ်စတုံး၏ ရေးသား

www.burmeseclassic.com

www.burmeseclassic.com

ညွှန်ပြချက်များသည် မှတ်သားဖွယ်ကောင်းလှသည့်အတိုင်း ကောက်နှုတ်ချက်အချို့ကို အောက်တွင်ဖော်ပြလိုက်ရပေသည်။

မူရင်းဆောင်းပါး၌ ဒေါက်တာ စတုံး၏ အာဘော်များကို မေးခွန်းပုံစံ အမေးအဖြေနှင့် ဖော်ပြထားသည့်အတိုင်း ယခုလည်း ယင်းပုံစံအတိုင်းပင် ထုတ်နှုတ်ဖော်ပြလိုက်ပေသည်။

မေး။ ။လိင်ကိစ္စနှင့် ပတ်သက်၍ အဘယ်ကြောင့် အခက်အခဲ ရှိတတ်ပါသနည်း။

ဖြေ။ ။အခက်အခဲရှိရခြင်း အဓိကအကြောင်းမှာ ယနေ့အထိ ဖို,မ ဆက်ဆံရေးကိစ္စကို လေ့လာဆွေးနွေးခြင်း မပြုစကောင်းသော ညစ်ညမ်းသည့် ရှက်စရာကိစ္စဟု အမျိုးသမီးများက ယူဆနေသော ကြောင့်ပင် ဖြစ်သည်။ မိန်းကလေးများ အရွယ်မရောက်မီကပင် လူကြီးမိဘများက ဖို,မ ဆက်ဆံရေးကိစ္စသည် တိရစ္ဆာန်တို့၏ သဘာဝအကျင့်တစ်ခုဖြစ်၍ ယုတ်ညံ့ကြောင်း၊ လိမ္မာရေးခြားရှိသော မိန်းကလေးကောင်းများအနေနှင့် လိင်စိတ်မဲတ်ဖြစ်ပေါ်ခြင်းကို မလိုလားအပ်ကြောင်း စသဖြင့် ဆုံးမ,သွန်သင်တတ်ကြ၏။ သို့ရာတွင် အချိန်တန်သော် မိန်းကလေးတစ်ဦးသည် ချစ်သူတွေ့ပြီး လက်ထပ်ထိမ်းမြားလိုက်၏။ သဘာဝအလျောက် ချစ်သူနှင့် ဖို,မ ဆက်ဆံရေးအမှု ပြုသော်လည်း မူလက မိဘများ၏ သွန်သင်ချက်က ဦးနှောက်ထဲ စွဲနေသဖြင့် လင်မယား အတူအိပ်ခြင်းကိုပင် လူလိမ္မာတို့ မပြုသင့်သော အပြုအမူတစ်ခုကို လုပ်ရဘိသကဲ့သို့ သူ့ကိုယ်သူ အပြစ်ရှိသလို၊ လိပ်ပြာမလုံသလို ဖြစ်တတ်၏။ ထို့ကြောင့် မိန်းကလေးအဖို့ ဖို,မ ဆက်ဆံရေးဆိုင်ရာ လိင်ကိစ္စအကြောင်း အမှန်အတိုင်း နားလည်သဘောပေါက်ရန် ခဲယဉ်းနေတတ်ခြင်းဖြစ်၏။

မေး။ ။ဇနီးမောင်နှံ ဖို,မ ဆက်ဆံရေးကိစ္စတွင် ကျေနပ် ဖွယ်ကောင်းသော အခြေအနေမျိုး ဆိုသည်မှာ ဘာကို ဆိုလိုပါသနည်း။



ဖြေ။ ။လင်နှင့်မယားတို့အဖို့ ကျေနပ်ဖွယ်ကောင်းသော ဖို,မ ဆက်ဆံရေးဆိုသည်မှာ နှစ်ဦးနှစ်ဝ, စလုံးက လိုချင်တောင့်တ အလိုဆန္ဒဖြစ်ပေါ်ပြီး ယင်းဆန္ဒပြည့်ဝကာ သာယာကြည်နူးမှု ခံစားရရှိသည့် ဆက်ဆံရေးမျိုးပင်ဖြစ်၏။ အတိုချုပ်အားဖြင့် ဆန္ဒရော၊ သာယာမှုပါ ရှိနေမည်ဖြစ်၏။ ယောကျ်ားတစ်ဦးသည် ချစ်ခင် နှစ်သက်ခြင်းမရှိသော မိန်းကလေးတစ်ယောက်နှင့်အတူ "အိပ်" သည်ဆိုပါက တစ်ဖက်သတ် သူ၏ရာဂစိတ် ပြေငြိမ်းမှု သက်သက် သဘောမျိုးသာ ဖြစ်ပေမည်။ သို့ရာတွင် အိမ်ထောင်ပြု သောအခါ ထိုယောကျ်ားသည် မိမိအတွက်သာမက ချစ်သူဇနီးပါ သာယာ ကြည်နူးမှု၊ ဆန္ဒပြည့်ဝမှု ဖြစ်ရေးကို လိုလား၏။ ကြိုးစားအားထုတ်၏။ ဤသို့ဆိုရာ၌ ယောကျ်ားနှင့်ဆက်ဆံတိုင်း ဇနီးဖြစ်သူတွင် "အောဂင်ဇင်"ခေါ် ကာမဂုဏ်အရသာ ပြည့်ဝစွာ ခံစားရမှု သို့တည်းမဟုတ် "ပြီး"မှု ရှိရမည်ဟု တထစ်ချ မမှတ်ယူထိုက်ပေ။ တစ်ခါတစ်ရံ မိမိ၏ အိမ်ထောင်ဖက် ချစ်သူတွင် ကျေနပ်ပျော်ရွှင် သွားသည်ကိုပင် သာယာပီတိ ဖြစ်တတ်သေး၏။ ဤအဖြစ်မျိုး သည်လည်း ကျေနပ်ဖွယ်ကောင်းသော ဖို,မ ဆက်ဆံရေးဟု ဆိုနိုင်ပါ၏။

မေး။ ။လိင်စိတ်မဲတ်ဖြစ်ပေါ်မှုတွင် ယောကျ်ားနှင့်မိန်းမ အဓိက ခြားနားချက်များရှိသည်ဟု ဆိုပါသည်။ မည်သို့သော ခြားနားချက်များ ဖြစ်ပါသနည်း။

ဖြေ။ ။အဓိကခြားနားချက် တစ်ခုမှာ ဖို,မ ဆက်ဆံရေးကို တောင့်တသော လိင်စိတ်မဲတ် ဖြစ်ပေါ်မှု သဘာဝပင်ဖြစ်၏။ ယောကျ်ား၌ ယင်းစိတ်မဲတ်မျိုး လျင်မြန်နိုးကြား ဖြစ်ပေါ်လွယ်၏။ ဇီဝရူပဗေဒဆိုင်ရာ စိတ်ထဲမှ စေ့ဆော်ရုံ၊ စိတ်ကူးရုံ နှင့် ရာဂစိတ် ဖြစ်ပေါ်တတ်၏။ အထူးတလည် နှိုးဆွပေးရန်ပင် မလိုဘဲ

www.burmeseclassic.com

ဖို့မ ခာက်ဆံရေးစိတ် လွယ်ကူစွာ ဖြစ်ပေါ်တတ်သည်ဟု မှတ်ယူနိုင်၏။ ယင်းစိတ်ဓါတ်၏ အဆုံးသတ်မှုကား ချစ်သူဇနီးနှင့် ကာယကံမြောက် တွေ့ထိပေါင်းသင်းမှုပင်ဖြစ်၏။

((မိန်းမများအဖို့ကား ဤသို့ မဟုတ်ချေ။ လိင်စိတ်ဓါတ် နိုးကြားဖြစ်ပေါ်မှုသည် ယောကျ်ားကဲ့သို့ မလွယ်ကူ။ ယောကျ်ားနှင့် ဆက်ဆံပေါင်းသင်း "အိပ်"လိုသည့် ဆန္ဒသည် လွယ်လင့်တကူ လျင်မြန်စွာ မဖြစ်ပေါ်တတ်ဟု မှတ်ယူရပေမည်။ မိန်းမအဖို့ လိင်စိတ်ဓါတ် ဖြစ်ပေါ်အောင် အားပေးနှိုးကြားပေးသည့် အခြင်းအရာများမှာ ယောကျ်ားက ကြင်နာယုယခြင်း၊ လက်ချင်းအသာအယာ ကိုင်ခြင်းကဲ့သို့ အသားချင်း တွေ့ထိခြင်း၊ နမ်းရှုတ်ခြင်း၊ ပွေ့ဖက် ပိုက်ထွေးခြင်းခံရသော မိန်းမစိတ်ဝယ် ခင်ပွန်းယောကျ်ားက ငါ့ကို လိုလားပါတကား၊ မြတ်နိုးတောင့်တ,ပါတကားဟု ဖြစ်ပေါ်ပြီး အလွန်သာယာကြည်နူးပီတိဖြစ်ရာမှ ဖို့မ ဆက်ဆံရေးတည်းဟူသော လိင်စိတ်ဓါတ်သည် တစ်ဖြည်းဖြည်း ဖြစ်ပေါ်တက်ကြွလာတတ်၏။ ယင်းအချက်ကို ဇနီးမောင်နှံ နှစ်ဦးစလုံးက သိထားသင့်၏။))

များသောအားဖြင့် မိန်းမအဖို့ လင်ယောကျ်ားနှင့် ဆက်ဆံရခြင်းမှ ရာနှုန်းပြည့် ကျေနပ်အားရ ဆန္ဒပြည့်ဝမှုသည် လက်ထပ်ပြီးပြီးချင်း မရ,ရှိတတ်ပဲ တစ်ဖြည်းဖြည်းမှ ခံစားရရှိတတ်၏။ ဤသည်ကိုလည်း စိုးရိမ်စရာ၊ စိတ်ပျက်စရာဟူ၍ အားငယ်ခြင်း မဖြစ်သင့်။ အချိန်တန်လျှင် သူ့အလိုလို ပြေလည်လာလိမ့်မည်ဟု မှတ်ယူအပ်ပါ၏။

နောက်ခြားနားချက်တစ်ခုကား မိန်းမတို့တွင် ဖို့မ ဆက်ဆံရေး စိတ်သည် အခါခပ်သိမ်း ပေါ်နေလေ့မရှိ။ အခါအားလျော်စွာ အပတ်လသိမ့် ဖြစ်ပေါ်တတ်သော သဘာဝပင်ဖြစ်၏။ ပါကာဗေဒ သဘောအားဖြင့် မိန်းမတို့၏ လိင်စိတ်ဓါတ်သည် ၎င်းတို့၏ ခန္ဓာကိုယ်အတွင်း ဖြစ်ပေါ်တည်ရှိသော ဟော်မုံး (Hormones) ဓါတ်များအပေါ် တည်ပေသည်။ မိန်းမတို့သဘာဝ လစဉ်ရာသီ ပေါ်ပြီးသည့် အချိန်မှစ၍ နောက်တစ်ကြိမ် မပေါ်မီ ကာလအတွင်း ခန္ဓာကိုယ်ထဲမှ ဟော်မုံးဓါတ်တို့သည် တစ်ချိန်နှင့် တစ်ချိန် မတူဘဲ အနည်းအများ ခြားနားလျက် ဖြစ်ပေါ်တတ်လေရာ ထို့အတူပင် ရာဂစိတ်ဖြစ်ပေါ်မှုသည်လည်း တစ်ချိန်နှင့်တစ်ချိန် မတူ ခြားနား၍ ဖြစ်ပေါ်တတ်၏။



နောက်ထပ် ခြားနားချက်တစ်ခု ရှိသေး၏။ ဇနီးမောင်နှံ ခန္ဓာကိုယ်ချင်း တွေ့ထိပေါင်းသင်းပြီးနောက် ယောကျ်ားတွင် စိတ်ပြေသည်နှင့်အမျှ ခြေကုန်လက်ပန်းကျကာ ပစ်၍ အိပ်ချင်တတ်သော်လည်း မိန်းမအဖို့မှာမူ လတ်တလော ခံစားလိုက်ရသည့် သာယာမှုအာရုံကို တမြို့မြို့ ပြန်လည်တွေးတော စိတ်ကူးယဉ် ခံစားနေချင်တတ်၏။ ဆက်လက်ပြီး တယုတယ ပွေ့ဖက် ပိုက်ထွေး ထားခြင်းကို လိုလား၏။ ထို့ကြောင့် ကိစ္စပြီး၍ ယောကျ်ားက တခေါခေါနှင့် အိပ်မောကျသွားတတ်သည့်အခါမျိုး၌ မိန်းလုပ်သူတွင် ချစ်သူအပေါ် အထင်လွဲခြင်းမျိုးပင် ဖြစ်နိုင်ပေသည်။

အကယ်၍ ဇနီးမောင်နှံနှစ်ဦးစလုံးက ဖို့မ ဆက်ဆံရေးကိစ္စကို သူတို့၏ ချစ်ခြင်းမေတ္တာ ဖော်ထုတ် ထင်ဟပ်ပြသည့် သဘာဝ အပြုအမူတစ်ခုဟု လက်ခံယုံကြည်ကြပါမူ ယင်းမောင်နှံအဖို့ လိင်ကိစ္စပြဿနာ အခက်အခဲများ ကြီးကြီးကျယ်ကျယ် ဖြစ်ပေါ်ရန် အကြောင်းမရှိတော့ဟု စိတ်ချနိုင်ပြီဖြစ်သည်။

မေး။ ။ အချို့မိန်းမများတွင် "လင်စိတ်သားစိတ်" ကုန်ခန်းနေ တတ်သည် ဆိုခြင်းမှာ မှန်ပါသလော။ ရာဂစိတ် နိုးကြားဖြစ်ပေါ်မှု မရှိသည့် အမျိုးသမီးဦးရေ များပြားပါသလော။

www.burmeseclassic.com

www.burmeseclassic.com

ပြေ။ ။ "လင်စိတ်သားစိတ်"ကုန်သည့်ဟု ဆိုခြင်းကား ဖို့မ ဆက်ဆံရေးအမှု ပြုလိုသော လိင်စိတ်မဖြစ်ပေါ်ခြင်းကိုပင် ဆိုလို၏။ ယင်းစိတ်ဓါတ်ဖြစ်ပေါ်မှု နည်းပါးသော မိန်းမ ရှိတတ်သော်လည်း ဦးရေအားဖြင့် နည်းလှပါသည်။ ယောကျ်ားနှင့် ဆက်ဆံပေါင်းသင်းလိုစိတ် လုံးလုံးကင်းသော မိန်းမမျိုးကား မရှိသလောက်ပင် ရှားပါးလှ၏။

ဤကိစ္စနှင့်ပတ်သက်၍ အမျိုးသမီးတို့တွင် ဖြစ်တတ်သော သဘာဝကို လေ့လာသုံးသပ်ကြည့်မှ သဘောပေါက်မည် ဖြစ်၏။

အချို့မိန်းမများတွင် ဖို့မ ဆက်ဆံရေးစိတ်သည် ရံဖန်ရံခါ အလိုလို ပေါ်တတ်၏။ သို့သော် ပြင်းပြင်းထန်ထန်ကြီးကား မဟုတ်ချေ။ ဖြစ်ပေါ်လာသော ရာဂစိတ်ကို ပြေငြိမ်းလိုမှု ပြင်းထန်စွာ မဖြစ်သောကြောင့် အချိန်အနည်းငယ်အတွင်း ပြန်၍လည်လျော့ပါး ချုပ်ပျောက်သွားတတ်၏။ ဤသည်ကိုပင် "လင်စိတ်သားစိတ် ကုန်ခန်းခြင်း"ဟု မှတ်ယူနေကြဟန်တူ၏။ အမှန်အားဖြင့် လိင်စိတ်ဓါတ် နိုးကြားမှု တက်ကြွပြင်းထန်ခြင်း မရှိရသည့် အကြောင်းရင်းကို လေ့လာရှာဖွေကြည့်ရမည် ဖြစ်၏။ ဖြစ်ရသည့် အကြောင်းကလည်း အမျိုးမျိုးရှိတတ်၏။ ဥပမာ–အထက်တွင် ဖော်ပြပြီးခဲ့သည့်အတိုင်း ဖို့မ ဆက်ဆံရေးစိတ် ဖြစ်ပေါ်ခြင်းကိုပင် လူကြီးမိဘများ၏ သွန်သင်ချက်ကြောင့် ရှက်စရာ ယုတ်ညံ့သော ကိစ္စမျိုးဟု စိုးရွံ့ရှက်ကြောက်ခြင်း၊ ခန္ဓာကိုယ်၏ ဇီဝဗေဒပိုင်းဆိုင်ရာ ချို့ယွင်းမှုများရှိခြင်း၊ သို့တည်းမဟုတ် လင်ယောကျ်ားလုပ်သူ ကိုယ်တိုင်က လိင်ပညာ ဗဟုသုတ မရှိခြင်းကြောင့် ဖို့မဆက်ဆံရေး အမှုကို ပြုရာ၌ ကျွမ်းကျင်မှု မရှိခြင်း စသည့် အကြောင်းများကြောင့် ဖြစ်တတ်မေသည်။ အထူးသဖြင့် အချို့ဇနီးမောင်နှံများတွင် အိပ်ယာထဲရောက်ပြီး ယောကျ်ားက စတင်မှုကြောင့် ဇနီးသည်မှာ



လိင်စိတ်နိုးကြားတက်ကြွ၍ အရှိန်မြင့်လာဆဲတွင် ယောကျ်ားမှာ ဆန္ဒပြည့်ဝ ကိစ္စပြီးသလောက် အမျိုးသမီးခမျာ လေထဲ၌ ကိုင်တွယ် စရာမရှိ။ ဟာတာတာ ဖြစ်ကျန်ရစ်ခြင်းမျိုး ကြုံရဖန် များလတ်သော် နောက်ပိုင်း၌ ထိုအမျိုးသမီးအဖို့ လိင်စိတ်ဓါတ် နိုးကြားမှာ စိုးရိမ်ကြောက်လန့်ရာမှ လင်စိတ်သားစိတ် ကုန်ခန်းသလို ဖြစ်တတ် လေသည်။

ထို့ပြင် အချို့အမျိုးသမီးသည် အိမ်ထောင်ပြုလိုက်သော်လည်း ဝဋ်သနွေ့ရှိမှာ စိုးရိမ်ပြီး ဖို့မ ဆက်ဆံရေးကိစ္စပြုလုပ်ရန်ကိုပါ ကြောက်လန့်ရာမှ လိင်စိတ်ဓါတ်နိုးကြားမှု နည်းပါးခြင်း ဖြစ်တတ် ပါသေးသည်။

အကြံပေးလိုသည်ကား ဤကိစ္စမျိုးသည် ရှက်စရာ မဟုတ်ကြောင်း ၊ အမြဲတစေ ယောကျ်ားက စတင်မှသာ မှန်ကန်သည်ဟု မယူဆသင့်ကြောင်း၊ မိမိခင်ပွန်းနှင့် နှစ်ယောက်ထဲရှိနေမှ လုံးဝ ရှက်စရာမလိုဘဲ မိန်းကလေးကိုယ်တိုင်က ဆန္ဒရှိပါလျှင် စတင်ခြင်း သည် သဘာဝကျသော အပြုအမူဟူ၍ မှတ်ယူသင့်ကြောင်း၊ အမျိုးသမီး အိမ်ထောင်ရှင်မှန်သမျှ နားလည်လက်ခံထားသင့်သည်ဟု ဆိုလိုချင် ပါသည်။

ဤသည်တို့ကား ဒေါက်တာ အေဗရာဟမ်၏ ရေးသားချက်မှ ထုတ်နှုတ်ဖော်ပြချက်အချို့ပင် ဖြစ်ပါသတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



# (၅)

# လိင်ပညာ သင်ကြားမှု အတိုင်းအတာ

ဖို့,မ ဆက်ဆံရေးဆိုင်ရာ (လိင်)ကိစ္စအကြောင်းကို ပညာ တစ်ရပ်အနေဖြင့် လေ့လာဆည်းပူးသင့်ကြောင်းကို ထပ်တလဲလဲ ရေးသားတင်ပြခဲ့ပြီးနောက် (Sex Education) လိင်ပညာ သင်ကြားရာ၌ မည်သို့မည်ပုံ လေ့လာသင်ကြားသင့်သည် အထူးသဖြင့် မည်မျှအထိ သင်ကြားသင့်သည်ဟူသော အတိုင်းအတာ သို့မဟုတ် ကန့်သတ်ချက်အကြောင်း ဆက်လက်၍ ဆွေးနွေးရမည် ဖြစ်ပေသည်။ ဤအချက်သည် အလွန်အရေးကြီးသည်ဟု မှတ်ယူ သင့်၏။

အနောက်နိုင်ငံများတွင် စာသင်ကျောင်းများ၌ လိင်ပညာ ဘာသာရပ်တစ်ခုအဖြစ် ပို့ချသင်ကြားနေကြပြီဖြစ်ရာ သူတို့ဆီမှာ ပင်လျှင် လိင်ပညာသင်ကြားမှု အတိုင်းအတာကို မည်မျှလောက်နှင့် ကန့်သတ်ထားသင့်သည်ဟူ၍ ဆွေးနွေးငြင်းခုံနေကြဆဲ ဖြစ်ပေ၏။ အချို့ဆရာမိဘအသင်း လူကြီးများကဆိုလျှင် အရွယ်မရောက် သေးသော ခလေးသူငယ်များအား ခန္ဓာကိုယ် တည်ဆောက်မှု ပါဏဗေဒနှင့် ဇီဝဗေဒဆိုင်ရာ အပိုင်းများ အခြေခံလျက် ဖိုနှင့် ကိုယ်အင်္ဂါတို့အကြောင်း၊ အရွယ်ရောက်ချိန်တွင် ခန္ဓာကိုယ်



အစိတ်အပိုင်းများ ပြောင်းလဲလာပုံ အကြောင်းမျှသာ သင်ကြားပို့ချ ပေးသင့်သည်ဟု ယူဆကြလေသည်။ ထို့ထက်ပို၍ လင်နှင့်မယား ဖို့,မ ဆက်ဆံရေးအမှု ပြုကြခြင်းအကြောင်းကိုမူ မသင်ပြဘဲ ချန်လှပ်ထားသင့်သည်ဟု ဆိုကြ၏။ သူတို့အမြင်တွင် အရွယ်ရောက် ကာနီး ကလေးသူငယ်များအား ဇနီးမောင်နှံ အိပ်ယာထဲ ပြုမူကြပုံ များအကြောင်း သင်ကြားပေးပါက နိုးကြားလုဆဲ ဖို့,မ ဆက်ဆံရေး (လိင်)စိတ်ဓါတ်ကို နှိုးဆွပေးလိုက်သလို တက်ကြွ ပြင်းထန်က မလိုလားအပ်သော မှားယွင်းမှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြ လေသည်။

သို့ရာတွင် ဆရာဝန်ကြီးများနှင့် ပါဏဗေဒ ပညာရှင်များကမူ လိင်ပညာ သင်ကြားပို့ချပေးရာတွင် အရေးအကြီးဆုံး အပိုင်းဖြစ်သော ဖိုနှင့်မ ဆက်ဆံရေးကိစ္စကို ချန်မထားသင့်။ သိပ္ပံပညာရပ်တစ်ခု သင်ကြားပို့ချပေးသကဲ့သို့ စနစ်တကျ ညွှန်ပြသွန်သင်ခြင်းသည် သာလျှင် မှန်ကန်သည်ဟု ဆိုကြပြန်လေသည်။ ယောကျ်ားနှင့်မိန်းမ ဖို့,မ ဆက်ဆံရေးကိစ္စသည် သဘာဝအကျဆုံး အပြုအမူတစ်ခုပင်ဖြစ်၍ ရှက်စရာ ရွံ့စရာ ယုတ်မာညစ်ညမ်းသော အပြုအမူမျိုး မဟုတ်ကြောင်း ကို သိမြင်နားလည်လာအောင် အခြေခံထား သင်ကြားပေးခြင်းအားဖြင့် ကျောင်းသူ၊ ကျောင်းသားများ၏ စိတ်ကို ညစ်ညမ်းစွာ တွေးခေါ်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဟုပင် ဆိုကြပေသည်။

အမှန်တော့ ယင်းကိစ္စတွင် သင်ကြားပို့ချသည့် အပိုင်းကို တာဝန်ယူရသော ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များသာမက ကျောင်းသူ၊ ကျောင်းသားတို့၏ မိဘများသည်လည်း တာဝန်ရှိပြီး သင်ကြားမှု အတိုင်းအတာ သတ်မှတ်ရေးတွင် ပါဝင်အကြံပေးနိုင်ခွင့် ရှိသင့်ပေ၏။ တချိန်က လူရှေ့သူရှေ့.. ဖွင့်ဟဆွေးနွေးပြောဆိုခြင်းပင် မပြုကြသော လိင်အကြောင်းကို ဘာသာရပ်တစ်ခုအဖြစ် စာသင်ခန်းအတွင်း ဆရာ, ဆရာမတို့က ဖြောင့်ဖွင့်ဆွေးနွေး သင်ကြားရမည် ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် သင်ကြားမှု အဆိုင်းအတာကို ရှုထောင့်အဖက်ဖက်မှ ကျေလည်အောင် ဆွေးနွေးဆုံးဖြတ်ခြင်းသည် မှန်ကန်သင့်လျော်သည်ဟု ဆိုရပေမည်။

အချို့နိုင်ငံများ၌ ကျောင်း၏အခြေအနေ ကျောင်းသူကျောင်းသားများ၏ အမျိုးအစားကိုကြည့်၍ ဆုံးဖြတ်သတ်မှတ်လေ့ရှိကြ၏။ ကျောင်းသူချည်းနေရသော မိန်းကလေးကျောင်း၊ ကျောင်းသားချည်းနေရသော ယောကျ်ားကလေးကျောင်း၊ ယောကျ်ားကလေးရော မိန်းကလေးပါ ရောနှောလက်ခံ သင်ကြားသောကျောင်းဟူ၍ သုံးမျိုးသုံးစား ရှိတတ်ကြသဖြင့် ကျောင်းအမျိုးအစားအလိုက် လိင်ပညာ သင်ကြားမှု အတိုင်းအတာနှင့် တကွ သင်ရိုးညွှန်းတမ်းကို သတ်မှတ်ပြဋ္ဌာန်းသင့်သည်ဟု ဆုံးဖြတ်တတ်ကြလေသည်။ တစ်ကျောင်းနှင့်တစ်ကျောင်း လိင်ပညာ သင်ကြားပေးပုံဘာသာရပ် အနည်းအများ စသည်တို့၌ မတူဘဲ ကွာခြားနေသည့်စနစ်မျိုးပင် ဖြစ်လေသည်။

မိန်းကလေးကျောင်း၊ ယောကျ်ားကလေးကျောင်းဟူ၍ သီးခြားခွဲထားသော ကျောင်းများအတွက် သင်ကြားပို့ချမှုသည် ခက်ခဲခြင်း မရှိဟု ဆို၏။ လိင်ပညာ သင်ကြားပို့ချရာတွင် မိန်းမလေးကျောင်းအတွက် ဆရာများ ရွေးချယ်ထားရှိပြီး သင်ကြားစေခြင်းအားဖြင့် တပည့်နှင့်ဆရာ မျက်နှာပူခြင်း၊ ရှက်ခြင်း မဖြစ်တော့ဘဲ ပွင့်ပွင့်လင်းလင်း ပြောဆိုသင်ကြားနိုင်၏။ ဤသည်မှာလည်း သဘာဝကျသည်ဟု ဆိုရပေမည်။ မိန်းကလေးများ အရွယ်ရောက်လာချိန်တွင် ဓမ္မတာရာသီသွေးပေါ်ပုံ၊ သားအိမ်၌ သန္ဓေတည်ခြင်း စတင်ဖြစ်ပေါ်ပုံ အကြောင်းများကို ကျောင်းသူများအား ယောကျ်ားဆရာတစ်ဦးက သင်ကြားပြသနေလျှင် မိန်းကလေးများမှာ မျက်နှာအထားရခက်နေမည်မှာ အမှန်ဖြစ်၏။ ထိုနည်းတူစွာပင် ယောကျ်ားကလေးကျောင်းတစ်ကျောင်း၌ အမျိုးသမီး ဆရာမတစ်ဦးက



ယောကျ်ားများတွင် ကာလသားရောဂါ ဖြစ်ပွားပုံ၊ ပြည့်တန်ဆာမများနှင့် ပျော်ပါးခြင်းကြောင့် ဂိုနိုရီယား၊ ဆစ်ဖလစ်ရောဂါ ဖြစ်ပွားနိုင်ပုံ စသည်တို့ကို သင်ကြားပို့ချပေးရမည်ဆိုလျှင် ဆရာမတွင် မျက်နှာပူရသလို ကျောင်းသားများတွင် အနေခက်မည် ဖြစ်ပေသည်။

မိန်းကလေးများနှင့် ယောကျ်ားကလေးများကို ခွဲခြားထားသည့် သီးသန့်ကျောင်းများ၌ လိင်ပညာပေး သင်တန်းများ၏ သင်ရိုးညွှန်းတမ်းကိုလည်း တပည့်များကိုလိုက်၍ ခွဲခြားပြဋ္ဌာန်းပေးနိုင်ကြပေသည်။ အခြေခံအားဖြင့် ခန္ဓာကိုယ်၏ ပါဏဗေဒ အပိုင်း၊ သဘာဝအလျောက် ပြောင်းလဲလာတတ်ပုံများ၊ အရွယ်ရောက်ပြီးနောက် ဖြစ်ပေါ်နိုင်သော ရောဂါများ၊ မလိုလားအပ်သော လိင်အပြုအမူများ (ဥပမာ–မိမိကိုယ်တိုင် တစ်ယောက်တည်း ရာဂစိတ် ပြေငြိမ်းအောင် ကြံဆောင်အားထုတ်ခြင်းမျိုး) စသည်တို့အကြောင်းကို လိင်စိတ်ခါတ်နှိုးဆွပေးမှုသဘော လုံးဝမသက်ရောက်စေဘဲ နက်နဲသော သိပ္ပံပညာရပ်တစ်ခုအဖြစ် တည်တည်ခန့်ခန့် သင်ကြားပို့ချပေးကြလေသည်။ ဤနည်းသည် မိန်းကလေးရော ယောကျ်ားကလေးပါ သင်ကြားပို့ချပေးနိုင်သောနည်းပင် ဖြစ်၏။

မိန်းကလေးနှင့်ယောကျ်ားကလေးများ အတူ ပညာသင်ကြားရသည့် ကျောင်းများ (မြန်မာနိုင်ငံရှိ အ–ထ–က ကျောင်းမျိုး)အတွက်ကိုမူ လိင်ပညာဆိုင်ရာ ဗဟုသုတများ ပို့ချပေးရာ၌ သင်ရိုးညွှန်းတမ်းကို သတ်မှတ်ရ မလွယ်ကူလှချေ။ ကျောင်းသူနှင့်ကျောင်းသားများ အတူထိုင်နေကြသည့် စာသင်ခန်းတစ်ခန်းထဲ၌ ဆရာက ဟောပြောပို့ချနိုင်မည့် သင်ခန်းစာမျိုး ရွေးရပေမည်။

ဖို့မ ဆက်ဆံရေးဆိုင်ရာ လိင်ပညာ လေ့လာဆည်းပူးရာ၌ အရေးကြီးသည်ကား လေးနက်မှုပင်ဖြစ်၏။ အကြောင်းရပ်က ယောကျ်ားနှင့်မိန်းမ အိမ်ထောင်ပြုပြီးသည့်အခါ တွေ့ကြုံရမည့်

www.burmeseclassic.com

www.burmeseclassic.com

အပြုအမူများအကြောင်း ပါရှိသဖြင့် လှောင်ပြောင် သရော်ချင်သူများလည်း ရှိကောင်းရှိပေမည်။ ညစ်ညမ်းသောကိစ္စဟူသော အယူအဆကို ဖျောက်မရသူများလည်း ရှိပေလိမ့်မည်။ ဤကား မှားယွင်းသော သဘောထားများပင်ဖြစ်၏။ သည်လိုသဘောထားမျိုးကြောင့် လိင်ပညာ လေ့လာမှုအပေါ် လေးနက်မှု မရှိဘဲ ပေါ့ပေါ့တန်တန် ဖြစ်တတ်ခြင်းကို သတိပြုရန်လို၏။

ဖို့,မ ဆက်ဆံရေး လိင်ကိစ္စကို တကယ့်သိပ္ပံပညာဘာသာရပ် တစ်ခုအဖြစ် တည်ကြည်လေးနက်စွာ လေ့လာထားရန် စိတ်ထားမျိုး ထားရှိနိုင်လျှင်ကား လှောင်ပြောင်သရော်လိုသောစိတ်၊ ရှက်စရာ ညစ်ညမ်းသောကိစ္စဟု ယူဆသည့်စိတ်များသည် အလိုလို ပ,ပျောက်သွားကာ လေ့လာသူ၏စိတ်သည် ကြည်လင်သန့်ရှင်း လာမည် ဖြစ်ပေသည်။ဤသို့စိတ်ထားမျိုး ရှိလာအောင်လည်း ကြိုးစားဖန်တီးယူရမည် ဖြစ်၏။ ကြည်လင်သန့်ရှင်းသော စိတ်နှင့် လေးလေးနက်နက် လေ့လာဆည်းပူးလိုသောစိတ်မျိုး မွေးနိုင်လျှင်ကား လိင်ပညာ သင်ကြားရေးအတွက် လျော်ကန်သင့်မြတ်သော အခြေအနေမျိုးရှိပြီဟု မှတ်ယူရပေမည်။

ယခုအခါ အနောက်နိုင်ငံထုတ် ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင် များ၌ လိင်ပညာပေး ဆောင်းပါးများ ထည့်သွင်းဖော်ပြနေခြင်းကို မည်သူကမှ ညစ်ညမ်းသောစာပေဟု ရှုတ်ချပြစ်တင်ခြင်း မပြုကြသည့်မှာလည်း စာဖတ်ပရိသတ် ပြည်သူအများကိုယ်တိုင် ဖို့,မဆက်ဆံရေး (လိင်)ကိစ္စအပေါ် လေးနက်သန့်ရှင်းသော သဘောထား မှန်ကန်မှုကြောင့်ပင် ဖြစ်ပေသည်။

ဤသို့လျှင် လိင်ပညာ လေ့လာသင်ကြားရေးအပေါ် လေးနက်မှန်ကန်သော သဘောထား ရှိကြ၍လည်း သူတို့နိုင်ငံများတွင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပြဿနာ မပေါ်ဘဲ ချောမောပြေပြစ် နေကြခြင်းဖြစ်၏။



သဘောထား အယူအဆ မှန်ကန်နေပြီ ထားပါစို့။ အခြေအနေပေးပြီ ဆိုပါစို့။ လိင်ပညာသင်ကြားမှု အတိုင်းအတာကို မည်သို့သတ်မှတ် ပြဋ္ဌာန်းရပါမည်နည်း။

ဤနေရာတွင် နိုင်ငံခြားမှ ပညာရှင်များ သဘောတူညီကြသည်ကား သင်ကြားလေ့လာသူ၏ အသက်အရွယ်၊ အခြေအနေ တို့အရ ဖို့,မ ဆက်ဆံရေး(လိင်)ကိစ္စကျယ်ပြန့်မှု အတိုင်းအတာကို ကန့်သတ်သင်ကြားပေးသင့်သည်ဟူသော အချက်ပင် ဖြစ်၏။ ဥပမာ–အရွယ်မရောက်သေးသူ ကျောင်းသား ၊ကျောင်းသူများအား လက်ထပ်အံ့ဆဲဆဲ သတို့သမီး၊ သတို့သားလောင်းတို့ သိသင့်သိထိုက်သော ကိစ္စအားလုံး မချန်မလှပ် သင်ပြပေးခြင်းငှာ မသင့်သေးဟု ယူဆကြပေသည်။

တဖက်တွင်မူ ထိမ်းမြားလက်ထပ်ရန် ဆုံးဖြတ်ပြီးသော မိန်းကလေး၊ယောကျ်ားကလေးများ အနေဖြင့်ကား ဖို့,မ ဆက်ဆံရေး ကိစ္စနှင့်ပတ်သက်၍ အကြောင်းအချက် စုံလင်အောင် လေ့လာသင့်ကြသည်ဟု ဆိုပေသည်။ အထူးသဖြင့် နဂိုက လိင်ပညာ ဗဟုသုတ မရှိသူများ၊ လိင်ပညာပေး စာအုပ်စာတမ်းတွေ မဖတ်ဖူးသူများဆိုလျှင် ပို၍ပင် လိုအပ်၏။ သူတို့၏ အိမ်ထောင်ရေး သာယာအဆင်ပြေမှုသည် သူတို့၏ လိင်ကိစ္စအကြောင်း နားလည် ဗဟုသုတ ရှိမှုအပေါ် တိုက်ရိုက် တည်ရှိနေသောကြောင့်ပင် ဖြစ်ပေသည်။

ထိမ်းမြားလက်ထပ်ပြီးသည်နှင့် ဇနီးမောင်နှံအဖြစ် နှမ်းတွေ့၊ ဒူးတွေ့ ၊တွေ့ရတော့မည်ဖြစ်သော ဖို့,မ ဆက်ဆံရေးကိစ္စကို မည်သို့မှ ရှောင်လွှဲ၍ မရသဖြင့် လိင်ပညာ သင်ကြားမှုကို လင်နှင့်မယား သိသင့်သိထိုက်သမျှ ကိစ္စအားလုံးပါဝင်သည့် အတိုင်းအတာထိအောင် လေ့လာမှသာ သင့်လျော်မည် ဖြစ်သည်ဟု မှတ်ယူကြရာ၏။

ယင်းသို့ လေ့လာနားလည်မှု မရှိသဖြင့် လက်ထပ်ပြီးခါမှ ဇနီးမောင်နှံအဖြစ် ဖို့,မ ဆက်ဆံရေးတွင် စိတ်တိုင်းမကျ ဖြစ်ကာ

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ပြုရသည်ကိုပင် စိတ်ပျက်ငြီးငွေ့သလို ဖြစ်ရသော ချစ်သူစုံတွဲများ ရှိတတ်ကြလေသည်။ အမှန်တော့ သူတို့သာ လိင်ပညာဆိုင်ရာ ဗဟုသုတ အသင့်အတင့်ရှိလျှင် ဤသို့ဖြစ်စရာ အကြောင်း မရှိပေ။

လိင်ပညာ သင်ကြားမှု အတိုင်းအတာနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ကောင်းသော အချက်တစ်ချက် ရှိပါသေး၏။ ၎င်းမှာ လက်ထပ်ပြီးသော ဇနီးမောင်နှံများအနေဖြင့် ဖို,မ ဆက်ဆံရေးဆိုင်ရာ လိင်ပညာအကြောင်း မလေ့လာသင့်ပါသလော။ သို့ဖြစ်ပါမူ မည်သည့်အတိုင်းအတာဖြင့် လေ့လာသင့်ပါသနည်း ဟူသော အချက်ပင် ဖြစ်၏။

ယင်းမေးခွန်းများကို အမှန်အတိုင်း ဖြေရပါမူ အိမ်ထောင်ရှင် ဇနီးမောင်နှံများသည်လည်း လိင်ပညာကို လေ့လာသင့်သည်ဟု သာ ဖြေရမည်ဖြစ်၏။ ဤသို့ဆိုရခြင်းမှာလည်း အကြောင်းရှိပေသည်။ ဖော်ပြခဲ့ပြီးသည့်အတိုင်း ဖို,မ ဆက်ဆံရေးကိစ္စကို သိပ္ပံပညာ တစ်ရပ်အဖြစ် အမြဲတစေ သုတေသနပြု လေ့လာနေသူများရှိလေရာ ယင်းပညာရှင်တို့၏ နောက်ထပ်ရှာဖွေတွေ့ရှိချက်များကို အခါ အားလျော်စွာ ထုတ်ဖော်ရေးသားအပ်သော ဆောင်းပါးများ စာအုပ်စာတမ်းများတွင် ယခင်က မသိသေးသည့် ဗဟုသုတ များရှိတတ်၏။ အဆိုပါ တွေ့ရှိချက်အသစ်များ ပညာရှင်တို့၏ အကြံပေး ညွှန်ကြားချက်များ စသည်တို့ကို ဖတ်ရှုလေ့လာခြင်းအားဖြင့် အိမ်ထောင်ရှင်များအဖို့ ဗဟုသုတ တိုးကာ သူတို့၏ အိမ်ထောင်ရေး ဘဝကို သာယာအဆင်ပြေစေရန်များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့်လက်ထပ်ပြီး ဇနီးမောင်နှံများသည်လည်း လိင်ပညာနှင့်ပတ်သက်သော စာအုပ်စာတမ်း၊ စာပေဗဟုသုတများကို ဆက်လက်လေ့လာခြင်းသည် လျော်ကန်သင့်မြတ်ကြောင်း အကြံပေး ရေးသားရခြင်း ဖြစ်ပေသည်။



လက်ထပ်ထိမ်းမြားအံ့ဆဲဆဲ ချစ်သူမောင်နှံတို့ အဖို့ကား လိင်ပညာလေ့လာသင်ကြားမှု အတိုင်းအတာသည် အထူးအရေးကြီး ပသည်။ အိမ်ထောင်ပြုပြီးနောက် "ပျော်ရွှင်စွာ ပေါင်းသင်း နေထိုင်ကြလေသတည်း" ဟူသော စိတ်ကူးယဉ်ချက်ကို အကောင် အထည်ဖော်ရန်မှာ ချစ်သူနှစ်ဦး လိင်ကိစ္စ ဗဟုသုတရှိမှု၊ နားလည် ကျွမ်းကျင်မှုအပေါ် များစွာတည်နေတတ်ကြောင်း သိရှိထား သင့်ကြပေသည်။

ဖြစ်သင့်သည်ကား အိမ်ထောင်ပြုပါတော့မည်ဟု တိတိကျကျ စိတ်ပိုင်းဖြတ်ပြီးသည့်နောက် လက်လှမ်းမီရာ လိင်ပညာပေး စာရွက်စာတမ်း၊ ဂျာနယ်မဂ္ဂဇင်း၊ ဆောင်းပါးများကို ရနိုင်သလောက် ရှာဖွေ၍ ဖတ်ရှုလေ့လာသင့်၏။ ယင်းလိင်ပညာပေးစာပေများကို ချစ်သူဇနီးမောင်နှံနှစ်ဦးစလုံးက ဖတ်ရှုသင့်သည့်အပြင် ဖတ်ပြီးသမျှ အချက်အလက်များကို နှစ်ယောက်သား ပြန်လှန်ပြောဆိုခြင်း၊ ဆွေးနွေးခြင်းတို့လည်း ပြုလုပ်သင့်ပါသေးသည်။ ဆွေးနွေးပြောဆို ခြင်း၏ အကျိုးကား စာအုပ်ဖတ်၍ ရုတ်တရက် မရှင်းလင်း၊ နားမလည်နိုင်သော အချက်အလက်များ ပြန်လည်သုံးသပ်ခြင်းအားဖြင့် စာရေးသူ၏ ဆိုလိုရင်း အာဘော်ကို တဖြည်းဖြည်း သဘောပေါက် နားလည်လာနိုင်ခြင်းပင် ဖြစ်ပေသည်။ ထို့မျှမကသေး။ စာအုပ်၌ ညွှန်ပြထားသော ဖို,မ ဆက်ဆံရေးကိစ္စများ နည်းနာနိဿယများကိုလည်း နှစ်ယောက်သား ဆွေးနွေးသုံးသပ်ပြီး မိမိတို့နှင့် ကိုက်ညီမည့် အချက်များကို ရွေးချယ်ဆုံးဖြတ်နိုင်၏။ ဤအချက်သည် အရေးကြီးပေသည်။ ထိမ်းမြားလက်ထပ်ရန် ဆုံးဖြတ်ပြီးသူများ အနေဖြင့် လိင်ပညာ သင်ကြားမှု အတိုင်းအတာသည် အကန့်အသတ် မရှိတော့သလောက် ဖြစ်သွားခြင်းကြောင့် ဖို,မ ဆက်ဆံရေး ကိစ္စနှင့် စပ်လျဉ်း၍ ဘာသာရပ်အစုံ၊ ရှုထောင့်အဖုံဖုံကို လေ့လာကြတော့မည် ဖြစ်ရာ မိမိတို့က လိုက်နာကျင့်သုံးသင့်သည်တို့ကို ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ် ရန် လိုလာ၏။ ဥပမာ– လင်နှင့်မယားတို့ သဘာဝအတိုင်း ဖိုနှင့်မ မေထုန်မှီဝဲခြင်းအမှုကို ပြုခြင်းနှင့်ပတ်သက်၍ လိင်ပညာစာအုပ်များ၌ နိုင်ငံခြားတွင် လိုက်နာကျင့်သုံးနေကြသည့် နည်းအမျိုးမျိုးကို ဖော်ပြထားတတ်၏။ ယင်းနည်းများအနက် မိမိတို့နှင့် သင့်လျော်ကိုက်ညီမည့် နည်းများကို သေချာစွာ စိစစ်ရွေးချယ်ရပေမည်။ ဤကိစ္စတွင် အနောက်နိုင်ငံများနှင့် မြန်မာပြည်ကဲ့သို့ အရှေ့တိုင်းနိုင်ငံများမှ ဇနီးမောင်နှံများ အကြိုက်ချင်း မတူကြသလို သင့်လျော်ကိုက်ညီမှုခြင်းလည်း ကွာခြားနေတတ်၏။ သူတို့ဆီက ရာသီဥတု အခြေအနေ၊ ယဉ်ကျေးမှု အစဉ်အလာ ရိုးရာစရိုက်စသည်တို့ကို ထည့်သွင်းစဉ်းစားကာ ရွေးချယ်ဆုံးဖြတ်ရမည် ဖြစ်ပေသည်။

တဖန် လက်မထပ်မီက လုံးဝ မလေ့လာဘူး၍ ဗဟုသုတ မရှိကြသော ဇနီးမောင်နှံတို့ဆိုလျှင် အိမ်ထောင်ကျပြီးနောက် လိင်ပညာလေ့လာမှုကို အထူးတလည် ဂရုစိုက် ကြိုးစားသင့်ပေသည်။ အိမ်ထောင်မှုသုခ အပြည့်အဝ ခံစားရရှိနိုင်ရေးအတွက် ဤသို့ လေ့လာမှုလည်း ဖြောင့်ဖြူးသာယာနိုင်မည် ဖြစ်ပေသည်။ ဤကိစ္စမျိုးသည် ရှက်စရာ မဟုတ်။ ညစ်ညမ်းသည်မဟုတ် ဟူ၍ကား လက်ခံကြရမည် ဖြစ်ပေသည်။

လိင်ပညာသင်ကြားမှု အတိုင်းအတာသည် ပုံသေကားချ သတ်မှတ်၍ မရနိုင်သော ကိစ္စတစ်ခုဖြစ်ကြောင်း ထင်ရှားပေါ်လွင်လောက်ပေပြီ။ အချုပ်အားဖြင့် လိင်ပညာလေ့လာရာတွင် အတိုင်းအတာဟူသည် သင်ကြားမည့်သူ၏ အခြေအနေ အရပ်ရပ်ကိုမူတည်၍ သင့်လျော်သလို ကန့်သတ်ဆုံးဖြတ်ခြင်း သည်သာလျှင် အကောင်းဆုံးဟု ဆိုနိုင်ပါသတည်း။

❖ ❖ ❖



# (၆)

# အချစ်နှင့် လိင်စိတ်ဓာတ်

အိမ်ထောင်ရေးတွင် အချစ်သည် အရေးပါလှသော အဓိကအချက်ဖြစ်ကြောင်းကို ဤစာအုပ် အခန်း (၂) ၌ အကျယ်တဝင့် ဖော်ပြခဲ့ပြီးဖြစ်၍ သာယာချမ်းမြေ့သော အိမ်ထောင်ရေး တည်ဆောက်ရန် အချစ်သည် အခြေခံအုတ်မြစ်သဖွယ် ဖြစ်သည်ကို ထင်ရှားလောက်ပြီဟု ယူဆရပေသည်။

ယခုတစ်ဖန် အချစ် (Love) နှင့် လိင်စိတ်ဓာတ် (Sex) တို့သည် မည်သို့ဆက်စပ်နေပုံ၊ အချစ်ဟူသည် ဖို့မ ဆက်ဆံရေး (Sex) ကိစ္စ၊ အဓိကဲ ဟုတ်၊မဟုတ်။ အချစ်နှင့် ရာဂစိတ် (Passion) တိုက်ရိုက်သက်ဆိုင်မှု ရှိ၊မရှိ။ ချစ်သူမောင်နှံတို့တွင် တစ်ဦးပေါ် တစ်ဦး အလွန်ချစ်မြတ်နိုးနေချိန်ဝယ် လိင်စိတ်ဓာတ်အဖြစ်သို့ ရှိတတ်ပုံ၊ ရှိသင့်ပုံ စသော အချက်အလက်များကို ဤအခန်းတွင် ဆက်လက်၍ ဆွေးနွေးတင်ပြသွားရန် ရည်ရွယ်ပေသည်။

ရှေးဦးစွာ ပါဏဗေဒ ပညာသဘောအရ လေ့လာသုံးသပ်ကြည့်သင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် လူအပေါ်အဝင် သတ္တဝါ

www.burmeseclassic.com

www.burmeseclassic.com

မှန်သမျှ ပါဏဗေဒဆိုင်ရာ သဘာဝဖြစ်ရပ် သို့မဟုတ် ဥပဒေများကို လွန်ဆန်၍မရ။ ပါဏဗေဒ သဘောဖြင့် ဖြစ်ပေါ်လာခြင်းများကို မည်သို့မှ မတွန်းလှန်နိုင်သောကြောင့်ပင်တည်း။

ပါဏဗေဒ ပညာရှင်များအဆိုအရ လူသားတို့တွင် သဘာဝ အလျောက် ဖြစ်ပေါ်လာသော တောင့်တမှုများ (အစာအာဟာရ ဆာလောင်မွတ်သိပ်ခြင်းကဲ့သို့) အလိုဆန္ဒများအနက် ဖို,မ ဆက်ဆံရေးဆိုင်ရာ လိင်စိတ်ဓာတ် (Sex Urge) သည် အပြင်းထန်ဆုံးသော တောင့်တမှုတစ်ခု ဖြစ်သည်ဟုဆို၏။ လိင်စိတ်ဓာတ်ဆိုသည်မှာ မြန်မာတို့ ဆိုရိုးစကားနှင့်ပြောရသော် ကာမဂုဏ်အာရုံ ခံစားလိုသော စိတ်ဓာတ်ပင် ဖြစ်လေသည်။

ယင်းအချက်ကို လူတို့၏ ခန္ဓာကိုယ်ပြောင်းလဲမှုကပင် သိသာထင်ရှားစေပေသည်။ အရွယ်ရောက်လာချိန်တွင် ယောက်ျားကလေး မိန်းကလေးတိုင်း၏ ခန္ဓာကိုယ် အစိတ်အပိုင်း ပြောင်းလဲလာသည်နှင့်အမျှ ဆန့်ကျင်ဘက်လိင်ကို တောင့်တ,တပ်မက်လိုစိတ် ဖြစ်ပေါ်လာသည်မှာ လိင်စိတ်ဓာတ်ပင်ဖြစ်၏။ ယင်းစိတ်သည် ကမ္ဘာဦးအခါ (ယဉ်ကျေးမှုသမိုင်း မစမီခေတ်) ကပင် လူသားတို့နှင့်အတူ ထက်ကြပ်မကွာ ဖြစ်ပေါ်တည်ရှိခဲ့သည်ဖြစ်ရာ ဆန့်ကျင်ဘက်လိင်နှင့် ပေါင်းသင်းရေးကို တောင့်တ,တပ်မက်သော လိင်စိတ်ဓာတ်ကို လူတို့၏ သဘာဝ အကျဆုံးစိတ်ဟူ၍ ဆိုနိုင်ပေ၏။

အနောက်နိုင်ငံမှ သမိုင်းဦးခေတ်လူများအကြောင်း လေ့လာသူများက ရှေးခေတ်လူသား (ယောက်ျား) တို့သည် ခန္ဓာကိုယ် သွေးသားတောင့်တမှုကြောင့် မေထုန်မှီဝဲရန်အလို့ငှာ မိန်းမများကို ရိုက်နှက်ဖမ်းဆီး၍ သိမ်းပိုက်လေ့ရှိကြကြောင်း။ တစ်ယောက် လက်ဝယ်ရှိ မိန်းမကို အခြားယောက်ျားတစ်ဦးက လာရောက်လုယူလျှင် မူလပိုင်ရှင်က ခုခံသတ်ပုတ်တတ်ကြောင်း စသဖြင့် လူတို့တွင်



လိင်စိတ်ဓာတ်၏စေ့ဆော်မှု ပြင်းထန်ပုံကို ရေးသားဖော်ပြခဲ့ကြပေသည်။

ဤသည်ကို သဘာဝ မျိုးဆက်ပြန့်ပွားရေးအတွက် စေ့ဆော်ဆေဖန် ပေးအပ်သော သတ္တဝါတို့အလျောက် ဖြစ်ပေါ်သည့်စိတ်ဟု ဆိုချင်ဆိုနိုင်ပါ၏။ ယင်းစိတ်မျိုးသည် တိရစ္ဆာန်အပါအဝင် သတ္တဝါမှန်သမျှတွင် ရှိကြသည်ချည်း ဖြစ်ပေသည်။ ခပ်ရိုင်းရိုင်း ပြောသည်ဟု ဆိုချင်ဆို၊ ပွင့်လင်းစွာ ပြောရပါမူ တိရစ္ဆာန်စိတ်ဟုပင် ခေါ်နိုင်ပါ၏။ တိရစ္ဆာန်များ အချိန်တန်လျှင် အထီးနှင့်အမ မိတ်လိုက်လိုသော ဆန္ဒ အလိုလိုပေါ်သကဲ့သို့ လူသည်လည်း အရွယ်ရောက်လာလျှင် ဆန့်ကျင်ဘက်လိင်ကို တောင့်တသော ရာဂစိတ် ဖြစ်ပေါ်သည် မဟုတ်ပါလော။

မည်သို့ပင်ဖြစ်စေ၊ လူသား ဖို,မ ဆက်ဆံရေးဆိုင်ရာ လိင်စိတ်ဓာတ်သည် ပြင်းထန်သော အာရုံတစ်ခု ဖြစ်ကြောင်းကိုကား ငြင်း၍မရပေ။ သို့သော် သဘာဝအလျောက် ပြင်းထန်သော ယင်းစိတ်ဓာတ်ကို လူတို့၏ အသိဉာဏ် (ဝါ) စဉ်စားဆင်ခြင်တတ်သော အသိဉာဏ်က ထိန်းချုပ်၍သာ လူသားတို့သည် တိရစ္ဆာန်များလို စည်းလွတ်ကမ်းလွတ် မရမ်းကြဘဲနေခြင်း ဖြစ်ပေသည်။

ယင်းစဉ်းစားဆင်ခြင်တတ်သောဉာဏ် (Intelligence) ကပင်လျှင် လူတို့အား တိရစ္ဆာန်များနှင့် မတူသော ထူးခြားချက် တစ်ခုခုကို ဖန်တီးပေးခဲ့ပြန်လေသည်။ ၎င်းကား လူသားတို့တွင် ဆန့်ကျင်ဘက်လိင်နှင့် ချစ်ခင်မြတ်နိုးခြင်း၊ တွယ်တာခြင်းတည်း ဟူသော အချစ်စိတ်ပင်ဖြစ်၏။ ဤနေရာတွင် "အချစ်" ဟူသော ဝေါဟာရကို ထပ်ဆင့်ရှင်းရန် လိုပေလိမ့်မည်။ ချစ်ခြင်းမေတ္တာဟု မြန်မာတို့ သုံးစွဲနေကျ စကားက ကျယ်ပြန့်လှပါ၏။ မိဘက သားသမီးတို့ကိုချစ်ခြင်း ညီအစ်ကို မောင်နှမချင်း ချစ်ခင်တွယ်တာခြင်း

www.burmeseclassic.com

www.burmeseclassic.com


စသော (၅၂၈) သွယ်သော မေတ္တာနှင့် လင်နှင့်မယား သို့မဟုတ် သမီးရည်းစားတည်းဟူသော ဖိုနှင့်မ ဆန့်ကျင်ဘက်လိင်ချင်း ချစ်ကြိုက်ကြသည့် (၁၅၀၀) ကိလေသာနှင့်ယှဉ်သည့် အချစ်ဟူ၍ ခွဲခြားထားပုံကို မြန်မာလူမျိုးတို့သိပြီး ဖြစ်ကြပေသည်။ ယခုစာအုပ်တွင် ဆွေးနွေးတင်ပြလိုသော အချစ်မှာ ပထမအမျိုးအစား (၅၂၈) သွယ်သော မေတ္တာမဟုတ်ဘဲ ဒုတိယအမျိုးအစား ဖိုနှင့်မ ချစ်ခင်တပ်မက်ကြသည့် ထောင့်ငါးရာ ကိလေသာ အချစ်သာလျှင် ဖြစ်ပေသည်။ အကြောင်းမူကား ဤဒုတိယအမျိုးအစား အချစ်သည်သာလျှင် ဖို့မ ဆက်ဆံရေးဆိုင်ရာ လိင်စိတ်ဓာတ်နှင့် ဆက်စပ်ဒွန်တွဲလျက် ရှိသောကြောင့်ပင်တည်း။

သို့ဖြစ်လင့်ကစား သမီးရည်းစား၊ သို့မဟုတ် ဇနီးမောင်နှံတို့ တစ်ဦးကိုတစ်ဦး ချစ်ကြခြင်းတွင် လိင်စိတ်ဓာတ်သည် အဓိက မဟုတ်ဟု ဆိုသူများ ရှိနေကြပေသည်။ သူတို့အဆိုအရ အချစ်သည် အလွန်မွန်မြတ်ပြီး အဆင့်အတန်း မြင့်သည်။ ဖို့မ ဆက်ဆံရေးနှင့် ပတ်သက်သော လိင်စိတ်ဓာတ်က အဆင့်အတန်း နိမ့်သည်။ ယုတ်ညံ့သည်ဟု ဆိုချင်ကြ၏။ သိပ္ပံပညာ ရှုထောင့်မှနေ၍ ဝေဖန်ရမည် ဆိုလျှင် ယင်းအဆိုသည် 'အချစ်' ကို အမှန်းတင်လိုသော ဆန္ဒလွန်ကဲမှုဖြင့် စိတ်ကူးယဉ်ခြင်းသာဖြစ်သည်ဟု ဆိုရပေမည်။ ဇနီးမောင်နှံတို့၏ အချစ်တွင် စေ့ဆော်တိုက်တွန်းမှု အင်အားကို အများဆုံး ဖြစ်စေသည်ကား လိင်စိတ်ဓာတ်ပင် ဖြစ်၏။ စင်စစ် သူတို့၏ အချစ်သည် ဖိုနှင့်မ တစ်ဦးကိုတစ်ဦး လိုချင်တပ်မက်သည့် လိင်စိတ်ဓာတ်ကြောင့် ပိုမိုအားကောင်းသော တွယ်တာမှု၊ တစ်ယောက်နှင့်တစ်ယောက် နီးစပ်လိုမှုများကြောင့် ပြင်းထန်လာတတ်ပေသည်။ 'ကြားလေသွေးရင် ဝေးတယ်ထင်ရ' စသော အချစ်ဘွဲ့ စာဆိုများသည်ပင်လျှင် 'လိင်' စိတ်ဓာတ်ကို ယဉ်ကျေးစွာ ဖုံးကွယ်ထားခြင်း ဖြစ်ပေသည်။

ဤအချက် ပေါ်လွင်စေရန် တစ်ဦးနှင့်တစ်ဦး အသက်ပေး ချစ်ပါသည်ဆိုသော သမီးရည်းစား ချစ်သူနှစ်ဦးတို့၏ စိတ်ကို လေ့လာသုံးသပ်ကြည့်ပါစို့။ လုလင်ပျိုနှင့် လုံမပျိုတို့သည် တစ်ယောက်နှင့်တစ်ယောက် သဘောတူဖွင့်ဟ မချစ်ကြမီ မျက်စိဖြင့် မြင်ရသော အဆင်းတည်းဟူသော ရူပါရုံကို တစ်ယောက်နှင့်တစ်ယောက် တပ်မက်တောင့်တကြ၏။ တစ်ယောက်တည်း ကျိတ်၍ စိတ်ကူးယဉ်ကြ၏။ အမှန်တော့ ထိုအချိန်၌ ဖိုနှင့်မတို့ သဘာဝအရ တစ်ယောက်ကို တစ်ယောက် လိုချင်ကြခြင်းသာ ဖြစ်ပေသည်။ ချစ်သူနှင့် ယုယ ပိုက်ထွေး အသားချင်းထိကပ်ကာ ချစ်တင်းနှီးနှောလိုကြခြင်းမှာလည်း ကျားနှင့်မတို့၏ လိင်စိတ်ဓာတ်ကို အခြေခံ၍ ဖြစ်ပေါ်ရခြင်း ပင်တည်း။

ယောကျ်ားကလေးသည် မိန်းကလေးတစ်ဦးအား မြင်မြင်ချင်း သဘောကျမိပြီးသည့် အချိန်မှစ၍ သူကိုယ်တိုင် ဝန်ခံသည်ဖြစ်စေ၊ ဝန်မခံသည်ဖြစ်စေ သူ၏ 'ဆဗ္ဗကွန်ရှပ်စ်' (Sub-conscious) ခေါ် အတွင်းစိတ်က ထိုမိန်းကလေး၏ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ရယူ လိုသောဆန္ဒ ဖြစ်နေတော့၏။ နောက်ပိုင်း ချစ်တင်းဆို၍ မိန်းကလေး က လက်သင့်ခံပြီး နှစ်ဦးသဘောတူ မေတ္တာမျှနေကြချိန်တွင်လည်း အတွင်းစိတ်မှ လိုချင်တောင့်တမှုသည် ဆက်လက်တည်ရှိနေရုံမက ပို၍ပင် ပြင်းထန်လာတတ်၏။ ယင်းသို့ မိမိချစ်သူမိန်းကလေး၏ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ရယူလိုခြင်းသည်ပင်လျှင် လိင်စိတ်ဓာတ် ဖြစ်ပေသည်။

မိန်းကလေးများတွင်လည်း အလားတူ အတွင်းစိတ် တောင့်တမှုဆန္ဒ ဖြစ်ပေါ်တတ်ပေသည်။ ယောကျ်ားကလေး တစ်ဦးအား

www.burmeseclassic.com

ချစ်ခင်တွယ်တာလိုသော မေတ္တာစိတ် ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက် မိန်းကလေးအဖို့ (ယောကျ်ားများလို ခန္ဓာကိုယ်ကို ပိုင်ဆိုင်ရယူလိုခြင်း မရှိသေးစေကာမူ) ချစ်သူနှင့် နီးနီးကပ်ကပ် နေလိုခြင်း၊ ချစ်သူ၏ ရင်ခွင်ထက် နေပြီး ယုယပိုက်ထွေးမှု၊ မွှေ့ဖက်နမ်းရှုတ်မှုများကို ခံယူလို၏။ သည်လိုသာနေရလျှင် အလွန်သာယာ ချမ်းမြေ့ဖွယ် ကောင်းလိမ့်မည်ဟု ယုံကြည်၏။ ထိုအချိန်၌ မိန်းကလေးသည် ကညာစစ် အပျိုစင်အဖြစ် ယောကျ်ားနှင့် လက်တွေ့ပေါင်းဖော်ခြင်း တည်းဟူသော မေထုန်မှီဝဲခြင်းအမှု ပြုလိုစိတ်တော့ ရှိချင်မှ ရှိပေမည်။ သို့ဖြစ်လင့်ကစား ချစ်သူနှင့် နီးနီးကပ်ကပ်နေပြီး ကာယကံမြောက် ယုယပိုက်ထွေးမှု ခံယူလိုခြင်းသည်ပင်လျှင် လိင်စိတ်ဓာတ်၊ သို့မဟုတ် ဖို့၊မ ဆက်ဆံရေးကိစ္စနှင့် ယှဉ်သည့် ကာမဂုဏ်စိတ် ဖြစ်ပေသည်။

သမီးရည်းစားဖြစ်ပြီးနောက် ချစ်သူနှစ်ဦး ချိန်း တွေ့လိုခြင်း၊ တွေ့ဆုံသည့်နေရာက ဆိတ်ကွယ်ရာ အရပ်မျိုးဖြစ်ပါမူ နှစ်ယောက်သား မွှေ့ဖက်ပိုက်ထွေး ဖက်ရမ်းနမ်းရှုတ်လိုခြင်း စသည်တို့မှာလည်း သူတို့နှစ်ဦး၏ လိင်စိတ်ဓာတ်မှ စေ့ဆော်မှုကြောင့် ဖြစ်လာရပေသည်။ ဖိုနှင့်မ အသားချင်း ထိလိုက်သည်နှင့် တစ်ပြိုင်နက် အာရုံငါးပါးမှ အပြင်းထန်ဆုံးဖြစ်သော ဖောဋ္ဌဗ္ဗာရုံ၊ သို့မဟုတ် 'အတွေ့' ကြောင့် နှလုံးတုန် ရင်ခုန်ကာ ထူးခြားသည့် စိတ်လှုပ်ရှားမှုများ ခံစားရတော့သည်ဖြစ်ရာ လိင်စိတ်၏ ဆွဲဆောင်မှု မည်မျှပြင်းထန်သည်ကို သိသာထင်ရှားလှပေ၏။ အထူးသဖြင့် ကာမဂုဏ်စိတ် နိုးကြားလွယ်သော ယောကျ်ားကလေးအဖို့ ချစ်သူနှင့် ထိတွေ့မွှေ့ဖက်နေရချိန်တွင်ပင် ခန္ဓာကိုယ် သွေးသားများ ၊အကြောများ ဆူကြွကာ ချက်ချင်းလက်ငင်း လွန်လွန်ကျူးကျူး 'ချစ်' ပစ်လိုက်ချင်သည့် စိတ်များ ပေါ်ပေါက်တတ်လေသည်။ ဤသည်ကို ယောကျ်ားကလေး



-အား ယုတ်မာ ညစ်ညမ်းသည်ဟု မဆိုသာချေ။ အထီးနှင့်အမ မိတ်လိုက်လိုသည့် တိရစ္ဆာန် စိတ်မျိုးဟုလည်း မရှုံ့ချသင့်။ မိမိချစ်ခင်-စိတ်နိုးသောမိန်းကလေးနှင့် အချစ်၏ အဆုံးစွန်သော အမြင့်ဆုံးသောအဆင့်ဖြစ်သည့် ခန္ဓာကိုယ်ချင်း ပေါင်းသင်းလိုခြင်းဟု ဆိုရမည့် သဘာဝစိတ်ဆန္ဒသာလျှင် ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ထို-ယောကျ်ားကလေးအဖို့ အချစ်နှင့်လိင်စိတ်ဓာတ် ယှဉ်တွဲဖြစ်ပေါ်-လာခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်ပါ၏။

ထိုအတောအတွင်း ချစ်သူနှစ်ဦးတို့သည် ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ တရားဝင် ထိမ်းမြားလက်ထပ်ခြင်း မပြုသေးမီ လွန်လွန်ကျူးကျူး အချစ်နယ် မကျွံသင့်ဟူသော စည်းကမ်းကို -ကောင်းဖခင် သားသမီးများပီပီ စောင့်ထိန်းနေကြမည် ဖြစ်ပေသည်။ တိရစ္ဆာန်များကဲ့သို့ ခန္ဓာကိုယ် သွေးသားတောင့်တမှု တည်းဟူသော လိင်စိတ်ဓာတ်ကို ရတ်ခြင်းအလိုမရှိဘဲ စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် သတိထားကာ ထိန်းချုပ်ထားသည့် သဘောလည်း ဖြစ်ပေ၏။

သို့ရာတွင် အချစ်နှင့် လိင်စိတ်ဓာတ်သည် ဒွန်တွဲဖြစ်ပေါ်-လျက် 'ရှိခြင်းကို မည်သို့မှ တွန်းလှန်ဖြိုဖျက်ခြင်းငှာ မတတ်နိုင်-သောကြောင့် အချိန်ကာလ ရှည်ကြာလေးမြင့်စွာ ချုပ်ထိန်းထား-ရန်တော့ မဖြစ်နိုင်ပေ။ သဘာဝလည်းမကျဟု ဆိုနိုင်ပေသည်။ -မိန်းကလေးနှင့် ယောကျ်ားကလေးတို့သည် သမီးရည်းစား ချစ်သူများ အဖြစ် နေကြပြီးနောက် အခြေအနေက ပေးလာသည်နှင့်တစ်ပြိုင်နက် 'လက်ထပ်ကြပါစို့' ဟု ဖွင့်ဟပြောဆိုလာကြချိန်တွင်ကား လိင်စိတ်ဓာတ်၏ စေ့ဆော်တောင်းဆိုမှုကို ဆိုင်းငံ့ချုပ်ထိန်းထားခြင်း ရပ်စဲ-လိုက်ကြပါစို့ဟု ကြွေးကြော်သည့်သဘောမျိုး ဖြစ်လာတော့၏။

ယောကျ်ားကလေးသည် မိမိချစ်သူနှင့် ချိန်းဆိုတွေ့ဆုံပြီး -ကားထိုင်ပြောရုံ၊ မွှေ့ဖက်ပိုက်ထွေးရုံ မဟုတ်ဘဲ ချစ်သူမိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com

အား ကာယကံမြောက် ပေါင်းသင်းပြီး 'ချစ်' ပြလိုမှု ဆန္ဒပြင်း
လာသဖြင့် ထိမ်းမြားလက်ထပ်ရန် အားထုတ်လာခြင်းဖြစ်၏
မိန်းကလေး အနေနှင့်ကား ယောကျ်ားနှင့် 'အိပ်' လိုလှပါပြီဟု
ဖွင့်၍လည်း မပြော၊ စိတ်ကူးခြင်းပင် ပြုမည်မဟုတ်။ သို့သော်
ချစ်သူအား အလိုလိုက်၍ စိတ်ရောကိုယ်ပါ ရက်ရောစွာ ပုံအပ်
ပြီး ဆန္ဒဖြည့်စွမ်းပေးလိုသည့် စေတနာမျိုးတော့ ဖြစ်ပေလိမ့်မည်
သူ့စိတ်ထဲတွင် ချစ်သူက ပြုသမျှနုရန် အဆင်သင့် ဖြစ်နေပါလိမ့်
မည်။ ဤသို့ လိုက်လျောဖြည့်စွမ်းလိုသည့် စေတနာသည်ပင်လျှင်
မိန်းကလေးအဖို့ အချစ်နှင့်လိင်စိတ်မာတ် ယှဉ်တွဲဖြစ်ပေါ်ခြင်းကို
ထင်ရှားစေသည့် သာဓက ဖြစ်ပါတော့သည်။

မိန်းကလေးသည် ချစ်သူအား အလိုလိုက်ကာ ခန္ဓာကိုယ်ကို
ပုံအပ်လိုသည့် စေတနာက အချစ်တည်းဟူသော မေတ္တာစိတ်ဟု
ဆိုနိုင်ကြသော်လည်း ငါ့ချစ်သူနှင့်အတူ ရွှေလည်တွဲလို့ ချစ်ပွဲဝင်လိုက်
ရလျှင် မည်မျှသာယာမည်နည်း။ ဖိုနှင့်မ တွေ့ထိမှု အာရုံကို ခံစား
ရလျှင် မည်သို့သော ထူးခြားမှုအရသာ ရှိမည်နည်း စသဖြင့်
စိတ်ကူးယဉ် တတ်ပေသည်။ ဤကား ရိုးရာယဉ်ကျေးမှုအရ ရိုးရိုး
နှင့်ယဉ်ယဉ် စိတ်ကူးခြင်း ဖြစ်လင့်ကစား ဖို့,မ ဆက်ဆံရေး (လိင်)
ကိစ္စကို တောင့်တသည့် သဘောပင်ဖြစ်လေသည်။

တစ်ခါက စာရေးသူသည် ရင်းနှီးသော ခေတ်ပညာတတ်
အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦးအား ပွင့်ပွင့်လင်းလင်း ဆွေးနွေး
မေးမြန်းကြည့်ဘူး၏။ မိန်းကလေးတို့၏ စိတ်ဆန္ဒ သဘာဝအကြောင်း
သိလို၍ မေးကြည့်ခြင်းဖြစ်ရာ အမျိုးသမီးကလည်း လိင်ပညာလေ့လာ
သဘောဖြင့် ဆွေးနွေးခြင်းဟု လက်ခံကာ ကောင်းစွာဖြေကြားပါ၏
သူ၏အဆိုအရ ချစ်သူယောကျ်ားကလေးနှင့် ဆိတ်ကွယ်ရာ၌ ချိန်း



တွေ့ဆုံပြီး ချစ်တင်းနှီးနှောကြစဉ် မိန်းကလေးတွင် အချစ်စိတ်သာ
မက ဖို့,မ ဆက်ဆံရေးကိစ္စကို တောင့်တသော လိင်စိတ်ဓာတ်ပါ
ဖြစ်ပေါ်တတ်ပါသည်ဟု ဆိုလေသည်။

အမှန်အားဖြင့် မြန်မာအမျိုးသမီးတို့တွင် ဤကိစ္စမျိုးကို
မည်သည့်အခါမှ ပွင့်လင်းစွာ၊ ထုတ်ဖော်ပြောလေ့မရှိ။ ယောကျ်ား
တစ်ယောက်ရှေ့တွင် ဝေးစွ၊ မိန်းကလေး အချင်းချင်းပင် ဖို့,မ
ဆက်ဆံရေးကိစ္စကို ဖွင့်ဟပြောဆိုရန် ရှက်တတ်ကြလေသည်။ အထူး
သဖြင့် အမျိုးသမီးများအနေဖြင့် မိမိချစ်သူ၊ သို့မဟုတ် ခင်ပွန်းနှင့်
လိင်ဆက်ဆံမှု ပြုလိုသောဆန္ဒ ဖြစ်ပေါ်ကြောင်း ထုတ်ဖော်ပြောဆို
မိလျှင် အလိုရမ္မက်ကြီးသော၊ ယုတ်ညံ့သော မိန်းမဟူ၍ ပြစ်တင်
ရှုတ်ချခြင်းခံရမည်ကို အလွန်စိုးရိမ်တတ်ကြ၏။ ယင်းသို့ မိန်းမများ
သဘာဝအလျောက် ဖို့,မစိတ် ဖြစ်ပေါ်ခြင်းကို ယုတ်ညံ့သည်ဟု
ယူဆခြင်းကား မိန်းမများကို တစ်ဖက်သတ်နှိမ်သည့် ရှေးခေတ်
ယောကျ်ားတို့က လုပ်ကြံချမှတ်ခဲ့သော ခေတ်နောက်ပြန်ဆွဲ အယူအဆ
တစ်ခု ဖြစ်ဟန်တူပေသည်။

သို့ရာတွင် ယခုအခါ ခေတ်ပညာတတ်ပြီး နိုင်ငံခြားမှ
စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာခြင်းဖြင့် ခေတ်မီဗဟုသုတ ရှိလာသော
အမျိုးသမီးများကတော့ သဘာဝတောင့်တမှုကို ပါဏဗေဒ ပညာ
အမြင်ဖြင့် သုံးသပ်တတ်လာကာ လိင်ကိစ္စကို ပြောရဲဆိုရဲ၊ ဆွေးနွေးရဲ
လာကြပေသည်။ စာရေးသူနှင့် ဆွေးနွေးခွင့်ရသူ အမျိုးသမီးကား
ထိုသို့ ခေတ်မီပွင့်လင်းသော ပညာတတ်အမျိုးသမီးတစ်ဦး ဖြစ်ပေ
သည်။ ထို့ပြင် ဖို့,မဆက်ဆံရေးကိစ္စနှင့် စပ်လျဉ်းသည့် လိင်ပညာ
ကို အမျိုးသမီးများ လေ့လာနားလည် ထားသင့်သည်ဟု ယုံကြည်သူ
သည်းဖြစ်၏။ ထို့ကြောင့်လည်း သူ့အနေဖြင့် ရှက်ရွံ့ရမည်ဟု
သဘောမထားဘဲ ပွင့်လင်းစွာ ဖွင့်ဟဆွေးနွေးနိုင်ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူပြောပြသော မိန်းကလေးများတွင် ဖို့မ ဆက်ဆံရေးကိစ္စကို တောင့်တမှု လိင်စိတ်ဓာတ် ဖြစ်ပေါ်သည်ဆိုခြင်းမှာ အိမ်ထောင်ကျပြီးမှ ဇနီးမောင်နှံ အိပ်ရာဝင်ချိန်၌ ဖြစ်တတ်ခြင်းမျိုးထက် သမီးရည်းစား ဘဝ အပျိုစင်တစ်ယောက်အနေဖြင့် ချစ်သူနှင့် ချိန်းဆိုတွေ့ဆုံချိန်တွင် ဖြစ်တတ်ခြင်းကို ဆိုလိုကြောင်း ဆက်လက်ရှင်းပြလိုက်ပါသေးသည်။

"ဒါဟာ ကျွန်မကိုယ်တွေ့ပါ။ ရှက်စရာလဲ မလိုပါဘူး။ ကျွန်မ ဖြစ်သလို တခြားအမျိုးသမီးတွေလဲ ဖြစ်မယ်လို့ ယူဆရပါတယ်။ ရှက်လို့ ဖွင့်မပြောကြတာပဲရှိမယ်။ အပျိုစင် မိန်းကလေး တစ်ယောက် အနေနဲ့ ဖို့မ ဆက်ဆံရေးကိစ္စအကြောင်း ရေရေလည်လည်တော့ နားမလည်သေးဘူးပေါ့ ဆရာရယ်။ ဒါပေမယ့် ချစ်သူနဲ့ နှစ်ယောက်ချင်း တွေ့ဆုံ ချစ်တင်းနှီးနှောနေရင်က ချစ်တဲ့ဓာနဲ့ ပွေ့လားဖက်လား လုပ်မိကြချိန်မှာ စိတ်တွေလှုပ်ရှားပြီး ပွေ့ဖက် နမ်းရှုတ်တာထက်ပိုတဲ့ ချစ်နည်းမျိုးထိအောင် တောင့်တစိတ် ဖြစ်ပေါ်လာတာတော့ အမှန်ပါပဲ။ ဒီလိုစိတ်မျိုး ပေါ်လာတာကို ရုတ်တရက်တော့ ရှက်သလိုတော့ ဖြစ်မိသေးတာပေါ့။ ငယ်ငယ်ထဲက မိန်းမတို့ဣန္ဒြေ ရွေ့ပေးလို့မရ ဘာညာနဲ့ လူကြီးမိဘတွေက သွန်သင်ထားလေတော့ ဖို့မကိစ္စ တောင့်တမှုဟာ ဣန္ဒြေမဲ့တဲ့ အပြု(?) အမူရယ်လို့ အစွဲအလမ်းရှိခဲ့လို့နဲ့ တူပါတယ်။ ကျွန်မကတော့ ဒီလို မမြင်တော့ပါဘူး။ ချစ်သူနဲ့ ပေါင်းသင်းချင်တဲ့စိတ်ဟာ ယောက်ျားနဲ့မိန်းမ တကယ်တမ်းချစ်ကြရင် ပေါ်ရစမြဲ သဘာဝစိတ် တစ်ခုပဲလို့ ယူဆပါတယ်။ ဆရာတို့ ထင်မြင်ယူဆတဲ့အတိုင်း သမီးရည်းစား၊ လင်မယားချစ်ကြတဲ့ အချစ်မှာ လိင်စိတ်ဓာတ်ဟာ အရေးပါတဲ့ ကဏ္ဍတစ်ခု ဖြစ်တယ်လို့ ကျွန်မအနေနဲ့ ထောက်ခံချင်ပါတယ်"



ဤသို့လျှင် စာရေးသူ၏မိတ်ဆွေ ခေတ်ပညာတတ် အိမ်ထောင်ရှင် အမျိုးသမီးက ပွင့်လင်းစွာ ပြောပြခဲ့ဖူးပေသည်။ သူနှင့် တွေ့ဆုံ ဆွေးနွေးစဉ်က အိမ်ထောင်ရှင်ဖြစ်ရုံမက သားသမီး လေးယောက်ပင် ထွန်းကားနေပြီဖြစ်ရာ ငယ်ရွယ်သူ အမျိုးသမီးငယ် တစ်ဦးကဲ့သို့ အားနာစရာ မလို၍လည်း ရဲရဲတင်းတင်း ဆွေးနွေး မေးမြန်းဝံ့ခြင်းဖြစ်၏။

(ထိုအမျိုးသမီးနှင့်ပင် ဇနီးမောင်နှံ ဖို့မ ဆက်ဆံရေးအမှုပြုခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခွင့် ရခဲ့သည်များကို နောက်ပိုင်း တင်ပြရန် ရည်ရွယ်ပါသည်။)

ယောက်ျားနှင့်မိန်းမ ချစ်ခင်စုံမက်ခြင်း ၂ (၅၂၈) သွယ် မေတ္တာမျိုးမဟုတ်၊ ကိလေသာနှင့်ယှဉ်သည့် (၁၅၀၀) မေတ္တာမျိုး ဖြစ်ကြောင်း ရှင်းလင်းဖော်ပြခဲ့ပြီးဖြစ်ရာ ကိလေသာနှင့် ယှဉ်ခြင်းကြောင့် တပ်မက်မှု (တဏှာ)သည် အဓိက ဖြစ်နေသည် မဟုတ်ပါလော။ တစ်ဖန် ယင်းတပ်မက်မှုသည် မိဘက သားသမီး ချစ်သလို ရိုးသား ဖြူစင်ခြင်း မရှိနိုင်ကြောင်း ထင်ရှားနေပြန်၏။ ဆန့်ကျင်ဘက် လိင်နှင့် နှီးစပ်ပေါင်းဖော်လိုခြင်းကို လိုလားသော ဆန္ဒမျိုးဖြစ်၍ သမီးရည်းစား၊ သို့မဟုတ် ဇနီးမောင်နှံတို့ အချစ်ဟူသည် ဖို့မ ဆက်ဆံရေး (လိင်) ကိစ္စကို အများဆုံး အမှီသဟဲပြုထားသည်ဟု ကောက်ချက်ချယူနိုင်၏။

ဤသို့ တွေးတောဆင်ခြင် သုံးသပ်ကြည့်သော် အချစ်နှင့်လိင် စိတ်ဓာတ် ဆက်စပ်နေပုံကို သဘောပေါက်လက်ခံရမည် ဖြစ်ပေသည်။ တစ်ဆက်တည်းမှာပင် ဇနီးမောင်နှံတို့၌ အချစ်နှင့် လိင်စိတ်ဓာတ်သည် အပြန်အလှန် အကျိုးပြုပုံကိုပါ လေ့လာသိရှိထားသင့် ပါသေးသည်။ အိမ်ထောင်ပြုပြီးနောက် ချစ်သူနှစ်ဦးတို့၏ အချစ်သည် လိင်စိတ်ဓာတ်ကြောင့် ပိုမိုလေးနက်လာသလို အချစ်ကြောင့် သူတို့

www.burmeseclassic.com



နှစ်ဦး၏ “ဖို့,မ ဆက်ဆံရေး (လိင်)ကိစ္စ ပိုမိုအနှစ်သာရ ပြည့်ဝလာစေနိုင်သည်” ဟူသော အပြန်အလှန် အကျိုးပြုပုံမျိုးကို ဆိုလိုပေ၏။

ယင်းယူဆချက်ကို “နိုင်ငံခြား ပညာရှင်များ အယူအဆ” အခန်း၌ ဖော်ပြထားသော အင်္ဂလန်ပြည်မှ အမျိုးသမီးဆရာဝန် ဒေါက်တာမာရီစတုပ်က အတိအလင်း ထောက်ခံထားပေသည်။ တစ်ယောက်ကိုတစ်ယောက် ချစ်မြတ်နိုးကြသော ဇနီးမောင်နှံအဖို့ သဘာဝအလျောက် ဖြစ်ပေါ်နိုးကြားလာသော လိင်စိတ်ဓာတ်ကို ကျွမ်းကျင်လိမ္မာစွာ ပြေငြိမ်းစေတတ်ပါမှ တကယ်ပင် သာယာချမ်းမြေ့သည့် အိမ်ထောင်မှုသုခ အပြည့်အဝ ခံစားကြရမည်ဟုဆို၏။ အချစ်စိတ်တွေ ဝေဖြာနေသော မျက်လုံးအစုံဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ နေရုံနှင့်မပြီး၊ ထိုနည်းတူစွာပင် အချစ်စိတ်မပါဘဲ အိပ်ရာထဲ လိင်ဆက်ဆံမှုပြုခြင်းသက်သက်ကလည်း တိရစ္ဆာန်တို့၏ အပြုအမူသာသာလောက်သာ ဖြစ်နိုင်သောကြောင့် အိမ်ထောင်ဘက် ဇနီးမောင်နှံတို့တွင် အချစ်ရော လိင်ကိစ္စပါ နှစ်မျိုးစလုံး ပြည့်ပြည့်ဝဝရှိရန် လိုအပ်သည်ဟု ဆိုလိုခြင်းပင်ဖြစ်၏။

ချစ်ခင်စုံမက်နေသော ဇနီးမောင်နှံတို့မည်သည် အချစ်စိတ်နှင့်ဒွန်တွဲလျက် လိင်စိတ်ဓာတ် ပေါ်ကြမည်သာဖြစ်၏။ သို့သော် ပေါ်လာသော လိင်စိတ်ဓာတ်နှင့် ပတ်သက်၍ ကျွမ်းကျင်လိမ္မာရန်လို၏။ လိင်ကိစ္စနှင့် ပတ်သက်၍ သိသင့်သိထိုက်သော ဗဟုသုတ ရှိရန်လို၏။ ထို့ကြောင့် လိင်ပညာလေ့လာမှုသည် အရေးကြီးကြောင်း ထပ်လောင်း၍ ပေါ်လွင်လာပြန်၏။

ပို၍ထင်ရှားစေမည့် သာဓကအဖြစ် အမေရိကန်ပြည်မှ ဆရာဝန်တစ်ဦးက သူနှင့်ရင်းနှီးသော ဇနီးမောင်နှံ နှစ်စုံလုံးမှာ လူငယ်ချင်း ချစ်ကြိုက်ပြီးမှ ထိမ်းမြားလက်ထပ်ခဲ့သူများ ဖြစ်၏။ ကြားအောင်သွယ်က ဆက်သွယ်ပေးခြင်းမျိုး လူကြီးချင်း စေ့စပ်ပေး၍



...က်ထပ်ရခြင်းမျိုး မဟုတ်ဘဲ မေတ္တာသက်ဝင် ချစ်ခင်ပြီး အိမ်ထောင်...ကြသူများချည်းဖြစ်၍ ယင်းမောင်နှံ နှစ်စုံတွဲလုံးမှာ စိတ်ချမ်းသာ...ပျော်ရွှင်နေရမည်ဟု ယူဆရမည်ဖြစ်၏။ သို့သော်အိမ်ထောင်သက်...တစ်နှစ်မျှအကြာ လေ့လာအကဲခတ် ကြည့်သောအခါ၌ ထိုသို့...မဟုတ်ဘဲ တစ်မျိုးစီ ဖြစ်နေသည်ကို တွေ့ရသည်ဆို၏။

ဇနီးမောင်နှံတစ်စုံက အလွန်စိတ်ချမ်းသာ ပျော်ရွှင်ကာ သမီး...ည်းစားများလားဟု ဘေးလူများ ထင်ရလောက်အောင်ပင် တစ်ဦးကို...တစ်ဦး အချစ်တွေ ပိုနေကြသလောက် ကျန်ဇနီးမောင်နှံတစ်စုံမှာ...စိတ်ကြည်လင်ပျော်ရွှင်ခြင်း မရှိဘဲ သူတို့၏အိမ်ထောင်ရေး အဆင်...ပြေမှု မရကြောင်းကို အိမ်နီးနားချင်းများကပင် အကဲခတ်ရပေ...သည်။ ဒုတိယစုံတွဲ၏ အသိမိတ်ဆွေတစ်ဦးက အကြံပေးလမ်းညွှန်ချက်...အရ အိမ်ထောင်ရေး အကြံပေးပုဂ္ဂိုလ် (Marriage Counsellor)...လုပ်နေသူ ဆရာဝန်ထံ ရောက်လာကြရာမှ ဒေါက်တာက အခြေအနေ...အမှန်ကို စုံစမ်းသိရှိခဲ့ရလေသည်။

ဆရာဝန်သည် အိမ်ထောင်ရေး သာယာအဆင်ပြေနေသော ...ထမဇနီးမောင်နှံအား ရှေးဦးစွာ လေ့လာ၏။ နောက်မှ ဒုတိယ ...နီးမောင်နှံ၏ အဖြစ်သနစ်ကို အကြောင်းအချက် စုံလင်အောင် ...မ်းလေ့လာ၏။ သူသိချင်သော မေးခွန်းများကိုလည်း အသေးစိတ်...အားမနာတမ်း မေးမြန်း၏။ ဒုတိယ ဇနီးမောင်နှံတို့အားလည်း ...ရှက်မကြောက် မထိမ်မချန်ဘဲ အမှန်အတိုင်း ဖြေခိုင်း၏။ ပြီးမှ ...င်းယှဉ်ချိန်ဆပြီး ကောက်ချက်ချယူကာ အကြံပေးခြင်း၊ ညွှန်ကြား...ခြင်းများ ပြုလုပ်၍ အဖြေရှာ ကုစားပေးရလေသည်။

ပထမအိမ်ထောင်နှင့် ဒုတိယအိမ်ထောင်တို့ တူညီသော ...အချက်ကား ဇနီးမောင်နှံ တစ်ယောက်ကိုတစ်ယောက် တကယ်ပင် ...ချစ်ကြခြင်းပင်ဖြစ်သည်။ ခြားနားချက်ကတော့ ပထမဇနီးမောင်နှံ

www.burmeseclassic.com

www.burmeseclassic.com



စုံတွဲတို့တွင် ဖို,မ ဆက်ဆံရေးဆိုင်ရာ လိင်ကိစ္စ ကျေနပ်အဆင်ပြေမှု ရှိသလောက် ဒုတိယ ဇနီးမောင်နှံတို့တွင် လိင်ဆက်ဆံရေးသည် အဆင်ပြေမှု မရှိခြင်းပင်ဖြစ်လေသည်။ ပထမ ဇနီးမောင်နှံတို့ကား အချင်းချင်း ချစ်မြတ်နိုးမှုအပြင် ဖို,မ ဆက်ဆံရေးကိစ္စလည်း အရေးကြီးကြောင်း သဘောပေါက်သဖြင့် လိင်ပညာလေ့လာမှု ပြုခဲ့ကြရာမှ နားလည်နေ၏။ ထို့ကြောင့် သူတို့၏ အိပ်ယာထက် ဆက်ဆံရေးမှာ ကျေနပ်ဖွယ်ဖြစ်၏။

ဆရာဝန်က နိုက်နိုက်ချွတ်ချွတ် မေးမြန်းစုံစမ်း၍ ဒုတိယ ဇနီးမောင်နှံတို့ထံမှ သိရှိရသည်ကား သူတို့နှစ်ဦး၏ ဖို,မ ဆက်ဆံရေးကိစ္စသည် ဒေါက်တာထင်သည့်အတိုင်းပင် မပြေမလည် ဖြစ်နေသည်ဟူ၏။ နဂိုရိုက ချစ်ခြင်းမေတ္တာ အရင်းခံ တည်ဆောက်ခဲ့သော အိမ်ထောင် ဖြစ်သည့်အလျောက် တစ်ယောက်ကိုတစ်ယောက် ချစ်ခင်စာဖြင့် သာယာကြည်နူးမှု၊ ဆန္ဒပြည့်ဝမှုကို ကောင်းစွာ ပေးလိုကြပါ၏။ အချစ်၏ အမြင့်ဆုံး အဆုံးစွန်သော အဆင့်ဖြစ်သည် ခန္ဓာကိုယ်ချင်း ပေးအပ်ပေါင်းသင်းမှုကို ကျေနပ်အားရဖွယ် ဖြစ်စေချင်ကြ၏။ သို့သော် သူတို့တွင် လိင်ကိစ္စနှင့် ပတ်သက်လေ့လာမှု ဗဟုသုတ မရှိခြင်းကြောင့် စေတနာသာရှိပြီး ဆင်ကန်းတောတိုးသလို ပြုမှုမိကြရာမှ သာယာကြည်နူးမှု မရရှိဘဲ ဖြစ်နေကြလေသည်။

ယောက်ျားလုပ်သူမှာ သူ့ကိုယ်သူ ယောက်ျားပီသပါရဲ့လားဟု သံသယစိတ် ဝင်လာကဲ့သို့, ဇနီးသည်ခမြာမှာလည်း ချစ်သူနှင့် ပျော်ရမည့်အရေး စိတ်ကူးမယဉ်နိုင်တော့ရှာချေ။ ညအိပ်ရာဝင်ရေမှာကိုပင် ကြောက်ရွံ့သလို ဖြစ်လာ၏။ ရှင်းရှင်းကတော့ သူတို့နှစ်ဦး၏ ဖို,မ ဆက်ဆံရေးမှာ လုံးဝကျေနပ်ပျော်ရွှင်ဖွယ် မကောင်းလေရာ ကြာလျှင် လင်မယားကွဲရတော့မည်ဟု နှစ်ဦးစလုံး၏စိတ်ဝယ် စိုးရိမ်မိသည်အထိ ဖြစ်လာ၏။



ဆရာဝန်သည် ဇနီးမောင်နှံနှစ်ဦးအား တစ်ပြိုင်နက် တွေ့ဆုံမေးမြန်းပြီးနောက် တစ်ဦးစီ သီးခြားခွဲ၍ ထပ်မံ မေးခွန်းများ ထုတ်ပြန်လေသည်။ အထူးသဖြင့် ဇနီးဖြစ်သူတွင် ဖို,မ ဆက်ဆံရေးကိစ္စကို ပြုရန် စိုးရွံ့ကြောက်လန့်သလိုဖြစ်ခြင်း၊ မကြာခဏ လုံးဝမပြုလိုခြင်း၊ လိင်ကိစ္စအပေါ် စိတ်မဝင်စားဘဲ (Frigidity) ဖြစ်ခြင်း စသည့် ပြဿနာများ ပါရှိနေကြောင်း သိရ၏။ ထိုသို့ဖြစ်ရပုံအကြောင်းကို ဆက်လက်ရှာဖွေ လေ့လာကြည့်သောအခါ မိန်းကလေးမှာ ငယ်စဉ်ကပင် ရှေးဆန်သော မိဘများ၏ ဆုံးမပဲ့ပြင်မှုအရ ဖို,မ ဆက်ဆံရေးကိစ္စကို ယုတ်ညံ့သော အပြုအမူတစ်ခုဟူ၍ အယူအဆရှိခဲ့ဖူးကြောင်း သိရ၏။ သူ့အပြောက အပျိုဖော်ဝင်စအချိန် နောက်ပိုင်း လိင်စိတ်ဓာတ်သည့် အခါအားလျော်စွာ ပေါ်ပေါက်ခဲ့ပါသော်လည်း ရှက်စရာကိစ္စဟု လူကြီးများ ပြောထားချက်ကြောင့် သဘာဝအလျောက် ပေါ်လာသောစိတ်ကိုပင် ချိုးနှိမ်ခဲ့ရှာ၏။ အချိန်တန်၍ ချစ်သူတွေ့ပြီး အိမ်ထောင်ပြုလိုက်သည့် နောက်ပိုင်းတွင်လည်း မူလကရှိနေသော အစွဲကို လွယ်လွယ်နှင့် ဖျောက်မရဖြစ်နေ၏။ ဤနည်းအားဖြင့် သူ့ခမြာ တကယ်ချစ်သော ခင်ပွန်းသည်နှင့်အတူ နေရလင့်ကစား နှစ်ယောက်ချင်း အားရပါးရ 'ချစ်' ကြရမည့်အရေးတွင် သာယာပျော်ရွှင်မှုမရဘဲ ဖြစ်နေရှာတော့သည်။

ယောက်ျားလုပ်သူဘက်မှ ဖွင့်ဟဝန်ခံချက်ကတော့ သူတို့နှစ်ဦးစလုံး ဖို,မ ဆက်ဆံရေးဆိုင်ရာ (လိင်)ကိစ္စ ဗဟုသုတနည်းပါးခြင်းပင်ဖြစ်၏။ လိင်ပညာပေး စာအုပ်စာတမ်းများကို ညစ်ညမ်းသောစာပေဟူ၍ သူတို့ပတ်ဝန်းကျင် အသိုင်းအဝိုင်းက သတ်မှတ်ရှုထားခြင်းကြောင့် ဂျာနယ်မဂ္ဂဇင်းများ၌ လိင်ကိစ္စအကြောင်း ဆောင်းပါးများ ပါလာလျှင်ပင် မဖတ်ခဲ့ဟု ဆို၏။ ထို့ကြောင့် သူကိုယ်တိုင်က အခြားယောက်ျားများလို ဖို,မ ကိစ္စအကြောင်း နားလည်ခြင်းမရှိခဲ့ဘဲ

www.burmeseclassic.com

ချစ်သူရည်းစားနှင့် လက်ထပ်ခဲ့သည်။ လူပျိုဘဝတုန်းက အလွန်သာယာကြည်နူးဖွယ် ကောင်းလိမ့်မည်ဟု စိတ်ကူးယဉ်ခဲ့သော ဖို့မဆက်ဆံရေးကိစ္စသည် လက်တွေ့ကျတော့ ထင်သလို မဟုတ်သဖြင့် စိတ်ပျက် အားငယ်ရလေသည်။ အရေးထဲ မိန်းကလေးဘက်မှ ချို့ယွင်းချက်ကို နားမလည် (လိင်ပညာ ဗဟုသုတခေါင်းပါး) ခြင်းကြောင့် ချစ်သူဇနီးအား အလိုမဖြည့်စွမ်းနိုင်ပါတကား၊ သူ့ကိုယ်သူ အပြစ်တင်ခြင်း၊ သိမ်ငယ်စိတ်များလည်း ဖြစ်ပေါ်ခဲ့လေသည်။ သူ၏ စိတ်ပျက်အားငယ်မှု မည်မျှထိအောင် ဒုက္ခပေးပါသနည်းဟူမူ ရံဖန်ရံခါ ဖို့မဆက်ဆံရေးအမှု ပြုနိုင်စွမ်းမရှိသော 'အင်ပိုတင်စီ' Impotency ခေါ် ပန်းသေရောဂါပင် ဖြစ်နေကြောင်း ထိတ်လန့်ဖွယ်ရာ တွေ့ရှိရသည်ဆို၏။ တကယ်တော့ သူ့တွင် ယင်းရောဂါ ရှိသည် မဟုတ်။ စိတ်တုန်လှုပ်ချောက်ချားမှုကြောင့် အာရုံကြောများ ထုံထိုင်းရာမှ အခိုက်အတန့်အားဖြင့် ယောကျ်ားမပီသ,သလို ဖြစ်ခဲ့ခြင်းသာတည်း။

သူတို့ဇနီးမောင်နှံ၏ အဖြစ်သနစ်မှန်ကို စုံစမ်းတွေ့ရှိပြီးနောက် ဆရာဝန်ကြီးက, ဘာမျှ အားငယ်စရာ မလိုကြောင်း နှစ်သိမ့် အားပေးစကား ပြောကြားပြီး လိင်ပညာဗဟုသုတဆိုင်ရာ စာအုပ် စာတမ်းများ ဖတ်ခိုင်းခြင်း၊ မိန်းကလေးအား မှားယွင်းသော အယူအဆများအကြောင်း ရှင်းလင်းပြောပြခြင်း၊ အာဟာရဓာတ်ကြွယ်ဝသည့် အစားအစာများက စားစေခြင်း၊ ဖို့မ ဆက်ဆံရေးအမှုကို သာမန်လူကောင်းများကဲ့သို့ပင် ပြုမူဆက်ဆံခိုင်းခြင်း စသဖြင့် လိုအပ်သော အကြံဉာဏ်များ ညွှန်ကြားချက်များ ပေးခဲ့လေသည်။

နောက်သုံးလမျှ ကြာသွားသောအခါ ဇနီးမောင်နှံသည် ဆရာဝန်ထံ တစ်ခေါက်ပြန်ရောက်လာကြ၏။ သူတို့နှစ်ဦးစလုံး လျှမ်းတောက်ကြည်လင်နေသော မျက်နှာထားကို မြင်ရုံနှင့် ဆရာဝန်က



အကဲခတ်မိလေသည်။ ယခင်က ရှိခဲ့သော ပြဿနာများ မရှိတော့ဘဲ ဖို့မ ဆက်ဆံရေးကိစ္စ ပြေလည်ချောမောလာသည်နှင့်အမျှ ပျော်ရွှင်ကျေနပ်မှုရရှိကာ တစ်ယောက်ကိုတစ်ယောက် ယခင်ကထက် ဆတ်ပိုးတိုး၍ ချစ်ခင်လာကြပါသည်ဟု ဝမ်းသာအားရ ဝန်ခံပြောဆိုကြလေသည်။

ဇနီးမောင်နှံ ချစ်ကြရာဝယ် ဖို့မ ဆက်ဆံရေးနှင့် ပတ်သက်သော လိင်စိတ်ဓာတ်သည် မည်မျှ အရေးပါပုံ၊ ယင်းလိင်စိတ်ခါတ်၏ အလိုဆန္ဒပြည့်ဝမှု လိုအပ်ပုံ။ ဇနီးမောင်နှံတို့တွင် အချစ်စိတ်နှင့် လိင်စိတ်ဓာတ် မလွဲမသွေ ဒွန်တွဲနေတတ်ပုံတို့ကို ထင်ရှားစေသည့် သာဓကပင် ဖြစ်ပါသတည်း။

❖ ❖ ❖

www.burmeseclassic.com

# (၇)

# သတို့သမီး သတို့သားလောင်းတို့ သိမှတ်စရာများ

အိမ်ထောင်ပြုရန် ဆုံးဖြတ်လိုက်ပြီးသူ မိန်းကလေးနှင့် ယောကျ်ားကလေးတို့သည် သတို့သမီးလောင်း၊ သတို့သားလောင်း များ ဖြစ်လာကြတော့သဖြင့် မကြာမီ ရင်ဆိုင်ရလတ္တံ့သော အိမ်ထောင်ဦးကာလအတွက် လိုအပ်သမျှ ပြင်ဆင်မှုများ ပြုလုပ်ကြရ တော့မည် ဖြစ်ပေသည်။ နေရေးထိုင်ရေး စီးပွားရေး စသဖြင့် အဖက်ဖက် လိုအပ်သည်တို့ကို ပြင်ဆင်နေကြရချိန်၌ သတို့သမီး လောင်း၊ သတို့သားလောင်းတို့သည် အိမ်ထောင်ရှင် ဖြစ်လာသော အခါ ဇနီးမောင်နှံအဖြစ် နေထိုင်ကြရေးအတွက် စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှု များကိုပါ လုပ်ကြရမည်ဖြစ်ပေသည်။ စိတ်ပိုင်းဆိုင်ရာဟု ဆိုရာ၌ လင်မယား ဖြစ်လာသောအခါ စိတ်နေသဘောထား အတွေးအခေါ် အယူအဆ၊ အိမ်ထောင်ရှင်တို့အနေဖြင့် စောင့်စည်း အပ်သော စည်းကမ်း စသည်တို့ကို ဆိုလိုပေသည်။ တစ်ချိန်တည်း မှာပင် ဖိုနှင့်မ အိမ်ထောင်သည်ဘဝတွင် ဆက်ဆံရေးကိစ္စများကိုပါ လေ့လာရပေမည်။



ထို့ကြောင့် ဤအခန်းတွင် သတို့သမီးလောင်း၊ သတို့သား လောင်းတို့အနေဖြင့် အိမ်ထောင်ပြုခါနီး သိမှတ်ဖွယ်ရာများကို ဖော်ပြသွားရန် ရည်ရွယ်ပေသည်။

အိမ်ထောင်ပြုပြီးသည့်အခါ ဇနီးမောင်နှံတို့၏ စားဝတ်နေရေး တည်းဟူသော စီးပွားရေး၊ အလုပ်အကိုင်ကိစ္စ၊ အိုးအိမ်ကိစ္စ စသည် တို့ကိုကား ဤစာအုပ်ပါ အကြောင်းရပ်နှင့် အကျုံးမဝင်သဖြင့် ဆွေးနွေးရေးသားခြင်း မပြုလိုတော့ပေ။ အိမ်ထောင်ဦးကာလ ချစ်သူ မောင်နှံတို့ သာယာပျော်ရွှင် ချစ်ခင်ကြင်နာစွာ အိမ်ထောင်ရေး၏ အရသာကို ပြည့်ပြည့်စုံစုံ ခံစားရေးအတွက်သာ သိမှတ်ဖွယ်ရာများကို တင်ပြသွားမည် ဖြစ်ပေသည်။

အရေးကြီးဆုံးသော အချက်သည်ကား ချစ်သူနှစ်ဦးစလုံး အနေဖြင့် ဖို,မ ဆက်ဆံရေးဆိုင်ရာ လိင်ပညာ ဗဟုသုတ ထိုက်သင့် သလောက် ရှိထားရန်ပင်ဖြစ်၏။ စောစောပိုင်းက တစ်ယောက်ကို တစ်ယောက် ချစ်ခင်မြတ်နိုးခြင်း၊ ယုယကြင်နာခြင်းတို့သည် လက် မထပ်မီ သမီးရည်းစားဘဝ၌ ရှိကြမည်ဖြစ်၍ လက်ထပ်ပြီးလျှင် ပိုမိုကြည်နူးပျော်ရွှင်ဖွယ် ကောင်းလိမ့်မည်ဟု စိတ်ကူးယဉ်ကြမည်မှာ မမှတာပင် ဖြစ်ပါ၏။ သို့သော် လက်ထပ်ပြီး မင်္ဂလာဦးညမှ စတင် တွေ့ကြုံရလတ္တံ့သော ဖို,မ ဆက်ဆံရေးကိစ္စအကြောင်း ဗဟုသုတ မရှိပါက စိတ်ကူးယဉ်ချက်သည် လက်တွေ့အားဖြင့် အကောင်အထည် ပေါ်လာမည် မဟုတ်ပေ။ ထို့ကြောင့် ဤကိစ္စသည် သတို့သမီး သတို့သားလောင်းတို့အတွက် အရေးကြီးလှသည်ဟု ဆိုရခြင်း ဖြစ်ပေ၏။

ဖို,မဆက်ဆံရေး ကိစ္စအကြောင်း မသိနားမလည်တော့ကော ဘာဖြစ်နိုင်ပါသနည်းဟု မေးဖွယ်ရှိပါ၏။ အိမ်ထောင်မှုသုခ အပြည့် အဝ ခံစားလို၍ ထိမ်းမြားလက်ထပ်ခဲ့ကြပြီးနောက် မင်္ဂလာဦးညမှ

www.burmeseclassic.com

www.burmeseclassic.com

စ၍ ထင်တိုင်းမပေါက်ဘဲ အားငယ်ခြင်း၊ စိတ်ပျက်ခြင်း၊ အိမ်ထောင်ရေးအပေါ် သံသယဝင်ခြင်း စသည်တို့ ဖြစ်ပေါ်လာကာ စိတ်ဆင်းရဲမှု ဖြစ်တတ်သည်ဟုပင် ဖြေရပေမည်။

လိင်ပညာနှင့် ပတ်သက်သောဗဟုသုတ လုံးဝမရှိသူ သတို့သမီး၊ သတို့သားများ လက်ထပ်ပြီး မင်္ဂလာဦးည၌ စိတ်လှုပ်ရှားမှု၊ ရှေ့လောကြီးမှုတို့ ဖြစ်ပေါ်လျက် ခန်းစက်ရာဝင်သောအခါ ရမ်းသမ်း ပြုမူမိတတ်ကြရာမှ နောက်တစ်နေ့ မိုးလင်းသော် 'အိမ်ထောင်ပြုရတာ သာယာကြည်နူးစရာလဲ မကောင်းပါလား' ဟူ၍ စိတ်ပျက်ရတတ်ပေသည်။ အထူးသဖြင့် သတို့သမီးအနေဖြင့် ဖို့မကိစ္စအပေါ် စိတ်အပျက်ကြီးပျက်လျက် အိမ်ထောင်ပြုမိတာ မှားသွားလေရော့သလားဟုပင် သံသယဖြစ်တတ်လေသည်။

အကယ်၍သာ ဇနီးမောင်နှံတို့သည် ဖို့မ ဆက်ဆံရေးကိစ္စအကြောင်း စာအုပ်စာတမ်းများ ဖတ်ရှု၍ ဗဟုသုတအသင့်အတင့်ရှိပါမူ ကြီးကြီးကျယ်ကျယ် ပြဿနာဖြစ်စရာအကြောင်းမရှိပေ။ ခန္ဓာကိုယ်နှင့်တကွ စိတ်လှုပ်ရှားမှု အာရုံနှစ်မျိုးလုံး ဆက်စပ်ပါဝင်နေခြင်း ကြောင့် နက်နဲသိမ်မွေ့လှသော ဇနီးမောင်နှံ ဖို့မ ဆက်ဆံရေးကိစ္စ အကြောင်း နားလည်သင့်သလောက် နားလည်နေမည်ဖြစ်၍ အဆင်ပြေမှုဖြစ်အောင် ပြုမူတတ်မည် ဖြစ်ပေသည်။ အထူးသဖြင့် အိမ်ထောင်ဦးကာလ စ,လုံးရေစ, ရမည့် အပြုအမူမျိုး ဖြစ်သောကြောင့် ရှေ့လောကြီးမှုသည် အချည်းနှီး ဖြစ်တတ်ကြောင်း သဘောပေါက်ထားကြပေလိမ့်မည်။ ဤနေရာတွင် မှတ်သားသင့်သည်ကား အပျိုနှင့်လူပျို ပထမဆုံးအကြိမ် နှုတ်ခမ်းချင်းတွေ့ထိ၍ တွေ့ကြချိန်၌ ကြင်နာယုယမှု၊ ညင်သာမှုသည် အရေးကြီးသည်ဟူသော အချက်ပင်ဖြစ်၏။

ထို့ကြောင့် သတို့သမီး၊ သတို့သားလောင်းတို့အနေဖြင့် ဖို့မ ဆက်ဆံရေးကိစ္စအကြောင်း ကြိုတင်လေ့လာထားသင့်သည်ဟု



အလေးအနက် တိုက်တွန်းနှိုးဆော်နေရခြင်း ဖြစ်ပေသည်။ တတည်းမှာပင် ယောကျ်ားနှင့်မိန်းမတို့၏ ခန္ဓာကိုယ် တည်ဆောက်မှုခြင်းမတူဘဲ ကွာခြားပုံနှင့်တကွ လိင်ဆက်ဆံမှု ပြုရာ၌ သဘာဝချင်းမတူကြပုံများကိုပါ လေ့လာသိရှိထားရန် လိုပေ၏။ ယင်းအချက်ကိုတော့ ပွင့်ပွင့်လင်းလင်းပင် ဆွေးနွေးတင်ပြရမည် ဖြစ်ပေသည်။

ဇနီးမောင်နှံ ဖို့မ ဆက်ဆံခြင်းအမှု ပြုသောအခါ အားရကျေနပ်မှုတည်းဟူသော ဆန္ဒပြည့်ဝခြင်း ဟူသည်ရှိ၏။ ယင်းကို အာရုံခံစားမှု၊ သာယာမှု၏ အထွတ်အထိပ် သို့မဟုတ် အမြင့်ဆုံးအဆင့် (Climax)ဟု ခေါ်လေသည်။ ထိုသို့ အာရုံခံစားမှု အရှိန်အမြင့်ဆုံးရောက်ရှိရာ၌ ယောကျ်ားနှင့်မိန်းမသည် ပါကဗေဒ ပညာသဘောအရ ကွာခြားမှု ရှိလေသည်။ ပထမဆုံး ကွာခြားချက်အနေဖြင့် သာယာမှုအရှိန် အမြင့်ဆုံးသို့ရောက်ရှိရန် ယောကျ်ားအတွက် လျင်မြန်သလောက် မိန်းမအတွက်ကား နှောင့်နှေး၏။ အချိန် ပိုကြာတတ်၏။ ဤအချက်ကို မသိခြင်းကြောင့်ပင်လျှင် ပြဿနာဖြစ်ရတတ်၏။

သတို့သားလောင်း တစ်ဦးသည် လိင်ပညာ ဗဟုသုတမရှိဘဲ လက်ထပ်လိုက်သည်ဆိုပါစို့။ မင်္ဂလာဦးညမှာ အလွန်သာယာ ပျော်ရွှင်ဖွယ် ကောင်းရမည့်ကာလတွင် အသစ်စက်စက် ဇနီးမောင်နှံသည် 'အိစက်ညက်ညောတဲ့ ဖဲမွေ့ယာပေါ်ဝယ်' အတူအိပ်ကြ၏။ သို့ရာတွင် ယောကျ်ားလုပ်သူက ဘာမှ ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ချစ်သူ၏ခန္ဓာကိုယ်ကို သိမ်းပိုက်လိုက်၏။ စိတ်လှုပ်ရှားမှုကြောင့် ရှေ့လောကြီးစွာ ပြုမူမိ၏။ မိန်းကလေးမှာကား ပထမဆုံးအကြိမ်ဖြစ်၍ ရှက်ခြင်းကြောက်ခြင်း၊ နှလုံးတုန်ရင်ခုန်ခြင်းများကြောင့် စိတ်လှုပ်ရှားနေခိုက် လင်ယောကျ်ားကိုယ်တော်ချောက ကိစ္စပြီးသွားလေရာ ဇနီးသည်ခမြာ ဘာမှန်းညာမှန်း မသိလိုက်ရဘဲ လေထဲတွင် ကိုင်တွယ်

www.burmeseclassic.com

www.burmeseclassic.com

စရာမရှိ လွှတ်နေရသလို ဟာတာတာ ဖြစ်နေတော့၏။ ထိုမျှမကသေး ချစ်သူ လင်ယောကျ်ားတည်းဟူသော ဖိုသဘာဝ၏ 'အတွေ့' အာရုံ သာယာမှုထက် နာကျင်ခြင်းဝေဒနာက ပိုမိုသိသာ ခံစားရခြင်းကြောင့်လည်း စိတ်ပျက် အားငယ် ရတတ်ပေသည်။ ချစ်ဇနီးသည်တွင် ဤသို့ ခံစားနေရသည်ကို လင်ယောကျ်ားလုပ်သူက မသိဘဲနေခြင်းက အဆိုးဆုံးဖြစ်၏။ သဏ္ဌာန်ချလိုက်သော် လိင်ပညာ ဗဟုသုတ မရှိခြင်းဟူသော ချို့ယွင်းချက်သည်သာလျှင် လက်သည်တရားခံအဖြစ် ပေါ်လာပေသည်။

ခန္ဓာကိုယ် တည်ဆောက်ထားပုံ သဘာဝ (ခန္ဓာဗေဒ) နှင့် ဇီဝကမ္မဗေဒပညာများ သဘောအရ ယောကျ်ားနှင့် မိန်းမတို့၏ ကိုယ်အင်္ဂါများသည် အသွင်သဏ္ဌာန်သာမက လှုပ်ရှားဖြစ်ပေါ်ပုံ အာရုံခံစားပုံများတွင်လည်း ကွာခြား၏။ လိင်ပညာပေး စာအုပ်စာတမ်းများ လေ့လာဖတ်ရှုခြင်းအားဖြင့် ယင်းအချက်အလက်များအကြောင်း ကောင်းစွာသိနားလည်နိုင်ပါ၏။ ထို့ကြောင့် သတို့သမီး၊ သတို့သားလောင်းများသည် ဖို့မဆက်ဆံရေး ကိစ္စများနှင့်ပတ်သက်၍ တတ်နိုင်သလောက် လေ့လာဆည်းပူးထားသင့်ကြောင်း အကြံပေးရခြင်းပင် ဖြစ်လေသည်။

ချစ်သူနှင့်အတူ ရွှေလည်တွဲကာ အချစ်ပွဲကို ဆင်နွှဲကြရန်မှာ သတို့သမီး၊ သတို့သားလောင်းတိုင်း၏ မျှော်မှန်းချက်ပင်ဖြစ်ရာ ယင်းမျှော်မှန်းချက်ကို သာယာအဆင်ပြေအောင် အကောင်အထည် ဖော်နိုင်ရေးသည် ချစ်သူမောင်နှံ နှစ်ဦးစလုံး၏ နားလည်မှု၊ ကိုယ်ချင်းစာနာမှု၊ ကြင်နာယုယမှု၊ အလိုလိုက်မှုတို့အပေါ် များစွာ တည်ပေသည်။ အထူးသဖြင့် ကိုယ်ချင်းစာနာမှုသည် ဇနီးမောင်နှံ တို့၏ ဖို့မဆက်ဆံရေးကိစ္စတွင် များစွာ အရေးပါ၏။ တကယ်လည်း



လိုအပ်၏။ အကြောင်းမှုကား ဇနီးမောင်နှံတို့ လိင်ဆက်ဆံရေး သာယာပျော်ရွှင်မှုသည် ကိုယ်ချင်းစာနာမှုမရှိဘဲ မည်သို့မှ မရရှိနိုင်သောကြောင့်ပင်တည်း။

ချစ်သူနှစ်ဦး စိတ်တူသဘောတူ ထိမ်းမြားလက်ထပ်ပြီးနောက် အတူနေကြသည့်အချိန်မှစ၍ သမီးရည်းစားဘဝတုန်းကထက် ပိုမို သာယာသော အချစ်၏အရသာကို ခံစားလိုကြမည်မှာ ဓမ္မတာပင် ဖြစ်၏။ တစ်နည်းအားဖြင့် တစ်ယောက်ကိုတစ်ယောက် အလိုလိုက်၍ အနစ်နာခံရလျှင်ပင် အဆင်သင့်ရှိသည့် စိတ်မျိုးနှင့် 'ချစ်' ကြမည် ဟု စိတ်ကူးယဉ်ကြ၏။ ဤသို့စိတ်ကူးယဉ် ထားကြလင့်ကစား လက်ထပ်ပြီး မင်္ဂလာဦးညသို့ရောက်၍ လူချင်းလက်တွေ့ ရင်ဆိုင် ရသောအခါ၌ အနစ်နာခံလိုသောစိတ် ၊ကိုယ်ချင်းစာနာစိတ်တို့သည် ပျောက်ကွယ်နေတတ်ပေသည်။ ဤသည်မှာလည်း ပုထုဇဉ် လူသားတို့၏ဘာဝ မိမိ၏သာယာကျေနပ်မှု အလိုဆန္ဒပြည့်ဝမှုကို ဦးစားပေး တွေးတောပြုမူတတ်သော ဥာဉ်သည် ဖြစ်ပေါ်တတ်စမြဲဖြစ်ပေသည်။ ယင်းဥာဉ်အကြောင်းကို သတို့သားလောင်းသည် သိထားပါက လက်ထပ်ပြီးသည့်အချိန်တွင် ဆင်ခြင်သတိ ထားနိုင်မည်ဖြစ်၏။

လင်နှင့်မယား ဖို့မ ဆက်ဆံမှုကိစ္စ ပြုကြသောအခါ အထက် ဖော်ပြခဲ့ပြီးသော အာရုံခံစားမှု၏ သာယာခြင်းအရှိန် အမြင့်ဆုံး (Climax) ရောက်ကာ ဆန္ဒပြည့်ဝ ကျေနပ်မှုရခြင်းကို ယောကျ်ား နည်းတူ မိန်းမတွင်လည်း ခံစားရကြောင်းကို လုံးဝမသိသူ သတို့သား လောင်းများစွာ ရှိတတ်ပေသည်။ စင်စစ်အားဖြင့် ကာမဂုဏ်အာရုံ ခံစားမှုသည် ယောကျ်ားတစ်ဦးတွက်သာမဟုတ် မိန်းမအတွက်လည်း အကျိုးဝင်ကြောင်းကို သိထားသင့်ပေသည်။ မသိကြခြင်းအကြောင်း ကတော့ သိရန်လည်း မကြိုးစား၊ သိရှိရန်လည်း မလိုဟူသော ရှေးဟောင်း အယူအဆများ တစ်ခုကြောင့် ဖြစ်တန်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com


အရှေ့တိုင်း 'နိုင်ငံများတွင် ရှေးအခါကပင် မိန်းမသည် ယောကျ်ားများ၏ ရာဂစိတ် ပြေငြိမ်းမှုအတွက် ဖျော်ဖြေခံသက်သက်ဟု ယူဆခဲ့ကြ၏။ မိန်းမတို့၏တာဝန်မှာ ယောကျ်ား၏ အလိုဆန္ဒ ဖြည့်ပေးရန်သာ ဖြစ်သည်ဟု သဘောထားခဲ့ကြ၏။ ယင်းအယူ အဆ သဘောထားအရဆိုလျှင် ဖို့မ ဆက်ဆံရေးကိစ္စ၌ မိန်းမသည် လုံးဝသာယာမှု ခံစားနိုင်ခွင့် မရှိသောကြောင့် ထည့်စဉ်းစားရန်ပင် မလိုဟု ကောက်ချက်ချရမလို ဖြစ်နေတော့၏။ ဤနည်းအားဖြင့် ရှေးခေတ်လူ့အဖွဲ့အစည်းက မိန်းမများကို ငွေဝယ်ကျွန်ကဲ့သို့ သဘော ထားကာ တစ်ဖက်သတ်နှိမ်ခဲ့သော အစဉ်အလာ ရှိခဲ့လေရာ ၎င်းအစဉ် အလာကြောင့်ပင်လျှင် အိမ်ထောင်ပြုရာ၌ မိန်းကလေး၏ သာယာမှုကို လျစ်လျူရှုခဲ့ကြခြင်းဟု တွေးစရာရှိပေသည်။ ထို့ကြောင့် အရှေ့တိုင်း နိုင်ငံများ၌ ထိမ်းမြားလက်ထပ်ခြင်းသည် ယောကျ်ားအတွက် အာ ခံစားမှု သက်သက်သဖွယ်ဟူ၍ ယူဆခြင်း ဖြစ်ပေါ်လာဟန်တူ ပေသည်။

အမှန်အားဖြင့် ဤသို့ မဖြစ်သင့်ချေ။ အိမ်ထောင်ပြုခြင်း မည်သည် ယောကျ်ားနှင့်မိန်းမ နှစ်ဦးစလုံးအဖို့ သာယာကြည်နူးဖွယ် အိမ်ထောင်မှုသုခကို ခံစားနိုင်ခွင့် ရှိရမည် ဖြစ်ပေသည်။ ခင်ပွန်းသည် အား ပြုစုအလုပ်အကျွေးပြုခြင်း စသော အိမ်ထောင်မှုတာဝန်များ ကို မိန်းမက ဆောင်ရွက်ပေးရခြင်းကဲ့သို့ ဇနီး၏ကျင့်ဝတ်ဟု သတ်မှတ်သဘောထားခြင်းနှင့် ပတ်သက်၍ မည်သို့မှ ဝေဖ ဆွေးနွေးခြင်း မပြုလိုပေ၊ သို့ရာတွင် နှစ်ဦးသဘောတူ ထိမ်းမြား လက်ထပ်ရာ၌ လင်နှင့်မယား သဘာဝ ဖို့မ ဆက်ဆံမှုပြုသောအ မိန်းကလေးအဖို့လည်း လိင်ကိစ္စဆိုင်ရာ ပျော်ရွှင်ကျေနပ်မှုကို ခံစ နိုင်ခွင့် အပြည့်အဝ ရှိသင့်ပေသည်။

ဤနေရာတွင် ဇနီးမောင်နှံတို့သည် တစ်ဦးကိုတစ်ဦး တကယ် ချစ်မြတ်နိုးပါမှ ဖို့မ ဆက်ဆံရေးကိစ္စကိုလည်း အပြန်အလှန် အလိုလိုက်ခြင်း၊ ကိုယ်ချင်းစာနာမှုရှိခြင်း စသည်ဖြင့် တစ်ယောက်၏ သာယာမှုကို တစ်ယောက်က ဖြည့်စွမ်းသင့်ပေသည်။ အထူးသဖြင့် ယောကျ်ားကလေးအနေဖြင့် ငါ့အလိုဆန္ဒ ပြည့်ဝလျှင် ပြီးတာပဲဟူ၍ တစ်ကိုယ်ကောင်းစိတ်မျိုး မမွေးရန် အရေးကြီးပေသည်။ ငါသာယာ သလို ငါချစ်သူ ဇနီးလဲ သာယာကျေနပ်ပါစေဟူသော စေတနာမျိုးသာ ထားရှိသင့်၏။

ဤစေတနာမျိုးကို သတို့သားလောင်းတိုင်း၌ ရှိပါလျှင်ကား သာယာချမ်းမြေ့ဖွယ် အိမ်ထောင်ရေးအတွက် အဓိကလိုအပ်ချက် တစ်ခု ပြည့်စုံပြီဟု မှတ်ယူနိုင်ပါသည်။

တစ်ဖန် သတို့သမီးအနေနှင့် ထိမ်းမြားလက်ထပ်ပြီးသည့် အချိန်မှစ၍ ချစ်သူခင်ပွန်းသည်၏ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို အတတ်နိုင်ဆုံး ကြိုးစားဖြည့်စွမ်းပေးပါတော့မည်ဟု စိတ်ပိုင်းဖြတ် ထားသင့်ပါသေးသည်။ ဤသို့ စိတ်ပိုင်းဖြတ် ထားခြင်းကြောင့် လင်ယောကျ်ား အလိုဆန္ဒကို ဖြည့်ပေးလိုသော စေတနာသည် ဖြစ်ပေါ် နေမည်ဖြစ်ရာ ယင်းစေတနာကပင်လျှင် မိမိ (ဇနီး)၏ သာယာ ပျော်ရွှင်မှု ရရှိရေးကို ပြန်လှန်အထောက်အကူပြုနိုင်စွမ်း ရှိပေသည်။

ဤကား စိတ်နှင့်ရုပ်တို့ အပြန်အလှန် အမှီသဟဲပြု ဆက်စပ် နေခြင်း၏ သဘောပင်ဖြစ်၏။ မိန်းကလေး၏ သဘာဝမှာ ဖို့မ စိတ် နိုးကြားတက်ကြွမှု နှေးကွေးပြီး သာယာမှုအာရုံ အမြင့်ဆုံး ခံစားရရှိမှုသည်လည်း နောက်ကျတတ်သည်မှန်၏။ သို့သော် ချစ်သူ လင်ယောကျ်ား၏ အလိုဆန္ဒ ပြည့်ပါစေဟူသော စေတနာဖြင့် မိမိ ခန္ဓာကိုယ်ကို ပေးအပ်သည့်အခါမျိုးတွင် သူတို့ကိုယ်တိုင်က စိတ်ပါ

www.burmeseclassic.com

လက်ပါ ဖြစ်လာပြီး သာယာမှုကို ခံစားရတတ်သည်ဟု လိင်ပညာနှင့် စိတ္တဗေဒ ယှဉ်လေ့လာသူ ပါရဂူများက ဆိုကြပေသည်။ ကိုယ်ကျိုး စွန့်ခြင်းအားဖြင့် မိမိအတွက် ပြန်လည်အကျိုး ဖြစ်တတ်သည်ဟူသော ၊ ဥပဒေသ မှန်ကန်သည့် သဘောမျိုးဟုလည်း ဆိုနိုင်ပါ၏။

တစ်ခါက ပဲရစ်မြို့မှ ပြင်သစ်အမျိုးသမီးတစ်ဦးသည် ချစ်သူရည်းစားနှင့် လက်ထပ်ရန် ဆုံးဖြတ်လိုက်ပြီးနောက် ဇနီးမောင်နှံအဖြစ် အတူနေရမည့်အရေးကို အထူးတလည် စိတ်ကူးယဉ်နေခဲ့၏။ သူစိတ်ကူးယဉ်ပုံကား ချစ်သူနှင့်အတူ အဟန့်အတားမရှိ လွတ်လပ်စွာ လိင်ဆက်ဆံမှု ပြုရလျှင် အလွန်ထူးကဲသော သာယာမှု အရသာ ခံစားရလိမ့်မည်ဟု မျှော်မှန်းခြင်းပင်ဖြစ်၏။ သို့သော် လက်ထပ်ပြီး၍ လင်မယားအဖြစ် အတူ 'အိပ်' ကြသောအခါ၌မူ မိန်းကလေးမှာ သူထင်သလို အရသာ မထူးကဲဘဲ လင်ယောကျ်ားကသာ ဆန္ဒပြည့်ဝသွားတတ်ပြီး ညတိုင်းလိုပင် မချင့်မရဲ ဖြစ်ကျန်ရစ်သည်ဟူ၏။ ဤတွင် မိတ်ဆွေတစ်ဦး၏ အကြံပေးချက်ဖြင့် ကျွမ်းကျင်သော ဆရာဝန်ကြီးတစ်ဦးထံ သွားရောက်ဖွင့်ဟ အကြံဉာဏ်တောင်းလေသည်။ ဆရာဝန်က အသေးစိတ် မေးခွန်းများ မေးမြန်းစုံစမ်းပြီးနောက် သိရသည်ကား မိန်းကလေးမှာ သူ၏လိင်စိတ်မာတ် ပြေငြိမ်းမှု ရရှိရေးကိုသာ စိတ်စောလွန်း အားကြီးခြင်းကြောင့် တကယ်တမ်း လင်မယား အတူအိပ်ကြချိန်ဝယ် သူ့ကိုယ်သူ အာသာဖြေရေးကိုသာ အာရုံစိုက် ကြိုးစားနေရာမှ စိတ်လှုပ်ရှားမှု ဖြစ်လွန်းကာ သာယာ မှုအာရုံ မခံစားရဘဲ ဖြစ်နေသည်ဆို၏။ ဤတွင် ဆရာဝန်ကြီးက မိမိ၏အလိုဆန္ဒ ပြည့်ဝရေးကို မေ့ထားလိုက်စမ်းပါ။ ချစ်သူလင်ယောကျ်ား အလိုပြည့်ရေးကိုသာ အာရုံစိုက် စေတနာထားကြည့်ပါဟု အကြံပေးလွှတ်လိုက်၏။ နောက်တစ်လမျှ ကြာသောအခါ



ထိုမိန်းကလေးသည် ပြန်ရောက်လာပြီး ဆရာဝန်ညွှန်ကြားသည့်အတိုင်း ချစ်သူခင်ပွန်းအား စေတနာအပြည့်အဝဖြင့် လိုက်လျောကြည့်ရာမှ သူကိုယ်တိုင်လည်း သာယာကြည်နူးမှု ဖြစ်လာကာ ဖို့မ ဆက်ဆံရေး၏ အာရုံခံစားမှု အရှိန်အမြင့်ဆုံး ခံစားရပါသည်ဟု ဝမ်းသာအားရ ပြန်ပြောလေသည်။ လိင်ကိစ္စတွင် တစ်ကိုယ်ကောင်းစိတ် စွန့်ပယ်ခြင်းအားဖြင့် အကျိုးကျေးဇူး ခံစားရသည်ဟူ၍ မှတ်ယူသင့်ပေ၏။

ဤအချက်ကို သတို့သမီး ၊သတို့သားလောင်းတို့ ဗဟုသုတအဖြစ် သိမှတ်ဖွယ်ရာတစ်ခုဟု ဆိုရမည်ဖြစ်ပေသည်။

ဖို့မ ဆက်ဆံမှုပြုသည့်အခါ မိန်းကလေးတို့၌ သာယာမှုအာရုံ အမြင့်ဆုံးရောက်ကာ ကျေနပ်အားရ ဆန္ဒပြည့်ဝခြင်းကို 'အော်ဂယ်ဇင်' (Orgasm) ဟု ခေါ်၏။ လူပြိန်းစကားနှင့်ဆိုလျှင် 'လိင်ကိစ္စအာရုံ ခံစားရာ၌ ပြီး' ခြင်းဟုပင် ဆိုရပေမည်။ ယောကျ်ားတို့တွင် စိတ်တက်ကြွမှု တဖြည်းဖြည်း ပြင်းထန်လာပြီး 'အတွေ့' အရသာကို အရှိန်ပြင်းစွာ ခံစားရလျက် နောက်ဆုံး သုက်ရည်ထွက်ကာ ကိစ္စ'ပြီး' သည့် သဘောမျိုးပင် ဖြစ်လေသည်။ ဖို့မ ဆက်ဆံရေးကိစ္စ၌ မိန်းကလေးသည် 'အော်ဂယ်ဇင်' ဖြစ်သည့်အခါ အာရုံကြောများ မိမ့်အောင် ထူးထူးခြားခြား သာယာမှုအရသာ အပြည့်အဝ ခံစားရလျက် တင်းတိမ်ရောင့်ရဲမှု ဖြစ်တတ်၏။ အထက်တွင် ဖော်ပြခဲ့သော ပြင်သစ်အမျိုးသမီးသည် ယင်းတင်းတိမ်ရောင့်ရဲမှုကို လိုချင်လွန်းအားကြီး၍ မရဘဲဖြစ်သည်ဟု ဝေဖန်ဖွယ်ရာ ရှိ၏။ လိုချင်လေ မရနိုင်လေဟူသော မြန်မာစကားကဲ့သို့ပင်တည်း။

အချို့ ဇနီးမောင်နှံတို့တွင် ယောကျ်ားဘက်မှ ချို့ယွင်းချက်ကြောင့် အဆင်မပြေမှု ဖြစ်တတ်ပါသေးသည်။ လိင်ပညာပေး စာအုပ်များ အသင့်အတင့် ဖတ်ဖူးသူ သတို့သားတစ်ဦးသည် ဖို့မ

www.burmeseclassic.com

ဆက်ဆံရေး၌ မိန်းကလေးအဖို့ ကျေနပ်အားရ အလိုပြည့်ဝမှု ရရှိရန် အရေးကြီးကြောင်း စွဲလန်းနေ၏၊ လက်ထပ်ပြီး၍ ချစ်သူ ဇနီးနှင့်အတူ 'အိပ်' သောအခါတွင်လည်း မိန်းကလေးဘက်မှ 'အော်ဂယ်ဇင်' ဖြစ်ခြင်းတည်းဟူသော 'ပြီး' ရေးကို ကြိုးစားပေးမှ ဖြစ်မည်ဟု အယူရှိနေ၏။ ရှိသည့်အတိုင်းလည်း ဖို,မ ဆက်ဆံရေး အမှုပြုရာတွင် ချစ်သူဇနီး၏ဆန္ဒ ပြည့်ဝရေးကို ရှေ့လောကြီးစွာ ကြိုးစားရာမှ သူကသာ လျှင်မြန်စွာ 'ပြီး' သွားလျက် ဇနီးခမြာ ကျေနပ်ရောင့်ရဲမှု မဖြစ်ဘဲ နေသည်ကို တွေ့ရသောအခါ စိတ်ပျက် အားငယ်ခြင်း ဖြစ်ကတ်လေသည်။ သူ့ကိုယ်သူ ချစ်ဇနီး၏အလို မပြည့်စွမ်းနိုင်သူဟု အပြစ်တင်ချင်စိတ် ဖြစ်လာတတ်၏။ ဤကား ယောကျ်ားကလေး၏ ချို့ယွင်းချက်သာဖြစ်သည်ဟု ဝေဖန်ထောက်ပြ ရမည် ဖြစ်ပေသည်။

BURMESE CLASSIC

ထို့ကြောင့် ဗဟုသုတ လုံးဝမရှိလျှင်လည်း မကောင်း၊ ဗဟု သုတရှိပြီး ရှေ့လောကြီးမှု လွန်ကဲနေလျှင်လည်း ပြဿနာတစ်မျိုး ဖြစ်ရမည်ဟု သတို့သားလောင်းတိုင် နားလည်ထားရန်လိုပေသည်။

ယောကျ်ားနှင့်မိန်းမ အိမ်ထောင်သည်ဘဝတွင် ဖို,မ ဆက်ဆံ ရေးအမှု ပြုသောအခါ နှစ်ဦးနှစ်ဖက် အပေးအယူမျှတရန် အရေးကြီး ပေသည်။ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း တစ်ကိုယ်ကောင်းစိတ် ဖယ်ရှားကာ ဒို့နှစ်ယောက် စိတ်တူသဘောတူ သာယာချမ်းမြေ့မှုကို ရှာဖွေဖန်တီးကြစို့ ဟူသောစိတ်ထားမျိုး လိုအပ်ပေသည်။ ဤသို့ စိတ်ထားနိုင်လျှင်ကား ဇနီးမောင်နှံ ရာသက်ပန် သာယာအဆင်ပြေ ရေးအတွက် မှန်ကန်သော လမ်းစတွေ့ပြီဟု မှတ်ယူနိုင်ပေပြီ။

လိင်ဆက်ဆံမှုတွင် ယောကျ်ားက ရှေ့လောကြီးမှုကြောင့် ဇနီးမြ[illegible]တွင် မချင့်မရဲ ဖြစ်ကျန်ရစ်ခြင်းနှင့် ပတ်သက်၍ စိတ်ဝင်စား



ဖွယ် သာဓကများ ရှိဖူးပေသည်။ အနောက်နိုင်ငံများ၌ လိင်ကိစ္စ သုတေသနပြုသူများ၊ အိမ်ထောင်ရေး အကြံပေးပုဂ္ဂိုလ် (Marriage Counsellor) များ၊ ဆရာဝန်များအနေဖြင့် ရင်းနှီးစွာ တွေ့ဆုံ မေးမြန်းခွင့်ရသည့် ဇနီးမောင်နှံများထံမှ သိရှိရသည့် အဖြစ်များ ရှိပေသည်။

အမေရိကန်နိုင်ငံ အနောက်ဘက်ကမ်းရိုးတန်း မြို့ကြီးတစ်မြို့မှ လုလင်ပျို၊ လုံမပျို တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူစုံတွဲသည် ကျောင်းနေရင်း မေတ္တာသက်ဝင် ချစ်ခင်ကြရာမှ ဘွဲ့ရသည်ထိ အောင်ပင် မစောင့်နိုင်ကြတော့ဘဲ လက်ထပ်လိုက်ကြ၏။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် အသက်ပေး ချစ်ကြပါသည်ဟု ဆိုရလောက်အောင်ပင် မြတ်နိုးစုံမက်ကြလေရာ သမီးရည်းစားဘဝတွင် လူချင်းချိန်းတွေ့တိုင်း အချစ်စိတ်တွေ ပြင်းထန်လွန်ကဲရာမှ အချစ် နယ်ကျွံကာ လွန်လွန်ကျူးကျူး ဖြစ်တော့မည့်ဆဲဆဲ အခြေအနေမျိုး ကြုံရတတ်သဖြင့် အိမ်ထောင်မပြုမီ စောင့်စည်းအပ်သော စည်းကမ်း ကိုလည်း မဖောက်ဘဲ ချုပ်ထိန်းခဲ့ကြ၏။ သို့သော် ကြာရှည် ချုပ်ထိန်းခြင်းမှာ လွယ်ကူမည်မဟုတ်ဟု တွေးမိကာ ဘာပဲဖြစ်ဖြစ် အိမ်ထောင်ပြုလိုက်ရန် နှစ်ဦးသဘောတူ ဆုံးဖြတ်လက်ထပ်ခဲ့ကြခြင်း ဖြစ်သည်။

ထိမ်းမြားလက်ထပ်ပြီး၍ တရားဝင် အကြင်လင်မယား ဖြစ်လာ သောအခါ သမီးရည်းစားဘဝတုန်းကလို ခိုးကြောင်ခိုးဝှက် ချိန်းတွေ့ ရခြင်းမျိုး မလိုတော့ဘဲ လွတ်လပ်စွာ တနှစ်ကိုယ် တွေ့ချင်တိုင်း တွေ့နေရသည်ကို နှစ်ယောက်စလုံး အလွန်ကြည်နူးနေကြ၏၊ သို့ရာတွင် သူတို့အလွန်အထင်ကြီးစွာ မျှော်မှန်းစိတ်ကူးယဉ်ကြ သော အိပ်ရာထဲ ဖို,မ ဆက်ဆံရေးကိစ္စက ထင်တိုင်းမပေါက်ဘဲ ဖြစ်နေကြသည်ဆို၏။ ဖြစ်ရပုံကား ဤသို့တည်း။

www.burmeseclassic.com

www.burmeseclassic.com

ခေတ်ပညာတတ် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ ဖြစ်သည့်အလျောက် သူတို့မောင်နှံ နှစ်ဦးစလုံးသည် ထိမ်းမြား လက်ထပ်ရန် တိုင်ပင်ဆုံးဖြတ်ပြီးသည့် အချိန်မှစ၍ လက်လှမ်း သရွေ့ ဖို့မ ဆက်ဆံရေးဆိုင်ရာ လိင်ပညာပေးစာအုပ်များ၊ ဇနီးမောင် လက်စွဲ စာအုပ်များ ဖတ်ရှုခဲ့ကြလေသည်။ သူတို့အနေဖြင့် လက်ထ ပြီးနောက် အိမ်ထောင်မှုသုခ အပြည့်အဝ ရရှိရန်အတွက် လိင်ကိ ဗဟုသုတ နားလည်သိရှိထားမှ ဖြစ်မည်ဟု သဘောပေါက်ခဲ့ကြသဖြ စာအုပ်စာတမ်းတွေ ဖတ်ရှုခဲ့ကြခြင်းဖြစ်၏။ ဖတ်ခဲ့သည့်အတိုင် လည်း ထိမ်းမြားလက်ထပ်ချိန်၌ သူတို့နှစ်ဦးစလုံးတွင် ဖို့မ ဆက် ရေး (လိင်) ကိစ္စအကြောင်း အတော်အသင့် နားလည်နေကြ၏ နားလည်ကြသည့် အချက်များအနက် မိန်းမနှင့် ယောကျ်ား သာယာ အရှိန် အမြင့်ဆုံး (ဝါ) ပြီးပြည့်စုံသော ကျေနပ်အားရမှုတည် ဟူသော 'အော်ဂယ်ဇင်' Orgasm ဟူသည် ရှိရကြောင်း အချက်လည် ပါဝင်လေရာ ယင်းအချက်ကို သူတို့နှစ်ဦး အစွဲအလမ်းကြီး နေခဲ့ကြ သည်ဆို၏။

သို့နှင့်ပင် ထိမ်းမြားလက်ထပ်ပြီးနောက် ညအတူအိပ်ကြသော အခါ သဘာဝအလျောက် သာယာမှုခံစားရေးထက် မိန်းကလေးတွင် ဆန္ဒပြည့်ဝမှုရ ရှိရေးကိုသာ အကြီးအကျယ် အာရုံစိုက် ရည်မှန်းလျ ဆက်ဆံခဲ့ကြ၏။ ယောကျ်ားလုပ်သူက ချစ်ဇနီး ဆန္ဒပြည့်ဝရေ အတွက် စိတ်စောနေသလို မိန်းကလေးမှာလည်း စာအုပ်တွေထဲ သလို ငါ့ဘက် 'ပြီး' ပါ့မလားဟူသော စိုးရိမ်မှုက အားကြီးနေ၏ ထို့ကြောင့်ပင်လျှင် သူတို့နှစ်ဦး၏ ဖို့မ ဆက်ဆံရေးသည် သဘာဝ မကျရုံမက စက်ယန္တရားတစ်ခုဖြင့် ကုန်ပစ္စည်း ထုတ်လုပ်နေသည် ပုံစံမျိုးဖြစ်နေပြီး မည်သို့မှ သာယာပျော်ရွှင်မှု မရရှိဘဲ ဖြစ်နေခဲ့၏ ဤသို့ဖြစ်ခြင်းမှာ တစ်ကြိမ်တစ်ခါမဟုတ်ဘဲ လင်မယားအတူ အိပ်



တိုင်း ကြုံတွေ့နေရသဖြင့် နောက်ဆုံး အိမ်ထောင်ရေး အကြံပေးပုဂ္ဂိုလ် ဆရာဝန်တစ်ဦးထံ ရောက်လာခဲ့ကြရတော့သည်။

ထိုအခါ ဆရာဝန်ကြီးက သူတို့နှစ်ဦးအား လိင်ပညာ ဗဟုသုတ ရှာမှီးခြင်းသည် တကယ်လိုအပ်ပြီး သင့်တော်ပါသော်လည်း အချို့ကိစ္စများတွင် လေ့နမ်းမားထစ်မှတ်ယူ၍ မဖြစ်ကြောင်း ရှင်းပြရလေသည်။ အထူးသဖြင့် ဖို့မ ဆက်ဆံရေးကိစ္စတွင် စိတ္တဗေဒ ပညာရှုထောင့်မှ နားလည်ရန် အရေးကြီးကြောင်း အတွေ့အာရုံ သာယာမှုကို တောင့်တခြင်း၊ယင်းတောင့်တချက် ပြည့်ဝ အားရခြင်း စသည်တို့မှာ ဖွတ်အတင်း လုပ်ယူ၍ မရကြောင်း၊ 'အော်ဂယ်ဇင်' မိန်းကလေး၌ ကျေနပ်အားရခြင်းဆိုသည်မှာလည်း စိတ်စောနေခြင်း ကြောင့် စိုးရိမ်လွန်းလျှင် မဖြစ်နိုင်ကြောင်းတို့ကို အသေးစိတ်ပြောပြ ခဲ့၏။ တစ်ဆက်တည်းမှာပင် ဆရာဝန်က အဆိုပါ တက္ကသိုလ် ကျောင်းသား ဇနီးမောင်နှံတို့အား ဖို့မ ဆက်ဆံရေးအမှု ပြုသောအခါ ဖတ်ထားသည့် လိင်စာအုပ်တွေထဲမှ အချက်အလက်များကို အလေးအနက် စဉ်းစားမနေသင့်ကြောင်း အကြံပေး၏။ လင်နှင့်မယား ပေါင်းသင်းဆက်ဆံခြင်းသည် သူတို့၏အချစ်ကို အားရပါးရ ကိုယ်ထိ လက်ရောက် ပြသသော အပြုအမူသာ ဖြစ်သင့်ပြီး ညအိပ်ရာထဲ ဝင်ကြသည်နှင့်တစ်ပြိုင်နက် စာအုပ်များထဲမှ သဘောတရားတွေကို မေ့ပစ်ထားသင့်ကြောင်းလည်း ပြောပြလေသည်။ တစ်ယောက်ကို တစ်ယောက် ချစ်ခင်မြတ်နိုးသော မေတ္တာစိတ်သည် ဖို့မ ဆက်ဆံရေး ပြုနေချိန်၌ သဘာဝအလျောက် အရှိန်မြင့်သည်ထက် မြင့်မားလာသော နောက်ဆုံး၌ ကျေနပ်အားရ လိုအင်ဆန္ဒ ပြည့်ဝခြင်းတည်းဟူသော 'အော်ဂယ်ဇင်' သည် အလိုအလျောက် ဖြစ်လာပါလိမ့်မည်ဟု အားပေးစကား ပြောကြား၍ ပြန်လွှတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ကြီးက ညွှန်ကြား အကြံပေးသည့်အတိုင်း ဇနီးမောင်နှံတို့သည် လိင်ပညာပေး စာအုပ်ကြီးများအတိုင်း တသွေမတိမ်း ဖြစ်ရမည်ဟူသော အတွေးကို ဘေးချိတ်ကာ စိတ်လွတ်လပ်စွာ သဘာဝကျကျ 'ချစ်' ကြသောအခါ နှစ်ဦးစလုံးတွင် ယခင် မကြုံစဖူး ထူးကဲသော သာယာပျော်ရွှင်မှုကို ခံစားကြရတော့သည်ဟူ၏။

အထက်ဖော်ပြပါ သာဓကကို လက်ထပ်အံ့ဆဲဆဲ သတို့သမီးလောင်း၊ သတို့သားလောင်းတို့သည် သင်ခန်းစာအဖြစ် သိမှတ်ထားသင့်ကြပေသည်။

လက်မထပ်မီ သိမှတ်စရာ အချက်များအနက် ဖို့မ ဆက်ဆံရေးဆိုင်ရာ လိင်ပညာဗဟုသုတ အသင့်အတင့် နားလည်ထားရန် အရေးကြီးကြောင်း ထင်ရှားလောက်ပြီဟု ယူဆရပေသည်။

နောက်တစ်ချက် ထပ်မံ၍ အကြံပေး တင်ပြလိုသည်ကား 'အိမ်ထောင်ဖက်ရွေးချယ်ခြင်း' အခန်း၌ အကျယ်တဝင့် ဖော်ပြခဲ့ပြီးသော ဇနီးမောင်နှံလောင်းတို့၏ ကျန်းမာရေးကိစ္စပင် ဖြစ်၏။ လက်မထပ်မီ ကျန်းမာရေး ဆေးစစ်သင့်ကြောင်းကိုလည်း ညွှန်ပြခဲ့ပြီး ဖြစ်ပေသည်။ ထပ်လောင်း၍ သတိပေးလိုသည်မှာ သားစဉ်မြေးဆက် လူညွန့်တုံးစေနိုင်သော ကာလသားရောဂါ မရှိစေရန်ပင်ဖြစ်၏။

အမေရိကန်ပြည်မှ အသက် ၁၉–နှစ်ရွယ် မိန်းကလေးတစ်ဦးသည် ထိမ်းမြားလက်ထပ်ပြီးမှ 'ဂိုနိုရီယာ' ခေါ် ကာလသားရောဂါ ရှိနေကြောင်းသိရပြီး ယူကျုံးမရ ဖြစ်ခဲ့ရဖူး၏။ အမှန်တော့ ထိုသူငယ်မသည် ကျောင်းနေရင်း ကျောင်းသားတစ်ယောက်နှင့် ပါတီသွားရင်း ကိုယ်ထိလက်ရောက် တစ်ကြိမ်မျှ လွန်လွန်ကျူးကျူး ဖြစ်ခဲ့ဖူး၏။ သို့သော် ရောဂါဖြစ်ပွားကြောင်း အရိပ်အယောင် လက္ခဏာ တစ်စုံတစ်ရာ မတွေ့ရသဖြင့် ဘာမှမဖြစ်တန်ရာဟု စိတ်အေးနေပြီး လက်ထပ်ခဲ့ရာ တကယ်ချစ်မြတ်နိုးသော ယောကျ်ားနှင့် အတူနေရတော့မှ ရောဂါက ပေါ်လာခြင်းဖြစ်၍ အကြီးအကျယ် စိတ်ဆင်းရဲရရှာ၏။ ဆိုလိုသည်ကား ကာလသားရောဂါဖြစ်တိုင်း ကာယကံရှင်က ချက်ချင်းသိရှိ ရိပ်မိရန် မလွယ်ကြောင်းပင်ဖြစ်၏။



ထိုနည်းတူစွာ လက်ထပ်ခါနီး သတို့သားလောင်းသည်လည်း ကာလသားရောဂါ ရှိ၊ မရှိ ဆေးစစ်ကြည့်ခြင်းသည် အကောင်းဆုံး ဖြစ်ပါ၏။ သာယာချမ်းမြေ့သော အိမ်ထောင်ရေး တည်ဆောက်လိုသူ သတို့သမီး၊ သတို့သားလောင်း မှန်သမျှ ဖော်ပြပါအချက်အလက် အားလုံးကို လေးနက်စွာ သိမှတ်ထားသင့်ကြသည် ဖြစ်သတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# (၈)

# လက်ထပ်ပြီး အချိန်ကာလ

ဧနီးမောင်နှံ လက်ထပ်ပြီးပြီးချင်း နှစ်ယောက်သား လွတ်လပ်ပျော်ရွှင်စွာ နေနိုင်ကြရန်အတွက် အနောက်နိုင်ငံများတွင် 'ဟန်းနီးမွန်း' (Honey moon) ခေါ် 'ပျားရည်ဆမ်း' ခရီး ထွက်လေ့ရှိပေသည်။ ချစ်စ, ခင်စ, ကြင်နာစ အချိန်တွင် အနှောက်အယှက် ကင်းစွာဖြင့် အိမ်ထောင်မှုသုခ အပြည့်အဝ ခံစားရခြင်းငှာ ဇာတိနေရပ်မှ ခရီးထွက်ပြီး အပန်းဖြေအနားယူသည့် သဘောလည်းဖြစ်၏။ ညားခါစ ဇနီးမောင်နှံအနေဖြင့် အလုပ်တာဝန်ဟူ၍ ဘာမျှမရှိဘဲ တစ်ချိန်လုံး လွတ်လပ်စွာ ပျော်နိုင်ကြသဖြင့် ယင်း 'ဟန်းနီးမွန်း' ခရီးထွက်ခြင်းကို ပျော်စရာ အကောင်းဆုံး အချိန်ကာလဟု ဆိုလေ့ရှိကြပေသည်။

မြန်မာ့ရိုးရာ စကားများအနက် ယောက်ျားကလေးတစ်ယောက်အဖို့ တစ်သက်တာတွင် အပျော်ဆုံးနေ့ သုံးနေ့ရှိပြီး ၎င်းတို့မှာ ရှင်လိုင်ပြန်သောနေ့၊ အကျဉ်းမှလွတ်သောနေ့နှင့် အိမ်ထောင်ကျသောနေ့တို့ ဖြစ်သည်ဟူသော စကားမှာလည်း လက်ထပ်ပြီးခါစ 'ဟန်းနီးမွန်း' ကာလ၏ ပျော်ရွှင်ကြည်နူးဖွယ်ရာ ကောင်းလှပုံကို သွယ်ဝိုက်ဖော်ပြသည့် အဓိပ္ပာယ် ဆောင်ပေသည်။



တကယ်တော့လည်း ပုထုဇဉ် လူသားတို့အဖို့ ထိမ်းမြားလက်ထပ်ပြီးခါစ အချိန်ကာလသည် ဘဝတစ်သက်တာတွင် ပျော်ရွှင်ကြည်နူးဖွယ် အကောင်းဆုံး ဖြစ်နိုင်ပေသည်။ နိုင်ငံခြား၌ အသက် ၇၀–ကျော် ၊ ၈၀–ရွယ် အဘိုးကြီး ၊အဖွားကြီးများက သူတို့လက်ထပ်ပြီး ခါစ 'ဟန်းနီးမွမ်း' ကာလကို အလွန်ပျော်စရာကောင်းလှသဖြင့် မမေ့နိုင်ဘဲ သတိရနေသေးကြောင်း ပြောတတ်ကြ၏။

ဤသို့ ပျော်ရွှင်ကြည်နူးဖွယ်ရာ လက်ထပ်ပြီးစ အချိန်ကာလမျိုး ဖြစ်စေရန် ဤအခန်းတွင် အကြံပေးတင်ပြမည် ဖြစ်ပေသည်။

ပထမဆုံး အကြံပေးလိုသော အချက်ကား ထိမ်းမြားလက်ထပ်ပြီးပြီးချင်း ခရီးထွက်ရန် ကြိုတင်စီစဉ်ထားသင့်သည်ဟူသော အချက်ပင်ဖြစ်၏။ အနောက်နိုင်ငံများ၌ ဇနီးမောင်နှံ အသစ်စက်စက်များ 'ဟန်းနီးမွန်း' (Honey moon) ခရီးထွက်သည့် သဘောမျိုးပင်ဖြစ်သည်။ သူတို့ဆီမှာတော့ မင်္ဂလာဆောင်ပြီးလျှင် နိုင်ငံခြားသို့ပင် ခရီးထွက်လေ့ရှိကြ၏။ အမေရိကန်မှ ဇနီးမောင်နှံက ဂျပန်၊ ဟောင်ကောင် စသော အရှေ့ဖျားနိုင်ငံများသို့ သွားသလို အင်္ဂလန်မှ လင်မယား အသစ်စက်စက်များသည် ပြင်သစ်၊ အီတလီကဲ့သို့ ဥရောပနိုင်ငံများသို့ ခရီးထွက်တတ်ကြလေသည်။ မြင်တွေ့နေကျ ပတ်ဝန်းကျင် ရှုခင်းများကို စွန့်ခွာ၍ ရေမြေရပ်ခြား တိုင်းတစ်ပါးသို့ သွားရခြင်းသည် စိတ်ကြည်လင် လန်းဆန်းလျက် အိမ်ထောင်ဦးကာလ၌ ပို၍ပျော်ရွှင်ကြည်နူးဖွယ် ကောင်းသည်ဟု ယူဆကြသောကြောင့် ယင်းသို့ ခရီးဝေး ထွက်ကြခြင်း ဖြစ်လေသည်။

ယခုခေတ် မြန်မာနိုင်ငံတွင်လည်း အခြေအနေအရ တတ်နိုင်သူများသည် လက်ထပ်ပြီးပြီးချင်း တစ်ရပ်တစ်ကျေးသို့ ခရီးထွက်လေ့ရှိနေကြပေပြီ။ နွေဦးရာသီတွင် ရန်ကုန်မြို့၌ လက်ထပ်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းပင် တောင်ကြီး၊ ကလောတို့လို နေရာသို့ ခရီးထွက်ခြင်းမျိုး ခေတ်စားနေ၏။ အချို့ကလည်း ငပလီ၊ မောင်းမကန်တို့လို ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများသို့ သွားတတ်ကြ၏။ ချစ်သူနှစ်ဦး တရားဝင် ထိမ်းမြားလက်ထပ်ပြီးနောက် ပထမဆုံးအကြိမ် နှစ်ယောက်သား အတူနေရချိန်ဖြစ်သော အိမ်ထောင်ဦးကာလတွင် လွတ်လွတ်လပ်လပ်ကြီး ပျော်ရွှင်စွာ နေနိုင်ရေးအတွက် ယခုကဲ့သို့ တစ်ရပ်တစ်ကျေးသို့ ခရီးထွက်ကြခြင်းပင် ဖြစ်လေသည်။

လက်ထပ်ပြီးပြီးချင်း ခရီးထွက်ခြင်းကို ထောက်ခံအကြံပေးရာတွင် ဇနီးမောင်နှံ မုန်သမျှ တောင်ကြီးလို ၊ ငပလီလို နေရာမျိုးသို့ စရိတ်စက ကုန်ကျခံ သွားရမည်ဟု မဆိုလိုပေ။ မိမိတို့ကိုယ်ရေးကိုယ်တာ အခြေအနေ၊ ငွေကြေးပြည့်စုံမှု အခြေအနေတို့အပေါ် မူတည်၍ ဆုံးဖြတ်ရန်ဟု ဆိုလိုပေသည်။ တတ်နိုင်သည့်အခြေအနေအလိုက် ခရီးထွက်ရန် နေရာကို ရွေးချယ်ရန်ဖြစ်ပေသည်။ ဥပမာ မန္တလေးမြို့၌ နေထိုင်သူများ ဖြစ်ပါက ဇနီးမောင်နှံ လက်ထပ်ပြီးပြီးချင်း ပြင်ဦးလွင်လိုနေရာသို့ 'ဟန်းနီးမွန်း ' ခရီးထွက်မည်ဆိုလျှင် စရိတ်စက များစွာကုန်ကျစရာ အကြောင်းမရှိသဖြင့် ချမ်းသာကြွယ်ဝသူ မဟုတ်သော စုံတွဲများပင် သွားနိုင်မည် ဖြစ်ပေသည်။ အကျိုးကျေးဇူးကတော့ ချစ်သူနှစ်ဦး မည်သူ့မျက်နှာကိုမှ ကြည့်နေစရာမလိုဘဲ လွတ်လပ်ပျော်ရွှင်စွာ အိမ်ထောင်ဦးကာလကို အသုံးချနိုင်မည် ဖြစ်ပေသည်။

'မည်သူ့မျက်နှာမှ ကြည့်စရာမလို' ဟူ၍ ဆိုလိုက်ခြင်းမှာ အကြောင်းရှိပေသည်။ မြန်မာလူမျိုးတို့ ရိုးရာအစဉ်အလာအရ (အထူးသဖြင့်) မိန်းကလေးများသည် အလွန်အရှက်အကြောင်းကြီးတတ်ကြရာ မင်္ဂလာဦးညကို မိမိတို့အိမ်၌ပင် အချိန်ကုန်လွန်ရပါက နောက်တစ်နေ့ နံနက်တွင် မိဘဆွေမျိုး ပရိသတ်များကို ရှက်နေ

www.burmeseclassic.com



တတ်၏။ ချစ်သူလင်ယောကျ်ားနှင့် တစ်ညအိပ်ပြီး နောက်တစ်နေ့ နံနက်တွင် မျက်နှာထားရ ခက်နေတတ်၏။ သူတစ်ပါးက အဓိပ္ပာယ်ပါပါ မျက်လုံးများနှင့် ပိုင်းကြည့်ခြင်းကိုလည်း ကြောက်နေတတ်၏။ အထူးသဖြင့် မိန်းကလေးတွေ မောင်နှမသားချင်းများရှိပါက အစ်ကို မောင်၊ ညီမ ၊အစ်မများနှင့် မိဘများကို အလွန်ရှက်တတ်၏။ ယောကျ်ားကလေး အနေနှင့်လည်း မိန်းကလေး၏ မိဘ(ယောက္ခမ) များအား မျက်နှာပူသလို ရှက်သလို ဖြစ်တတ်သေး၏။ လက်ထပ်ပြီး ခရီးထွက်သွားလိုက်လျှင်ကား ယင်းပြဿနာမျိုး ရှိတော့မည် မဟုတ်သဖြင့် ဇနီးမောင်နှံ လွတ်လွတ်လပ်လပ်ကြီး နေနိုင်ကြမည် ဖြစ်ပေသည်။

ဤသို့လျှင် မျက်နှာပူသလို၊ အားနာသလို ဖြစ်ရမည့်အရေးများကို ရှောင်ဖယ်လိုသည့် ရည်ရွယ်ချက်သည် အနောက်နိုင်ငံများ၌ “ဟန်းနီးမွန်း” Honey moon ခရီးထွက်ခြင်း တီထွင်ဖန်တီးခြင်း၏ အဓိကရည်ရွယ်ချက်ပင် ဖြစ်လေသည်။ နှစ်ယောက်သား ချစ်ချင်တိုင်း ချစ်လိုကြသည်မှာ လက်ထပ်ပြီးခါစ ဇနီးမောင်နှံတို့တွင် ဓမ္မတာဖြစ်သည့်အလျောက် သူတို့အဖို့ ဂီတစာဆို မြို့မငြိမ်း၏ သီချင်းပမာ 'နှစ်ယောက်ထဲ နေချင်တယ်' ဟူသော ဆန္ဒကို 'ဟန်းနီးမွန်း' ခရီးထွက်မှသာလျှင် ဖြည့်စွမ်းနိုင်မည် ဖြစ်ပေသည်။

နောက်တစ်ချက်ကား လက်ထပ်ပြီး အချိန်ကာလမျိုး၌ ဇနီးမောင်နှံ နှစ်ဦးစလုံးအဖို့ အပန်းဖြေရန် တကယ်လိုအပ်ပေသည်။ လက်မထပ်မီ မင်္ဂလာဧည့်ခံပွဲ အတွက် ပြင်ဆင်မှုများ ပြုလုပ်ရခြင်း အိပ်ယာခမ်းနားကအစ အိမ်ထောင်သစ် ထူထောင်ရန်အတွက် ပစ္စည်းပစ္စယများ စီစဉ်စုဆောင်းရခြင်း၊ မင်္ဂလာလက်ထပ်ပွဲ မစခိုင်မီက စည်ကားများပြားနေသော မိတ်ဆွေသင်္ဂဟများအား ဧည့်ခံရခြင်း စသဖြင့် စိတ်မောလူမော ဖြစ်စေလောက်အောင် အလုပ်များနေတတ်

www.burmeseclassic.com

www.burmeseclassic.com

လေရာ လက်ထပ်ပြီး၍ ဇနီးမောင်နှံ ပျော်ရမည့်အချိန်၌ စောစောက မောသမျှ အပမ်းဖြေရန် လိုအပ်၏။ ထို့ကြောင့် တစ်နေရာရာသို့ နှစ်ယောက်သား ခရီးထွက်ခွာသွားခြင်းသည် အပမ်းဖြေရာလည်း ရောက် စားဝတ်နေရေး၊ စီးပွားရေး စသည်တို့အကြောင်းလည်း တွေးတောပူပန်စရာမလိုဘဲ လင်နှင့်မယား ချစ်ကြည်ရင်းနှီးစွာ အိမ်ထောင်မှုသုခကို ခံစားစေနိုင်မည့် ထွက်ရပ်လမ်းပင် ဖြစ်ပေသည်။

မိမိတို့နေထိုင်ရာ ဇာတိနေရပ်မှသည် တစ်ရပ်တစ်ကျေးသို့ ထွက်ခွာသွားခြင်းအားဖြင့် တောတောင်ရေမြေ ပတ်ဝန်းကျင် ရှုခင်းများ ပြောင်းလဲမှုကို မြင်တွေ့ခြင်းသည်လည်း တစ်မျိုးတန်ဖိုးရှိ၏။ အာရုံပြောင်း အာရုံလွှဲလျှင် တစ်မျိုး စိတ်ဝင်စားတတ်သော လူ့သဘာဝ အရ အရပ်တစ်ပါးသို့ရောက်၍ ရှုခင်းသစ်များ မြင်ရသည့်အခါ စိတ်များ ကြည်လင်လန်းဆန်းလာတတ်၏။ မန္တလေးလိုနေရာမှ ၄၂–မိုင်သာ ဝေးသော ပြင်ဦးလွင်သို့ သွားလိုက်ခြင်းအားဖြင့် ပတ်ဝန်းကျင် ရှုခင်းများသာမက ရာသီဥတု အခြေအနေကပါ ကွာခြားနေသဖြင့် သာယာကြည်နူးမှုတစ်မျိုး ဖြစ်စေနိုင်၏။ ဤသည်မှာလည်း လက်ထပ်ပြီး ဇနီးမောင်နှံ ခရီးထွက်ခြင်း၏ အကျိုးတစ်ခု ဖြစ်ပေသည်။

ချစ်သူနှစ်ဦး ထိမ်းမြားလက်ထပ်ပြီးနောက် အိမ်ထောင်ဦး ကာလတွင် နှစ်ယောက်သား အတူယှဉ်တွဲ အိပ်စက်ရမည့်နေရာသည် အရေးကြီး၏။ ပထမဆုံးအကြိမ် ဖိုနှင့်မ နဖူးတွေ့ ဒူးတွေ့ 'တွေ့' ကြရမည့်နေရာသည် ဆိတ်ကွယ်ရာလည်းဖြစ်၊ အနှောက် အယှက်လည်းကင်း၊ လုံခြုံသောနေရာလည်း ဖြစ်သင့်၏။ ဤကိစ္စမျိုးတွင် မြန်မာလူမျိုးတို့အနေဖြင့် အထူးပင် အရှက်အကြောက် ကြီးတတ်သဖြင့် ဆိတ်ငြိမ်လုံခြုံမှုသည် ပို၍ပင် အရေးကြီးသည် ဟု ဆိုချင်ပေသည်။ စာရေးသူကိုယ်တိုင် သိဖူးသောလူငယ်တစ်ဦးသည်



ယောကျ်ားတန်မဲ့ အလွန်အရှက်အကြောက် ကြီးလှ၏။ သူနှင့် လက်ထပ်သော ချစ်သူရည်းစား၏အိမ်က မလုံခြုံရုံမက ၊သေးငယ် လှသောကြောင့် သီးသန့်အိပ်ခန်းဟူ၍ပင် မရှိ။ မင်္ဂလာဆောင်မယ် ကို အခန်းအပ်သောအခါ ပိတ်ခန်းဆီးများဖြင့် အခန်းသဖွယ် ဖြစ်သလို ကာရံပြီး အိပ်ခန်းလုပ်ရသည်ဆို၏။ အဆိုးဆုံးကား အိမ်က ဝါးကြမ်းခင်း၊ ကျူထရံကာ အိမ်မျိုး ဖြစ်နေခြင်းပင်တည်း။

အချိန်တန်၍ ညအိပ်ရာဝင်ကြသောအခါ သူတို့၏ ပိတ်ခန်းဆီး ပြင်ဘက်နားကပ်၍ ယောက်ဖတွေ ၊ခယ်မတွေပါ အိပ်နေကြကြောင်း သိရသည်တွင် သတို့သားခမြာ အကြီးအကျယ် စိတ်အနှောက်အယှက် ဖြစ်နေတော့၏။ အသစ်စက်စက် ချစ်သူဇနီးကလေးနှင့် တူနှစ်ကိုယ် စက်ရာထက်၌ အားရပါးရ 'ချစ်' လိုက်ဖို့ အရေးကို တွေးပြီး စိတ်ညစ်နေ၏။ ဝါးကြမ်းခင်းပေါ် ခင်းထားသော မွေ့ရာခပ်ပါးပါးက လင်မယားနှစ်ယောက် တက်အိပ်လိုက်ချိန်တွင် ဟိုဘက်သည်ဘက် လှည့်လိုက်ရုံနှင့် အသံတွေမြည်လာလေရာ ဇနီးမောင်နှံတို့အဖို့ ဘာလုပ်လုပ် ဘေးလူများ ကြားကုန်၊သိကုန်တော့မည်ဟူသော အသိ ကြောင့် သူတို့စိတ်ကို ခြောက်ခြားစေ၏။ သည်လိုအခြေအနေ မျိုးတွင် သူတို့နှစ်ဦး မင်္ဂလာဦးညအခါ လင်မယားဘဝ ဖို့,မ ဆက်ဆံရေးအမှုကို မည်သို့လျှင် ပြုနိုင်ပါမည်နည်း။ အိမ်ထောင်မှု အရသာကို ခံစားနိုင်ပါမည်နည်း။

သို့နှင့်ပင် ချစ်သူနှစ်ဦးသည် မင်္ဂလာဦးညက အိပ်ယာထဲ ရောက်နေပြီးနောက် ယုယပိုက်ထွေး ချစ်တင်းဆိုရင်း စိတ်တွေတက်ကြွ ပြင်းထန်လာပါသော်လည်း တကယ့်အဓိက အဆုံးသတ် အပြုအမူ ဖြစ်သော ဖို့,မ ဆက်ဆံရေးအမှုကိုကား ဘေးလူများ ရိပ်မိသိရှိကုန် မည်ကို စိုးရိမ်ကြောင့်ကြလွန်းသဖြင့် မပြုရဲကြဘဲ မိုးစင်စင်

www.burmeseclassic.com

www.burmeseclassic.com

လင်းခဲ့ကြသော ဟူ၏။ ရှင်းရှင်းကတော့ သူတို့အဖို့ မင်္ဂလာဦးညတွင် လက်တွေ့အားဖြင့် လင်မယားအရာ မမြောက်ခဲ့ဟု ဆိုရပေမည်။

အမှန်တော့ သည်လိုအဖြစ်မျိုးကား မလိုလားအပ်ပေ။ လက်ထပ်ပြီးစီးသည့် မင်္ဂလာဦးညသည် သူတို့အဖို့ တစ်သက်တာ မမေ့နိုင်အောင် တသသ,စွဲလမ်း သတိရဖွယ် ဖြစ်သင့်၏။ သို့ရာတွင် ဖော်ပြပါ ဇနီးမောင်နှံမြော စက်ရာသဏ္ဌာညှောင်ခန်း အခြေအနေ မလှသဖြင့် ပထမဆုံးညတွင် အကြီးအကျယ် စိတ်ပျက်အားငယ်သည့် အဖြစ်မျိုးသာ ကြုံခဲ့ရရှာလေသည်။

နောက်တစ်နေ့ကျမှ သူငယ်က စိတ်ကူးရပြီး၊ မိန်းကလေး မိဘများထံ ခွင့်ပန်လျက် ယောကျ်ားကလေး၏ မိခင်အိမ်သို့ ပြောင်းအိပ်တော့မှပင် သီးသန့်အိပ်ခန်းတစ်ခုရသဖြင့် လင်မယားအရာ ရောက်ခဲ့ကြရသည်ဟု သိရပေ၏။ အမှန်တော့ ယောကျ်ားကလေးက ရှက်တတ်လွန်းသည်ဟု ဝေဖန်စရာရှိသော်လည်း သူကဲ့သို့ ရှက်တတ်သူ သတို့သား အများအပြားပင် ရှိတတ်လေသည်။ ရှက်တတ်ခြင်း ကိုလည်း မည်သို့မှ အပြစ်မဆိုသာချေ။ ဇနီးမောင်နှံ လက်ထပ်ပြီး အတူနေသည့်အခါ ဆိတ်ကွယ်ရာ၊ လုံခြုံရာ၊ သီးသန့်နေရာသည် အမှန်ပင် လိုအပ်ပေသည်။ သမီးရည်းစားဘဝတုန်းကလို မဟုတ်ဘဲ အရှက်အကြောက် ကုန်လုမတတ် အဟန့်အတားမရှိ ၊လွှတ်လွှတ် လပ်လပ်ကြီး နှစ်ယောက်သား 'ချစ်'ကြဖို့ အရေးအတွက် ပတ်ဝန်းကျင် အခြေအနေက အဖက်ဖက်မှ အဆင်ပြေမှသာ စိတ်တိုင်းကျ ဖြစ်နိုင်မည်ဟူ၍ ဤကိစ္စမျိုးတွင် မှတ်ယူကြရမည်ဖြစ်၏။

ထိုသို့မင်္ဂလာဦးညအခါ ဇနီးမောင်နှံ လွတ်လွတ်လပ်လပ်နှင့် ဆိတ်ငြိမ်လုံခြုံသောနေရာမျိုး ရရှိနိုင်ရန်အတွက် လက်ထပ်ပြီးပြီး ချင်း တစ်နေရာရာသို့ ခရီးထွက်ခြင်းသည် အဆင်ပြေဆုံး နည်းလမ်း



ကောင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် ဤစာအုပ်အရေးကြီး [illegible] လက်ထပ်ပြီးလျှင် မိမိတို့၏ ကိုယ်ရေးကိုယ်တာ အခြေအနေ [illegible] ဖြစ်သည့်နည်းနှင့် ခရီးထွက်ခြင်း (ရက်ပိုင်းမျှဖြစ်စေ) ကို အကြံပေး ရခြင်း ရဖြစ်ပေသည်။

မိမိတို့အခြေအနေအရ မည်သည့်နည်းနှင့်မှ ခရီးမထွက်နိုင် ပါဟု ဆိုသူများလည်း ရှိကောင်းရှိပေလိမ့်မည်။ သူတို့၏ အခြေအနေ ကလည်း တကယ်ပင် မဖြစ်နိုင်သည့် အခြေမျိုး ဖြစ်ပါလိမ့်မည်။ သို့ဖြစ်ပါမူ ခရီးမထွက်နိုင်သည့်တိုင်အောင် မင်္ဂလာဆောင် ပြီးသည့် အခါ ဆိတ်ငြိမ်လုံခြုံသော သီးသန့်အိပ်ခန်း မဖြစ်ဖြစ်အောင် ဖန်တီးယူပါဟု အကြံပေးရမည် ဖြစ်ပေသည်။

လက်ထပ်ပြီးသည့် အချိန်ကာလအတွက် ဇနီးမောင်နှံတို့အား နောက်တစ်ချက် သတိပေးလိုပါသေးသည်။ ယင်းကား သမီးရည်းစား ချစ်သူဘဝမှ အိမ်ထောင်ရှင် ဇနီးမောင်နှံ ဖြစ်လာချိန်ဝယ် စိတ်နေ စိတ်ထား မှန်ကန်ရေးပင်ဖြစ်၏။ မှန်ကန်သည်ဆိုရာ၌ တစ်ယောက်နှင့် တစ်ယောက် ချစ်ပါသည်ဆိုသည့်အတိုင်း နေရာတကာတွင် သည်းခံ ခြင်း၊ ခွင့်လွှတ်ခြင်း၊ နားလည်မှုရှိခြင်း၊ လိုက်လျောခြင်း စသည်တို့ကို ဆိုလိုပေသည်။ ဤသို့ ဆိုရခြင်းမှာလည်း အကြောင်းရှိ၏။ လက်ထပ်ပြီး၍ ဇနီးမောင်နှံဖြစ်လာသည်နှင့်တစ်ပြိုင်နက် အသေးအဖွဲ ကိစ္စကလေးများကအစ နားလည်မှုမရှိခြင်းဖြင့် မလိုလားအပ်သော ပြဿနာများ ပေါ်လာတတ်ပေသည်။

"ချစ်စ, ခင်စ, ကြင်နာစ" ဟူသော မြန်မာစကားကို ကြားဖူးကြပေလိမ့်မည်။ ဤစကားသည် လက်ထပ်ပြီးခါစ ဇနီးမောင်နှံ တို့၏ စိတ်နေသဘောထား အခြေအနေကို တင်စား၍ဆိုသည့် စကားပင်ဖြစ်၏။ သို့ရာတွင် လက်တွေ့ကျတော့ အိမ်ထောင်ဦးအခါ ကာလတွင် မပြေမပြစ် ကတောက်ကဆ ဖြစ်တတ်သော စုံတွဲများ

www.burmeseclassic.com

www.burmeseclassic.com

ရှိတတ်၏။ ဤသည်ကိုပင် သတိထား ရှောင်ရှားရန် လိုပေသည်။ လူမှန်သမျှ ချို့ယွင်းချက် လုံးဝမရှိဘဲ ခြောက်ပြစ်ကင်းဟူသည် မရှိသလောက် ရှားပါးသည့်အလျောက် ညားခါစ ဇနီးမောင်နှံတို့တွင်လည်း အသီးသီး ချို့ယွင်းချက်ကလေးများ ရှိနေမည်ဖြစ်၏။ ယင်းချို့ယွင်းချက်များကို တစ်ယောက်ပေါ် တစ်ယောက် သဘောထားကြီးစွာဖြင့် ခွင့်လွှတ်တတ်ရန် လိုအပ်ပေသည်။

ထိုသို့ သဘောထားကြီးခြင်း၊ ခွင့်လွှတ်ခြင်းစသော တစ်ဖက်သားအတွက် စာနာထောက်ထားမှုများကို ကျင့်သုံးနိုင်ပါမှ အိမ်ထောင်ဦးကာလ အခါသမယသည် ဇနီးမောင်နှံအဖို့ တကယ်ပင် သာယာပျော်ရွှင်ဖွယ်ရာ ဖြစ်လိမ့်မည်မှာ ကေန်မုချပင်ဖြစ်၏။ အသေးအဖွဲ ကိစ္စကလေးများကအစ သည်းခံခွင့်လွှတ်နိုင်ရန်လည်း အရေးကြီးကြောင်း ထောက်ပြလိုပါ၏။

တစ်ခါက သတို့သမီးတစ်ဦးသည် လူငယ်ချင်း ချစ်ကြိုက်ပြီး လက်ထပ်ယူသော သတို့သားနှင့် တစ်ညတာမျှ အိပ်ပြီးနောက် စိတ်ပျက်သလို ဖြစ်ဖူး၏။ ဒီယောကျ်ားနဲ့ ငါ ကြာရှည်ပေါင်းနိုင်ပါ့မလားဟူ၍လည်း သံသယဖြစ်မိ၏။ အကြောင်းကတော့ ကြီးကျယ်လှသည် မဟုတ်။ သတို့သားသည် ညအိပ်ပျော်သည့်အခါ အသံကျယ်လောင်စွာ တခေါခေါနှင့် ဟောက်တတ်သူဖြစ်နေရာ သူ၏ဘေးမှ ယှဉ်အိပ်ရသူ မိန်းကလေးမှာ ဘယ်လိုမှ မအိပ်တတ်ဘဲ စိတ်ညစ်နေရပါသည်ဟု ဆိုလေသည်။ သမီးရည်းစားဘဝတုန်းကတော့ နှစ်ယောက်ထဲ အတူ မအိပ်ဖူးသဖြင့် ချစ်သူကိုယ်တော်ချောက အိပ်ပျော်လျှင် ဟောက်တတ်ကြောင်း မသိခဲ့ရဘဲ လက်ထပ်ပြီး မင်္ဂလာဦးညကျမှ သိရပြီး စိတ်ညစ်မိသည်ဆို၏။ မှန်တော့ ဘာမှကြီးကျယ်သည့် ပြဿနာမဟုတ်။ သို့သော် မိန်းကလေးမှာ နံဘေးမှ အိပ်နေသူက ဟောက်နေလျှင် မအိပ်တတ်သောသူ ဖြစ်နေခြင်းကြောင့် စိတ်ညစ်



ရခြင်းဖြစ်လေသည်။ သည်လို အသေးအဖွဲ ကိစ္စများကိုပင်လျှင် သည်းခံစိတ်နှင့် ခွင့်လွှတ်နိုင်ရန် လိုအပ်ပေသည်။

လက်မထပ်မီ အိမ်ထောင်ဖက် ရွေးချယ်ခြင်းအခန်း၌ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုရှိရန် လိုအပ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ရာ ယင်းအချက်ကို လက်တွေ့အကောင်အထည်ဖော်ရမည့်အချိန်က လက်ထပ်ပြီး အချိန်ကာလပင်ဖြစ်၏။ လူ့ဘဝ်ယောက်နှင့်တစ်ယောက်သည် မည်သို့မှ စရိုက်ချင်း တသွေမတိမ်းဘူညီနိုင်မည် မဟုတ်သဖြင့် ကွဲလွဲချက်ကလေးများ ရှိနေကြပေမည်။ (ဥပမာ တစ်ယောက်က နှစ်သက်သော အစားအစာကို တစ်ယောက်က မကြိုက်ခြင်းမျိုး) ဤသည်တို့ကိုလည်း လက်ထပ်ပြီး ဇနီးမောင်နှံဖြစ်ခါစအချိန်တွင် နားလည်မှု အပြည့်အဝဖြင့် ခွင့်လွှတ်ကြမည်ဖြစ်ပေသည်။ ဤသို့ အကြိုက်ချင်း မတူညီမှုကပင်လျှင် ပြဿနာဖြစ်ပေါ်စေနိုင်ပေသည်။ မင်္ဂလာဆောင်ပြီး အပန်းဖြေ 'ဟန်းနီးမွန်း' ခရီးထွက်ရန်နေရာ ရွေးချယ်ခြင်းကအစ တစ်ယောက်က ရှမ်းပြည်နယ် (ကလော–တောင်ကြီး) ဘက်သွားချင်ပြီး ၊တစ်ယောက်က ပေလီကမ်းခြေသို့ သွားချင်စိတ် ဖြစ်တတ်၏။ ဤသို့ဖြစ်ခဲ့သော် တစ်ယောက်ယောက်က အလျော့ပေးလိုက်ခြင်းအားဖြင့် ပြဿနာ ပြေလည်သွားနိုင်ပေသည်။ ချစ်သူအချင်းချင်း တစ်ယောက်ကိုတစ်ယောက် လိုက်လျော အလျှော့ပေးခြင်း၊ ချစ်သူအတွက် မိမိ အနစ်နာခံကာ ကိုယ့်အကြိုက်ကို ဖွတ်အတင်း တောင်းဆိုမှုမျိုး ရှောင်ခြင်း စသည်တို့ကို ကျင့်သုံးနိုင်လျှင် မည်သို့မှ အခက်အခဲဖြစ်စရာ အကြောင်းမရှိပေ။ ကိုယ့်ချစ်သူအား အလိုလိုက်ရခြင်းကပင်လျှင် စိတ်ထဲတစ်မျိုး ကြည်နူးပီတိ ဖြစ်နိုင်ပါသေးသည်။

ယင်းသို့ ချစ်သူအား အလိုလိုက်ချင်သည့် စိတ်ဓာတ်သည် လက်ထပ်ပြီးစ အချိန်ကာလ ဖို့မဆက်ဆံရေး အပြုရာတွင်လည်း

www.burmeseclassic.com



လိုအပ်လှကြောင်း အထက်တွင်ဖော်ပြခဲ့ပြီး ဖြစ်လင့်ကစား ပိုမိုလေးနက်စေရန် ထပ်လောင်း၍ သတိပေးလိုပါသေးသည်။ တစ်ယောက်ကို တစ်ယောက် တကယ်ပဲ အသည်းထဲအူထဲက လှိုက်လှိုက်လှဲလှဲ ချစ်ပါသည်ဆိုလျှင် ဤကိစ္စတွင် ခက်ခဲစရာအကြောင်း မရှိပေ။ ဖြစ်တတ်သည်ကား ထိမ်းမြားလက်ထပ်ပြီးခါစအချိန် အချစ်စိတ်ကို လိင်ဆက်ဆံရေး ခံစားလိုမှုက လွှမ်းမိုးပြီး မိမိ၏ အလိုဆန္ဒပြည့်ဝမှု ဦးစားပေးလိုစိတ် ဖြစ်ပေါ်လာတတ်ခြင်းပင် ဖြစ်လေသည်။ ဤစိတ်မျိုး ဖြစ်ပေါ်လျှင် ကာယကံရှင်သည် လက်ထပ်သည့်အိမ်ထောင်ဦး၌ ဖို့,မ ဆက်ဆံရေးကိစ္စကို စိတ်ဝင်စားမှု လွန်ကဲနေတတ်၏။ အကြီးအကျယ် စိတ်ကူးယဉ် မျှော်မှန်းနေတတ်၏။ ချစ်သူအား အလိုလိုက်ချင် စိတ်များပင် ခေတ္တမျှ တိမ်မြုပ်သလို မီးခဲပြာဖုံး ဖြစ်နေတတ်၏။ ဖို့,မ ဆက်ဆံရေးကိစ္စကို ချစ်သူနှင့် ပထမဆုံးအကြိမ် ပြုမှု ခံစားလိုစိတ်က ပြင်းထန်လွန်းကာ စိတ်စောနေတတ်၏။ ဤသို့ဖြစ်လျှင်ကား လက်ထပ်ပြီးခါ ဇနီးမောင်နှံ နှစ်ဦးစလုံး၏ သာယာပျော်ရွှင်မှုကို အနှောက်အယှက် ဖြစ်စေတတ်၏။ ထို့ကြောင့် လက်ထပ်ပြီးစ ဇနီးမောင်နှံ နှစ်ဦးစလုံးသည် အဆိုပါ စိတ်မျိုး မဖြစ်ပေါ်စေရန် သတိထား ဆင်ခြင်သင့်ကြပေသည်။

တရားဝင် ထိမ်းမြားလက်ထပ်ပြီးခြင်း၏ အဓိပ္ပါယ်တစ်ခုကား ချစ်သူနှစ်ဦး ရည်းစားဘဝတုန်းက စောင့်စည်းခဲ့သမျှ ချုပ်ထိန်းမှုများကို ဖွင့်လွှတ်ကာ စိတ်ဆန္ဒရှိသလို လွန်လွန်ကျူးကျူး 'ချစ်' ခွင့်ရရှိလာပြီဟူ၍ မှတ်ယူနိုင်သည်မှာ မှန်၏။ တစ်ချိန်က အချစ်နယ်ကျွံမသွားစေရန် အောင့်အီးချုပ်တည်းခဲ့ခြင်းများကို စွန့်လွှတ်နိုင်ပြီဟူသော အသိကြောင့် လက်ထပ်ပြီးပြီးချင်း ဖို့,မ ဆက်ဆံရေးအမှု ပြုလိုသည့် ဆန္ဒပြင်းပြလွန်းတတ်ခြင်းကိုလည်း သတိပြုရမည် ဖြစ်ပေသည်။



ဖို့,မ ဆက်ဆံရေးကိစ္စတွင် အထူးတလည် ပညာပေး ညွှန်ကြားပြသရန်မလိုဟူသော အယူအဆ မှားယွင်းကြောင်းကိုကား ဤစာအုပ်ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီးပေပြီ။ တကယ်တော့ လိင်ပညာ ဗဟုသုတနှင့် ဖိုနှင့်မ အိပ်ယာထဲ ပြုမူကြပုံအကြောင်း သိသင့်သိထိုက်သလောက် သိရှိနားလည်ထားရန် လိုအပ်သည်ဖြစ်ရာ နောက်ပိုင်းအခန်းများတွင် ယင်းကိစ္စကို အတတ်နိုင်ဆုံး ရှင်းလင်းညွှန်ကြားအကြံပေး ရေးသားရန်ရည်ရွယ်ပေသည်။ သည်လို အကြံပေးညွှန်ပြခြင်းကိုလည်း ရှက်စရာ ညစ်ညမ်းသောကိစ္စဟု မယူဆစေလိုပါ။ လောက၌ မည်သည့်အရာမဆို နည်းနာနိဿယ စနစ်ဟူ၍ ရှိသကဲ့သို့ လင်နှင့်မယား ဖို့,မ ဆက်ဆံရေးကိစ္စတွင်လည်း နည်းစနစ်ကျနမှန်ကန်မှုရှိသင့်သည်ဟု သဘောထားသင့်ပေသည်။

မည်သို့ပင်ဖြစ်စေ လက်ထပ်ပြီးခါစ အချိန်ကာလတွင် ဇနီးမောင်နှံတို့သည် ဖို့,မ ဆက်ဆံရေးကိစ္စ၌ ဤစာအုပ်တွင် အကြံပေးဖော်ပြထားသော အချက်အလက်များကို သေချာစွာ ဂရုစိုက်လေ့လာပြီး လိုက်နာသင့်ကြောင်း တိုက်တွန်းလိုပေသည်။ ယင်းသို့လိုက်နာခြင်းကြောင့် အိမ်ထောင်ပြုရခြင်း သာယာမှုကို အများဆုံး ခံစားရရှိနိုင်မည် ဖြစ်ပေသည်။ ဇနီးမောင်နှံ စိတ်ချမ်းသာပြီး ကြည်နူးပျော်ရွှင်နိုင်ကြမည် ဖြစ်ပေသည်။

ထိမ်းမြားလက်ထပ်ပြီးနောက် အသစ်စက်စက် ဇနီးမောင်နှံတို့ သိချင်ကြမည်ဖြစ်သော အချက်တစ်ခုကား ပဋိသန္ဓေတည်ခြင်း (ဝါ) သားသမီးရရှိခြင်း ကိစ္စပင်ဖြစ်၏။ သမီးရည်းစား ဘဝတွင် လုံးဝထည့်သွင်း စဉ်းစားခြင်း၊ မပြုလင့်ကစား အိမ်ထောင်ပြုလိုက်ပြီးချိန်တွင် ဤကိစ္စအကြောင်း စိတ်ဝင်စားလာတတ်ပေသည်။ အချို့လူငယ်မောင်မယ်များအနေဖြင့် နောင်ခါလာ နောင်ခါချေပဲ ဖြစ်လာတော့မှ ကြည့်ရှင်းတာပေါ့ဟု သဘောထားကာ သားသမီး

www.burmeseclassic.com

www.burmeseclassic.com

ရရှိရေး သို့မဟုတ် ဖနီးသည်တွင် ကိုယ်ဝန်ရှိခြင်းအကြောင်း လုံးဝ ထည့်မစဉ်းစားသူများလည်း ရှိကောင်းရှိပေလိမ့်မည်။ သတို့သမီး သတို့သားလောင်းများအနေဖြင့် သိချင်သည်ဖြစ်စေ၊ မသိချင်သည် ဖြစ်စေ တကယ့်အချက်အလက် အမှန်ကတော့ ထိမ်းမြားလက်ထပ် ပြီးသည်နှင့် တစ်ပြိုင်နက် ဖနီးသည်တွင် ကိုယ်ဝန်ရှိ (ပဋိသန္ဓေတည်) ရန် ချက်ချင်း အလားအလာ ရှိနေပြီဟူသော သဘာဝ၏ ဖြစ်စဉ် ပင်တည်း။

ကျောင်းသူကျောင်းသား ဘဝက သမီးရည်းစားဖြစ်ပြီး လူချင်း ချိန်းတွေ့ကြပြီးနောက် မိန်းကလေးတွင် ကိုယ်ဝန်ရှိသွားသဖြင့် မျက်လုံးမျက်ဆန်ပြူးကာ နောက်ဆုံး ပညာသင်ကြားရင်း တန်းလန်းက ဖွတ်မိုတ် လက်ထပ်လိုက်ကြရသော အဖြစ်မျိုး ကြားဖူးကြပေ လိမ့်မည်။ သေချာစွာ စုံစမ်းမေးမြန်းကြည့်ပါ သူတို့နှစ်ဦးသည် သမီးရည်းစားအဖြစ် ချိန်းတွေ့ချစ်တင်းဆိုရာ၌က တစ်ကြိမ်တစ်ခါ ထဲသာ လွန်လွန်ကျူးကျူး 'ချစ်' မိခဲ့ကြကြောင်း သိရပေလိမ့်မည်။ သူတို့စိတ်ထဲတွင် တစ်ကြိမ်တစ်ခါလောက်နဲ့တော့ ကိစ္စမရှိတန်ရာဟု ထင်ကောင်းထင်ခဲ့ကြပါလိမ့်မည်။ သို့ရာတွင် ယင်းတစ်ကြိမ်ထဲနှင့်ပင် မိန်းကလေးတွေ ပဋိသန္ဓေ တည်သွားတော့သဖြင့် ပြဿနာအပေါ်ကာ စိတ်ဆင်းရဲမှုနှင့် ရင်ဆိုင်ကြရခြင်း ဖြစ်ပေသည်။ အကျိုးသက်ရောက် မှုကတော့ အသက်အရွယ်အားဖြင့်လည်းကောင်း၊ ပညာအရည်အချင်း အလုပ်အကိုင် စီးပွားရေးအနေဖြင့်လည်းကောင်း မည်သို့မှ အဆင်သင့် မရှိသေးဘဲ အရှက်တကွဲ အကျိုးနည်းဖြစ်အံ့စိုး၍ ဖွတ်မိုတ် လက်ထပ်ယူလိုက်ရခြင်းပင်တည်း။ ဤအချက်ကို သမီးရည်းစားဘဝ၊ လက်မထပ်ရသေးမီ ချစ်သူတို့ အထူးသတိထား ဆင်ခြင်အပ်ကြ ပေသည်။



လူ၏ခန္ဓာကိုယ် တည်ဆောက်မှု သဘာဝအရ (တစ်ထစ်ချ မပြောနိုင်သည့်တိုင်အောင် ယောကျ်ားနှင့်မိန်းမ ဖို့မဆက်ဆံရေး အမှုကို တစ်ကြိမ်မျှ ဆက်ဆံစပ်ယှက်ရုံနှင့် ပဋိသန္ဓေတည်နိုင်သည်မှာ အမှန်ဖြစ်၏။ မိန်းကလေးမှန်သမျှ အရွယ်ရောက် (အပျိုဖော်ဝင်) သည်နှင့်တစ်ပြိုင်နက် သန္ဓေတည်နိုင်သော 'အိုဗာရီ' Ovary များ ဖြစ်ပေါ်လာလေရာ ယောကျ်ား၏ သုက်ရည်မှ 'စပမ်း' (Sperm) ခေါ် သန္ဓေပိုးနှင့် ထိတွေ့သည်နှင့် ချက်ချင်းပဋိသန္ဓေ စ,တည်နိုင် ပေသည်။ လင်မယား အိမ်ထောင်ကျပြီး ချက်ချင်း ကိုယ်ဝန်မရှိဘဲ ၂-နှစ်ခန့်ကြာမှ သားသမီးရသည့် အဖြစ်မျိုးကို အချို့က ထောက်ပြ စောဒက တက်ချင်ကြပါလိမ့်မည်။ သားသမီး အလျှင်းမရသူများလည်း ရှိပါလိမ့်မည်။ သို့သော် ယင်းတို့မှာ ခြွင်းချက်များသာဖြစ်ပြီး ယေဘုယျ သဘောအားဖြင့်တော့ ယောကျ်ားနှင့်မိန်းမ တစ်ကြိမ် တစ်ခါထဲ ဆက်ဆံစပ်ယှက်ရုံနှင့် ပဋိသန္ဓေ တည်သွားနိုင်ကြောင်းကို ပါဏဗေဒသိပ္ပံပညာ ဥပဒေသတစ်ခုအဖြစ် လက်ခံယုံကြည်ထားရမည် ဖြစ်ပေသည်။

လက်ထပ်ပြီးခါစ အချိန်ကာလတွင် ချစ်သူမောင်နှံတို့အနေဖြင့် မလွဲမသွေ သိမှတ်ထားသင့်သည်ကား မင်္ဂလာဦးည နှစ်ယောက်သား အတူ'အိပ်' လိုက်သည့်အချိန်မှစ၍ ချက်ချင်းသန္ဓေတည်ကာ သား သမီးရတနာ ရရှိနိုင်သည်ဟူသော အချက်ပင်ဖြစ်၏။ ဤအချက်ကို သိရှိထားသည့် တစ်ချိန်တည်းမှာပင် စိုးရိမ်ကြောင့်ကြခြင်း၊ စိတ် အနှောက်အယှက်ဖြစ်ခြင်း စသည်တို့ မဖြစ်ပေါ်စေရန်လည်း သတိပေး လိုပေသည်။ အချို့သော ဖနီးမောင်နှံတို့သည် လက်ထပ်ပြီးပြီးချင်း သားသမီးရ,မှာ အလွန်စိုးရိမ်တတ်ကြလေသည်။ မိန်းကလေးက 'ကိုးလလွယ် ဆယ်လမွေး' ရခြင်းတည်းဟူသော ပဋိသန္ဓေတည်

www.burmeseclassic.com

www.burmeseclassic.com

ခံမွှးဖွားရခြင်း၏ ဒုက္ခကိုကြောက်သလို ယောကျ်ားဖြစ်သူကလည်း ချစ်သူနှင့် နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ် ပျော်ချင်၍ အိမ်ထောင်ပြု လိုက်ခါမှ သားသမီး ထွန်းကားလာပြီး ကလေးတာဝန်တွေ ပိုလာက သူတို့၏ ပျော်ရွှင်မှု၊ လွတ်လပ်မှုကို အနှောက်အယှက် ဖြစ်ရချေ တော့မည်ဟု တွေးတောပူပန်တတ်လေသည်။ ယင်းသို့ ပဋိသန္ဓေ တည်သွားမည်ကို စိုးရိမ်ပူပန်တတ်သော လက်ထပ်ပြီးခါစ ဇနီးမောင်နှံ တို့အား အကြံပေးရပေဦးမည်။

ပထမဆုံးအချက်အနေဖြင့် စိတ္တဗေဒပညာ သဘောအရ လက်ထပ်ပြီး အိမ်ထောင်မှုသုခ ခံစားရန် ရည်မှန်းချက်သည် စိုးရိမ် ကြောင့်ကြမှုတည်းဟူသော စိတ်အနှောင့်အယှက်ကြောင့် ထိခိုက် ပျက်ပြားတတ်၏။ လူ၏စိတ်သည် အလွန်ဆန်းကျယ်လှ၏။ ပျော်ရွှင် ကြည်နူးဖွယ်ရာ အပြုအမူတစ်ခုကို ပြုနေခိုက် တစ်စုံတစ်ရာသော စိုးရိမ်မှု သံသယ ဝင်လာသည်နှင့် တစ်ပြိုင်နက် ပျော်ရွှင်ခြင်းသည် ရာနိုင်နှုန်းပြည့်စုံခြင်း မဖြစ်နိုင်တော့ချေ။ ပျော်ရွှင်ကြည်နူးလိုမှု ဦးတည်ချက်ကို ကြားမှခါးဖြတ် ဟန့်တားလိုက်သည်နှင့် တူလှ၏။ သူ့ဖြစ်တတ်သော လူ့စိတ်သဘာဝသည် ဖိုနှင့်မ လိင်ဆက်ဆံရေးအမှု ပြုနေသည့်အခါမျိုးတွင် အလွန်သိသာ ထင်ရှားတတ်ပေသည်။

မင်္ဂလာဦးည ချစ်သူမောင်နှံတို့သည် တစ်ယောက်နှင့် တစ်ယောက် မီးကုန်ယမ်းကုန် 'ချစ်' ကြတော့မည့်ဆဲဆဲ 'ကိုယ်ဝန်ရှိသွားရင်တော့ ဒုက္ခပါပဲ' ဟူ၍ စိုးရိမ်ကြောင့်ကြမှု ဖြစ်ပေါ်နေပါက သူတို့၏ လင်မယားကို ပေါင်းသင်းရခြင်းအာရုံ ခံစားမှုသည် မည်သို့လျှင် ပြည့်စုံကောင်းမွန်နိုင်ပါတော့မည်နည်း။ တစ်ယောက်နှင့်တစ်ယောက် အသည်းနှလုံး ရစ်ပတ်ပေါင်းစပ်ထား



ရသလို အတွေ့ထူး၏အရသာကို မည်သို့လျှင် သာယာနိုင်ပါတော့ မည်နည်း။ ပဋိသန္ဓေ ရှိသွားမည်ကို စိုးရိမ်ခြင်းက လက်ထပ်ပြီးခါစ 'ဆွေမျိုးမေ့' အောင် ပျော်ရွှင်ရမည့် ဇနီးမောင်နှံတို့၏ စိတ်ကို များစွာထိခိုက် အနှောက်အယှက် ဖြစ်စေမည်မှာ မုချပင်တည်း။

အိမ်ထောင်ပြုပြီးနောက် ကလေးရမှာ စိုးရိမ်ခြင်းကို မိန်းကလေး သာမက အချို့ယောကျ်ားကလေးများလည်း ဖြစ်တတ်ပေသည်။ စိုးရိမ်ပူပန်တတ်သော ယောကျ်ားအဖို့ ချစ်သူဇနီးနှင့် အိမ်ထောင်ဦး ကာလတွင် ပျော်ရွှင်ကြည်နူးမှု အပြည့်အဝ ရရှိနိုင်မည် မဟုတ်ကြောင်း ကို ထပ်မံ၍ သတိပေးလိုပေသည်။ အကောင်းဆုံးကတော့ တစ်ယောက် နှင့်တစ်ယောက် ချစ်ခင်စုံမက်၍ အသက်ထက်ဆုံး ပေါင်းသင်းနေထိုင် ပါတော့မည်ဟု စိတ်ပိုင်းဖြတ်လျက် လက်ထပ်ထိမ်းမြား ပြီးခါမှတော့ ဇနီးသည်တွင် ကိုယ်ဝန်ရှိပြီး သားသမီးရမှာကို စိုးရိမ်ကြောင့်ကြ စိတ်မျိုး လုံးဝ,မမွေးရန်ပင် ဖြစ်လေသည်။ ဖိုနှင့်မ ခန္ဓာကိုယ်ချင်း ပေါင်းသင်းစပ်ယှက်လျှင် ပဋိသန္ဓေတည်နိုင်သည့် အလားအလာ အချိန်မရွေး ရှိနိုင်သည်ဟူသော သဘာဝတရားကို လက်သင့်ခံရမည် ဖြစ်၏။ အိမ်ထောင်ပြုပြီး သားသမီး ထွန်းကားရရှိခြင်းထက် သဘာဝကျခြင်းသည် အဘယ်မှာလျှင် ရှိပါသနည်း။

ကိုယ်ဝန်ရှိလာပြီးလျှင်လည်း သားသမီး ရ,ချေတော့မည်ဟု ဝမ်းသာအားရ ဖြစ်သင့်ပေသည်။ သားသမီးဟူသည် ရတနာပင် ဖြစ်သည်ဟူသော မြန်မာတို့ ဆိုရိုးစကားအရ တစိမ့်စိမ့်တွေးပြီး ကြည်နူးပီတိ ဖြစ်သင့်ပါ၏။ ဒွဲဒိုးပွင့်၍ အကြံပေးရမည်ဆိုလျှင် လက်ထပ်ပြီးခါစ အချိန်အခါတွင် ဇနီးမောင်နှံ ပျော်ရွှင်ရေးမှတပါး အခြား ဘာအကြောင်းကိုမှ တွေးမနေပါနှင့်၊ စိတ်ညစ်စရာ စိုးရိမ်စရာ ဟူ၍ ဘာကိုမှ မစဉ်းစားပါနှင့်၊ လွတ်လွတ်လပ်လပ်ကြီး အိမ်ထောင်မှု

www.burmeseclassic.com

www.burmeseclassic.com

သုခ အပြည့်အဝ ခံစားရန်သာ စိတ်ကူးပါဟု အကြံပေးရမည် ဖြစ်ပေသည်။ ဇနီးသည်တွင် ကိုယ်ဝန်ရှိလာမည့် အရေးသာမက အခြားသော စိတ်အနှောက်အယှက်ဖြစ်စရာ ပြဿနာများ (ရှိခဲ့လျှင်) ကိုလည်း လုံးဝမေ့ပစ်ထားရန် တိုက်တွန်းလိုပေသည်။ အတိုချုပ် အားဖြင့် ဘာကိုမှ ရှည်ရှည်ဝေးဝေး တွေးပူမနေပါနှင့်ဟု ဆိုချင် ပေသည်။

မင်္ဂလာဦးကာလ ချစ်သူမောင်မယ်တို့ သိရှိမှတ်သားစရာ နောက်ထပ် အချက်အလက်များကို ရှေ့လာမည့် အခန်းများတွင် ဆက်လက်ဖော်ပြသွားဦးမည် ဖြစ်ပါသတည်း။

❖ ❖ ❖



# (၉)

# သာယာချမ်းမြေ့သော အိမ်ထောင်ရေးသို့

ယောကျ်ားကလေးနှင့် မိန်းကလေးနှစ်ဦးသဘောတူ ထိမ်းမြား လက်ထပ်ကြခြင်း၏ ရည်ရွယ်ချက်ကား သာယာချမ်းမြေ့သော အိမ်ထောင်ရေး တည်ဆောက်ကြရန်ပင် ဖြစ်လေသည်။ တစ်ယောက် နှင့်တစ်ယောက် မေတ္တာသက်ဝင် ချစ်ခင်စုံမက်နေရာမှ အခြေအနေ ပေးသဖြင့် လူသိရှင်ကြား ထိမ်းမြားကြရန် ဆုံးဖြတ်လိုက်ကြသော သတို့သမီး၊ သတို့သားလောင်းတို့အဖို့ဆိုလျှင် သမီးရည်းစားဘဝ တွင် နေရခြင်းထက် အဆပေါင်းများစွာ စိတ်ချမ်းသာကြည်နူး ဖြစ်စေမည့် သာယာချမ်းမြေ့သော အိမ်ထောင်ရေးကို ပို၍ပင် မျှော်မှန်း တောင့်တကြပေလိမ့်မည်။ ထိုသို့မျှော်မှန်းသည့် အတိုင်းလည်း လက်တွေ့ကျတော့ အစစအရာရာ အဆင်ပြေချောမောကာ အိမ်ထောင် သည်ဘဝတွင် ပျော်ရွှင်ကြည်နူးဖွယ် ကောင်းရေးအတွက် နောက်ထပ် အကြံပေးချက် သွန်သင်ညွှန်ပြချက်များကို ဤအခန်းတွင် ဆက်လက်၍ ဆွေးနွေးတင်ပြသွားမည် ဖြစ်ပေသည်။ ထို့ကြောင့် လက်ထပ်အံ့ဆဲဆဲ

www.burmeseclassic.com

သတို့သမီး ၊သတို့သားလောင်းများအနေဖြင့် ဤအခန်းပါ အကြံပေးချက်များကို လေးလေးနက်နက် ဂရုစိုက် ဖတ်ရှုလေ့လာသင့်ကြရပေသည်။

အင်္ဂလိပ်ဘာသာဖြင့် 'အဂျပ်စ်မင့်' (Adjustment) ဟူသောစကားတစ်လုံးရှိ၏။ အဓိပ္ပါယ်ကတော့ ညှိနှိုင်းခြင်း၊ မတူညီသောအချက်များကို လက်ခံနိုင်အောင် ကြိုးစည်အားထုတ်ခြင်း၊ ခြားနားချက်များကို တစ်ဖက်နှင့်တစ်ဖက် တိုးခြင်း၊ လျှော့ခြင်း စသဖြင့်ပြေပြစ်သွားအောင် တီထွင်ကြိုးစားခြင်း စသဖြင့် အတော်ပင်ကျယ်ပြန့်လေသည်။ ယောကျ်ားနှင့် မိန်းမ လက်ထပ်ပေါင်းသင်းသောအခါ ယင်း 'အဂျပ်စ်မင့်' ခေါ် ညှိနှိုင်း၍ ခြားနားချက်များကိုကျင့်သားရအောင် အားထုတ်ခြင်းသည် သာယာချမ်းမြေ့သောအိမ်ထောင်ရေး အကောင်အထည်ပေါ်ရန် များစွာ အထောက်အကူပြုနိုင်သည်ဟု မှတ်ယူရာ၏။

တစ်ယောက်နှင့်တစ်ယောက် စိတ်တူသဘောတူ ချစ်ကြိုက်ပြီး လက်ထပ်ယူကြသူ ဇနီးမောင်နှံ အနေဖြင့် ဘာတွေများညှိနှိုင်း'အဂျပ်စ်မင့်' (Adjustment)လုပ်ဖို့ လိုပါသေးသနည်းဟု မေးဖွယ်တော့ရှိပါ၏။ လိုအပ်ကြောင်းကို ဆက်လက်ရှင်းပြသွားမည် ဖြစ်ပေသည်။

ပထမဆုံးအချက် အနေနှင့် ယောကျ်ားကလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ အိမ်ထောင်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် လူပျိုအပျို ဘဝတုန်းကလို မဟုတ်တော့ဘဲ မိမိ၏ ကိုယ်ပိုင်လွတ်လပ်မှုကိုထိုက်သင့်သလောက် စွန့်လွှတ်ဆုံးရှုံးရတော့မည်ဟူ၍ သိထားရမည်ဖြစ်ပေသည်။ ပုဆိုးတန်းတင် အကြင်လင်မယား ဖြစ်လာပြီဆိုလျှင်လူပျိုအပျိုဘဝကဲ့သို့ လွတ်လပ်မှု အပြည့်အဝ မရှိနိုင်သည့် အချက်



အတော်များများ ရင်ဆိုင်တွေ့ကြုံရတော့မည် ဖြစ်ပေသည်။ ထမင်းစားခြင်း၊ အိပ်ရာဝင်ခြင်း၊ သွားလာလည်ပတ်ခြင်း၊ အဝတ်အစားဝတ်ဆင်ခြင်းစသော လူတစ်ယောက်၏ နေ့စဉ်ပြုလုပ်နေကျ အပြုအမူများကို လူပျိုအပျိုဘဝက မိမိကြိုက်နှစ်သက်ရာအချိန်တွင် ကြိုက်သလိုလုပ်နိုင်ကြသော်လည်း အိမ်ထောင်သည် ဖြစ်လာသည်နှင့်တစ်ပြိုင်နက်ယခင်ကလောက် လွတ်လွတ်လပ်လပ်ကြီး လုပ်ချင်သလိုလုပ်ရန်မဖြစ်နိုင်ကြောင်း လက်တွေ့ကြုံရတော့မည် ဖြစ်ပေသည်။

ဥပမာ လူပျို့ဘဝတုန်းက ညတိုင်း အပေါင်းအသင်းများနှင့်လည်ပတ်သွားလာပြီး သန်းခေါင်ယံအချိန်လောက်ကျမှ အိမ်ပြန်အိပ်တတ်သော ယောကျ်ားကလေး တစ်ယောက်သည် မိန်းမရသည့် အချိန်တွင် လူပျိုတုန်းကလို ပြုမူနေထိုင်ရန် မဖြစ်နိုင်တော့ချေ။ မိမိက ည ၁၂–နာရီထိုးမှ အိပ်နေကျဖြစ်သော်လည်း ချစ်ဇနီးအသစ်စက်စက်ကလေးက ကိုးနာရီခွဲလောက် အိပ်ရာဝင်ကြပါစို့ဟုခေါ်လျှင် မည်သို့မှ မငြင်းသာဘဲ အိပ်ရာဝင်လိုက်ရပေတော့မည်။ ထို့ပြင်မကသေး ညစာထမင်းစားပြီးလျှင် ခါတိုင်းလို သူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ သွားလာလည်ပတ်ခြင်းများကိုလည်း လွတ်လပ်စွာ ပြုမူနိုင်တော့မည် မဟုတ်ချေ။ ည ၇–နာရီလောက် မိတ်ဆွေတစ်ယောက် ပေါက်လာပြီး 'လာဟေ့သူငယ်ချင်း၊ ပွဲဈေးတန်းလျှောက်ရအောင်' ဟု ခေါ်လျှင်ပင် ချက်ချင်းထ,လိုက်သွား၍ မဖြစ်တော့။ ဇနီးသည်မျက်နှာကို ကြည့်ပြီး'သူငယ်ချင်းတို့ပဲ သွားနှင့်ကြတော့ကွာ ၊ဒီညတော့ ငါ မလိုက်သေးဘူး'လို့ ပြောလွှက်လိုက်ရမည် ဖြစ်ပေသည်။ အကယ်၍ အလုပ်အကိုင်တစ်ခုခု လုပ်နေသူဖြစ်ပါက ယခင်ကဆိုလျှင် အလုပ်မှပြန်၍နံတွင်တိုက်ရိုက် အိမ်မရောက်ဘဲ အပေါင်းအသင်းများနှင့် သွားချင်ရာ

www.burmeseclassic.com

www.burmeseclassic.com

သွားပြီး အချိန်ကုန်တော့မှ အိမ်ပြန်လာခြင်းမျိုးကိုလည်း အိမ်ထောင်ရှင်အနေဖြင့် ပြုလုပ်ရန် မသင့်တော့သဖြင့် ရုံးဆင်းဆင်းချင်း အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရပေတော့မည်။ ဤကား အိမ်ထောင်သည်ဘဝတွင် (ယခင်အပျို ၊လူပျိုဘဝနှင့် ယှဉ်လိုက်ပါက) ကိုယ်ရေးကိုယ်တာ ပုဂ္ဂလိက လွတ်လပ်မှုများ စွန့်လွှတ်ရခြင်း၏ သာဓကအချို့မျှသာ ဖြစ်၏။

အလားတူပင် အသေးအဖွဲကိစ္စများဟု ဆိုအပ်သော လွတ်လပ်မှုထိခိုက်ဖွယ်ရာများလည်း ရှိပါသေးသည်။ ထမင်းစားချိန်၊ ရေချိုးချိန်က အစ ယခင်ကလို မဟုတ်ဘဲ အိမ်ထောင်ပြုပြီးလျှင် တစ်မျိုးဆင်ခြင်ဖွယ်ရာတွေ ဖြစ်လာတတ်၏။ ယောကျ်ားကလေးက တစ်သက်လုံးညစာထမင်းကို ည ၇–နာရီမှ စားနေကျဖြစ်ပြီး မိန်းကလေးကညနေ ၅–နာရီ ထိုးလျှင် ထမင်းမစားရ မနေနိုင်အောင် ဆာလောင်တတ်သူဖြစ်ပါက လက်ထပ်ပြီးသောအခါ တစ်ယောက်ယောက်ကတော့ အလျှော့ပေးပြီး နောက်တစ်ယောက်တစ်ကြိုက်ကို လိုက်လျောရပေတော့မည်။ တစ်ယောက်က ၅–နာရီ ထမင်းစားပြီး ကျန်တစ်ယောက်က မဆာသေးလို့ဟုဆိုကာ ၇–နာရီထိုးမှ စားသည့်အဖြစ်မျိုးကလည်း အိမ်ထောင်ဦးကာလတွင် သဘာဝကျမည်မဟုတ်ချေ။ ယောကျ်ားကလေးက မလျှော့နိုင်လျှင်လည်း မိန်းမကလေးက ချစ်သူအတွက် ငုံ့ကွက်ကာ မွှတ်မိုတ်အဆာခံ၍ ၇–နာရီထိုးမှထမင်းလက်ဆုံ စားကြခြင်းမျိုး လုပ်တန်လုပ်ရပေမည်။ ယင်းသို့တစ်ယောက်ယောက်က အလျှော့ပေးခြင်းသည်ပင်လျှင် 'အဂျပ်စ်မင့်' (Adjustment) လုပ်ခြင်းဖြစ်ပေသည်။ တစ်ယောက်နှင့်တစ်ယောက် အကြိုက်ချင်း မတူသည်ကို ပြေလည်အောင် ညှိနှိုင်းခြင်းမည်၏။

ထို့နည်းတူစွာ အရာရာတွင် ညှိနှိုင်းမှုများ ပြုလုပ်ကြပါမှ သာယာချမ်းမြေ့သော အိမ်ထောင်ရေးသို့ဟူသော မူလရည်မှန်းချက်ကို လက်တွေ့အကောင်အထည် ဖော်နိုင်ကြမည် ဖြစ်ပေသည်။ ညှိနှိုင်းမှုပြုလုပ်ခြင်းသည် အလျှော့ပေးခြင်း၊ အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်းဟူ၍ အဓိပ္ပာယ်သက်ဝင်ကြောင်းကိုပါ သတိချပ်ကြရပေမည်။ သို့မဟုတ်ပါက ထိမ်းမြားလက်ထပ်ပြီး အိမ်ထောင်ရှင် ဖြစ်လာချိန်တွင် နှစ်ဦးစလုံးအဖို့ စိတ်ဆင်းရဲစရာများ ကြုံတွေ့ရတတ်ပေသည်။ ဤအချက်ကို ကြိုတင်သိရှိမထားခြင်းကြောင့် လက်ထပ်ပြီးခါမှ မမျှော်လင့်သော ပြဿနာများပေါ်ပေါက်လာလျက် အိမ်ထောင်ရေးအဆင်မပြေမှု ကြုံရသူ လင်ယောက်ျားမယားများ တကယ်ပင်ရှိ၏။ သူတို့အနေဖြင့် လူပျိုအပျိုဘဝက စိတ်ကူးယဉ်ကောင်းကောင်းနှင့် လက်ထပ်ပြီးလျှင် အလွန်ပျော်စရာကောင်းမှာပဲဟူသော အတွေးတစ်ခုသာလျှင် ရှိခဲ့ခြင်းကြောင့် နောက်ပိုင်းပြဿနာပေါ်ရခြင်းဖြစ်ပေသည်။ ဤသည်မှာလည်း အကြောင်းရှိပေသည်။ သမီးရည်းစားဘဝတွင် တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်မြတ်နိုးသည့်စိတ်ကထိပ်တန်းရောက်နေပေရာ လက်ထပ်ပြီး အတူနေရသည့်အခါ ပို၍ပင်ချစ်လိုက်ကြဦးမည် ဟူသောအတွေးက လွှမ်းမိုးနေတတ်၏။ အိမ်ထောင်သည် ဖြစ်လာလျှင် ရင်ဆိုင်ရလတ္တံ့သော တာဝန်တွေ၊ ပြဿနာတွေ အကြောင်းကိုလည်း လုံးဝထည့်မစဉ်းစား။ ချစ်သူနှင့်အတူပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်ရမည့်အရေး တစ်ခုတည်းသာလျှင်သူတို့စိတ်ထဲ ရှိနေခဲ့ကြ၏။ သည်လို လင်ယောက်ျားမယားများအတွက်တစ်နေ့အိမ်ထောင်ရှင် ဖြစ်လာလျှင် အစစအရာရာ ညှိနှိုင်းမှု 'အဂျပ်စ်မင့်' Adjustment အမှန်လိုအပ်ကြောင်း ကြိုတင် သိရှိထားရန် အရေးကြီးပေသည်။

ယခင်အခန်းတွင် ဖော်ပြခဲ့ပြီးသည့် ယောကျ်ားလေးက အိပ်ပျော်လျှင် အသံကျယ်လောင်စွာ ဟောက်တတ်သဖြင့် မိန်းကလေးက


www.burmeseclassic.com

www.burmeseclassic.com

မအိပ်တတ်ဘဲ စိတ်ညစ်ရပုံမျိုးသည်လည်း အလျော့ပေးမှု၊ ညှိနှိုင်းမှု လိုအပ်သည့် ကိစ္စမျိုး ဖြစ်ပေသည်။ အကယ်၍ ဤသို့ ကြုံပါမူ မိန်းကလေးအနေဖြင့် ကိုယ့်ချစ်သူပါကလားဟူသော အသိဖြင့် သည်းခံ အောင့်အီးနေပါတော့မည်ဟု လျှော့ပေးရာ၏။ ညှိနှိုင်းရာ၏ ယခင်က မအိပ်တတ်သော်လည်း ယခုအိမ်ထောင်ရှင်ဘဝတွင် အိပ်တတ်အောင် လေ့ကျင့်ယူရမည်ဖြစ်၏။ မိန်းကလေးအနေဖြင့် သိရမည်ကား ဟောက်တဲ့လူနဲ့ အတူမအိပ်တတ်ပါဘူးဆိုကာ လင်မယား တစ်ကွဲစီအိပ်၍ မဖြစ်နိုင်ဟူသော အချက်ပင်ဖြစ်၏။ မဖြစ်နိုင်မည့်အတူတူ အိပ်တတ်အောင် သည်းခံလေ့ကျင့်ခြင်းဖြင့် ညှိနှိုင်းမှု ပြုလိုက်ခြင်းသည်သာလျှင် ပြဿနာ၏ အဖြေမှန်ကို ရှာဖွေရာရောက်သည်ဟု ခံယူတတ်ရပေမည်။

သာယာချမ်းမြေ့သော အိမ်ထောင်ရေးသို့ ဦးတည်ချက်ထား ရှိသူ မောင်မယ်များအဖို့ ပြေလည်မှုတအောင် ညှိနှိုင်းခြင်းသည် မည်မျှအရေးကြီးပါနည်းဟူမူ အထက်ဖော်ပြပါ နေ့စဉ်ပြုနေကျ သာမန်အပြုအမူများအပြင် ဖို့,မ ဆက်ဆံရေးဆိုင်ရာ လိင်ကိစ္စတွင်လည်း လိုအပ်ပါသည်ဟု ဖြေဆိုရပေမည်။ ဤကား အနောက်နိုင်ငံများမှ အိမ်ထောင်ရေးဆိုင်ရာ အကြံပေး ပါရဂူများ၊ ဆရာဝန်ကြီးများ၊ စိတ္တဗေဒ ပညာရှင်ကြီးများက တညီတညွတ်တည်း ထောက်ခံ အကြံပေးကြသော အချက်ပင်ဖြစ်၏။ အိမ်ထောင်သည်ဘဝတွင် ချစ်သူနှစ်ဦးတို့၏ သာယာပျော်ရွှင်ရေးအတွက် ဖို့,မ ဆက်ဆံရေးကိစ္စ ပြေပြစ်ချောမောရန် အဓိက မဟုတ်ကြောင်း ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီး ပေပြီ။

ထိုသို့ ပြေပြစ်ချောမောစေရန် ဇနီးမောင်နှံနှစ်ဦး တစ်ယောက် နှင့်တစ်ယောက် နားလည်မှုမရှိခြင်း၊ အလေးအယူမျှတခြင်း၊ ကိုယ်ချင်း စာနာခြင်း၊ ခွင့်လွှတ်ခြင်းစသော ညှိနှိုင်းမှုသည် အလွန်အရေးကြီး၏။



ဤကိစ္စတွင် ဖို့,မ ဆက်ဆံရေးဆိုင်ရာ လိင်ပညာ ဗဟုသုတ ရှိသူ ဖြစ်စေ၊ လုံးဝမရှိသူဖြစ်စေ ညှိနှိုင်းမှုသည် လိုအပ်၏။ ဤသို့ဆိုရ ခြင်းမှာ ထိမ်းမြား လက်ထပ်ပြီးနောက် မူလက စိတ်ကူးယဉ်သလို မဟုတ်ဘဲ မကျေမနပ်မှုသာလျှင် ကြုံတွေ့ရတတ်သော ဇနီးမောင်နှံ တို့၏ ကိုယ်တွေ့အတွေ့အကြုံများအပေါ် အခြေပြု၍ ဝေဖန်သုံးသပ် ကြည့်ရာမှ တွေ့ရှိချက်များအရ သတိပေးရခြင်းဖြစ်၏။

အင်္ဂလန်ပြည်ထုတ် အမျိုးသမီးမဂ္ဂဇင်းတစ်စောင်မှ အိမ် ထောင်ရေး အကြံပေးကဏ္ဍ တာဝန်ခံသို့ လက်ထပ်ပြီးခါစ မိန်းကလေး တစ်ဦးက အိမ်ထောင်ဦးကာလတွင် သူတို့လင်မယား ဖို့,မ ဆက်ဆံရေး ကိစ္စသည် အဆင်မပြေသဖြင့် စိတ်ဆင်းရဲနေရကြောင်း စာရေးတင်ပြခဲ့ ဖူး၏။ မိန်းကလေးမှာ အိမ်ထောင်မပြုမီကပင် လိင်ပညာပေး စာအုပ်အချို့ ဖတ်ထားဖူးသဖြင့် ဗဟုသုတ အသင့်အတင့် ရှိနေသူ ဖြစ်၏။ ဇနီးမောင်နှံတို့သဘာဝ ဖို့,မ ဆက်ဆံအမူ ပြုသည့်အခါ မိန်းကလေးတွင် တင်းတိမ်ရောင့်ရဲမှု၊ ကျေနပ်အားရမှု ဖြစ်သည့် အခါ 'အော်ဂယ်ဇင်' Orgasm ဟူ၍ ဖြစ်ပေါ်ကြောင်းကို နားလည် နေ၏။ သို့ရာတွင် လက်ထပ်ပြီးနောက် ချစ်သူလင်ယောကျ်ားနှင့် အတူ 'အိပ်' သည့်အခါ ဘာ 'အော်ဂယ်ဇင်' မှ မဖြစ်၊ ယောကျ်ားက ကိစ္စပြီးသွားသည့်တိုင်အောင် သူ့အဖို့ ''မပြီး' ဘဲ ဖြစ်နေကာ မချင့် မရဲသာ ဖြစ်ကျန်ရစ်သဖြင့် မည်သို့ ပြုရပါမည်နည်းဟု စာရေး အကြံတောင်းခြင်း ဖြစ်လေသည်။ သည်လိုဖြစ်နေခြင်းကို ချစ်သူအား ဖွင့်ပြောသောအခါ ယောကျ်ားကလေးခမြာမှာလည်း ဘာမှမလုပ် တတ်ဘဲစိတ်ဆင်းရဲ၊ ဝမ်းနည်းခြင်း ဖြစ်နေရပါသည်ဆို၏။ ဤသို့ သော ဇနီးမောင်နှံတို့အဖို့ အပြန်အလှန် ညှိနှိုင်းမှုနှင့် အခြေအနေ အရ ကျင့်သားရအောင် ကြိုးစားမှု အထူးပင် လိုအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

အဆိုပါ မိန်းကလေး၏ ပြဿနာကို အဖြေပေးရာ၌ အမျိုးသမီး မဂ္ဂဇင်း အိမ်ထောင်ရေး အကြံပေးကဏ္ဍ အယ်ဒီတာက ဤသို့ ဖြေကြားခဲ့၏။

'ညီမသည် လိင်ပညာပေး စာအုပ်များ ဖတ်ဖူး၍ သိရှိထားသော ဗဟုသုတများနှင့် ပတ်သက်၍ အစွဲအလမ်း ကြီးနေပုံရပါသည်။ လင်နှင့်မယား ဖို့မ ဆက်ဆံရေးအမှု ပြုခြင်း၌ သာယာပျော်ရွှင်မှု၊ အာရုံခံစားမှုကို တမင်သက်သက် လုပ်ကြံယူခြင်းမျိုး မဖြစ်သင့်။ သဘာဝကျကျ အလိုလိုသာယာမှု ခံစားရသည့် အပြုအမူမျိုး ဖြစ်သင့်ပါသည်။ မိန်းကလေးအနေဖြင့် (အော်ဂယ်ဇင်) ဖြစ်ရေးကို စိတ်စောမနေပါနှင့်။ ချစ်သူအား မိမိ၏ခန္ဓာကိုယ်ကို အပ်နှင်း၍ အလိုလိုက်ရသည့် သဘောဖြင့်သာလျှင် ဆက်ဆံပါလေ။ မိမိ၏ သာယာမှု၊ အာရုံခံစားမှုကိုလည်း လုံးဝမတွေ့ဘဲ သဘာဝကျကျသာလျှင် ချစ်သူနှင့်ပေါင်းသင်းသင့်ပါသည်။ အခြားကိစ္စဟူသမျှကို မေ့ထားလိုက်ပါ။ နောက်တစ်ချက်က စိတ်ကိုရှည်ရှည်ထားပါ။ ဤကိစ္စမျိုးသည် လက်ထပ်ပြီးစ မင်္ဂလာဦးည၌ ချက်ချင်းလက်ငင်း ပြီးပြည့်စုံ တတ်သော ကိစ္စမျိုး မဟုတ်ပါ။ လင်နှင့်မယား လိင်ကိစ္စတွင် ညှိနှိုင်းမှု အလေ့အကျင့်ရမှုသည် ဖြည်းဖြည်းမှ ဖြစ်ပေါ်လာတတ်ပါသည်။ ထို့ကြောင့် လတ်တလော စိတ်တိုင်းမကျ ဖြစ်နေခြင်းကို မည်သို့မှ စိုးရိမ်ကြောင့်ကြခြင်း မရှိဘဲ သည်းခံပါ။ အချိန်တန်လျှင် ညီမတို့၏ အိမ်ထောင်ရေးသည် အလိုလို သာယာ ပြေလည်လာပါလိမ့်မည်။ ညီမ၏ ယောကျ်ားကိုလည်း စိတ်အနှောက်အယှက်ဖြစ်အောင် ဘာမှ မပြောပါနှင့်၊ ကန့်ကွက်အရေးဆိုခြင်း မပြုပါနှင့်။ ဖို့မ ဆက်ဆံရေး ကိစ္စမည်သည် လက်တွေ့စမ်းသပ်ကြည့်ရင်းက နောက်ပိုင်းကျတော့ နှစ်ဦးနှစ်ဖက် ကျေနပ်မှုရသည်အထိ ပြေလည်လာတတ်ပါသည်။ ညီမ နားလည်ထားဖို့က လင်နှင့်မယား ဖို့မ ဆက်ဆံရေးတွင် မိန်းကလေးဘက်က (အော်ဂယ်ဇင်) ဖြစ်ရေးကို အဓိက ရည်မှန်းချက် မထားသင့်ဟူသော အချက်ပင် ဖြစ်ပါသည်။ အရေးကြီးဆုံးကတော့ တစ်ယောက်နှင့်တစ်ယောက် လိင်ဆက်ဆံရေးတွင် ကျင့်သားရအောင် ညှိနှိုင်းမှုရှိရန်ပင် ဖြစ်ပါသည်။



* * *

ယင်းစာတွင် ညွှန်ကြားသည့်အတိုင်း မိန်းကလေးက ကြိုးစား လိုက်နာကြည့်ခဲ့ရာ နောက်သုံးလမျှ ကြာသောအခါ သူတို့ဇနီးမောင်နှံ၏ ဖို့မဆက်ဆံရေးကိစ္စ ပြေလည်ချောမောလာပြီး စိတ်ချမ်းသာမှု ရရှိပြီဖြစ်ကြောင်း အယ်ဒီတာထံ ကျေးဇူးတင်စာ တစ်စောင် ပြန်ရေးခဲ့သည်ဟု သိရပေသည်။

ဇနီးမောင်နှံတို့၏ ဖို့မဆက်ဆံရေးကိစ္စသည် အလွန်သိမ်မွေ့ လေးနက်သော အပြုအမူ တစ်ခုဖြစ်ကြောင်းကိုကား ထပ်တလဲလဲ ဆင်ခြင်သတိရနေရန် လိုပေသည်။ လူနှစ်ယောက်က စိတ်တူ သဘောတူ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြုလုပ်ရသော လှုပ်ရှားမှုတစ်ခု ဖြစ်ကြောင်းကိုလည်း မမေ့သင့်ချေ။ လွှတစ်ချောင်းကို လူနှစ်ယောက် ဟိုဘက်သည်ဘက် ဆွဲရခြင်းမျိုးနှင့်လည်း တူ၏။ လွှဆွဲသောအခါ တစ်ဆက်ထဲက အားနှင့်ဖိဆွဲ၍ မဖြစ်။ နှစ်ဦးနှစ်ဖက် ညီညီညာညာ အပေးအယူ မျှတစွာဖြင့် ဆွဲမှသာလျှင် လွှသည်အောင်မြင်စွာ သစ်သားကို ဖြတ်နိုင်သကဲ့သို့ လင်နှင့်မယား ဖို့မ ဆက်ဆံရေး တွင်လည်း အပေးအယူ မျှမျှတတနှင့် ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းမှုရှိရန် အထူးပင် လိုအပ်ပေသည်။ နိုင်ငံခြားပါရဂူများကဆိုလျှင် ယောကျ်ားနှင့်မိန်းမ ဖို့မဆက်ဆံရေးကိစ္စသည် တိရစ္ဆာန်များ အထီးနှင့်အမ မိတ်လိုက်ခြင်းမျိုး မဟုတ်။ ခန္ဓာကိုယ်ချင်း တွေ့ထိ အာရုံခံစားရုံ သာမဟုတ်။ စိတ်ပိုင်းဆိုင်ရာနှင့် ဆက်စပ်နေသည့် အပြုအမူတစ်ရပ် ဖြစ်သည်ဟုဆိုကြလေသည်။ ချစ်ခြင်းမေတ္တာကို

www.burmeseclassic.com


လက်တွေ့သရုပ်ဖော် ထင်ဟပ်ပြသော (ဝါ) အချစ်၏ အမြင့်မားဆုံး အဆုံးစွန်သော အဆင့်ဖြစ်၍ ဤအတိုင်းဖြစ်အောင် စိတ်ထဲသို့ရှိ ရှုစိုက်ထားသင့် သည်ဟုလည်း ဆိုကြပေသည်။ ဤအကြောင်းကို 'အချစ်နှင့်လိင် စိတ်ဓာတ်" အခန်းတွင်လည်း ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ သို့သော် သာယာချမ်းမြေ့သော အိမ်ထောင်ရေး တည်ဆောက် ဖန်တီးလိုသူ ဇနီးမောင်နှံ အသစ်စက်စက်များအတွက် အရေးကြီးသဖြင့် ထပ်လောင်း၍ သတိပေး တင်ပြရခြင်း ဖြစ်ပေသည်။

အချစ်နှင့် အိမ်ထောင်ရေးသည် ဆက်စပ်နေသလို အချစ်နှင့် လိင်ဆက်ဆံရေးသည်လည်း ခွဲ၍မရအောင် ဆက်စပ်နေသည်မှာ အမှန်ဖြစ်၏။ အချစ်မပါသော လိင်ဆက်ဆံရေးသည် မည်သို့မှ အနှစ်သာရ မရှိသဖြင့် လက်ထပ်ပြီးခါစ ဇနီးမောင်နှံတို့၏ ဖို့မဆက်ဆံရေးသည် ချစ်ခင်မြတ်နိုးစိတ်ကို အခြေခံမှသာ သဘာဝကျပေမည်။ ထို့ကြောင့် ထိမ်းမြားလက်ထပ်ပြီးနောက် ဇနီးမောင်နှံ နှစ်ဦးစလုံး သည် ခန္ဓာကိုယ် ရုပ်ပိုင်းသက်သက်ဖြစ်သော ကာမဂုဏ်အာရုံ ခံစားမှုဆိုသည့် လိင်ကိစ္စကို ထိပ်တန်းမတင်ဘဲ မိမိတို့နှလုံးသားထဲ၌ ကိန်းအောင်းတည်ရှိခဲ့သော ချစ်ခြင်းမေတ္တာကို အကန့်အသတ် အဟန့်အတားမရှိ ထုတ်ဖော်ဖွင့်ဟရေးကိုသာလျှင် အာရုံစိုက်သင့် ကြောင်း အကြံပေးလိုပေသည်။ ဤသို့ ဆိုခြင်းကြောင့် ဖို့မ ဆက်ဆံရေးကိစ္စကို အရေးမကြီးဟု အမိပ္ပာယ် မကောက်ယူ သင့်ကြောင်းကိုပါ ဆက်လက်တင်ပြရပေမည်။ လင်နှင့်မယား တစ်အိပ်ယာထဲ အတူအိပ်ကြတော့မှ ဖို့မ ဆက်ဆံရေး ကိစ္စသည် မလွဲမသွေ ဖြစ်ပေါ်ရပေမည်။ သို့သော် ဖြစ်ပေါ်ပုံ ဖြစ်ပေါ်နည်းက ချစ်ခြင်းမေတ္တာမှတစ်ဆင့် သဘာဝကျကျ တိုးတက်ဖြစ်ပေါ်ပုံများ ဖြစ်၍ အဓိပ္ပါယ်လေးနက်မှု၊ သိမ်မွေ့သာယာမှုတို့တွင် ကွာခြားမည် ဖြစ်ပေသည်။ ကာမဂုဏ်ခံစားလိုမှုတည်းဟူသော ရာဂစိတ် ပြေငြိမ်း လိုသော ဆန္ဒမျိုးသက်သက် မဟုတ်ဘဲ တစ်ယောက်နှင့်တစ်ယောက် အသက်ပေး ချစ်ကြသော မေတ္တာစိတ်မှတစ်ဆင့် ထင်ဟပ်ဖြစ်ပေါ် လာသည့် ဂယက်ရိုက်မှုတစ်ခုသဖွယ် အချစ်နှင့်ယှဉ်သည့် လိင်ဆက် ဆံမှုသည်သာလျှင် ဇနီးမောင်နှံ နှစ်ဦးစလုံးအား မကြုံစဖူး ထူးကဲသော သာယာကြည်နူးမှု၊ ကျေနပ်တင်းတိမ်မှု ပေးစွမ်းနိုင်မည် ဖြစ်ပေသည်။

အထက်တွင် ဖော်ပြခဲ့သောသာဓကဲ့သို့ မိန်းကလေးက အိမ်ထောင်ဦးကာလတွင် မကျေနပ်မှု ဖြစ်ပေါ်ပြီး ရင်ဖွင့်အကြံဉာဏ် တောင်းခြင်းဖြစ်ရာ ယောကျ်ားကလေးများ အနေနှင့်လည်း လက်ထပ် ပြီးခါစ အချိန်တွင် လိင်ကိစ္စဆိုင်ရာ စိတ်တိုင်းမကျမှုများ ဖြစ်တတ်ကြ ပါသေးသည်။ အထူးသဖြင့် ဖို့မ ဆက်ဆံရေးအကြောင်း လိင်ပညာပေး စာအုပ်စာတမ်းများ မဖတ်ဖူး၍ ဗဟုသုတ လုံးဝမရှိသူ အချို့ယောကျ်ား ကလေးများသည် အိမ်ထောင်ဦးအချိန်တွင် စိတ်တိုင်းမကျခြင်း၊ ကျေနပ်အားရမှု မရှိရခြင်း စသည်တို့ ရင်ဆိုင်ရပြီး စိတ်အနှောက် အယှက် ဖြစ်ရတတ်ပေသည်။

ဥပမာ– ဖို့မ ဆက်ဆံရေးအမှု ပြုသည့်အခါ ယောကျ်ားကလေး အနေဖြင့် သာယာမှုအာရုံကို ခံစားမည်ကြံကာရှိသေး၊ ရုတ်တရက် 'ကိစ္စပြီး' သွားခြင်း (ဝါ) လိင်ဆက်ဆံမှုကိစ္စအချိန် တိုတောင်းလျင်မြန် လွန်းခြင်း ဖြစ်တတ်လျက် စိတ်အနှောက်အယှက် ဖြစ်တတ်ကြ၏။ (မှတ်ချက်။ ။ လိင်ဆက်ဆံမှုပြုခြင်းနှင့် ပတ်သက်၍ ရှေ့အခန်းတွင် ပိုမိုကျယ်ပြန့်စွာ ဆွေးနွေးတင်ပြသွားမည်ဖြစ်၏။) ထိုသို့ဖြစ်သည့် အခါ ယောကျ်ားကလေးမှာ သူ့ကိုယ်သူ ယောကျ်ားမပီသ, သလို၊ လူစဉ်မမှီသလို ထင်မှတ်ကာ သိမ်ငယ်သောစိတ်မျိုး ဖြစ်တတ် ပေသည်။ အမှန်အားဖြင့် ဤကိစ္စသည် ဘာမျှစိတ်အနှောက်အယှက် မဖြစ်သင့်သော ဖြစ်ရပ်မျိုးတစ်ခုဟုသာ မှတ်သင့်၏။ လူပျိုလူရွယ် များ လက်ထပ်ပြီးကာစ မင်္ဂလာဦးအခါတွင် စိတ်လှုပ်ရှားမှု

www.burmeseclassic.com



(Excitement)အလွန်ဖြစ်တတ်ရာ ယင်းစိတ်လှုပ်ရှားမှု ပြင်းထန်နေခိုက် ချစ်ဇနီးနှင့် ဆက်ဆံသောအခါ (ယခင်အတွေ့အကြုံ မရှိဖူးသေးသော ကိစ္စမျိုးဖြစ်၍ ) အာရုံကြောများ တဖျတ်ဖျတ် တုန်လှုပ်ဘိသကဲ့သို့ ခံစားရရာမှာ သာယာမှုအာရုံကို ကောင်းစွာ မခံစားရသေးမီ 'ကိစ္စပြီး' သွားတတ်ခြင်းမှာ အဆန်းမဟုတ်၊ ဖြစ်လေ့ဖြစ်ထရှိသော သဘာဝတစ်ခုသာဖြစ်ကြောင်း မှတ်ယူရပေမည်။ သည်လိုဖြစ်ခြင်းကြောင့် ဘာမှစိတ်ပျက်အားငယ်စရာ မရှိ၊ အချိန်တန်လျှင် အလိုအလျောက် ပြေလည်သွားမည်သာ ဖြစ်ပေသည်။ ဒါဟာ လူပျိုကလေးများ အိမ်ထောင်ကျခါစ ဖြစ်ရိုးဖြစ်စဉ် တစ်ခုပါပဲလားဟူသောအသိဖြင့် ကိုယ့်ကိုယ်ကို နှစ်သိမ့်အားပေးရာ၏။ ဖို,မ ဆက်ဆံရေးကိစ္စသည် လျင်မြန်လွန်း၍ ချစ်ဇနီးခမြာ အလိုမကျဖြစ်ကာ စိတ်ပျက်သွားမည်လောဟူ၍လည်း တွေးမပူသင့်ပေ။ ဤကိစ္စသည် အထက်တွင် ဖော်ပြခဲ့ပြီးသော 'အဂျပ်စ်မင့်' (Adjustment) ခေါ် ညှိနှိုင်းမှု၊ အလေ့အကျင့်ရမှုဖြင့် အချိန်တန်လျှင် ကေန်မုချ ပြေလည်ကောင်းမွန်သွားမည်ဟု စွဲမြဲယုံကြည်ရာ၏။ ယင်းယုံကြည်မှု ရှိလာလျှင်ကား ဇနီးမောင်နှံတို့၏ အိမ်ထောင်ရေးသည် သာယာချမ်းမြေ့သောအဆင့်သို့ရောက်ရှိတော့မည်ဟု မှတ်ယူပါလေ။

တစ်ခုတော့ရှိပါသည်။ ဇနီးမောင်နှံ ထိမ်းမြားလက်ထပ်ပြီးနောက် ဖို,မ ဆက်ဆံရေးကိစ္စသည် ချက်ချင်းလက်ငင်း ဆိုသလိုလျှင်လျှင်မြန်မြန်ကြီး စိတ်တိုင်းကျ ဖြစ်မလာနိုင်ဟူ၍ သိထားရပါမည်။ စမ်းသပ်ရင်း၊ လေ့ကျင့်ရင်းနှင့် ဖြည်းဖြည်းမှ ကျွမ်းကျင်နိုင်နင်းလာတတ်သော သဘောမျိုးရှိပေသည်။ သဘာဝက ဖန်တီးတိထွင်ပေးအပ်သော အပြုအမူဖြစ်၍ ဖို,မ ဆက်ဆံရေးဟူသည် ကျွမ်းကျင်မှုလိုပါသေးသလားဟု မေးပါက လိုပါသော်ကောဟုပင် ဖြေရပေမည်။ ကျွမ်းကျင်နားလည်မှုကပင်လျှင် ဇနီးမောင်နှံတို့၏ အိမ်ထောင်ရေး



သာယာချမ်းမြေ့ ပျော်မွေ့ဖွယ်ရာဖြစ်အောင် ဖန်တီးပေးစွမ်းနိုင်မည်ဖြစ်ပေသည်။ သို့ရာတွင် ကျွမ်းကျင်နားလည်မှု ရရှိအောင်ကား အချိန်လိုပါလိမ့်မည်။ စိတ်ရှည်ရန်လည်း လိုပါလိမ့်မည်။ အချို့သော ဇနီးမောင်နှံများဆိုလျှင် လက်ထပ်ပြီးချိန်မှစ၍ ဖို,မ ဆက်ဆံမှုကို ပြုခဲ့ကြလင့်ကစား စိတ်တိုင်းကျခြင်းမရှိဘဲ တစ်နှစ်ခန့်ကြာမှ ကျွမ်းကျင်နားလည်ကာ သာယာပျော်ရွှင်မှု အပြည့်အဝ ခံစားရပါသည်ဟု ဆိုလေသည်။

အနောက်နိုင်ငံများ၌ ဖိုနှင့်မတို့၏ လိင်ဆက်ဆံရေးကိစ္စကို သုတေသနပြု လေ့လာသူ ပါရဂူများသည် အိမ်ထောင်ရှင် အမျိုးသမီးအမျိုးသား အမြောက်အမြားကို တွေ့ဆုံမေးမြန်းလျက် ယင်းအချက်အကြောင်း စနစ်တကျ စုံစမ်းခဲ့ဖူးရာ လက်ထပ်ပြီးပြီးချင်း ဖို,မ ဆက်ဆံရေးအမှု ပြုရခြင်းထက် အချိန်ကာလ တဖြည်းဖြည်းကြာမြင့်လာပြီးနောက် ဆက်ဆံရခြင်းသည် ပိုမိုလေးနက် ကျေနပ်ဖွယ်ရှိကြောင်း ပြောကြားသူဦးရေက ပိုများသည်ဟုဆိုလေသည်။ အစီပွါယ်ကား အိမ်ထောင်ပြုခါစ အချိန်တွင် လိင်ဆက်ဆံရေးသည် ရာနှုန်းပြည့် ကျေနပ်မှုရရှိစေခြင်းငှာ ခဲယဉ်းသည်ဟူသော သဘောပင်တည်း။

ကလေးသုံးယောက်မိခင် ဗြိတိသျှအမျိုးသမီးတစ်ယောက်အား စုံစမ်းကြည့်ရာ သူ့အနေဖြင့် လက်ထပ်ပြီးစ အချိန်ကာလတွင် လင်ယောကျ်ားနှင့် ဖို,မ ဆက်ဆံရေး အမှုပြုရာ၌ ရာနှုန်းပြည့် ကျေနပ်အားရမှု မရှိခဲ့ကြောင်း၊ သို့သော် ကလေးတစ်ယောက် ရပြီးနောက် ဒုတိယမြောက် ကလေးကိုယ်ဝန်ရှိစ အချိန်လောက်ကျမှ လိင်ဆက်ဆံမှုသည် ပြည့်ပြည့်ဝဝ ကျေနပ်မှုရှိခဲ့ကြောင်း။ သာမန်အရပ်စကားနှင့် 'ပြီး' သည်ဆိုသော 'အော်ဂယ်ဇင်' ဖြစ်ခြင်းမျိုးကိုလည်း ထိုအခါကျမှ ဖြစ်ပေါ်ကြုံခဲ့ရကြောင်း ပွင့်လင်းစွာ ပြောပြခဲ့

www.burmeseclassic.com



စူးသေးသည်။ ထူးခြားသည်ကား ထိုအမျိုးသမီးသည် စောစောပိုင်းက လိင်ကိစ္စ ရာနှုန်းပြည့် ကျေနပ်မှုမရခြင်းကို မည်သို့မှ သဘောမထား၊ ချစ်သူလင်ယောကျ်ား၏ အလိုဆန္ဒ ပြည့်ဝအောင် လိုက်လျော ပြည့်စွမ်းပေးနေရသည်ဟူ၍သာ သူ့စိတ်ကို ဖြေနိုင်ခဲ့ခြင်းပင် ဖြစ် ပေသည်။ တစ်နည်းအားဖြင့် သူသည် မိမိချစ်သော လင်ယောကျ်ား အား မိမိ၏ခန္ဓာကိုယ်ကို ရက်ရောကြည်ဖြူစွာ ပေးအပ်ရလေခြင်းဟူ၍ တွေးတောရင်း ကြည်နူးပီတိဖြစ်ခြင်းကြောင့် စိတ်သက်သာမှု ရရှိခဲ့သည့်သဘောပင်ဖြစ်၏။ ထို့ကြောင့် သူ့အနေဖြင့် ဘာပြဿနာမှ မဖြစ်ပေါ်ဘဲ အိမ်ထောင်သက် တစ်နှစ်ကျော်ကျော်ကာလတွင် စိတ်ညစ်ခြင်း၊ အားငယ်ခြင်းများလည်း မဖြစ်ခဲ့ချေ။ နောက်ပိုင်းကျမှ ခင်ပွန်းသည်နှင့် ဖို့မဆက်ဆံရေးအမှု ပြုသောအခါ အတွေ့အကြုံ ကြောင့် ကျွမ်းကျင်နားလည်မှု ရရှိလာရာမှ လုံးဝကျေနပ်တင်းတိမ် အားရခြင်းတည်းဟူသော 'အော်ဂယ်ဇင်' ဖြစ်ကြောင်း အတွေ့အကြုံကို ခံစားရရှိလာသည်ဟုဆို၏။

ဤသာဓကအရ သာယာချမ်းမြေ့သော အိမ်ထောင်ရေး တည်ဆောက်လိုသူ ဇနီးမောင်နှံတို့သည် လိင်ကိစ္စကတွင် ရှေ့လော ကြီးမှု၊ စိတ်စောလွန်မှုတို့ ရှောင်ရှားပြီး စိတ်ရှည်ရှည်နှင့် သည်းခံ နိုင်ပါက တစ်ချိန်ချိန်တွင် စိတ်တိုင်းကျ ပြေလည်ချောမော လာနိုင် ကြောင်း ထင်ရှားနေပေသည်။

အိမ်ထောင်သည် ဇနီးမောင်နှံများ အချင်းချင်း ညှိနှိုင်းမှု (အဂျပ်စ်မင့် Adjustment) လုပ်ရန်လိုသည်ဟု ဆိုရာဝယ် ဖို့မ ဆက်ဆံမှုကို ရက်သတ္တပတ် တပတ်တွင်ဘယ်နှစ်ကြိမ်ခန့် ပြုသင့်ပါ သနည်းဟူသော ကိစ္စမျိုးတွင်လည်း လိုအပ်ပါသေးသည်။ လူတစ်ယောက်နှင့် တစ်ယောက် ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ပုံ၊ ကျန်းမာရေး အခြေအနေ စသည်တို့ မတူကြဘဲ ကွာခြားတတ်သဖြင့်



ကိုယ့်နည်းကိုယ့်ဟန်သုံးပြီး စမ်းသပ်လေ့ကျင့်ရင်း မိမိတို့နှင့် အင့်တော်မည့် အခြေအနေမျိုးကို သတ်မှတ်ဆုံးဖြတ်ခြင်းသာလျှင် အကောင်းဆုံး ဖြစ်ပေသည်။ ဤနေရာတွင် 'တန်ဆေး–လွန်ဘေး' ဟူသော မြန်မာစကားကိုလည်း သတိပြုရာ၏။

အိမ်ထောင်မှုသုခ ရရှိရန်အတွက် ဖို့မ ဆက်ဆံရေးဆိုင်ရာ လိင်ပညာဗဟုသုတများ ရှိသင့်သလောက်ရှိသင့်ကြောင်း၊ စာအုပ် စာတမ်းများ ဖတ်ရှုလေ့လာသင့်ကြောင်းတို့ကို ဤစာအုပ်တွင် တစ်ကြိမ်မက ဖော်ပြခဲ့ပြီးပေပြီ။ သို့ရာတွင် စာအုပ်တွေထဲပါသမျှ ညွှန်ကြားချက် အကြံဉာဏ်အားလုံးကို လေ့နံ့မားထစ် မှတ်ယူပြီး တသွေမတိမ်း လိုက်နာရန် မလိုအပ်ကြောင်းကိုလည်း သတိပြုရ ပေမည်။ မိမိကိုယ်ပိုင်ဉာဏ်နှင့် ချင့်ချိန်ဆုံးဖြတ်ရန်သာလျှင် အရေး ကြီးပေသည်။

ဤသည်တို့ကား သာယာချမ်းမြေ့သော အိမ်ထောင်ရေး တည်ဆောက်ရန် ကောင်းနိုးရာရာ လမ်းညွှန်ပြချက်အချို့ပင် ဖြစ်ပါ သတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# (၁၀)

# ဇနီးမောင်နှံ အချစ်လမ်းညွှန်

ခေါင်းစဉ်တွင်ပါသည့်အတိုင်း 'ထိမ်းမြားလက်ထပ်ပြီးစ ဇနီးမောင်နှံတို့ အိမ်ထောင်ဦးကာလ ကွင် လင်မယားဘာဝ ဆက်ဆံပေါင်းသင်းရေး (ဝါ) ယောကျ်ားနှင့်မိန်းမ အဟန့်အတားမရှိ 'ချစ်' ရေးနှင့် ပတ်သက်၍ လမ်းညွှန်ချက်များ ဤအခန်း၌ ရေးသားဖော်ပြရပေတော့မည်။

ယင်းလမ်းညွှန်ချက်များကို အတတ်နိုင်ဆုံး ရှန့်ရင်းကြမ်းတမ်းမှု မပါအောင် ယဉ်ကျေးသိမ်မွေ့စွာ ရေးသားတင်ပြမည် ဖြစ်သော်လည်း လိင်ဆက်ဆံရေးနှင့် စပ်လျဉ်း၍ မလွဲမရှောင်သာသော အသုံးအနှုန်းများ ပါသင့်သလောက် ပါမည်ဖြစ်ရာ စာရေးသူအနေဖြင့် ပရိသတ်အား 'နားနှင့်မနာ ဖဝါးနှင့်နာပါ' ကြိုတင်တောင်းပန်လိုပါ၏။ ညစ်ညမ်းသောစာပေမျိုး ရေးသားသည်ဟု သဘောမထားဘဲ သိပ္ပံပညာရပ်တစ်ခုကို နိုက်နိုက်ချွတ်ချွတ် လေ့လာရာ၌ မလွဲမသွေ တွေ့ရသော ပညာရပ်ဆိုင်ရာ အချက်အလက်များဟူ၍ သုံးသပ်ရင်း လေ့လာဖတ်ရှုကြပါဟု မေတ္တာရပ်လိုပါ၏။



အနောက်နိုင်ငံများတွင် ဖို့မ ဆက်ဆံရေးကိစ္စနှင့် ပတ်သက်၍ စာအုပ်စာတမ်း နှစ်မျိုးနှစ်စားရှိကြပေသည်။ ပထမအမျိုးအစားမှာ ငယ်ရွယ်သူ လူလင်ပျို လုံမပျိုကလေးများအား ကာမဂုဏ်စိတ်၊ ရာဂစိတ် နှိုးဆွပေးရုံသက်သက် လုပ်ကြံဖန်တီးရေး ထုတ်သော ညစ်ညမ်းသည့်စာပေ (ဝါ) 'စာအုပ်ပြာ' များ (Blue Books) ဖြစ်ပြီး ဒုတိယ အမျိုးအစားကတော့ သိပ္ပံပညာနည်းကျကျ ပါဏဗေဒ၊ ဓိဝဗေဒ၊ စိတ္တဗေဒပညာရပ်များ၏ ရှုထောင့်မှနေ၍ အိမ်ထောင်ရှင်များအား ဗဟုသုတ ဖြစ်စေရန် ရည်ရွယ်သည့် လိင်ပညာပေးစာအုပ် (Sex Education Books) များ ဖြစ်လေသည်။

ဤစာအုပ်သည် ဒုတိယ အမျိုးအစားဝင် စာအုပ်မျိုးဖြင့် ပညာပေး သက်သက်သဘော ရေးသားပြုစုခြင်း ဖြစ်ပေသည်။ ထို့ကြောင့် စာရှုသူအိမ်ထောင်ရှင် ပုပုနွေးနွေးများ လက်ထပ်အံ့ဆဲဆဲ သတို့သမီး ၊သတို့သားလောင်းများအနေဖြင့် ဤစာအုပ်ကို အိမ်ထောင်မှုသုခ ရရှိရေးအတွက် လမ်းညွှန်စာအုပ်တစ်အုပ်ဟူ၍ ယူဆကာ ဖတ်ရှုကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။ ဤရှုထောင့်မှနေ၍ ကြည့်တတ်ပါမူ စာအုပ်ပါ အချက်အလက်များကို အမှန်အတိုင်း မြင်တတ်ပြီး သိပ္ပံပညာရပ်တစ်ခု လေ့လာရဘိသကဲ့သို့ သဘောထားနိုင်မည် ဖြစ်ပေမည်။

တကယ်တော့လည်း ဖို့မ ဆက်ဆံရေးကိစ္စနှင့် စပ်လျဉ်းသည့် လိင်ပညာပေး စာပေဟူသည် သိပ္ပံပညာနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပေသည်။ ပါဏဗေဒ သိပ္ပံပညာတွင် မျိုးဆက်ပြန့်ပွားရေးအကြောင်း မပါလျှင်မဖြစ်၊ မျိုးဆက်ပြန့်ပွားရေးကိစ္စ ပါလာပြီဆိုလျှင် ဖို့မ ဆက်ဆံရေးသည်လည်း မလွဲမသွေ ပါလာရတော့သည်။ ဆေးပညာသင် ဆရာဝန်လောင်းတို့ဆိုလျှင် ပထမနှစ်ကပင် ရုက္ခဗေဒ၊ သတ္တ၊

www.burmeseclassic.com

www.burmeseclassic.com

ဗေဒများ သင်ကြားရလေရာ ယင်းပညာများတွင်လည်း မျိုးဆက်ပြန့်ပွားရေး (Reproduction) အကြောင်း သင်ကြားရ၏။ လူသားတို့တွင် ဖို့မ ဆက်ဆံရေး (လိင်)ကိစ္စသည်လည်း အလားတူ မျိုးဆက်ပြန့်ပွားရေးနှင့် တိုက်ရိုက်ဆက်စပ်နေသော သဘာဝတရား (Law of nature) တစ်ခုသာ ဖြစ်ပေသည်။

ဆရာဝန်လောင်းများသည် နောက်ပိုင်းနှစ်များ၌ ပဋိသန္ဓေတည်ခြင်း၊ သားဖွားခြင်း အကြောင်းများကို သင်ကြားရသောအခါ ညစ်ညမ်းသောကိစ္စဟု သဘောထား၍မဖြစ်၊ ခက်ခဲနက်နဲသော ပညာရပ်တစ်ခုအဖြစ်သာ လေ့လာကြရပေသည်။ ထို့ပြင် ကာလသားရောဂါအကြောင်း၊ အမျိုးသမီးများ၏ သားအိမ်ရောဂါ၊ မီးယပ်ရောဂါအကြောင်းများ လေ့လာကြရသည်မှာလည်း လိင်ပညာနှင့် အကျုံးဝင်သည်ဟု ဆိုနိုင်ပါ၏။

ဤသို့လျှင် ပညာမျက်စိဖြင့် ကြည့်တတ်ပါက ဖို့မ ဆက်ဆံရေး ကိစ္စကို ညစ်ညမ်းသော အကြောင်းရပ်တစ်ခုဟူ၍ ရှုတ်ချလိုတော့မည် မဟုတ်ချေ။ အာသဝေါ မကုန်သေးသော ပုထုဇဉ်လူသားတို့ မကင်းနိုင်သည့် အပြုအမူတစ်ခုအကြောင်း သိသင့်သိထိုက်သမျှ ဗဟုသုတ ရှာမှီးခြင်းဟူ၍ မြင်လာမည်ဖြစ်ပေသည်။

တိရစ္ဆာန်ဆေးကုသရေးနှင့် မွေးမြူရေးပညာကို လေ့လာသင်ကြားကြသော တက္ကသိုလ်ကျောင်းသူကျောင်းသားများသည်လည်း မျိုးဆက်ပြန့်ပွားရေးအကြောင်း လေ့လာကြရသည်ဖြစ်ရာ တိရစ္ဆာန်များ အထီးနှင့်အမ မိတ်လိုက်ခြင်း၊ သန္ဓေတည်ခြင်းကိစ္စများကိုပါ အသေးစိတ်နားလည်ကြရ၏။ သို့သော် သိပ္ပံပညာတစ်ရပ်အဖြစ် သဘောထားခြင်းကြောင့် ညစ်ညမ်းသောကိစ္စဟု မမြင်ကြချေ။ ထိုနည်းတူစွာပင် လူသားတို့၏ မျိုးဆက်ပြန့်ပွားရေးအတွက်



လိင်ဆက်ဆံရေးသည်လည်း သိသင့်သိထိုက်သော ပညာရပ်အဖြစ် သဘောထားကြပေသည်။

သိပ္ပံပညာရှုထောင့်မှနေ၍ သုံးသပ်ကြည့်တတ်ကြလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဤအခန်းကို ရေးသားပြုစုလိုက်ရခြင်း ဖြစ်ပေသည်။ စေတနာကတော့ ကျန်းမာသန်စွမ်းပြီး တစ်ယောက်ကို တစ်ယောက် ချစ်မြတ်နိုးသူ လူငယ်မောင်မယ်များ တရားဝင် ထိမ်းမြားလက်ထပ်ပြီးသည့်အခါ အိမ်ထောင်မှုသုခကို ပြည့်ပြည့်ဝဝ ခံစားပျော်ရွှင်နိုင်ကြစေရန်ပင် ဖြစ်ပါ၏။ လက်မထပ်မီက တစ်ယောက်ကိုတစ်ယောက် အသက်ပေး ချစ်ကြပါသည်ဆိုသူ ဇနီးမောင်နှံ နှစ်ဦးတို့အဖို့ လက်ထပ်ပြီးလျှင် ပို၍ပင် ဆထက်တံပိုး အချစ်တွေ တိုးလာကြစေရန်လည်း ရည်ရွယ်ပါ၏။ ထို့ပြင် ကျွမ်းကျင်မှု လိုအပ်သော အတတ်ပညာတစ်ခုကို မကျွမ်းကျင်သေးသူ လူငယ်များ အား လမ်းညွှန်နည်းပြ 'ကျူရှင်' သင်ခန်းစာပေးသည် သဘောမျိုးလည်း ပါဝင်ပေသည်။ ယင်းစေတနာနှင့် ရည်ရွယ်ချက်တို့ကို စာဖတ်သူ လူငယ်မောင်မယ်တို့ နားလည်သဘောပေါက်ကြလိမ့်မည် မျှော်လင့်ရပေသည်။

ဤစာအုပ်ရှေ့ပိုင်း အခန်းများ၌ ဇနီးမောင်နှံတို့ ဖို့မ ဆက်ဆံရေးအမှု ပြုခြင်းနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာ အချက်အလက်များ ထိုက်သင့်သလောက် ဖော်ပြခဲ့ပြီးဖြစ်ရာ မိမိတို့ ဖတ်ရှုပြီးခဲ့သမျှ ဗဟုသုတများကို မှတ်သားထားရှိပြီး ယခုလို ဆက်လက်ဖတ်ရှုလေ့လာရန် ဖြစ်ပေသည်။ သို့သော် အထက်တွင် ဖော်ပြခဲ့သော အချက်များမှာ လင်မယားဘဝ အိပ်ရာထဲပြုမူကြသည့် လိင်ဆက်ဆံမှုနှင့် ပတ်သက်၍ မှတ်သားဖွယ်ရာ ဆင်ခြင်ဖွယ်ရာတို့ကို သတိပေးသော သဘောသာလျှင် ဖြစ်သောကြောင့် အသေးစိတ်

www.burmeseclassic.com

www.burmeseclassic.com

ညွှန်ကြားချက်များ မဟုတ်သေးပေ။ မည်သို့မည်ပုံ ပြုသင့်သည်ဟူသော နည်းနာနိဿျများလည်း၊ မပါရှိသေးရာ ယခုတော့မှ ဖို့မ ဆက်ဆံရေးကိစ္စအကြောင်းကို မထိမ်မချန် ပွင့်လင်းစွာပင် ဖော်ထုတ်ရေးသားရပေတော့မည် ဖြစ်ပေသည်။

ဤနေရာတွင် စာရေးသူ၏ အခက်အခဲကိုလည်း တင်ပြလိုပေသည်။ လင်နှင့်မယား ဖို့မ ဆက်ဆံရေးအမှုပြုခြင်းကို အင်္ဂလိပ်ဘာသာဖြင့် (Sexual Intercourse) ဟူ၍ ပြောဆိုရေးသားလျှင် ညစ်ညမ်းရိုင်းစိုင်းသော အသုံးအနှုန်း ဝေါဟာရဟု မည်သူကမျှ ဝေဖန်နိုင်မည်မဟုတ်။ လူရှေ့သူရှေ့ ပြောဆိုသုံးစွဲခြင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၌ ရေးသားခြင်းကိုလည်း ပရိသတ်က လက်ခံ၏။ မြန်မာလိုကျတော့ ဤသို့ ရဲရဲဝံ့ဝံ့ သုံးနိုင်သည့်ဝေါဟာရ တိတိကျကျ ရှာမရသဖြင့် ဝေ့လည်ကြောင်ပတ် သဘောမျိုးသာ သုံးရပေသည်။ ထို့ပြင် ဤအခန်းမျိုး ရေးသားရာ၌ ယောက်ျားမိန်းမတို့၏ လိင်အင်္ဂါ အစိတ်အပိုင်းများအကြောင်းလည်း ရဲဖန်ရံခါ ဖော်ထုတ်ရေးသားရမည်ဖြစ်ရာ အင်္ဂလိပ်လို Penis, Vagina, Clitoris စသဖြင့် ခန္ဓာဗေဒ ပညာဆိုင်ရာ စကားလုံးများ သုံးနိုင်သော်လည်း မြန်မာလိုကျတော့ ဒွိဒိုးကြီးရေးလိုက်ပါက ရိုင်းစိုင်းနေမည်လောဟု စိုးရိမ်နေရပေသည်။ ဆေးပညာဆိုင်ရာ အသုံးအနှုန်းဝေါဟာရများ မြန်မာလို တိကျစွာ ပြဋ္ဌာန်းထားမှု မရှိသေးသည့် အခက်အခဲဟု ဆိုင်နိုင်ပါ၏။ သို့သော် လိင်ဆက်ဆံရေးအကြောင်း ဆွေးနွေးမည်ဆိုလျှင် ပတ်သက်ရာပတ်သက်ကြောင်း အသုံးအနှုန်းများ မလွှဲမသွေ သုံးရမည် ဖြစ်သောကြောင့် အင်္ဂလိပ်ဘာသာကဲ့သို့ တစ်တစ်ခွခွ တိတိကျကျ မရေးနိုင်သည့်တိုင်အောင် အတတ်နိုင်ဆုံး နီးစပ်ပြီး ကြမ်းတမ်းသည်ဟု အပြစ်တင်မခံရလေအောင် ကြိုးစားရေးသားသွားမည် ဖြစ်ပေသည်။



ရှေ့ဆက်လက်ဖော်ပြသွားမည့် အချက်အလက် အကြောင်းအရာများ ဖတ်ရှုရသည့်အခါ စာဖတ်ပရိသတ်က ခွင့်လွှတ်နိုင်စေခြင်းငှာ ဤသို့ စကားပလ္လင်ခံရခြင်း ဖြစ်ပါသည်။

## အပိုင်းသုံးပိုင်း

လက်ထပ်ပြီးခါစ စနီးမောင်နှံများ လက်ထပ်အံ့ဆဲဆဲ သတို့သမီး၊ သတို့သားလောင်းများအဖို့ ဤစာအုပ်မှ အကြံပေးချက်များသည် အကျိုးရှိလိမ့်မည်ဟု ယုံကြည်ပါ၏။ သို့ရာတွင် ပြီးခဲ့သောအခန်း၌ ဖော်ပြထားသလို စာအုပ်ပါ အချက်အလက် အကြံပေးချက်ဟူသမျှကို တသွေမတိမ်း လိုက်နာကျင့်သုံးရမည်ဟု မမှတ်ယူရန်လည်း အရေးကြီးပေသည်။ မိမိတို့စနီးမောင်နှံနှင့် သင့်လျော်ကိုက်ညီမည့် ကောင်းနိုးရာရာ အချက်အလက်များကိုသာ ရွေးထုတ်လိုက်နာကြလျှင်ပင် လုံလောက်ပြီဟု ယူဆသင့်ပေသည်။

အင်္ဂလိပ်ဘာသာဖြင့် (Sexual Intercourse) ဟုခေါ်သော ယောက်ျားနှင့်မိန်းမ ဖို့မ ဆက်ဆံမှုပြုခြင်းတွင် အပိုင်းသုံးပိုင်း ရှိသည်ဟု အနောက်နိုင်ငံမှ ပါရဂူများ၊ အိန္ဒိယကဲ့သို့ အရှေ့တိုင်းမှ ပညာရှင်များက ညွှန်ကြားပြကြပေသည်။ ယင်းအပိုင်းသုံးပိုင်းကား–

(၁) ကြိုတင်ပြင်ဆင်ခြင်း

(၂) လက်တွေ့ပေါင်းသင်းဆက်ဆံခြင်း

(၃) ကိစ္စပြီး၍ အပန်းဖြေအနားယူခြင်း

တို့ပင် ဖြစ်လေသည်။ ယင်းအပိုင်းသုံးပိုင်းကို တစ်ပိုင်းစီခွဲ၍ ဖော်ပြသွားမည် ဖြစ်ပေသည်။

ပညာရှင်များ၏ အဆိုအရ လင်နှင့်မယား ဖို့မ ဆက်ဆံမှုပြုခြင်းကို ပေါ့ပေါ့ဆဆ ဖြစ်တတ်ဆန်း ပြုခြင်းငှာ မသင့်ဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ပုထုဇဉ်လူသားတို့အဖို့ အသာယာဆုံး၊ ပျော်ရွှင်ကျေနပ်မှုယ် အထေ
ဆုံးသော အာရုံခံစားမှုသည် ဖိုနှင့်မ ခန္ဓာကိုယ်ချင်း ဆက်ဆံပေါင်း
ခြင်းပင်ဖြစ်၍ ယင်းကိစ္စကို လေးလေးနက်နက် ပြုမှုသင့်ခြင်းကိုလ
ညွှန်ပြကြ၏။ ဖို၊မ ဆက်ဆံရေးကိစ္စ ပြေပြစ်ချောမောနေ
စနိုးမောင်နှံတို့တွင် အခြားသော အရေးကိစ္စများတွင်လည်း အ
ပြေကာ သာယာချမ်းမြေ့သော အိမ်ထောင်ရေးဖြစ်ရန် မျှ
အထောက်အကူပြုနိုင်ပေ၏။ ထို့ကြောင့် လင်နှင့်မယား လိင်
ဆံရေး ကိစ္စကို 'စ–လယ်–ဆုံး' သုံးပိုင်းစလုံး အလေးအနက်ထ
ပြုသင့်ကြကြောင်း အကြံပေးကြရခြင်း ဖြစ်ပေသည်။

## ကြိုတင်ပြင်ဆင်ခြင်း

လင်နှင့်မယား အတူ'အိပ်' ကြတဲ့ ကိစ္စကိုပဲ ကြိုတင်ပြင်
မှုတွေ ဘာတွေလုပ်နေစရာ လိုပါသေးသလားဟု မေးဖွယ်ရှိပါ
ဤနေရာ၌ လူသည် တိရစ္ဆာန်နှင့်မတူဘဲ ခြားနားသောကြေ
ကြိုတင်ပြင်ဆင်မှုဟူသည် တကယ်လိုအပ်ကြောင်း ပြေဆို
လိမ့်မည်။

တိရစ္ဆာန်များသည် အချိန်ရာသီလိုက်၍ မိတ်လိုက်ချိန်
လျှင် အထီးနှင့်အမ တွေ့ဆုံသည်နှင့် မိတ်လိုက်ကြ၏။ တိ
တို့၏ သဘာဝအရ ထိုသို့မိတ်လိုက်ခြင်းဖြင့် ကိစ္စပြီး၏။ အမ
သန္ဓေတည်ပြီး နောက်ထပ်မျိုးဆက် ပြန့်ပွားရေးအတွက် အကေ
ကလေးများ ပေါက်ဖွားလာစေရန် သဘာဝက ဖန်တီးပေးထား
စီစဉ်ချက်ဟု ဆိုနိုင်၏။ လူတို့တွင်ကား ဆက်ဆံစပ်ယှက်ခြင်းသ
သားသမီး ထွန်းကားရရှိရေးတည်းဟူသော လူမျိုးဆက် ပြန့်ပွာ



အတွက် ရည်မှန်းအားထုတ်နေခြင်း သက်သက်မဟုတ်။ တစ်ယောက်
ကိုတစ်ယောက် လှိုက်လှဲစွာ ချစ်ခင်စုံမက်ခြင်းတည်းဟူသော မေတ္တာ
ပမာဏကို နှုတ်ဖြင့် ဖွင့်ဟပြောဆို၍လည်းကောင်း၊ အမူအရာအားဖြင့်
လည်းကောင်း၊ ပြရုံနှင့် အားမရသဖြင့် ခန္ဓာကိုယ်ကပါ ကာယကံ
မြောက် လှုပ်ရှားပြသသည့် အပြုမူမျိုး ဖြစ်ပေသည်။ တစ်နည်းအားဖြင့်
ဤကိစ္စတွင် လူသည် တိရစ္ဆာန်နှင့်မတူ စိတ်ပိုင်းဆိုင်ရာ စေ့ဆော်
လှုပ်ရှားမှုများလည်း ဆက်စပ်ပါဝင်နေသည့် သဘောမျိုးရှိ၏။

ထိုသို့စိတ်ပိုင်းဆိုင်ရာနှင့် ပတ်သက်နေ၍လည်း ယောက်ျားနှင့်
မိန်းမ ကိုယ်ထိလက်ရောက် ဆက်ဆံစပ်ယှက်မှုတွင် ကြိုတင်ပြင်ဆင်
ခြင်းသည် လိုအပ်ပါသည်ဟု ဆိုရပေ၏။ နောက်တစ်ချက်ကား
ယောက်ျားနှင့် မိန်းမတို့၏ ခန္ဓာကိုယ်ချင်း ပါဏဗေဒ ပညာသဘော
အရ မတူညီသည့် အချက်တစ်ခုကြောင့်လည်း ကြိုတင်ပြင်ဆင်ရေး
သည် လိုအပ်နေပြန်ပါသည်။

အဆိုပါ မတူညီသော ခြားနားချက်ကား အခြားမဟုတ်
ယောက်ျားနှင့်မိန်းမ သဘာဝအားဖြင့် လိင်စိတ်ခါတ် နိုးကြား
တက်ကြွပုံ၊ အာရုံခံစားပုံတို့၌ မတူကြခြင်းပင်ဖြစ်၏။ ဤအချက်ကို
အိမ်ထောင်ဦးကာလ ဇနီးမောင်နှံတို့ သိရှိနားလည်ထားရန် အလွန်
အရေးကြီးပေသည်။

ယောက်ျားသည် ကာမဂုဏ်အာရုံ ခံစားလိုစိတ်တည်းဟူသော
လိင်စိတ်ခါတ် နိုးကြားတက်ကြွမှု လျှင်မြန်စွာ ဖြစ်လွယ်၏။
ရုတ်တရက် ရှောင်တခင် မိနစ်ပိုင်း စက္ကန့်ပိုင်းအတွင်း တက်ကြွနိုင်၏။
မိမိနှစ်သက် တပ်မက်သော ချစ်သူသို့မဟုတ် တပ်မက်ဖွယ်ကောင်းစဖွယ်
မိန်းကလေး တစ်ယောက်အကြောင်း စိတ်ကူးတွေးတောလိုက်ရုံနှင့်
ရာဂစိတ် ဖြစ်ပေါ်နိုင်၏။ ထိုသို့ဖြစ်ပေါ်သည့် အတိုင်းလည်း

www.burmeseclassic.com

www.burmeseclassic.com

ကာယကံမြောက် လိင်ဆက်ဆံမှု ပြုလိုသည့်စိတ် ဖြစ်ပေါ်တတ်၏။ ထိုမျှမကသေး ဖို့,မ ဆက်ဆံရေးအမှုကို တကယ်ပြုသည့်အခါ ယောကျ်ားသည် အချိန်တိုတောင်းစွာ 'ကိစ္စပြီး' ၏။ ရာဂစိတ် ပြေငြိမ်းမှုကို လျင်မြန်စွာရရှိလွယ်၏။ ဤကား ယောကျ်ားတို့၏ ခန္ဓာကိုယ် ဖွဲ့စည်း ထားပုံ သဘာဝအရ ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာပင်တည်း။

မိန်းကလေးတွင်ကား ယောကျ်ားကလေးများ၏ သဘာဝနှင့် မတူသည်သာမက ဆန့်ကျင်ဘက်ပင် ဖြစ်သည်ဟု ဆိုနိုင်ပေ၏။ မိန်းကလေးအဖို့ လိင်စိတ်ဓာတ် (ဝါ) ရာဂစိတ် နိုးကြားတက်ကြွမှုသည် လွယ်လွယ်နှင့်မဖြစ်။ ယောကျ်ားများလို ရုတ်တရက် ရှောင်တခင် ဖို့,မ ဆက်ဆံရေးစိတ် ဖြစ်ပေါ်ရန် ခဲယဉ်း၏။ စိတ်ကူးရုံနှင့် ကာမဂုဏ်စိတ် ပေါ်လေ့မရှိရုံမက ယောကျ်ားကလေး ချောချောလှလှ မြင်လိုက်ရုံနှင့် အတူ 'အိပ်' လိုက်ချင်စိတ်မျိုး မဖြစ်ပေါ်တတ်။ ဖို့,မ ဆက်ဆံရေးစိတ် ဖြစ်ပေါ်လျှင် ဖြည်းညှင်းနှောင့်နှေး၏။ ဒီရေများ တက်သကဲ့သို့ တရွေ့ရွေ့ တက်လာတတ်၏။ လူစိမ်းများနှင့် မဆိုထားဘိ၊ ချစ်သူယောကျ်ားနှင့် နီးနီးကပ်ကပ် အသားချင်း ထိနေရချိန်၌ပင်လျှင် လေမုန်တိုင်းအသွင် ပြင်းထန်စွာ ရုတ်ချည်း မဖြစ်ပေါ်ဘဲ တဖြည်းဖြည်း အရှိန်ယူပြီး တက်လာတတ်လေသည်။ ယင်းသို့ လိင်စိတ်ဓာတ် နိုးကြားတက်ကြွမှု နှောင့်နှေးပြီး တကယ်တမ်း တက်ကြွ၍ အ ရလာပြီးနောက် ချစ်သူယောကျ်ားနှင့် ဖို့,မ ဆက်ဆံမှု ပြုသည့်အခါ၌လည်း သာယာမှု၏ အမြင့်ဆုံးအဆင့် 'အော်ဂယ်ဇင်' Orgasm ဖြစ်ရန်လည်း နှောင့်နှေးတတ်လေသည်။ ယောကျ်ားကဲ့သို့ လွယ်လွယ်နှင့်မြန်မြန် 'မပြီး' တတ်သော သဘာဝရှိ၏။ တစ်နည်းအားဖြင့် မိန်းမနှင့်ယောကျ်ားသည် ကာမဂုဏ်အာရုံ ခံစားလိုစိတ် ဖြစ်ပေါ်ပုံ၊ ခံစားပုံတို့၌ လုံးဝမတူဘဲ ကွာခြားနေတတ်သည်ဟု ဆိုနိုင်ပေ၏။ ဤသို့သောသဘာဝကို လက်ထပ်ပြီးခါစ ဇနီးမောင်နှံ နှစ်ဦးစလုံး ကောင်းစွာသိရှိနားလည်ထားရန် လိုအပ်ပေသည်။

ဤကား မိန်းမတို့၏ ခန္ဓာကိုယ်သဘာဝပင်ဖြစ်ရာ မိမိချစ်သူနှင့် ထိမ်းမြားလက်ထပ်ပြီးသူ မိန်းကလေးတစ်ယောက်သည်ပင်လျှင် လင်ယောကျ်ားနှင့် ညအိပ်ရာဝင်၍ ဖို့,မ ဆက်ဆံမှု ပြုချိန်အထိ လိင်စိတ်ဓာတ် (ဝါ) ရာဂစိတ်နိုးကြားတက်ကြွမှု ယောကျ်ားကဲ့သို့ ရုတ်တရက် တစ်ဟုန်ထိုး မဖြစ်ပေါ်ဘဲ ဖြည်းဖြည်းသာ ဖြစ်ပေါ်တတ်လေသည်။ ယင်းအခြေအနေတွင် စိတ်ပါတက်ကြွနေသော ချစ်သူလင်ယောကျ်ားက ရှေ့လောကြီးစွာဖြင့် ရွတ်အတင်း သိမ်းပိုက်ဆက်ဆံ စပ်ယှက်လိုက်ပါမူ မိန်းကလေးတွင် လိင်ဆက်ဆံမှု၏ သာယာမှုအာရုံကို အပြည့်အဝ ခံစားရမည်မဟုတ်ချေ။ ထို့ကြောင့် ဤကိစ္စတွင် 'ကြိုတင်ပြင်ဆင်မှု' (Preparation) သည် အမှန် လိုအပ်ကြောင်း ရေးသားတင်ပြရခြင်း ဖြစ်ပေသည်။

မင်္ဂလာဦးကာလတွင် ဖို့,မ ဆက်ဆံရေးအမှု မပြုမီ ကြိုတင်ပြင်ဆင်ခြင်း ပြုလုပ်ပါက တကယ်တမ်း ခန္ဓာကိုယ်ချင်း ထိတွေ့ စပ်ယှက်ချိန်၌ သာယာမှုအာရုံသည် ပိုမိုထူးကဲလေးနက်နိုင်မည် ဖြစ်ကြောင်း ဇနီးမောင်နှံ နှစ်ဦးစလုံး သိထားသင့်ကြပေသည်။ ကြိုတင်ပြင်ဆင်မှုတွေ ဘာတွေလုပ်ရတာ ရှုပ်ပါတယ်ဟု စိတ်မရှည်နိုင်သည့် သဘောထားမျိုး မရှိသင့်ဘဲ စိတ်ရှည်ရန်လည်းလို၏။ တကယ်တော့ ကြိုတင်ပြင်ဆင်မှု ပြုလုပ်ခြင်းသည်ပင်လျှင် တစ်မျိုး သာယာကြောင်း တွေ့ရှိကြမည် ဖြစ်ပေသည်။

ဖို့,မ ဆက်ဆံမှုပြုရေးအတွက် 'ကြိုတင်ပြင်ဆင်မှု' ဟူသည် မည်သို့ ပြုရပါမည်နည်း။ အလွယ်ဆုံးအဖြေကတော့ ယောကျ်ား လုပ်သူသည် စိတ်ရှည်ရှည်ထား ရှေ့လောမကြီးဘဲ နှီးသည်အား

www.burmeseclassic.com

အလွန်ချစ်ခင် မြတ်နိုးကြောင်းကို အမူအယာ အပြုအမူများဖြင့် လက်တွေ့ပြလျက် မိန်းကလေးကိုယ်တိုင်က စိတ်ပါတက်ကြွလာပြီး ချစ်သူယောက်ျားနှင့်အတူ 'အိပ်' ချင်သည့်ဆန္ဒ ဖြစ်ပေါ်လာအောင် ပြုလုပ်ရမည်ဟူ၍ပင် ဖြစ်ပေသည်။

မိန်းမတို့၏ သဘာဝသည် ကြင်နာယုယမှုကို နှစ်သက်၏။ ချစ်သူယောက်ျားက ပွေ့ဖက်ခြင်း၊ အမြတ်တနိုး နမ်းရှုတ်ခြင်းတို့ကို သာယာ၏။ ချစ်သူ၏ရင်ခွင်ထဲဝင်ပြီး ယောက်ျားက နဖူးဆံစ ပါးပြင် စသည်တို့ကို ယုယုယယ ကိုင်တွယ် ပွတ်သပ်ပေးခြင်းတို့ကို လိုလား၏။ ထိုအချိန်၌ အသားချင်းထိနေရသော 'အတွေ့' သည် မိန်းကလေး၏ လိင်စိတ်ဓာတ်ကို စ၍တင် ဖြစ်ပေါ် နိုးကြားစေ လိမ့်မည် ဖြစ်ပေသည်။

လင်ယောက်ျားက ယုယပိုက်ထွေးထားရင်း ချစ်တင်းစကား တွေ ပြောနေပါလျှင် မိန်းကလေးအဖို့ ဘယ်သောအခါမှ ငြီးငွေ့သည် မရှိ တူရိယာဂီတသံကဲ့သို့ သာယာနာပျော်ဖွယ် ဖြစ်နေ၏။ ထပ် တလဲလဲ နားထောင်နေချင်၏။ ထို့ကြောင့် ယောက်ျားဖြစ်သူသည် ညအိပ်ရာဝင်ဝင်ချင်း ပထမဆုံးအဆင့်အနေဖြင့် ချစ်ဇနီးအား ကြင်နာ ယုယမှု အတတ်နိုင်ဆုံးပြကာ ပါးစပ်မှလည်း မိမိ၏ ချစ်ခြင်းမေတ္တာ ပမာဏကို မည်မျှနက်ရှိုင်းလေးနက်ကြောင်း နှစ်ကိုယ်ကြား ပြော သင့်၏။ မိန်းလေးအဖို့မှာကား ချစ်သူ၏ ယုယမြတ်နိုးပုံကို သိရှိရလေ ကြည်နူးပီတိ ဖြစ်လေဟူ၍ တထစ်ချ မှတ်ယူနိုင်ပါ၏။ ယောက်ျား၏ ယုယပိုက်ထွေး နမ်းရှုတ်ခြင်းကို ခံစားရချိန်တွင် ဖို့မ ဆက်ဆံရေး (လိင်) စိတ်ဓာတ်သည် စတင်နိုးကြားမည်ဖြစ်ရာ တဖြည်းဖြည်း အရှိန်မြင့်မားလာအောင် ယောက်ျားကလေးက ကူညီဖန်တီးပေးနိုင်၏။



ဤနေရာတွင် မိန်းမတို့၏ ခန္ဓာကိုယ် သဘာဝအကြောင်း အနည်းငယ် ထပ်မံ ဆွေးနွေးရပေဦးမည်။ အမျိုးသမီးတို့၏ ခန္ဓာကိုယ် အစိတ်အပိုင်းများသည် အလွန်ဆန်းကြယ်ပေသည်။ ဖို့မ ဆက်ဆံရေး ကိစ္စကို လိုလားတောင့်တသော လိင်စိတ်ဓာတ် ဖြစ်ပေါ်စေမည့် အစိတ်အပိုင်းဟူသည် အင်္ဂါဇာတ် တစ်ခုတည်းသာမဟုတ်။ အခြား နေရာများတွင်လည်းရှိ၏။ နိုင်ငံခြား ပညာရှင်များကဆိုလျှင် မိန်းမ တို့၌ 'အတွေ့' အာရုံကို သာယာသောအရသာ ခံစားနိုင်သော ခန္ဓာကိုယ် အစိတ်အပိုင်း အတော်များများ ပြဆိုကြ၏။ မိန်းမတို့၏ အလှတစ်ခုဖြစ်သော ရင်သားများသည် လိင်စိတ်ဓာတ် နိုးကြား တက်ကြွစေရာ၌ အလွန်ထိရောက်သော အစိတ်အပိုင်းများပင် ဖြစ် လေသည်။ ထို့ကြောင့် အနောက်နိုင်ငံသားတို့သည် ချစ်ဇနီး၏ ရင်သားကို အမြတ်တနိုး နမ်းရှုတ်တတ်ကြလေသည်။ ဇနီးသည် တွင်လည်း ဤသို့ပြုသည့်အတွက် အလွန်သာယာသော အာရုံ ခံစားရကာ လိင်စိတ်ဓာတ်များ နိုးကြားဖြစ်ပေါ်လာတတ်၏။ မိန်းမ တို့၏ ရင်သားဟူသည် အသားအစိုင်အခဲ သို့မဟုတ် ကြွက်သား (Muscle)မဟုတ်။ 'ဂလင်း' (Gland)ခေါ် အကြိတ်တစ်မျိုးသာ ဖြစ်၏။ သဘောက ချစ်သူလင်ယောက်ျား၏လက်ဖြင့် အသာအယာ ပွတ်သပ်ကစားပေးခြင်း၊ ပါးစပ်ဖြင့် နမ်းရှုတ်ခြင်းတို့ ပြုသည့်အခါ ရင်သားအစုံမှ အကြောကလေးများ လှုပ်ရှားထကြွလာကာ ဖို့မ ဆက်ဆံရေးစိတ် အလိုလို ဖြစ်ပေါ်စေနိုင်၏။ သည်လိုအခါမျိုးတွင် မိန်းကလေး၏ စိတ်များသည် ချစ်သူလင်ယောက်ျားထံပေါ်သို့ တိမ်းညွတ်တပ်မက်နေသော ယောက်ျား၏ ကိုင်တွယ်ပွတ်သပ် ကစားမှုကို ထပ်တလဲလဲ ခံစားချင်နေတတ်၏။ တစ်ချိန်တည်းမှာပင်

www.burmeseclassic.com

www.burmeseclassic.com

မိမိခန္ဓာကိုယ်ကို ချစ်သူအား ပုံအပ်ခါ ရက်ရောကြည်ဖြူစွာ ချစ်ဖျူဟာခင်းချင်စိတ်များ ဖြစ်ပေါ်လာတတ်ပေသည်။ တစ်နည်းအားဖြင့် လိင်စိတ်ဓာတ်များ နိုးကြားတက်ကြွလာကာ ယောကျ်ားနှင့် ဖို,မ ဆက်ဆံမှုကို ကာယကံမြောက်ပြုရန် အဆင်သင့် ဖြစ်လာတတ်၏။

အမေရိကန်နိုင်ငံမှ အမျိုးသမီးအိမ်ထောင်ရှင် တစ်ဦးသည် လိင်ဆက်ဆံမှုတွင် ကျေနပ်မှုမရရှိ၍ဟုဆိုကာ ခင်မင်ရင်းနှီးသော အမျိုးသမီး ဆရာဝန်တစ်ဦးထံ တစ်ခါက လာရောက်အကူအညီတောင်းဖူး၏။ ဆရာဝန်က အကျိုးအကြောင်းမေး၍ သိရသည်ကား မိန်းကလေး၏ ချစ်သူခင်ပွန်းသည်က လိင်ဆက်ဆံမှု မပြုမီ ဘာမှလည်း မပြော၊ ဖက်ရမ်းနမ်းရှုတ်ခြင်း၊ ရင်သားကို ထိခြင်းကိုင်ခြင်းပင် မပြုဘဲ တစ်ခါတည်း စပ်ယှက်လေ့ရှိသည်ဟုဆို၏။ ထိုအခါ မိန်းကလေးမှာ ယောကျ်ားနှင့် ဆက်ဆံရခြင်း၏ သာယာမှုအာရုံမခံစားရရုံမက လင်ယောကျ်ားက မိမိအား ပြည့်တန်ဆာမတစ်ဦးနှင့် ပျော်ပါးသလို ခဏတန်း အာသာပြေရုံ ဆက်ဆံခြင်း ခံရဘိသကဲ့သို့ ဖြစ်ပါသည်ဟု ညည်းညူရှာလေသည်။ သူတို့အိမ်ထောင်သက် တစ်နှစ်ခန့်ရှိလာသည့်အထိ ဤနည်းနှင်နှင် ဆက်ဆံခြင်းခံရ၍ စိတ်ထဲ မကျေမချမ်း ဖြစ်နေရပါသည်ဟုလည်း ဆို၏။

အမျိုးသမီးဆရာဝန်သည် ထိုမိန်းကလေးအနေဖြင့် ဖို,မ ဆက်ဆံမှု ပြုသည့်အခါ လုံးဝအဆင်သင့် မဖြစ်သေးဘဲ ပြုရခြင်းကြောင့်သာ တင်းတိမ်ရောင့်ရဲမှု မရှိကြောင်း ချက်ချင်းပင် ရိပ်မိလေသည်။ ထို့နောက် ခင်ပွန်းသည်အား သီးခြားခေါ်တွေ့ဆုံပြီး ဖို,မ ဆက်ဆံမှု မပြုမီ မိန်းကလေးကိုယ်တိုင်က အဆင်သင့်ဖြစ်အောင် ကြိုတင်ပြင်ဆင်မှု ပြုလုပ်သင့်ကြောင်း အကြံပေးလိုက်တော့မှ ထိုလင်မယား၏ အိမ်ထောင်ရေးသည် သာယာအဆင်ပြေသွားတော့သည်။



ဤကား တကယ်အဖြစ်အပျက် သာဓကတစ်ခုပင်ဖြစ်ရာ ဇနီးမောင်နှံ ဖို,မ ဆက်ဆံမှုပြုခါနီး ကြိုတင်ပြင်ဆင်မှုသည် မည်မျှ လိုအပ်ကြောင်း ထင်ရှားလှပြီဖြစ်၏။ ထို့ကြောင့် ယောကျ်ားကလေး အနေဖြင့် မိမိချစ်ဇနီးအား ကြင်နာယုယစွာ ပွေ့ဖက်နမ်းရှုတ်ခြင်း၊ ရင်သားအစုံကို ကိုင်တွယ်ပွတ်သပ် နမ်းရှုတ်ခြင်း စသည်တို့ဖြင့် မိန်းကလေး၏ လိင်စိတ်ဓာတ် ဖြစ်ပေါ်တက်ကြွအောင် 'နှိုး' ပေးရန် အရေးကြီးကြောင်း သတိပြုရပေမည်။

ချစ်သူဇနီးမောင်နှံတို့သည် ချစ်ခြင်းမေတ္တာကို လက်တွေ့ပြသရာ၌ နှစ်ယောက်တည်း အိပ်ရာဝင်ချိန်ကျမှတော့ ဘာမှ ရှက်ကြောက် စိုးရွံ့နေစရာ မလိုတော့ကြောင်းကိုလည်း အကြံပေးလိုပါသေးသည်။ အဘယ်ကြောင့်ဆိုသော် ချစ်သူချင်း ရှက်ကြောက်နေမှုတည်းဟူသော အဟန့်အတား မရှိမှသာ အိမ်ထောင်မှုသုခကို လွတ်လွတ်လပ်လပ်နှင့် အပြည့်အဝ ခံစားရရှိနိုင်မည် ဖြစ်သောကြောင့်ပင်တည်း။ နှိုက်နှိုက်ချွတ်ချွတ် ရေးသားတင်ပြရန်ကောဟု အပြစ်တင်လျှင် ခံရမည့်အချက်တစ်ခုကိုပါ တစ်ဆက်တည်း ဆွေးနွေးတင်ပြလိုပါ၏။ ယင်းကား ချစ်သူနှစ်ဦး အချစ်စိတ်တွေ တက်ကြွပြီး ဖမ်းရမ်းနမ်းရှုတ်ခြင်း ကိစ္စပင်ဖြစ်၏။ မြန်မာလူမျိုးတို့၏ အစဉ်အလာ ပြုမူချက်အရ နမ်းရှုတ်ခြင်းဆိုသည်မှာ တစ်ယောက်၏ပါးပြင်ကို တစ်ယောက်က ကြင်နာယုယစွာ နမ်းရှုတ်ခြင်းသာဖြစ်၏။

မိန်းကလေး၏ ခန္ဓာကိုယ်တွင် ဖိုသဘ္ဘဝါယောကျ်ားနှင့် တွေ့ထိ၍ သာယာတတ်သော အစိတ်အပိုင်းဟူသည် ရင်သားနှင့်သာ မက အခြားနေရာများလည်း ရှိတတ်ပါသေးသည်။ လည်ပင်း၊ လက်မောင်း၊ ဝမ်းဗိုက်၊ ခါး၊ တင်၊ ပေါင် စသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများသည်လည်း လင်ယောကျ်ား၏ ထိတွေ့မှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com

သာယာကြည်နူးကာ ဖို့,မ ဆက်ဆံရေးစိတ် ဖြစ်ပေါ်နိုးကြားလာတတ်ပေသည်။ ထို့ကြောင့် အနောက်နိုင်ငံများ၌ လင်ယောကျ်ားသည် ချစ်ဇနီး၏ အထက်ဖော်ပြပါ ခန္ဓာကိုယ် အစိတ်အပိုင်းများကို တယုတယ ကိုင်တွယ်ပွတ်သပ်ပေးခြင်း၊ နမ်းရှုတ်ခြင်း စသည်တို့ကို ပြုတတ်ကြခြင်း ဖြစ်ပေသည်။ သည်လိုပြုခြင်းသည်, ဇနီးသည်အဖို့ အလွန်ကျေနပ်ပီတိ ဖြစ်စေရုံမက တကယ်တမ်း လိင်ဆက်ဆံမှုပြုရေးအတွက် အဆင်သင့် နိုးကြားတက်ကြွနေအောင်လည်း လှုံ့ဆော်ဖန်တီးပေးတတ်လေသည်။

မိန်းကလေး၏ ခန္ဓာကိုယ်သည် လိင်စိတ်ဓာတ် နိုးကြားတက်ကြွ၍ အဆင်သင့် ဖြစ်နေသောအခါ အလွန်သိသာပေသည်။ ချစ်သူ လင်ယောကျ်ား၏ ယုယပိုက်ထွေး၊ နမ်းရှုတ်ကိုယ်တွယ်ပွတ်သပ်ကစားခြင်းတို့ကြောင့် သာယာကြည်နူးနေရာမှ ယောကျ်ား၏ ပေါင်းသင်းစပ်ယှက်မှုကို အလိုအလျောက် တောင့်တနေပေလိမ့်မည်။ ဤသို့ အဆင်သင့်ဖြစ်နေခြင်းကို လင်ယောကျ်ားက အလွယ်တကူပင် အကဲခတ်သိရှိနိုင်သည်ဖြစ်ရာ နောက်ပိုင်း ခန္ဓာကိုယ်ချင်း လက်တွေ့ပေါင်းသင်း ဆက်ဆံလိုက်သောအခါ နှစ်ဦးစလုံးအဖို့ သာယာမှုအပြည့်အဝ ခံစားရရှိကြမည် ဖြစ်ပေသည်။

သို့ဖြစ်လေရာ ဇနီးမောင်နှံ အချစ်လမ်းညွှန်၏ ပထမပိုင်းအနေဖြင့် လိုရင်းအတိုချုပ်ကတော့ လင်နှင့်မယား ဖို့,မ ဆက်ဆံရေး မပြုမီ ကြိုတင်ပြင်ဆင်မှုသည် အရေးကြီး၏။ အထူးသဖြင့် မိန်းကလေးတွင် ချစ်သူ၏ ခန္ဓာကိုယ်ကို အလွန်လိုချင် တောင့်တနေလောက်အောင် လိင်စိတ်ဓာတ် တက်ကြွလာအောင် စိတ်ရှည်လက်ရှည် ကြိုးစားပြင်ဆင်သင့်၏။ ပြီးမှသာ တကယ်တမ်း ဆက်ဆံခြင်းအမှုကို ပြုသင့်၏ဟူ၍ပင် ဖြစ်ပါသတည်း။



# အပန်းဖြေ အနားယူခြင်း

ဤမျှလောက် ဖော်ပြလိုက်လျှင် စာဖတ်သူ သတို့သမီး သတို့သားလောင်းများ ဇနီးမောင်နှံများ အနေဖြင့် အရိပ်ပြ အကော ထင်လောက်ပြီဖြစ်၍ ရှေ့သို့ဆက်လက်ဆွေးနွေးသွားပါတော့မည် လိုရင်းအတိုချုံး၍ ပြန်ကောက်ရမည်ဆိုလျှင်မူ--

(၁) ကြိုတင်ပြင်ဆင်မှုပြုလုပ်ရေး

(၂) ရှေ့လောမကြီးဘဲ ညင်သာရေး

(၃) နှစ်ယောက်သဘောတူ စိတ်ကြိုက်နည်းကို ရွေးချယ်ရေ

(၄) လွတ်လပ်စွာ လှုပ်ရှားပြုမူရေး

စသော အချက်များ ထွက်ပေါ်လာပေမည်။ ယင်းအချက် များအတိုင်း လိုက်နာပါက ထိုက်သင့်သလောက် အိမ်ထောင်ရှ သူ့ခသည် အနေးနှင့်အမြန် ခံစားရရှိလိမ့်မည်ဟု ဆိုချင်ပေသည်။

ယခု ဆက်လက်တင်ပြလိုသည်ကား ဖို့,မ ဆက်ဆံရေး၏ တတိယ (နောက်ဆုံး) အဆင့်ဖြစ်သော အပန်းဖြေအနားယူခြင်း အပိုင်းပင် ဖြစ်ပေသည်။

ဇနီးမောင်နှံ ဖို့,မ ဆက်ဆံမှု ပြုခြင်းသည် သာယာပျော်ရွှင်မှုကို ဖြစ်စေသည်နှင့်အမျှ ကြိုးပမ်းအားထုတ်မှု၊ စိတ်လှုပ်ရှားမှု၊ ကာယထိမြောက် ခွန်အားစိုက်ထုတ်ရမှုတို့ကြောင့် စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်စေသော အပြုအမူတစ်ခုလည်း ဖြစ်ပေသည်။ ကိစ္စပြီးသွားသည့်အခါ ခြေပစ်လက်ပစ် မောပန်းစေတတ်ပေသည်။ ထို့ကြောင့် လိင်ဆက်ဆံမှု ပြုသည့်ပြီးသည့်အခါ အပန်းဖြေ အနားယူမှုသည် တကယ်ပင် လိုအပ်ပေသည်။

နိုင်ငံခြား ပညာရှင်များ ရေးသားပြုစုသည့် စာအုပ်စာတမ်း များတွင်လည်း ဖို့,မ ဆက်ဆံရေးအမှု ပြုပြီးနောက် ဇနစ်တတျ

www.burmeseclassic.com

www.burmeseclassic.com

အပန်းဖြေရင်းအကြောင်းတို့ ဖွင့်ဆိုတင်ပြထားပေသည်။ အပန်းဖြေမှု၏ အရေးကြီးပုံများကိုလည်း အကြံပေး ညွှန်ပြထားပေသည်။

များသာသောအားဖြင့် ဇနီးမောင်နှံတို့တွင် ဖြစ်တတ်သည်မှာ ကိစ္စပြီးသည်နှင့် တစ်ပြိုင်နက် လင်ယောကျ်ားသည် ဘာကိုမှ ဂရု မစိုက်နိုင်တော့ဘဲ ပင်ပန်းနွမ်းနယ်ကာ ခြေပစ်လက်ပစ် အိပ်ပျော် သွားတတ်ခြင်းဝင် ဖြစ်ပေသည်။ ထိုအချိန် လူချင်းခွာလိုက်ပြီးဖြစ်၍ တစ်ယောက်တခြားစီ ဖြစ်နေပေပြီ။ လိင်ပညာ သုတေသန ဆရာ တို့ကမူ ဖို့မ ဆက်ဆံမှု ပြုပြီးသည့်အခါ ရုတ်တရက် လူချင်း မခွာလိုက်ဘဲ အင်္ဂါချင်း ထိတွေ့ထားလျက်နှင့်ပင် နှာရီဝက်ခန့် အပန်းဖြေ နေသင့်သည်ဟု ဆိုကြ၏။

အကယ်၍ အိပ်ပျော်သွားပါက တရေးတမော အိပ်ရာမှ နိုးလာသော နှစ်ဦးစလုံးတွင် အားအင်ပြည့်ဖြိုး လန်းဆန်းကြည်လင် လာတတ်ပေသည်။ ထို့ပြင် တစ်ယောက်နှင့်တစ်ယောက် ကိစ္စ ပြီးပြီးချင်း လူချင်းခွာ၍ ဖာသိဖာသာနေလိုက်ခြင်းသည် လျစ်လျူရှုရာ ရောက်သဖြင့် အထူးသဖြင့် ဇနီးမိန်းမတွင် စိတ်အားငယ်မှုများ ဖြစ်တတ်လေရာ လူချင်းဆက်လက် ပူးကပ်ထားခြင်းက ယင်း စိတ်အားငယ်မှုကို ကာကွယ်တားဆီးပေးနိုင်၏။ စိတ္တဗေဒသဘော အားဖြင့်လည်း မိန်းကလေးအဖို့ ချစ်လင်ယောကျ်ားသည် 'အစာဝလို့ ဥာနပြန်' သလို မဖြစ်ဘဲ 'ငါ့ကို ချစ်ခင်စုံမက်နေပါကလား' ဟူသော အသိကြောင့် ကျေနပ်နှစ်သိမ့်စေနိုင်ပေသည်။

လက်တွေ့အားဖြင့် ဖြစ်တတ်သလို လင်ယောကျ်ား လိင် ဆက်ဆံမှုအပြီး သူ၏ဆန္ဒပြည့်ဝသည်နှင့် ဇနီးသည်အား တွန်းဖယ် ပစ်ကာ ခြေပစ်လက်ပစ် အိပ်လိုက်ခြင်းသည် အကယ်၍ မိန်းကလေး တွေ သာယာမှုအမြင့်ဆုံး 'အော်ဂယ်ဇင်' ဖြစ်သည့်အဆင့်သို့



မရောက်သေးဘဲ ဖြစ်နေပါမူ ပို၍ပင် မချင့်မရဲဖြစ်ကာ စိတ်ထိခိုက် စေနိုင်ပေသည်။ ယောကျ်ားက တခေါ်ခေါ် အိပ်မောကျနေပုံကို ကြည့်ပြီး ဝမ်းနည်းခြင်း ဖြစ်တတ်၏။ ထိုသို့မဟုတ်ဘဲ လင်ယောကျ်ား က လူချင်း ပူးကပ်လျက်နှင့်ပင် ယုယပိုက်ထွေးရင်း နှစ်ယောက်သား အတူအပန်းဖြေပါက ဇနီးသည်အဖို့ ချစ်သူ၏ ကိုယ်ချင်းစာနာမှုကို သဘောပေါက်ကာ ကျေနပ်ပီတိ ဖြစ်နိုင်သဖြင့် မိမိအဖို့ မ'ပြီး' သည့်တိုင်အောင် နှစ်သိမ့်မှုယ်ရာ ဖြစ်နိုင်ပေ၏။ ထို့ကြောင့် နိုင်ငံခြား မှ လိင်ပညာပေး စာအုပ်များတွင် ဇနီးမောင်နှံတို့သည် ကိစ္စပြီးပြီးချင်း လူချင်းမခွာသင့်ဘဲ ဖက်လှဲတကင်း ချစ်ကြည်နူးစွာဖြင့် အပန်းဖြေ အနားယူသင့်ကြကြောင်း ထောက်ခံရေးသားကြခြင်း ဖြစ်ပေသည်။

လက်ထပ်ပြီးခါစ ဇနီးမောင်နှံတို့အဖို့ ယင်းသို့ နှစ်ယောက် သား အတူတကွ အပန်းဖြေ အနားယူခြင်းသည် ပိုမိုအကျိုးရှိစေနိုင်၏။ လိင်ဆက်ဆံမှုကိစ္စ ပြုပြီးသော်လည်း တစ်ယောက်ကိုတစ်ယောက် ကြင်နာယုယစွာ ဖက်ရမ်းနမ်းရှုတ်ခြင်း၊ လူချင်းမခွာဘဲ ဆက်လက်၍ ငြိမ်နေကာ အနားယူခြင်းတို့ကြောင့် ချစ်သူအချင်းချင်း ဆထက်တံပိုး အချစ်တိုးလာစေနိုင်၏။ ကိစ္စပြီး၍ မျက်နှာလွှဲခဲပစ် မလုပ်ခြင်းကြောင့် သူတို့မောင်နှံ အနေဖြင့် ဆက်ဆံပေါင်းသင်းခြင်းမှာ ရာဂစိတ် ပြေငြိမ်းရုံ လိင်ကိစ္စတစ်ခုထဲမဟုတ်ဘဲ ချစ်ခင်မြတ်နိုးခြင်းတည်း ဟူသော မေတ္တာဓာတ်ပါ ထပ်ဖြည့်ပေါင်းစပ်ထားရာ ရောက်သော ကြောင့် အချစ်နှင့် လိင်စိတ်ဓာတ် ယှဉ်တွဲနေကာ ပိုမိုလေးနက်သော အဓိပ္ပါယ်ကို ဆောင်စေ၏။ တစ်နည်းအားဖြင့် သာယာပျော်ရွှင် မှုသည် ပိုမိုပြည့်စုံလာနိုင်ပါ၏။ ထိုမျှမကသေး လက်ထပ်ပြီးခါစ ဇနီးမောင်နှံတို့သည် ငယ်ရွယ်သူများဖြစ်ပါက ကျန်းမာရေး အခြေ အနေ ကောင်းခြင်းကြောင့် နှစ်ယောက်အတူ ခန္ဓာကိုယ်ချင်း

www.burmeseclassic.com

ထိတွေ့လျက်နှင့် အပန်းဖြေနေလိုက်လျှင် ခဏချင်းပင် အားအင်ပြည့်ဖြိုးကာ လိင်စိတ်စေတ် ပြန်လည်နိုးကြား တက်ကြွလာနိုင်သေး၏။ ထိုအခါ အဆင်သင့်ဖြစ်နေသော ခန္ဓာကိုယ်အနေအထားကလည်း ပြေလည်နေသဖြင့် ချစ်သူတို့ဘာဝ ဒုတိယမွှ ထပ်မံ၍ နောက်တစ်ကြိမ် 'ချစ်' နိုင်ကြလိမ့်မည် ဖြစ်သတည်း။

မို့,မ ဆက်ဆံရေးအမှု ပြုပြီးနောက် အပန်းဖြေ အနားယူရန် အရေးကြီးကြောင်း ဖော်ပြရင်း တစ်ဆက်တည်းမှာပင် ကိစ္စပြီးပြီးချင်း ရုတ်တရက် ထသွားလှုပ်ရှားခြင်းသည် မသင့်ကြောင်းကိုပါ တင်ပြလိုပေသည်။ လင်နှင့်မယား ခန္ဓာကိုယ်ချင်း ပေါင်းစပ်ဆက်ဆံသည့် အချိန် အာရုံကြောများသည် လှုပ်ရှားနေခြင်းကြောင့် စိတ်ရောကိုယ်ပါ တစ်မျိုးတစ်ဖုံ ဖြစ်နေတတ်ရာ ကိစ္စပြီးပြီးချင်း လုပ်ငန်းဆောင်တာများ ထလုပ်ခြင်း၊ နေအိမ်မှ ပြင်ဘက်သို့ ခရီးထွက်ခြင်းတို့အတွက် ခန္ဓာကိုယ်သည် အဆင်သင့် မဖြစ်သေးပေ။ ယင်းအခြေအနေတွင် အပန်းဖြေ အနားယူနေခြင်းသည်သာလျှင် အသင့်လျော်ဆုံး ဖြစ်ပါ၏။

ထို့ကြောင့် လက်ထပ်ပြီးစ ဇနီးမောင်နှံများ၊ လက်ထပ်အံ့ဆဲဆဲ သတို့သမီး၊ သတို့သားလောင်းများအနေဖြင့် ဤအချက်ကို အထူးသတိပြု မှတ်သားသင့်ပါ၏။ မို့,မ ဆက်ဆံမှုပြုပြီးတိုင်း ဇနစ်တကျ အပန်းဖြေ အနားယူခြင်းအတွက် သီးသန့်အချိန်ကို သတ်မှတ်ထားသင့်၏။ ကိစ္စပြီးသည့်အခါ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း တစ်ယောက်တကွဲစီ မနေဘဲ ခန္ဓာကိုယ်ချင်း မခွဲမခွာ အတူပူးကပ်လျက်ပင် အနားယူအပန်းဖြေခြင်း၊ အိပ်ချင်ပါက အတူ အိပ်စက်ခြင်းတို့ ပြုလုပ်ရန် ဂရုပြုသင့်ကြပေသည်။ ဤနည်းအားဖြင့် တစ်ယောက်ကိုတစ်ယောက် ချစ်ခင်မြတ်နိုးမှုတည်းဟူသော မေတ္တာ ပမာဏကို လက်တွေ့ပြနိုင်မည့်ပြင် ဇနစ်တကျ အားယူခြင်းမှ ရရှိ



အပ်သည့် အပန်းဖြေခြင်း၊ အားအင်များ ပြန်လည်ပြည့်ဖြိုးလာခြင်း အကျိုးကျေးဇူးများ ခံစားရရှိနိုင်မည် ဖြစ်လေသည်။

သို့ဖြစ်လေရာ ဇနီးမောင်နှံတို့သည် မို့,မ ဆက်ဆံရေးကိစ္စ ပထမပိုင်း၊ ဒုတိယပိုင်းကဲ့သို့ပင် တတိယအဆင့်ဖြစ်သော အပန်းဖြေ အနားယူခြင်းကိုပါ ဂရုစိုက်သင့်ကြောင်း ထပ်လောင်း၍ သတိပေး လိုပါသတည်း။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# (၁၁)

# လွဲမှားသော အယူအဆများ

အိမ်ထောင်ရှင်ဘဝသို့ ခြေစုံပစ်ဝင်အံ့ဆဲဆဲ လူငယ်မောင်မယ်တို့အတွက် အထူးရည်ရွယ် ရေးသားအပ်သည့် ဤ 'အိမ်ထောင်ဦးလက်စွဲ' စာအုပ်တွင် 'လွဲမှားသော အယူအဆများ' ဟူ၍ သီးသန့်ကဏ္ဍတစ်ခု ဖွင့်လှစ်ထားခြင်းကို ထူးဆန်းသည်ဟု ထင်ကောင်းထင်ကြပေလိမ့်မည်။ အိမ်ထောင်ရေးကိစ္စနှင့်ပတ်သက်၍ လွဲမှားသော အယူဆဟူ၍ ရှိပါသေးသလောဟု မေးချင်သူများလည်း ရှိပေလိမ့်မည်။ အမှန်တော့ အိမ်ထောင်ရေးကိစ္စ ဖို့,မ ဆက်ဆံရေးကိစ္စတွင် လွဲမှားသော အယူအဆများ ရှိတတ်ရုံမက၊ အချို့ အယူသည်းမှု၊ မိရိုးဖလာ အစဉ်အဆက်အားဖြင့် လူကြီးများက သွန်သင်ဆုံးမချက်များ မှားယွင်းနေသည့်အတိုင်း ယုံကြည်မှုများလည်း ရှိတတ်ကာ သာယာချမ်းမြေ့သော အိမ်ထောင်ရေး တည်ဆောက်ရာတွင် များစွာ အနှောက်အယှက် ဖြစ်စေနိုင်ပေသည်။

ထိုမျှမကသေး 'အချို့အိမ်ထောင်ရှင် လူငယ်မောင်မယ်များသည် လိင်ပညာ ဗဟုသုတ ရှာမှီးရင်း လက်လှမ်းမီရာ စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာရာမှ တတ်ကျွမ်းနားသည်သူ မဟုတ်သောသူများရေးသည့် စာအုပ်များထဲမှ မှားယွင်းချက်များကို ယုံကြည်စွဲလမ်းနေသဖြင့် သူတို့ကိုယ်တိုင် အယူအဆ လွဲမှားနေခြင်းမျိုးလည်း ရှိတတ်ပေသည်။ ယင်းသို့ အယူအဆ လွဲမှားနေခြင်းကြောင့် အိမ်ထောင်ရှင်ဘဝတွင် အပြုအမူများပါ မှားယွင်းကာ သာယာပျော်ရွှင်မှုကို ထိခိုက်စေတတ်လေသည်။



ထို့ကြောင့် အိမ်ထောင်ရေးနှင့်ပတ်သက်၍ လွဲမှားသော အယူအဆများအကြောင်းကို သီးသန့်အခန်းတစ်ခန်း ဖွင့်လှစ်၍ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

ဥပမာ တစ်ခါက စာရေးသူ၏ မိတ်ဆွေတစ်ဦးက မင်္ဂလာဆောင်ခါနီး သတို့သားလောင်း လူငယ်တစ်ယောက် ဖို့,မ ဆက်ဆံရေးကိစ္စနှင့်ပတ်သက်၍ သွန်သင်နေပုံကို ကြားရဖူး၏။ ထိုမိတ်ဆွေ ပြောနေသည်ကတော့ လက်ထပ်ပြီးနောက် လင်မယား ဖို့,မ ဆက်ဆံခြင်းအမှု နေ့စဉ်မပြတ် မှန်မှန်ပြုသင့်ကြောင်း၊ ဒါမှ မိန်းကလေးက သဘောကျကြောင်း၊ သို့မဟုတ်လျှင် မိန်းကလေးသည် အလိုဆန္ဒမပြည့်ဝသဖြင့် တစ်ပါးသောယောကျ်ားနှင့် ဖောက်ပြန်သွားတတ်ကြောင်း စသည်ဖြင့် သင်ပြနေခြင်းပင်ဖြစ်၏။ ထိုမိတ်ဆွေကိုယ်တိုင် သူပြောသည့်အတိုင်း လိုက်နာကျင့်သုံးကြောင်း ကျင့်သုံးကြပေမည်။ သို့ရာတွင် သူ၏ညွှန်ပြချက်နှင့် အယူအဆသည် လုံးဝမမှန်ချေ။ သူကိုယ်တိုင်က လွဲမှားသောအယူအဆကို အဟုတ်မှတ်ပြီး သူတပါးကိုပါ လိုက်၍ သွန်သင်ပြောပြနေခြင်းသာ ဖြစ်သည်။ သူပြောပြချက်အရ မိန်းမတို့သည် သဘာဝအားဖြင့် ရာဂစိတ် အလိုရမ္မက်ကြီးသည်ဟု သဘောသက်ရောက်စေ၏။ ဖို့,မ ဆက်ဆံရေးအမှုကို အမြဲတမ်း လိုချင်တောင့်တလျက် ကာမဂုဏ်၌ တပ်မက်သောစိတ်ပြင်းထန်သည်ဆိုလို၏။ စင်စစ် ယင်းအယူအဆသည် လုံးဝ

www.burmeseclassic.com

လွဲမှားနေပေသည်။ အမျိုးသမီးမှန်သမျှ အလကားနေရင်း ကာမဂုဏ စိတ် ဖြစ်ပေါ်နေတတ်သည်ဆိုခြင်းမှာ အလျဉ်းမဟုတ်ပေ။ အမှန်က မိန်းမများကို တစ်ဖက်သတ် ချိုးနှိမ်၍ရေးသားခဲ့သော ရှေးစာပေများ၌ အမျိုးသမီးသည် သဘာဝအလျောက် ကာမဂုဏ်ခံစားလိုစိတ် အလို ရမ္မက် အားကြီးသယောင် ရေးသားထားချက်များကို အဟုတ်မှတ်၍ အစဉ်အဆက်အားဖြင့် အရှေ့တိုင်းသားတို့၏ စွဲလမ်းယုံကြည်ချက် သာလျှင်ဖြစ်၏။ ရာဂစိတ်ပြင်းထန်သော အမျိုးသမီးတစ်ယောက် တလေ ရှိခြင်းချက်သဘောဖြင့် ရှိကောင်းရှိပေမည်။ သို့ရာတွင် အမျိုးသမီး အများစုသည် ယောကျ်ားများထက်ပို၍ လိင်စိတ်ဓာတ် ပိုများသည်ဆိုခြင်းမှာ လုံးဝမဟုတ်မမှန်ကြောင်း နားလည်သဘော ပေါက် ထားရမည်ဖြစ်ပေသည်။ ထို့ကြောင့် မိန်းမများသည် ရာဂ စိတ် ပြင်းထန်သည် အလိုရမ္မက်ကြီးသည် ဆိုခြင်းသည် လွဲမှားသော အယူအဆတစ်ခုသာဖြစ်ကြောင်း မှတ်သားထားရမည်ဖြစ်၏။

တစ်ဖန် ယင်းအချက်အပေါ်မူတည်၍ စာရေးသူ၏ မိတ်ဆွေ က သတို့သားလောင်း သူငယ်အား ဇနီးမောင်နှံတို့သည် ဖို့မ ဆက်ဆံခြင်းအမှုကို ညတိုင်းမပြတ် ပြုသင့်သည်ဟု သွန်သင်ပြောပြ နေခြင်းသည်လည်း မှားယွင်းသော အယူအဆတစ်ခုဟူ၍ ထင်ရှား နေပြီဖြစ်ပေသည်။ အိမ်ထောင်ကျခါစ ချစ်သူဇနီးမောင်နှံ နှစ်ဦးတို့ အနေဖြင့် အချစ်စိတ်တွေ တက်ကြွဖြစ်ပေါ်နေခိုက် နေ့စဉ်ရက်ဆက် ဆိုသလို ဖို့မ ဆက်ဆံရေးအမှုကို ပြုတတ်ကြသည်မျိုးတော့ ရှိပါ၏။ သို့သော် တဖြည်းဖြည်း အိမ်ထောင်သက် ကြာရှည်လာသောအခါ၌ လိင်ဆက်ဆံရေးကိစ္စကို ညစဉ်မပြတ် ပြုမူရမည်ဆိုလျှင် သဘာဝ လည်း မကျ၊ အခြေအနေကလည်း ပေးမည်မဟုတ်ချေ။ တစ်ခါတစ်ရံ ဆိုလျှင် ကိုယ်လက်မအီမသာ နေထိုင်မကောင်း၍ ဖြစ်စေ၊ အိမ်မှုကိစ္စ အလုပ်တွေများပြီး ပင်ပန်းလွန်း၍ ဖြစ်စေ၊ ဇနီးသည်တွင် ည အိပ်ရာဝင်ချိန် ယောကျ်ားနားပင် မကပ်ချင်သော အခြေအနေမျိုး ကြုံရတတ်၏။ သည်လိုအခါများတွင် လင်ယောကျ်ားက ချစ်သူဇနီး၏ အရိပ်အကဲကိုကြည့်ပြီး အလိုက်သိရပေမည်။ ယောကျ်ားက လိင် စိတ်ဓာတ် ပြင်းထန်တက်ကြွလို၍ စွတ်အတင်း ဆက်ဆံ စပ်ယှက် ပါလျှင်လည်း မိန်းကလေးတွေ 'အော်ဂယ်ဇင်' (Orgasm) ဖြစ်ဖို့ ဝေးစွ။ ဆက်ဆံရခြင်း၏ သာယာမှုအာရုံကိုပင် မခံစားရဘဲ ဖြစ်တတ်ပေသည်။ မသာယာရုံတင်မက လင်ယောကျ်ားက စွတ် အတင်း ပြုရန်ကောဟု စိတ်ညစ်တတ်သေး၏။ လင်ယောကျ်ားက ဤသို့ ကိုယ်ချင်းစာနာမှုမရှိဘဲ မိမိဆန္ဒ ပြည့်ဝရေးအတွက် စွတ် အတင်းပြုမူခြင်းကို အချို့က ကာမပိုင် လင်ယောကျ်ားအနေဖြင့် တရားဝင် အခွင့်အရေးကို သုံးခြင်းဖြစ်သည်ဟု ဆိုနိုင်လင့်ကစား စင်စစ်ကိုယ့်ဇနီးကိုကိုယ် အဓမ္မကျင့်သည်နှင့် မခြားပေ။ ထို့ပြင် လင်နှင့်မယား ဖို့မ ဆက်ဆံမှု ပြုခြင်းသည် တစ်ဦးတစ်ယောက်တည်း အတွက် မဟုတ်၊ ဇနီးမောင်နှံ နှစ်ဦးစလုံး သာယာပျော်ရွှင်ရေး အတွက် နှစ်ယောက်သား ပူးပေါင်းဆောင်ရွက်ခြင်းတစ်ခု ဖြစ်ကြောင်း ကိုလည်း ပြန်လည်ဆင်ခြင်သင့်လှပေသည်။ ဤကား ဇနီးမောင်နှံ မှန်သမျှ နေ့စဉ်မပြတ် ဖို့မ ဆက်ဆံရေးအမှု ပြုသင့်သည်ဆိုသော မှားယွင်းချက်ကို ပိုမိုသဘောပေါက်အောင် ထပ်ဆင့်ရှင်းလင်းပြ ခြင်းပင် ဖြစ်ပေသည်။

တစ်ဆက်တည်းမှာပင် လင်နှင့်မယား ဖို့မ ဆက်ဆံရေးအမှု ပြုသင့်သည့် အကြိမ်အရေအတွက်နှင့် ပတ်သက်၍ မှားယွင်းသော အယူအဆများအကြောင်း ဆွေးနွေးတင်ပြရပေဦးမည်။ ယင်းကိစ္စ၌ လေ့နည်းထား မှတ်ယူခြင်းမှာ မသင့်ကြောင်းကိုကား ဤစာအုပ် ရှေ့ပိုင်း အမြွက်မျှ ဖော်ပြခဲ့ပြီးပေပြီ။ ဤနေရာ၌ စာရေးသူတို့

www.burmeseclassic.com



ငယ်စဉ်ကပင် ကြားဖူးသော ဃရာဝါသနှင့် ပတ်သက်သည့် မြန်မာ့ဆိုရိုးစကားတစ်ခုအကြောင်းကိုပါ ထည့်သွင်းဆွေးနွေးလိုပေသည်။ ယင်းမြန်မာတို့ ဆိုလေ့ရှိသော စကားကတော့ ဇနီးမောင်နှံ ဖို့မ ဆက်ဆံရေး ပြုသင့်သည့် အကြိမ်အရေအတွက်ကို 'နေ့လေး၊ ညခြောက် ၊ထမင်းစားပြီးတစ်' ဟူသော စကားပင်ဖြစ်၏။ မှန်တော့ ယင်းစကားအတိုင်း လက်တွေ့ကျင့်သုံးခြင်းဗှာ မသင့်ရုံမက တကယ်ကျင့်သုံး၍လည်း မဖြစ်နိုင်ပါချေ။ ထိုစကားအရ တစ်ရက် (၂၄–နာရီ) အတွင်း အကြိမ်ပေါင်း (၁၁) ကြိမ်ပင် ရှိနေမည်ဖြစ်ရာ မည်မျှသန်စွမ်း ခွန်အားကောင်းသောသူပင် ဖြစ်စေကာမူ တတ်နိုင်မည်မဟုတ်ကြောင်း သိရှိနားလည်သင့်ပေသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ 'တန်ဆေးလွန်ဘေး' ဟူသော မြန်မာစကားကိုပင် ကိုးကားထောက်ပြရမည် ဖြစ်ပေသည်။ တစ်နည်းအားဖြင့် တစ်ရက်အတွင်း (၁) ကြိမ်မျှ ပြုသင့်သည်ဆိုခြင်းမှာလည်း မှားယွင်းသော အယူအဆတစ်ခုဖြစ်ကြောင်း မှတ်ယူရမည်ဖြစ်ပေသည်။

နိုင်ငံခြားပညာရှင်များ ရေးသားသော စာအုပ်များထဲ၌ ဤကိစ္စကို အကြံပေးကြသည်ကား စာအုပ်တိုင်းလိုလို တစ်သဘောတည်း ဖြစ်နေပေသည်။ ဇနီးမောင်နှံ ဖို့မ ဆက်ဆံမှုပြုခြင်း အကြိမ်အရေအတွက်ကို တစ်ဦးနှင့်တစ်ဦး မတူညီဘဲ (ပုံသေသတ်မှတ်မထားဘဲ) မိမိတို့ ချစ်သူမောင်နှံတို့နှင့် သင့်လျော်ကိုက်ညီမည့် အခြေအနေ နှစ်ဦးစလုံး၏ စိတ်ဆန္ဒရှိမှုအပေါ် မူတည်၍ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆုံးဖြတ်သတ်မှတ်ရမည့်ကိစ္စ ဖြစ်သည်ဟု လိင်ပညာပါရဂူများက ဆိုကြပေသည်။ ထိုမျှမကသေး၊ ဤကိစ္စတွင် ဇနီးမောင်နှံများအနေနှင့် နှစ်ဦးသဘောတူ စိတ်ဆန္ဒရှိနေပါ အချိန်ကာလ နေရာဌာနပင် မရွေးဘဲ လွတ်လပ်စွာ ပြုမှုသင့်သည်ဟု အချို့ပညာရှင်များက ဆိုကြပေသည်။



နောက်ထပ်မှားယွင်းသော အယူအဆတစ်ခုကား အချိန်တန်၍ ဇနီးသည်တွင် ပဋိသန္ဓေ ရှိသွားပြီဆိုလျှင် လင်ယောကျ်ားနှင့် ဖို့မ ဆက်ဆံရေးအမှု မပြုသင့်ဟု ယူဆတတ်ခြင်းပင်ဖြစ်၏။ လူတိုင်းတွင် ဤအယူအဆ မရှိသော်လည်း အချို့သောဇနီးမောင်နှံတို့က ကိုယ်ဝန်ရှိပြီးနောက် လင်မယား အတူ'အိပ်' ပါက ကျန်းမာရေးအတွက် မကောင်းဟူ၍လည်းကောင်း၊ မွေးလာမည့်ကလေးငယ်ကို ထိခိုက်စေနိုင်သည် ဟူ၍လည်းကောင်း၊ ယုံကြည်နေတတ်၏။ သူတို့အနေဖြင့် ပဋိသန္ဓေ ရှိမှန်းသိသည့်အချိန်မှစ၍ နောက်ထပ် ဖို့မ ဆက်ဆံခြင်းအမှုကို လုံးဝရှောင်ကြဉ်မှ သင့်မည်ဟု ထင်ကြ၏။ ဤသည်လည်း မှားယွင်းသော အယူအဆတစ်ခုပင်ဖြစ်၏။

ယင်းအယူအဆ မှားယွင်းကြောင်းကို တတ်ကျွမ်းနားလည်သော ဆရာဝန်ကြီးများအား ချဉ်းကပ်မေးမြန်းကြည့်ပါက ရှင်းလင်းပြောပြပါလိမ့်မည်။ ဇနီးသည်တွင် ပဋိသန္ဓေ တည်ရှိသည်နှင့် တစ်ပြိုင်နက် ဖို့မ ဆက်ဆံရေးကိစ္စကို အလျှဉ်းမပြုတော့ဘဲ ရှောင်ရှားရာ လုံးဝမလိုပါချေ။ ကိုယ်ဝန်ရှိသောအမျိုးသမီးတစ်ဦးအား လိင်ဆက်ဆံမှုပြုခြင်းအားဖြင့် မည်သို့မျှ ထိခိုက်ဖွယ် မရှိနိုင်ကြောင်းကို သိရှိနားလည်ထားရပေမည်။ အချို့က အယူအဆမှားသလို ဝမ်းတွင်းမှ သန္ဓေသားကို ထိခိုက်စေနိုင်သည်။ မိခင်လောင်း၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည် စသည့် တွေးထင်ချက်များအားလုံးသည် သိပ္ပံနည်းအရ မည်သို့မျှ အခြေအမြစ် မရှိဟူ၍ စိတ်ချလက်ချ မှတ်ယူနိုင်ပါ၏။

ဇနီးမောင်နှံတို့တွင် အကယ်၍ အဆိုပါမှားယွင်းသော အယူအဆ ရှိနေခဲ့ပါလျှင် ပယ်ဖျောက်ပြီး မိမိတို့နှစ်ယောက်သား စိတ်ဆန္ဒရှိသည့်အခါများ၌ လွတ်လပ်စွာ လိင်ဆက်ဆံမှုကို ပြုနိုင်ပေသည်။ ထို့ပြင် ဇနီးသည်တွင် ကိုယ်ဝန်ရှိလာပြီးသည့်အချိန်နှင့် ပတ်သက်၍

www.burmeseclassic.com



သိမှတ်ဖွယ်ရာ အချက်အလက် အချို့ရှိပါသေးသည်။ ပဋိသန္ဓေစတည်သည့် လမှစ၍ ဇနီးသည်မိန်းမတို့ ဓမ္မတာ လစဉ်ရာသီသွေးပေါ်ခြင်း၊ ရပ်တန့်သွားတော့လေရာ ယင်းကိစ္စကပင်လျှင် မိန်းကလေးအဖို့ လစဉ်စိတ်ရှုပ်စရာ ပြဿနာတစ်ခု မဖြစ်တော့ဘဲ ရှင်းလင်းသွားသည်နှင့်တူ၏။ ထိုအခါ သူ၏စိတ်များသည် ပေါ့ပါးလွတ်လပ်၍လာတတ်၏။ သားသမီးရချေတော့မည်ဟူသော အသိစိတ်နှင့်အတူ လွတ်လပ်ပေါ့ပါးသလို ဖြစ်ရာမှ လင်ယောကျ်ားနှင့် ဖို,မ ဆက်ဆံရေးအမှုကို စိတ်ချလက်ချ ပြုချင်စိတ်များလည်း ပေါ်လာတတ်၏။ ပေါ်လာသည့်အတိုင်းလည်း ခင်ပွန်းသည်က ချစ်ခင်ကြင်နာယုယသော အယုအရာများ ပြသပြီး ပေါင်းသင်းဆက်ဆံပါက ဖို,မကိစ္စ၏ သာယာမှုအာရုံကို ခါတိုင်းထက်ပင်ပို၍ ပြည့်ဝစွာ ခံစားရတတ်သည်ဟု ပညာရှင်များက ဆိုကြပေသည်။

အမေရိကန်ပြည်မှ ဆရာဝန်များ ပါဝင်သော လိင်ပညာသုတေသနပြုအဖွဲ့တစ်ဖွဲ့၏ မေးမြန်းစုံစမ်းချက်အရ အချို့သောအိမ်ထောင်ရှင် အမျိုးသမီးတို့သည် ပဋိသန္ဓေ ရှိပြီးနောက် ယောကျ်ားနှင့် ဆက်ဆံစပ်ယှက်ရာ၌ ယခင်ကထက်ပို၍ ကျေနပ်ရောင့်ရဲမှုရှိသည်။ သာယာမှုအမြင့်ဆုံးအဆင့် 'အော်ဂယ်ဇင်' လည်း ဖြစ်သည်။ 'ပြီး' လွယ်သည်ဟုပင် ဖွင့်ဟဝန်ခံခဲ့ဖူးသည်ဆို၏။ ဤသည်မှာလည်း ပါဏဗေဒပညာ သဘောအရ အကြောင်းရှိပေသည်။

စာဖတ်သူများ၏ အတွေ့အကြုံကို ပြန်လည်စဉ်းစားကြည့်ပါက အချို့မိန်းကလေးများသည် အိမ်ထောင်ကျ၍ ပဋိသန္ဓေတည်သည့်နောက်ပိုင်း အသားအရေ အထူးစိုပြေလှပသည်ကို သတိပြုမိကြပါလိမ့်မည်။ အချို့ကဆိုလျှင် ကိုယ်ဝန်ရှိလာခါမှ အပျိုတုန်းကထက်ပင် ပို၍လှပါသေးတယ်ဟု ချီးကျူးခံရတတ်ပေသည်။ တကယ်တော့လည်း မိန်းမတို့၏ ခန္ဓာကိုယ်သဘာဝက ကိုယ်ဝန်ရှိလာသောအခါ သွေးသားများဆူဖြိုး အားသစ်တိုးသလို အဖက်ဖက်မှ ကျန်းမာသန်စွမ်းရေးကို ဖြစ်စေသောကြောင့် ပါးပြင်များ အနီရောင်သန်း လှပလာခြင်း၊ အသားအရေ ကြည်လင်သန့်ရှင်းလာခြင်း၊ စားဝင်အိပ်ပျော်ခြင်း စသော အကျိုးကျေးဇူးများ ဖြစ်ထွန်းလာတတ်ပေ၏။ ထိုသို့ ကျန်းမာရေး အခြေအနေ ကောင်းလာသည်နှင့်အမျှ လိင်စိတ်ဓာတ်လည်း ဖြစ်ပေါ်တတ်သောကြောင့် လင်ယောကျ်ားနှင့် ဖို,မ ဆက်ဆံရေးအမှုပြုသည့်အခါ ယခင်ကထက်ပို၍ သာယာမှုအာရုံ ခံစားရတတ်ပေသည်။ ထို့ကြောင့်လည်း ကိုယ်ဝန်ဆောင် အမျိုးသမီးများက လင်ယောကျ်ားနှင့် ဆက်ဆံစပ်ယှက်ရာတွင် 'အော်ဂယ်ဇင်' ဖြစ်သည်။ 'ပြီး' လွယ်သည်ဟု ဆိုကြခြင်းပင်ဖြစ်လေသည်။ ပါဏဗေဒပညာ အလိုအရလည်း ကိုယ်ဝန်ရှိလာသော အမျိုးသမီးတို့အား ကျန်းမာရေး အခြေအနေ တိုးတက်ကောင်းမွန်လာအောင် သဘာဝက ဖန်တီးကူညီပေးခြင်းတစ်မျိုး ဖြစ်သည်ဟု ဆို၏။ ယင်းအခြေအနေတွင် ပဋိသန္ဓေ ရှိပြီးနောက် ဖို,မ ဆက်ဆံရေးအမှု မပြုသင့်ဟူသော ယူဆချက်သည် တက်တက်စင်အောင် လွဲမှားနေကြောင်း သိသာထင်ရှားလှပေသည်။

ကောင်းပါပြီ။ ဇနီးသည်တွင် ကိုယ်ဝန်ရှိပြီးနောက်ပိုင်း ဖို,မ ဆက်ဆံရေးအမှု သာမန်အတိုင်း ဆက်လက်ပြုနိုင်သည်ဆိုလျှင် မည်သည့်အချိန်ကာလ (ကိုယ်ဝန်ဘယ်နှစ်လ) အထိ ပြုနိုင်ပါသေးသည်းဟူသော မေးခွန်းသည် ထွက်ပေါ်လာပြန်ပေသည်။

ဤမေးခွန်းကို ပုံသေကားချ ပြေကြားရန် ခဲယဉ်းပေသည်။ အမျိုးသမီးတွင် ကိုယ်ဝန် (၇) လခန့်အထိ ရောက်တော့ ခါတိုင်း

www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့ပင် ဖို့မ ဆက်ဆံရေးအမှုကို ပြုနိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင်မူ ဇနီးသည်၏ ခန္ဓာကိုယ် အနေအထားကြောင့် ယခင်ကဲ့သို့ ဆက်ဆံရာ၌ အနည်းငယ် ခက်ခဲသည်ကို ကာယကံရှင်များကိုယ်တိုင် တွေ့ရှိလာမည်ဖြစ်ပေသည်။ ထိုကာလအတွင်း၌ကား ဇနီးမောင်နှံတို့သည် မည်သို့မှ စိတ်အနှောက်အယှက် မရှိဘဲ မိမိတို့ဆန္ဒဖြစ်ပေါ်လာလျှင် စိတ်ချလက်ချ ဆက်ဆံနိုင်ကြပေ၏။ အနောက်နိုင်ငံမှ ဆရာဝန်ကြီးများကတော့ မွေးဖွားခါနီး ရက်သတ္တခြောက်ပတ်ခန့်အလိုတိုင်အောင်ပင် လင်မယား ဖို့မ ဆက်ဆံရေးအမှုကို ပြုနိုင်ပါသည်ဟု ဆိုကြပေသည်။ လိင်သုတေသနအဖွဲ့တစ်ခု၏ စုံစမ်းတွေ့ရှိချက်အရဆိုလျှင် ဇနီးမောင်နှံတစ်စုံသည် တကယ်မွေးဖွားခါနီး ဆယ်ရက်အလိုအထိ သူတို့ဆက်ဆံခဲ့ကြောင်း မည်သို့မှလည်း ထိခိုက်ခြင်းမရှိကြောင်း၊ ဖွင့်ဟပြောပြခဲ့သည်ဟု ဆိုပေသည်။ သို့သော် သာမန်အားဖြင့် ရက်သတ္တခြောက်ပတ်ခန့်အလိုထိအောင် ဆက်ဆံခြင်းသည် အန္တရာယ်မရှိဟု မှတ်ယူနိုင်ပေသည်။

တတ်ကျွမ်းနားလည်သော ပညာရှင်ကြီးများက အကြံပေးသော အချက်တစ်ခု ရှိပါသေးသည်။ ယင်းအချက်ကား ဖို့မ ဆက်ဆံရေးအမှု ပြုသင့်သည့် အကြိမ်အရေအတွက်ပင် ဖြစ်၏။ ဇနီးသည်တွင် ကိုယ်ဝန်ခြောက်လကျော်ပြီးသည့် နောက်ပိုင်း၌ လင်မယား အတူ 'အိပ်' ခြင်း အကြိမ်အရေအတွက်ကို လက်ထပ်ပြီးခါစ အချိန်ကကဲ့သို့ အလွန်မများစေဘဲ ရံဖန်ရံခါလောက်သာ ဆက်ဆံခြင်းဖြင့် ဆင်ခြင်နိုင်လျှင် ကောင်းပါသည်ဟု အကြံပေးကြပေသည်။

အရေးကြီးဆုံးကား ဇနီးသည်တွင် ကိုယ်ဝန်ရှိသည်နှင့် တစ်ပြိုင်နက် မိမိတို့၏ မိသားစုဆရာဝန်ဖြစ်စေ၊ ခင်မင်ရင်းနှီးသော



ဆရာဝန်ဖြစ်စေ၊ တွေ့ဆုံပြသပြီး ညွှန်ကြားချက်အကြံဉာဏ်များ တောင်းယူလိုက်နာခြင်းပင်ဖြစ်၏။ ဆရာဝန်က ညွှန်ကြားသည့်အတိုင်း အချိန်မှန် (လစဉ် သို့မဟုတ် ရက်သတ္တ ၂-ပတ် တစ်ကြိမ်စသဖြင့်) ထပ်မံသွားရောက်ပြသပြီး အခြေအနေကို စစ်ဆေးခြင်း ဆရာဝန်ကညွှန်သော ဆေးဝါးများ မှီဝဲခြင်း၊ ရှောင်သင့်သည်တို့ကို ရှောင်ကြဉ်ဆင်ခြင်ခြင်း စသည်ဖြင့် မိမိတို့ရင်မှ ဖြစ်လတ္တံ့သော သားသမီးရတနာ ဖြစ်လာတော့မည့်ပဋိသန္ဓေကို အထူးဂရုစိုက်၍ စောင့်ရှောက်သင့်ကြပေသည်။ အမျိုးသမီး ဝမ်းတွင်းမှ ပဋိသန္ဓေ အခြေအနေကိုကြည့်၍ ဆရာဝန်က ဖို့မ ဆက်ဆံရေးအမှု ပြုခြင်းကိုပင် လိုအပ်ပါက အကြံပေး ညွှန်ကြားကောင်း ညွှန်ကြားပေလိမ့်မည်။ ယင်းသို့ ညွှန်ကြားခဲ့သော် ဇနီးမောင်နှံတို့သည် ကောင်းစွာ လိုက်နာရှိသေကြရမည် ဖြစ်ပေသည်။ ဇနီးသည်ဖြစ်သူ၏ ကျန်းမာရေး အခြေအနေ ပဋိသန္ဓေ၏အခြေအနေ ကောင်းမွန်ပါလျှင်မူ ဆရာဝန်က မည်သို့မှ ကန့်သတ်တားမြစ်ချက်များ ညွှန်ကြားမည်မဟုတ်ချေ။ ထိုအခါတွင် ဇနီးမောင်နှံတို့သည် သာမန်အတိုင်း လွတ်လပ်စွာ ဆက်ဆံနိုင်ကြမည် ဖြစ်ပေသည်။

အထက်ဖော်ပြပါ အချက်အလက်များအရ ဇနီးသည်တွင် ကိုယ်ဝန်ရှိလာသည်နှင့်တစ်ပြိုင်နက် လင်မယား ဖို့မ ဆက်ဆံရေးအမှု မပြုသင့်တော့ဟုဆိုခြင်းသည် မှားယွင်းသော အယူအဆ တစ်ခုသာ ဖြစ်ကြောင်း ထင်ရှားလောက်ပြီဟု ယူဆရပေသည်။

အိမ်ထောင်ရှင် ယောကျ်ားများနှင့် ပတ်သက်သည့် မှားယွင်းသော အယူအဆတစ်ခုလည်း ရှိပါသေး၏။ ယင်းအဖြစ်မျိုးကို အိမ်ထောင်သက် အတန်ကြာလာသောအခါမျိုး၌ ကြုံတွေ့ရတတ်၏။ သားသမီး သုံးလေးယောက်ခန့် ရရှိပြီးနောက် အိမ်သုံးစရိတ်စကများ

www.burmeseclassic.com

ပိုလာချိန်ဝယ် အိမ်ထောင်ဦးစီးဖြစ်သူ လင်ယောကျ်ားသည် စီးပွားရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင် ရှာဖွေရသောကြောင့် ညဘက် အိမ်ပြန်ရောက်လာသောအခါ၌ ခြေကုန်လက်ပန်းကျကာ အထူး ပင်ပန်း နွမ်းနယ်နေတတ်၏။ သည်လိုအခါများ၌ တစ်ခါတစ်ရံ ဇနီးသည်က စိတ်ပါဝင်စားသလိုရှိသဖြင့် လင်မယားဖို့မဆက်ဆံမှုပြုရန် ကြံစည်သောအခါ ယောကျ်ား၏ ကိုယ်အင်္ဂါသည် မနိုးကြားဘဲ ရှိတတ်၏။ တစ်နည်းအားဖြင့် ဖို့မ ဆက်ဆံမှု မပြုနိုင်ဖြစ်တတ်၏၊ ယင်းသို့ စိတ်ကပြုချင်ပါလျက် ခန္ဓာကိုယ်က နိုးကြားမာကြောခြင်း မဖြစ်ဘဲ ဖို့မ ဆက်ဆံမှု မပြုနိုင်သလို ဖြစ်သည်ကို ကာယကံရှင် ယောကျ်ား၏စိတ်ဝယ် အထူး တုန်လှုပ်ချောက်ချားသွားတတ်၏။ မိမိတွင် 'အင်ပိုတင်စီ' Impotency ခေါ် ပန်းသေရောဂါစွဲကပ်ပြီး လူစဉ်မမှီတော့ဟု အကြီးအကျယ် အားလျော့သိမ်ငယ်တတ်လေသည်။ အထူးသဖြင့် မိမိချစ်ဇနီး၏ အလိုဆန္ဒကို မဖြည့်စွမ်းနိုင်တော့ပါတကားဟု အားငယ်ရာမှ ပြင်းစွာ စိတ်ထိခိုက်တုန်လှုပ်တတ်ပေသည်။ ဤသို့ဖြစ်သည့်အခါ အချို့ယောကျ်ားများသည် ဂယောင်ချောက်ချားနှင့် လက်လှမ်းမှီရာ သို့မဟုတ် ကြားဖူးနားဝရှိသော တွေ့ကရာ 'အားဆေး' များကို ရှာကြံ၍ မားသုံးပြီး ကျိတ်၍ ကုစားကြည့်တတ်ပေသည်။ ကြော်ငြာကောင်းကောင်း လုပ်ပြီး စားတတ်သော စီးပွားရေးသမား ဆေးရောင်းသူတို့၏ လှည့်ကွက်ထဲ ဝင်မိကာ အားတိုးဆေးအမျိုးမျိုးကို ဝယ်စားကြည့်ပါသော်လည်း အခြေအနေက မထူးခြားသဖြင့် ပို၍ပင် စိတ်ပျက်အားငယ်ခြင်း ဖြစ်တတ်လေသည်။ ယင်းသို့ စိတ်ပျက်အားငယ်နေရာမှ ဇနီးသည်နှင့် လိင်ဆက်ဆံမှုပြုရန် ကြိုးစားကြည့်သောအခါ ကိုယ်အင်္ဂါ မနိုးကြားဘဲ ဆက်ဆံစပ်ယှက်မှု မပြုနိုင်ပြန်သည့် အဖြစ်မျိုး ကြုံရသောကြောင့် ပို၍ပင် တုန်လှုပ်ချောက်ချားရပြန်၏။



ပထမဆုံး ရှင်းပြလိုသော အချက်ကား ဖော်ပြပါ အဖြစ်မျိုးကြုံရသူ ယောကျ်ားတစ်ဦးသည် လူစဉ်မမှီသော ပန်းသေရောဂါဖြစ်နေခြင်း လုံးဝမဟုတ်ဟူသော အချက်ပင်ဖြစ်၏။ အမှန်အားဖြင့် စိတ္တဗေဒ ပညာသဘောအရ အာရုံကြောများနှင့် သက်ဆိုင်သည့် ခေတ္တခဏ ပန်းသေသလိုဖြစ်ခြင်းသာဟု မှတ်ယူရပေမည်။ သည်လိုဖြစ်ခြင်းကိုလည်း ရောဂါအဖြစ် သတ်မှတ်ဖော်ပြရသော် (Neurasthenic Impotency) ဟု ခေါ်လေသည်။ ယောကျ်ားများ အလွန်ကြောက်ကြသော ပန်းသေရောဂါမဟုတ်။ ယောကျ်ားမပီသတော့သော အခြေအနေမျိုးလည်း မဟုတ်ဟု သိရပေမည်။

ဤသို့ဖြစ်ခြင်းကား ကာယကံရှင် ယောကျ်ားတွင် စီးပွားရေးအတွက် မနားမနေ ကြိုးစားလွန်း၍ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်ခြင်းကြောင့် အခိုက်အတန့်အားဖြင့် ကိုယ်အင်္ဂါ မနိုးကြားခြင်းမျှသာဖြစ်၏။ တစ်နည်းအားဖြင့် ခန္ဓာကိုယ်က ဖို့မ ဆက်ဆံရေးအတွက် အဆင်သင့် မဖြစ်မီအချိန်တွင် ဇနီးသည်နှင့် ပေါင်းသင်းစပ်ယှက်ရန် ကြိုးစားလိုက်သောအခါ ရုတ်တရက် မနိုးကြားဘဲ မဆက်ဆံနိုင်ခြင်းသာဖြစ်၏။ ဤသည်ကိုပင် ပန်းသေရောဂါဖြစ်နေပြီဟု ယူကျုံးမရဖြစ်စွာနှင့် တထစ်ချ မှတ်ယူလိုက်ခြင်းသည် မှားယွင်းသော အယူအဆ ဖြစ်သည်ဟု မှတ်ယူရာ၏။

တစ်ခါက စာရေးသူ၏ မိတ်ဆွေတစ်ဦးကိုယ်တိုင် အလားတူ အဖြစ်မျိုး ကြုံဖူး၏။ သူ့ခမြာ လူညွှန့်တုံးပြီဟု ထင်မှတ်ကာ စိတ်အားငယ်နေရာမှ ရင်းနှီးသော မိတ်ဆွေတစ်ဦးအဖြစ် စာရေးသူထံ လာရောက် ရင်ဖွင့်ပြောပြရှာ၏။ ဆေးကြော်ငြာတွေ ဖတ်၍ အားတိုးဆေးများ ဝယ်စားကြည့်ပါသော်လည်း မည်သို့မှ မထူးခြားဘဲ ငွေကုန်ခြင်းသာ ဖတ်တင်ပြီး အတော်ပင် စိတ်ပျက်နေပြီဆို၏။ ဤတွင် စာရေးသူက မိမိဖတ်ရှု လေ့လာထားဖူးသော နိုင်ငံခြား

www.burmeseclassic.com



စာအုပ်များနှင့် မိတ်ဆွေဆရာဝန်တစ်ဦးက ပြောပြချက်များမှတစ်ဆင့် ရရှိသော ဗဟုသုတများကို အခြေပြုကာ စိတ်ဓာတ်ကျနေသူ မိတ်ဆွေအား အကြံဉာဏ်ပေးခဲ့ရ၏။ အကြံဉာဏ်ပေးခဲ့ပုံကိုတော့ စာဖတ်သူ အိမ်ထောင်ရှင်ယောကျ်ားများ ဗဟုသုတအလို့ငှာ အောက်တွင် ဖော်ပြလိုက်ရပေသည်။

အာရုံကြောများနှင့် စပ်ဆိုင်သော ယာယီပန်းညှိုးခြင်း (ဝါ) ကိုယ်အင်္ဂါ နိုးကြားသန်မာမှု မရှိခြင်းတွင် ကာယကံရှင်၏ စိတ်ဓာတ်သည် အရေးကြီးဆုံးဖြစ်၏။ စိတ်က စိုးရိမ်ချောက်ချားလေ ခန္ဓာကိုယ်ညှိုးနွမ်း အားမရှိလေ ဖြစ်တတ်၏။ 'နပ်ဗ်' Nerves ခေါ် အာရုံကြောများသည် လူတစ်ယောက်၏စိတ်နှင့် တိုက်ရိုက်သက်ဆိုင်နေ၏။ စိုးရိမ်ကြောင့်ကြမှုဖြစ်သည့်အခါ အာရုံကြောများသည် နဂိုအတိုင်း မဟုတ်တော့ဘဲ မှုပျက်ပြီး ခန္ဓာကိုယ် အင်္ဂါအစိတ်အပိုင်းများ၏ လှုပ်ရှားမှု သန်စွမ်းမှုကို ထိခိုက်စေတတ်သော သဘောရှိ၏။ ခန္ဓာကိုယ်၏ ချို့ယွင်းချက် (အမှန်အားဖြင့် ယာယီချို့ယွင်းချက်) ကို တွေ့ရှိပြီး စိတ်က စိုးရိမ်တုန်လှုပ်သွားပါက အခိုက်အတန့်သာ ဖြစ်ရမည့် ချို့ယွင်းချက်သည် အမြဲတမ်းလိုလို ဖြစ်လာတတ်၏။ ဤနေရာတွင် စိတ်က ရုပ်ကို လွှမ်းမိုးသည်ဟူသော သဘောတရားသည် အလွန်ပင် မှန်ကန်လှပေသည်။

အကြင် ယောကျ်ားတစ်ဦးသည် အလုပ်များလွန်း၍ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်လွန်းနေခိုက် ဇနီးသည်နှင့် ဖို့မ ဆက်ဆံမှုပြုရန် ကိုယ်အင်္ဂါ နိုးကြားသန်စွမ်းမှု မဖြစ်သောကြောင့် မဆက်ဆံနိုင်ဘဲ ဖြစ်ကောင်းဖြစ်ပေမည်။ သို့သော် လူညွန့်တုံးသလို 'အင်ပိုတင်စီ' ရောဂါဖြစ်ပြီဟု မမှတ်ယူအပ်ပေ။ ငါဟာ ဒီနေ့အဖို့ ပင်ပန်းလွန်းလို့ ဖြစ်တာပဲဟု၍သာ ခပ်အေးအေး သဘောထားလျက် တစ်သတလေ ဇနီးသည်နှင့် အတူ 'မအိပ်' ဖြစ်ခြင်းကိုလည်း



မေ့မေ့ပျောက်ပျောက် နေလိုက်သင့်၏။ ထိုနောက် စိတ်ထဲ မည်သို့မျှ စိုးရိမ်ကြောင့်ကြမှုမဖြစ်ဘဲ ကောင်းစွာအနားယူ အပန်းဖြေခြင်း၊ အာဟာရဓာတ် ကြွယ်ဝသော အစားအစာများ စားပေးခြင်း၊ ဖြစ်နိုင်လျှင် ဗီတာမင် ဆေးပြားများ အစာစားပြီးချိန်တွင် စားပေးခြင်း စသည့်နည်းများဖြင့် စိတ်ရောကိုယ်ပါ အပန်းဖြေလျက် အားအင်ပြည့်ဖြိုး စေရန်သာ ကြိုးစားသင့်၏။ အခိုက်အတန့်အားဖြင့် ဖို့မ ဆက်ဆံရေးကိစ္စကိုပါ မစဉ်းစားဘဲနေလိုက်ပါက စိတ်ထဲတွင် စိုးရိမ်ကြောင့်ကြမှုများလည်း ကင်းသွားပါလိမ့်မည်။ နောက်ရက်သတ္တပတ်သို့မဟုတ် ဆယ်ရက်ခန့် နေပြီး မိမိကိုယ်တိုင်က စိတ်ရောကိုယ်ပါ လန်းဆန်းကြည်လင်နေသည့်အခါ ညအိပ်ရာဝင်ချိန်၌ ချစ်သူဇနီးနှင့် ချစ်ခင်ရင်းနှီးစွာ ယုယပိုက်ထွေး ပူးပူးကပ်ကပ်နေရင်းက လိင်စိတ်ဓာတ်ဖြစ်ပေါ်လာလျက် ကိုယ်အင်္ဂါ မသိမသာ နိုးကြားသန်မာလာလျှင် ဖို့မ ဆက်ဆံရေးအမှုကို အောင်မြင်ချောမောစွာ ပြုနိုင်တတ်ပါသည်။

အထူးသတိထားရန်ကား ကိုယ်စိတ်နှစ်ဖြာ ပင်ပန်းနွမ်းနယ်လွန်းသည့်အခါ သို့တည်းမဟုတ် တစ်စုံတစ်ရာသော အကြောင်းကြောင့် စိတ်သောက စိုးရိမ်ကြောင့်ကြမှုတွေ များနေသည့်အခါဖြစ်စေ ဖို့မ ဆက်ဆံမှုကိစ္စကို မစဉ်းစားရန်ပင်ဖြစ်၏။ သည်လိုအခါများ၌ မိမိ၏ စိတ်ပိုင်းဆိုင်ရာ အာရုံကြောများနှင့်တကွ ကိုယ်အင်္ဂါ အစိတ်အပိုင်းများက လိင်ဆက်ဆံမှုအတွက် အဆင်သင့်မဖြစ်သည့် အခြေအနေဟု၍ မှတ်ယူသင့်ပေသည်။ ယင်းသို့မှတ်ယူ၍ စိတ်အေးလက်အေး နေလိုက်ခြင်းကပင်လျှင် အာရုံကြောများ ပြန်လည်လန်းဆန်း သန်စွမ်းလာစေနိုင်ပေသည်၊

တစ်ကြိမ်တစ်ခါလောက် ပင်ပန်းလွန်းမှုကြောင့် ဖို့မ ဆက်ဆံရေးအမှု မပြုနိုင်ခြင်းကို စွဲလမ်းစိုးရိမ်ခြင်းတည်းဟူသော ဥပါဒါန်ကို

www.burmeseclassic.com



ဖျောက်ဖျက်ပစ်လိုက်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း စိတ္တဗေဒ ပညာကလည်း ဆိုပေသည်။ ထိုအချိန်၌ ယင်းကိစ္စအကြောင်း လုံးဝ မတွေးတော့ဘဲ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး သို့မဟုတ် မိမိ ဝါသနာပါရာတစ်ခုခု (ဥပမာ ပန်းချီ၊ ဂီတ၊ စာပေ၊ ပန်းခြံအလုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်) ဘက်သို့ စိတ်ဝင်စားအောင် အာရုံပြောင်းလိုက်ခြင်းအားဖြင့်လည်း လိင်ဆက်ဆံရေးပြဿနာသည် မေ့မေ့ပျောက်ပျောက် ဖြစ်သွားနိုင်ပေသည်။ လင်နှင့်မယား အိပ်ရာ ဝင်ရင်း တစ်ခါတစ်ရံ 'အလုပ်မဖြစ်' သည်ကိုလည်း မည်သို့မှ ရှည် ရှည်ဝေးဝေးတွေးပြီး စိုးရိမ်ကြောင့်ကြခြင်း မဖြစ်ရန်ကိုသာ သတိ ထားရမည် ဖြစ်ပေသည်။

အင်္ဂလိပ်စကားတစ်ခုက (Nature is the best healer) 'သဘာဝသည် အကောင်းဆုံးသော ရောဂါပျောက်ဆေးတစ်ပါး ဖြစ်သည်' ဟု ဆိုထားသည့်အတိုင်း အထက်ဖော်ပြပါ ယောကျ်ား များတွင် ယာယီသဘော ညှိုးနွမ်းပျော့ခွေနေခြင်းကိုလည်း ဘာ အားတိုးဆေးတွေ လိမ်းဆေးတွေကိုမှ အားမကိုးဘဲ မေ့လျော့ ထားလိုက်ပါက သဘာဝက အလိုလိုပျောက်ကင်းအောင် ကုစား ပေးလိမ့်မည် ဖြစ်ပေသည်။ ယောကျ်ားများအနေဖြင့် ဘယ်သော အခါမှမိမိကိုယ်ကို ပြန်၍သံသယရှိခြင်း၊ စိုးရိမ်ခြင်း၊ ငါတော့ လူဖြစ်ရှုံးပြီဟု တွေးပူကြောက်လန့်ခြင်းများ မဖြစ်ရလေအောင် စိတ်ထားမှန်မှန် ရှိသင့်၏။ ယင်းသို့ စိတ်ထားမှန်မှန် ထားတတ် ပြီဆိုလျှင် ပြဿနာသည် အလိုလိုပြေလည်သွားလိမ့်မည်ဟု တထစ်ချ မှတ်ယူနိုင်ပေပြီ။

ဤသို့လျှင် အကျိုးအကြောင်း စုံလင်စွာရှင်းပြရင်း အကြံပေး လိုက်သောအခါ စာရေးသူ၏မိတ်ဆွေသည် နားလည်သဘောပေါက် ဟန်ဖြင့် စိတ်အားငယ်ခြင်း ပပျောက်သွားလေသည်။ အကြံပေးသည့် အတိုင်းလည်း သူ၏အတွေးအခေါ်နှင့် စိတ်ထားကိုပြင်၍ ခပ်အေး အေးပင် နေလိုက်ပြီးနောက် များမကြာမီပင် စာရေးသူနှင့် ပြန်တွေ့ သောအခါ မိတ်ဆွေ၏မျက်နှာ အမူအရာမှာ သိသိသာသာကြီး ရွှင်ပျလျက် သူ၏ဇနီးသည်နှင့် အိပ်ရာထဲပြဿနာ ပြေလည်ကောင်းမွန် လာပြီဖြစ်ကြောင်း ဝမ်းသာအားရ ပြောပြဖူးပေသည်။

အလျှင်းသင့်၍ ဆက်လက်အကြံပေးလိုသည်ကား အိမ်ထောင် သက် အတော်ကလေး ကြာရှည်လာသောအခါ၌ ယင်းအဖြစ်မျိုး ကြုံရပါမူ ယောကျ်ားတွင် စိတ်ဓာတ်မကျဖို့ အရေးကြီးသလို ဇနီးဖြစ်သူကပါ နားလည်မှုရှိပြီး လင်ယောကျ်ားအပေါ် ယုယ ကြင်နာစွာ အမူအရာများဖြင့်လည်းကောင်း၊ နှစ်သိမ့်စကားများ ပြောဆို၍လည်းကောင်း အားပေးရန်ပင်ဖြစ်သည်။ တစ်ကြိမ်တလေ မအောင်မြင်ခြင်းကိုပင် 'ရှင်ဟာ အလကားလူပဲ' ဟူသော အစိမ်းသက်ရောက်သည့်စကားမျိုး လုံးဝမပြောသင့်။ မိမိ၏ချစ်သူခင်ပွန်း ပင်ပန်းနွမ်းနယ်နေလို့ပါကလားဟု ကြည်နူးစွာ ခွင့်လွှတ်သင့်၏။ ဤနည်းအားဖြင့် လင်ယောကျ်ားအား သိမ်ငယ်သည့်စိတ်၊ တုန်လှုပ် ချောက်ချားသည့်စိတ်များ မဖြစ်အောင် ကာကွယ်ပေးနိုင်၏။

ယောကျ်ားများ ကြုံတွေ့ရတတ်သော ဤအဖြစ်မျိုးနှင့် ပတ်သက်၍ ကြောက်လန့်အရှုံးပေးလိုခြင်းသည် လုံးဝများယွင်းသော အယူအဆဟူ၍ စိတ်ချလက်ချ မှတ်ယူနိုင်ပါသတည်း။

အလျဉ်းသင့်၍ ဇနီးမောင်နှံ သိသင့်သိထိုက်သော ဆေးဝါး ကြော်ငြာများအကြောင်းကိုပါ ဆက်စပ်ဆွေးနွေးလိုပါသေးသည်။ အထက်တွင် ဖော်ပြခဲ့ပြီးသော 'အားတိုးဆေး' များ ဆိုသည်မှာ ကြော်ငြာကောင်း ၁လောက် တကယ်တန်းကျ အစွမ်းသက်ကြသည်

www.burmeseclassic.com

မဟုတ်ကြောင်းကို အထူးရေးသား ဖော်ပြနေစရာ လိုမည်မထင်ချေ။ မြန်မာ့ဆေးကျမ်းများမှ ရှေးဟောင်းပေမူများမှ ဖော်နည်းကားများဖြင့် ဖော်စပ်သည့် 'အားဆေး' များဆိုလျှင်မူ စာမူထဲပါသလို ဆေးဘက်ဝင် ပစ္စည်း အားလုံးစစ်မှန်ပါက လူနှင့်တည့်ပြီး စားဝင်အိပ်ပျော်ခြင်းကဲ့သို့ အထွေထွေ ကျန်းမာရေးအတွက် အထောက်အကူ ပြုနိုင်တတ်ပါ၏။ သို့ရာတွင် သူတို့၏ ကြော်ငြာထဲပါသလို လိင်ကိစ္စဆိုင်ရာ နိုးကြားခြင်း၊ အကြောများ သန်စွမ်းခြင်း၊ ဖို,မ ဆက်ဆံရေးအမှုကို စွမ်းစွမ်းတမန် ပြုနိုင်ခြင်းစသော အကျိုးကျေးဇူးများက မဖြစ်နိုင်ချေ၊ ပန်းသေ၊ ပန်းညှိုးရောဂါ ပျောက်သည်ဆိုခြင်းသည်လည်း ကြော်ငြာသလို အစွမ်းမထက်ပါချေ။ ကာမဂုဏ်အာရုံ ခံစားခြင်းကို လွန်ကဲစွာ လိုက်စားခံစားလိုသူတို့ အနေဖြင့် ကောင်းနိုးရာရာ 'အားတိုးဆေး' များ အားကိုးတတ်ကြလေရာ ယင်းအချက်ကိုပင် စီးပွားရေးသမား ဆေးရောင်းစားသူတို့က ချက်ကောင်းယူ အမြတ်ထုတ်တတ်ကြလေသည်။

ဤနေရာတွင် မြန်မာဆေးသာမက နိုင်ငံခြားဆေးများကိုလည်း အထင်ကြီး အားကိုးလွန်းတတ်ကြခြင်းမှာ မှားယွင်းသော အယူအဆတစ်ခု ဖြစ်ပေသည်။ အထူးသဖြင့် 'ဟော်မုံး' (Hormones) ပါသော နိုင်ငံခြား ဗီတာမင်ဆေးများသည် ဖို,မ ဆက်ဆံရေးအမှုကို ပိုမိုပြုနိုင်စေသည်ဟု ယူဆသူများလှသဖြင့် ယင်းဆေးမျိုးများကို သူ့ထက်ငါအလုအယက် ဝယ်ယူစားသုံးကြရာမှ မှောင်ခိုဈေးအဆမတန် တက်နေခြင်း ဖြစ်ပေသည်။ တကယ်တတ်ကျွမ်းနားလည်သော ဆရာဝန်ကြီးများအား မေးမြန်းကြည့်ပါက 'ဟော်မုံး' ပါသော ဆေးများကို အရမ်းမဲ့ မစားသင့်ကြောင်း ပြောပြပေလိမ့်မည်။

စင်စစ်အားဖြင့် နိုင်ငံခြား 'ဟော်မုံး' ပါသော ဆေးများသည် သာမန်လူတို့အတွက်မဟုတ် ခန္ဓာကိုယ်အတွင်း ဟော်မုံးဓာတ်



ချို့တဲ့သူများသာ စားသုံးရန်ဖြစ်၏။ တစ်နည်းအားဖြင့် ရောဂါရှိသူများသာလျှင် ဆရာဝန်၏ ညွှန်ကြားချက်ဖြင့် စားသုံးသင့်၏။ စာရေးသူ၏ မိတ်ဆွေဆရာဝန်တစ်ဦး ပြောပြချက်အရ လူကဘာမှမဖြစ်ဘဲ 'ဟော်မုံး' ဆေးတွေအလွန်အကျွံ စားပါက ခန္ဓာကိုယ်တွင်း ဟော်မုံးဓာတ် ဖွဲ့စည်းမှုများ ချွတ်ယွင်းပြီး ကြာသော် ကျန်းမာရေးကိုပင် ထိခိုက်စေနိုင်သည်ဆို၏။ ထို့ပြင် ဆေးစားဖန်များလတ်သော နောက်ပိုင်းကျတော့ ထိုဆေးမှ မစားရလျှင် မနေနိုင်သော အဖြစ်မျိုးသို့လည်း ရောက်လာနိုင်သည်ဆို၏။

ဘီပီအိုင်ထုတ် ဗိုင်တာဖုံး၊ ဘားပလက်စ်၊ စီဗစ် စသော ဗီတာမင်ဆေးများ၊ နိုင်ငံခြားမှလာသည့် ဗီတာမင်မျိုးစုံပါသော ဆေးများကတော့ လူတို့သာမန်စားသုံးသည့် အစားအစာများကို အာဟာရဓာတ် ဖြည့်တင်းပေးသလို ဖြစ်နိုင်သောကြောင့် အသင့်အတင့် စားသုံးနိုင်ပါ၏။ အထွေထွေ ကျန်းမာရေးအတွက် အထောက်အကူ ပြုနိုင်၏။ သို့သော် အချို့က ထင်သလို လိင်ကိစ္စ အားပေးသော ကာမအားတိုးဆေးများ မဟုတ်ကြောင်းကို သိရှိနားလင်ထားသင့်ပေသည်။

ဖနီးမောင်နှံ့ အချစ်တိုးစေသည်ဟု ကြော်ငြာရောင်းသော ဆေးများလည်း ရှိသေး၏။ လူတွေကလည်း အထင်ကြီးပြီး ဝယ်ယူစားသုံးတတ်ကြလေရာ စင်စစ်အားဖြင့် မည်သည့်အစွမ်းမှ မရှိသော ဆေးများသာ ဖြစ်၏။ ယင်းဆေးမျိုးများတွင် စားဆေးသာမက လိမ်းဆေးများလည်း ပါဝင်၏။ လိင်ကိစ္စနှင့် ပတ်သက်၍ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လိမ်းဆေးလိမ်းခြင်းဖြင့် မည်သို့မှ ထူးခြားနိုင်မည် မဟုတ်ချေ။ အထင်ကြီးပြီး သုံးစွဲပါက ငွေကြေးကုန်ကျမှုသာလျှင် အဖတ်တင်ကာ စိတ်ပျက်ခြင်းနှင့် ရင်ဆိုင်ကြရတတ်ကြောင်း သတိပေးလိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာ၍ရောင်းသော ဆေးမျိုးဖော်ပြပါ အားတိုးဆေး၊ စားဆေး ၊လိမ်းဆေးများအပြင် ပဋိသန္ဓေ တားဆေးများလည်း ရှိသေး၏။ အချို့သော ဇနီးမောင်နှံတို့သည် အကြောင်းကြောင်းကြောင့် သားသမီး မလိုချင်ကြသဖြင့် ကြော်ငြာကောင်းကောင်းရေး၍ ကြော်ငြာသော 'ပဋိသန္ဓေ တားဆေး' များကို အထင်ကြီးပြီး ဝယ်စားတတ်ကြ၏။ ဆေးပညာရှင်ကြီးများ အဆိုအရ စီးပွားရေးသမားများ လုပ်ရောင်းသော ပဋိသန္ဓေ တားဆေးများသည် မထိရောက်ရုံမက လူကို ဆေးဥပဒ်ပင် ဖြစ်နိုင်သေးသည်ဟု ဆိုကြ၏။

သဘာဝက လူမျိုးဆက် ပြန့်ပွားရေးအတွက် ဖန်တီးပေးထားသော ပဋိသန္ဓေတည်ခြင်းကို တားဆီးခြင်းမှာ လွယ်လွယ်နှင့် မဖြစ်နိုင်ကြောင်း နားလည်ထားသင့်ကြပေသည်။ တကယ်တမ်း မိမိတို့ ကျန်းမာရေး အခြေအနေအရ သားသမီးရလျှင် မဖြစ်နိုင်သော သူများ အမှန်ဖြစ်လျှင်မူ ဆရာဝန်ကြီးများ၏ အကူအညီဖြင့် ခွဲစိတ်ကုသနည်းဖြင့်ဖြစ်စေ၊ ယခုနောက်ဆုံးပေါ် ခေတ်စားနေသည့် (The Pill) ဆေးပြားများဖြင့်ဖြစ်စေ၊ ပဋိသန္ဓေကို တားဆီးနိုင်ကြမည် ဖြစ်ပေသည်။ ခွဲစိတ်ကုသနည်းကား (ယောကျာ်း သို့မဟုတ် မိန်းမကို ခွဲစိတ်ခြင်း) လုံးဝတားဆီးသည့်သဘော ဖြစ်သောကြောင့် တစ်သက်လုံး ပဋိသန္ဓေ မတည်နိုင်တော့ကြောင်းကိုလည်း မှတ်သား သိရှိထားသင့်ပေသည်။ ကြော်ငြာရောင်းသော ပဋိသန္ဓေတား ဆေးစွမ်းကောင်းများကတော့ လက်တွေ့မစွမ်းပါဟုမှတ်ယူရာ၏။

အမေရိကန်နိုင်ငံမှ တီထွင်ထုတ်လုပ်ပြီး ကမ္ဘာနှင့်အဝှမ်း ခေတ်စားနေသော ပဋိသန္ဓေတားဆေးပြားသည်ကား စိတ်ချရသည့်ဟု ဆိုပေသည်။ ယင်းဆေးပြားများကို အမှန်တကယ် လိုအပ်သူများ အတွက် အထူးကုဆရာဝန်ကြီးများ၏ ထောက်ခံချက်ဖြင့် ရရှိနိုင် သည်ဟု သိရပေသည်။

** ** **



လက်ထပ်အံ့ဆဲဆဲ သတို့သမီး သတို့သားလောင်းများနှင့် လက်ထပ်ပြီးခါစ ဇနီးမောင်နှံတို့အား သာယာပျော်ရွှင်သော အိမ်ထောင်တည်ဆောက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြလို သော နောက်တစ်ချက်ကတော့ ဖို,မ ဆက်ဆံရေးကိစ္စအပေါ် အလွန် အမင်း စွဲလန်းအာရုံစူးစိုက်ခြင်း မပြုရန်ပင်ဖြစ်ပေသည်။ ဤစာအုပ်၏ ရှေ့ပိုင်း၌ အချစ်နှင့် လိင်စိတ်ဓာတ်အကြောင်း၊ အိမ်ထောင်သာယာ ရေးတွင် လိင်ကိစ္စ ပြေလည်ချောမောရန် အရေးကြီးကြောင်း ဖော်ပြခဲ့ခြင်းများကိုလည်း မှတ်သားထားသင့်ပါ၏။ သို့ရာတွင် လောကကြီး၌ ဖို,မ ဆက်ဆံရေးကိစ္စသာလျှင် အဓိကဟု အလွန်အကျွံ ထိပ်တန်းတင်ခြင်းကိုကား မှားယွင်းသော အယူအဆအဖြစ် ဝေဖန် ထောက်ပြရပေမည်။ ယင်းအချက်ကို ယခုအခါ အနောက်နိုင်ငံ များမှ ဆရာဝန်ကြီးများကပင် ဖွင့်ဟ၍ သတိပေးရေးသားလျက် ရှိကြပေသည်။

လူသားတို့တွင် ဆန့်ကျင်ဘက်လိင်ကို တပ်မက်ခြင်းတည်း ဟူသော ဖို,မ စိတ်ဓာတ်သည် အရေးကြီးပါ၏။ ဆွဲဆောင်မှု ပြင်းထန်သည်လည်း မှန်၏။ သို့ရာတွင် လူ့ဘဝ၏ အဓိပ္ပါယ် အနှစ်သာရကို လေးနက်စွာ ဆင်ခြင်သုံးသပ်ကြည့်သော် လူသည် တိရစ္ဆာန်များထက် အဆင့်မြင့်ခြင်း အကြောင်းတစ်ရပ်က ဖို,မ ဆက်ဆံရေးကိစ္စအပြင် အခြားသော တာဝန်ဝတ္တရားများ၊ တွေးခေါ် မြော်မြင်မှုများ ပြုနိုင်ခြင်းပင် ဖြစ်သည်ဟူ၍ အဖြေပေါ်လာပါ လိမ့်မည်။

အိမ်ထောင်ရှင် ဇနီးမောင်နှံတို့အဖို့ လိင်ကိစ္စသည် အဓိက အရေးပါသည် မှန်သော်လည်း သူတို့ဘဝတစ်ခုလုံး၌ ဖို,မ ဆက်ဆံရေးကိစ္စက လွှမ်းမိုးနေခြင်းမျိုးကိုတော့ မလိုလားအပ်ပါချေ။ အိမ်ထောင်သက် နှစ်ပေါင်း (၃၀-၄၀) ရှိနေသူ အဘိုးကြီး အမယ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

မောင်နှံများဆိုလျှင် ဖို့မ ဆက်ဆံရေးကိစ္စသည် အဓိက မဟုတ်တော့။ သို့သော် သူတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြင်နာစွာနှင့် ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြသည်ကို တွေ့ရပေလိမ့်မည်။

ဘာသာရေး လေးစားကိုင်းရှိုင်းသူများအနေဖြင့် ဘာသာရေးမှ သင်ကြားပေးအပ်သော တရားဓမ္မများကို တွေးခေါ်ဆင်ခြင်တတ်ပါက ဘဝတွင်ကြုံတွေ့ရစမြဲ လောကဓံတရား၏ ဒဏ်များကို တုန်လှုပ်ခြင်းမရှိဘဲ ခံနိုင်စွမ်းရှိလာမည်မှာ အမှန်ဖြစ်ပေသည်။ အထူးသဖြင့် ဘဝ၏ ရည်ရွယ်ချက် အဓိပ္ပါယ်ဟူသည် ဘာနည်းဟု ဝေဖန်ဆန်းစစ်၍ အဖြေရှာလိုသော် ဘာသာရေးလိုက်စားခြင်းသည် အများဆုံး အထောက်အကူပြုနိုင်မည့် ဖြစ်ပေသည်။ တစ်ချိန်တည်းမှာပင် စိတ်အေးချမ်းသာမှုအစစ်ကို မည်သို့မည်ပုံ ရနိုင်မည်ဟူ၍ လမ်းစ တွေ့လာမည် ဖြစ်၏။

သို့ဖြစ်လေရာ အိမ်ထောင်ဦးကာလ ဇနီးမောင်နှံတို့သည် ပုထုဇဉ်တို့ဘဝ မကင်းနိုင်သည့် အချစ်ရေး၊ ဖို့မ ဆက်ဆံရေး ဆိုင်ရာ ဗဟုသုတရှာမှီးရင်း တစ်ဖက်ကလည်း အရှည်သဖြင့် ချမ်းသာမှု ပေးစွမ်းနိုင်မည့် ဘာသာတရား လေ့လာလိုက်စားမှုကိုပါ အသင့်အတင့် စ,ထားရန် သင့်လျော်ပါသည်ဟု အကြံပေးလိုပါသတည်း။

❖ ❖ ❖



# အိမ်ထောင်သည့်ဘဝ သိမှတ်ဖွယ်ရာများ

www.burmeseclassic.com

www.burmeseclassic.com



# (၁)

# အိမ်ထောင်ရေး အဆင်ပြေမှု

• အရွယ်ရောက်လာသူ လူငယ်မောင်မယ်မှန်သမျှ တစ်နေ့ကျလျှင် မိမိချစ်သူနှင့် အကြောင်းဆက် ပေါင်းဖက်ပြီး သာယာအဆင်ပြေသော အိမ်ထောင်ရေး တည်ဆောက်ကြရန် စိတ်ကူးယဉ်စမြဲ ဖြစ်ကြပေ၏။ ဤကား ပုထုဇဉ်သားတို့၏ ဓမ္မတာသင်ဖြစ်ရာ အချိန်တန်၍ ချစ်သူရှိသောသူများသာမက ချစ်သူ မရှိသေးသူများကပါ အထက်ပါအတိုင်း စိတ်ကူးယဉ်ကြမည်သာ ဖြစ်၏။ ပညာစုံ၍ အလုပ်အကိုင် အခြေတကျဖြစ်ပြီးလျှင် "ချစ်သူနှင့် အသက်ထက်ဆုံး ပျော်ရွှင်စွာ ပေါင်းကြလေသတည်း" ဟူသော ဝတ္ထုပုံပြင်ထဲက အဆုံးသတ်နည်းမျိုးဖြင့် သူတို့၏ ဘဝကို ပျော်ပျော်ကြီး ဇာတ်သိမ်းချင်ကြ_သသည်။

သို့ရာတွင် တကယ်တန်း အိမ်ထောင်ကျ၍ လက်တွေ့ဘဝကို ရင်ဆိုင်ကြရသောအခါ၌မူ စောစောက စိတ်ကူးယဉ်ခဲ့သလို ဖြစ်မလာဘဲ အမျိုးမျိုးသော အဆင်မပြေမှုများ တွေ့ကြုံရကာ အိမ်ထောင်ရေးအပေါ် စိတ်ပျက်ခြင်းများပင် ဖြစ်ရတတ်ပေသည်။ လက်ထပ်ပြီး လ,ပိုင်းမျှသာ ရှိသေးချိန်၌ စိတ်ရှုပ်စရာ အဆင်မပြေမှု တွေ့ကြုံရသော လူငယ်ဇနီးမောင်နှံများလည်း ရှိပေသည်။ အချို့က



သားသမီးတွေ ရပြီးကာမှ လင်မယား ကတောက်ကဆဖြစ်ကာ စိတ်ဝမ်းကွဲကြရသည့် အဖြစ်မျိုးလည်း ရှိ၏။ ဤအဖြစ်မျိုးကာ လူမှုရေး ရှုထောင့်မှ ကြည့်လျှင် လူမမယ်ကလေးများအတွက် အလွန်ရင်နာဖွယ် ကောင်းလှ၏။

ဤစာအုပ်၏ အမည်ကို "အိမ်ထောင်ဦးလက်စွဲ" ဟု ပေးထားသည့်အတိုင်း ချစ်သူနှစ်ဦး လက်ထပ်ပြီးကာစ မင်္ဂလာဦးအချိန်မှသည် နောက်ပိုင်း အိမ်ထောင်သက် ကြာရှည်လာချိန်အထိ အရှည်သဖြင့် သာယာအဆင်ပြေရေးကိုပါ ရည်ရွယ်လျက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် သိမှတ်ဖွယ်ရာများကို နောက်ဆက်တွဲ ဗဟုသုတအဖြစ် တင်ပြသွားရန် ရည်ရွယ်ပေသည်။

စာအုပ်၏အရှေ့ပိုင်း "အိမ်ထောင်ဖက် ရွေးချယ်ခြင်း" အခန်းပါ အကြံပေးချက်များကို ကောင်းစွာ ဖတ်ရှုလေ့လာ၍ လိုက်နာ ပြင်ဆင်ထားသူ ဇနီးမောင်နှံများအဖို့ကား အိမ်ထောင်ရေး အုတ်မြစ်တည်းဟူသော အစပိုင်းတွင် အတော်ကလေး အခြေခိုင်ပြီဟု ယူဆနိုင်ပေသည်။ ယင်းအစပိုင်း အခြေအနေ ကောင်းမွန်ရာမှ တစ်ဖြည်းဖြည်း အချိန်ကြာလာသောအခါ ချို့ယွင်းထိခိုက်မလာအောင် ကြိုတင်ကာကွယ်ရန် လိုအပ်ပေသည်။ အထူးသဖြင့် ထိမ်းမြား လက်ထပ်ပြီးနောက် သမီးရည်းစား ဘဝတုန်းကလို သတိထားဆင်ခြင်မှု၊ ဟန်ဆောင်အလိုလိုက်မှုများ တစ်ဖြည်းဖြည်း ပပျောက်လာချိန်၌ ဇနီးမောင်နှံတို့၏ အိမ်ထောင်ရေး သာယာမှုကို မသိမသာ ထိခိုက်စေမည့် အဖြစ်များ ကြုံလာရတတ်ပေသည်။

လင်နှင့်မယား ဖို,မ ဆက်ဆံရေးကိစ္စ မပြေလည်ခြင်းကြောင့် အိမ်ထောင်ရေး သာယာမှုကို ထိခိုက်စေနိုင်ခြင်းနှင့် ပတ်သက်၍ လိင်ကိစ္စဆိုင်ရာ ဗဟုသုတများအကြောင်း ရှေ့ပိုင်း၌ပင် အတော်ပြည့်စုံစွာ အကြံပေး ညွှန်ပြထားပြီး ဖြစ်သောကြောင့် ယင်းကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com



ယခုနောက်ပိုင်းတွင် ထပ်ဆင့် မဆွေးနွေးလိုတော့ပေ။ ဖို,မကိစ္စ မဟုတ်သည့် အခြားသော အိမ်ထောင်မှု အရေးကိစ္စများ အကြောင်းကိုသာလျှင် အကြံပေး တင်ပြသွားမည် ဖြစ်ပေသည်။

ကာယဖုံ့ရှင် ဇနီးမောင်နှံတို့က ဘာမှမဖြစ်ဘဲ ပတ်ဝန်းကျင်မှ ဆွေမျိုးသားချင်းများ (မိန်းကလေး သို့မဟုတ် ယောကျ်ားကလေးဖက်မှ ညီအစ်ကို မောင်နှမများ၊ မိဘယောက္ခမများ)ကြောင့် ပြဿနာတွေဖြစ်ပေါ်ပြီး ဇနီးမောင်နှံတို့၏ အိမ်ထောင်ရေး သာယာအဆင်ပြေမှု ထိခိုက်ပျက်ပြားရကာ "အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ရ" ဆိုသကဲ့သို့ လင်မယားကွဲ ရသည့် အဖြစ်မျိုးတွေလည်း စာရေးသူ မျက်မှောက်၌ တွေ့ရဖူး၏။ ယင်းအဖြစ်မျိုးကို ကြိုတင်ကာကွယ်ရန် အကောင်းဆုံးနည်းကတော့ အနောက်နိုင်ငံများ၌ အများဆုံး ကျင့်သုံးကြသလို လက်ထပ်ပြီးသည်နှင့် တစ်ပြိုင်နက် မည်သည့် မိဘဆွေမျိုး အိမ်မှာမှ မနေဘဲ သီးခြားအိမ်ခွဲ၍ နေခြင်းပင် ဖြစ်ပေသည်။ ဤအကြောင်းကိုလည်း စာအုပ်ရှေ့ပိုင်း၌ အမြွက်မျှ ဖော်ပြခဲ့ပြီးပါပြီ။ ကိုယ့်ဟာကိုယ် သီးခြားနေလိုက်ခြင်းအားဖြင့် မည်သည့် ယောက်ဖ၊ ယောင်းမ၊ မရီး၊ ခယ်မ၊ ချွေးမ ၊ယောက္ခမ၊ မိဘများနှင့်မှ ပြဿနာ ပေါ်စရာ မရှိဘဲ ဇနီးမောင်နှံ လွတ်လပ်အေးချမ်းစွာ နေနိုင်ကြမည် ဖြစ်၏။ လူချင်းတူပေမယ့် အသက်ရှူချင်းကွဲ ဆိုသလို သာမန်လူသား ဖြစ်သော ဇနီးမောင်နှံတို့သည် အသေးအဖွဲကိစ္စများ၌ စိတ်သဘောထားချင်း မတိုက်ဆိုင်မှု ရှိမည်မှာ ဓမ္မတာပင်ဖြစ်၏။ ထိုအခါ လင်မယား တစ်ယောက်တစ်ခွန်း စကားများသည့် အဖြစ်မျိုးလည်း ကြုံရတတ်၏။ သို့သော် ဇနီးမောင်နှံ နှစ်ဦးထဲ နေခြင်းကြောင့် သူတို့၏ဖြစ်ပုံကို မည်သူမှလည်း မသိရ။ မည်သည့် ဆွေမျိုးသားချင်းကမှလည်း ကြားဝင် မြှောက်ထိုးပင့်ကော်ပြုခြင်း ဝင်မလုပ်နိုင်သောကြောင့် အချိန်တန်သော် ပြေပျောက်သွားကာ လင်မယား



ချစ်ကြည်မြတ်နိုးမြဲ မြတ်နိုးလာကြမည် ဖြစ်လေသည်။ "လင်နှင့်မယား လျှာနှင့်သွား" ဆိုသည့်အတိုင်း အခိုက်အတန့် "ကိုက်"မိကြခြင်း ကိုလည်း ပြီးပြီးပျောက်ပျောက် သဘောထားလျက် မေ့ပစ်နိုင်တတ်ကြ၏။ ထို့ကြောင့် ဤနေရာတွင် "တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ" ဆိုသည့် သီချင်းစာသားကို သတိရ ကိုးကားစရာပင်ဖြစ်တော့သည်။ လက်ထပ်ပြီးစ ဇနီးမောင်နှံအနေဖြင့် မိဘဆွေမျိုးသားချင်းတွေ အများအပြားနှင့်အတူ "ရွှေဘုံပေါ် စံရသလို" တိုက်ကြီးတာကြီးနှင့် တခမ်းတနား နေခြင်းထက် "တဲအိုပျက်" သာသာ အိမ်စုတ်ကလေးတွင် နှစ်ယောက်သား လွတ်လွတ်လပ်လပ်နေရခြင်းက ပို၍ ပျော်ရွှင်ကြည်နူးဖွယ် ကောင်းသည်မှာ အမှန်ဖြစ်၏။ မည်သူ့မျက်နှာကိုမှ ကြည့်စရာမလိုဘဲ ထင်သလို လွတ်လပ်စွာ နေရခြင်းသည်ပင်လျှင် အိမ်ထောင်၏ သာယာမှုကို ဖြစ်စေနိုင်ပါ၏။ ယုတ်စွအဆုံး လင်မယားဘာဝ ညအိပ်ယာဝင်၍ ဖို,မ ဆက်ဆံမှုပြုရာ၌ပင်လျှင် နှစ်ယောက်ထဲနေရခြင်းကြောင့် စိတ်အနှောက်အယှက် အဟန့်အတား ကင်းပြီး သာယာမှုအာရုံကို အပြည့်အဝ ခံစားနိုင်မည် ဖြစ်ပေသည်။

ထို့ကြောင့်ပင်လျှင် လက်ထပ်ပြီးပြီးချင်း "ဟန်းနီးမွန်း" ခရီးထွက်သင့်ကြောင်း အကြံပေးခဲ့ခြင်းဖြစ်ရာ စင်စစ်အားဖြင့် ခရီးထွက်ရာမှ ပြန်ရောက်လာလျှင်လည်း နှစ်ယောက်ထဲ သီးခြားခွဲနေခြင်းသည် အိမ်ထောင်ရေး သာယာမှုအတွက် များစွာ အထောက်အကူပြုနိုင်ကြောင်း ထပ်ဆင့်၍ အကြံပေးလိုပေသည်။

အကြင်လင်မယား ဖြစ်လာပြီးသည့်နောက်ပိုင်းတွင် ဇနီးမောင်နှံ နှစ်ဦးစလုံးက သဘောထားကြီးမှု၊ ကိုယ်ချင်းစာနာမှု ချို့ယွင်းချက်များ အပေါ် ခွင့်လွှတ်မှုများ ရှိရမည့်အကြောင်း ဖော်ပြခဲ့ပြီးပေပြီ။ ဤသို့ ဆိုခဲ့ခြင်းမှာ အဆိုပါ စိတ်နေသဘောထားမျိုး မွေးမြူခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့အိမ်ထောင် သာယာအဆင်ပြေမှုကို ထိခိုက်စေနိုင်မည့် ပြဿနာများကို ကြိုတင်ကာကွယ်ပေးနိုင်သောကြောင့်ပင် ဖြစ်ပေသည်။ နှလုံးသွင်းဖွယ်ရာ အချက်ကား လူမှန်သမျှ ချို့ယွင်းချက်ရှိသည်။ ထို့အတူ ဇနီးမောင်နှံတိုင်းတွင် ချို့ယွင်းချက်ကိုယ်စီ ရှိကြမည်။ ဒါကို မိမိချစ်သူအဖြစ် မေတ္တာစိတ်နှင့် ခွင့်လွှတ်မည်ဟူ၍ မိမိကိုယ်ကို သတိပေးရန်ပင် ဖြစ်ပေသည်။ ဤသို့ နှလုံးသွင်းခြင်းအားဖြင့် တရားသဘောအရ ငါတည်းဟူသော မာနစွဲကို ချိုးနှိမ်ရာရောက်ခြင်း၊ မေတ္တာတရား ပွားများရာရောက်ခြင်းတို့ ဖြစ်နိုင်သောကြောင့် အကုသိုလ်စိတ်များကိုပင် တစ်ဖက်တစ်လမ်းက ဖျောက်ပစ်ရာလည်း ရောက်နိုင်ပေသည်။

တစ်ယောက်ကိုတစ်ယောက် သဘောထားကြီးစွာ ခွင့်လွှတ်ခြင်းဟုဆိုရာ၌ ဗိုလ်မ ဆက်ဆံရေးကိစ္စကအစ နေရာတကာတွင် အဖက်ဖက်မှ ခွင့်လွှတ်ခြင်းကို ဆိုလိုပေသည်။ ယခင်က ဖော်ပြခဲ့ပြီးသလို တစ်ယောက်နှင့်တစ်ယောက် အကြိုက်ခြင်း မတူနိုင်ခြင်း၊ တစ်ယောက်က တစ်ခုလုပ်ချင်ချိန်တွင် ကျန်တစ်ယောက်က နောက်တစ်မျိုး လုပ်ချင်တတ်ခြင်းမျိုးက မကြာခဏ ကြုံတွေ့ရမည်ဖြစ်၍ တစ်ယောက်ယောက်က အလျှော့ပေး အလိုလိုက်ခြင်းအားဖြင့် အကျယ်အကျယ် မငြိမ်းမွယ် ဖြစ်လာခြင်းမျိုးကို ကာကွယ်နိုင်၏။ ဘာမှ အရေးမကြီးသော ကိစ္စကလေးတစ်ခုကြောင့် လင်မယား စကားများရသည့် အဖြစ်မျိုးကို ဟန့်တားနိုင်၏။

ဤသို့လျှင် သဘောထားကြီးစွာဖြင့် ခွင့်လွှတ်တတ်သော စိတ်မျိုး မွေးမြူပြီးနောက် အိမ်ထောင်ရေး သာယာအဆင်ပြေမှုအတွက် ထပ်ဆင့်အာမခံချက် ပေးသကဲ့သို့ဖြစ်အောင် ကြိုးစားရန်ကား တစ်ယောက်ကိုတစ်ယောက် ယုယကြင်နာ မြတ်နိုးမှု အစဉ်သဖြင့် ပြသရန်ပင်ဖြစ်၏။ အထူးသဖြင့် လက်ထပ်ပြီးကာစ သာယာ



ကြည်နူးဖွယ် "ဟန်းနီးမွန်း" အချိန်လွန်မြောက်၍ အတန်ကြာလာသောအခါ၌ အကြောင်းကြောင်းကြောင့် ယခင်ကလောက် ကြင်နာယုယမှု မပြဖြစ်တော့သည့် အခြေအနေမျိုးတွင် ဇနီးမောင်နှံနှစ်ဦးစလုံးသည် သတိထား ဆင်ခြင်၍ ချစ်ခင်မြတ်နိုးမှုကို ကြိုးစားပြသသင့်ကြပေသည်။

နိုင်ငံခြားမှ အိမ်ထောင်ရေး အကြံပေး ပုဂ္ဂိုလ်များကလည်း ဇနီးမောင်နှံ တစ်ယောက်ကိုတစ်ယောက် ကြင်နာယုယမှုများ အမြဲတစေ ပြသခြင်းသည် အိမ်ထောင်ရေး အရှည်သဖြင့် သာယာအဆင်ပြေစေရန် အမှန်ပင် လိုအပ်ကြောင်း အကြံပေး ရေးသားကြပေသည်။ တစ်ခါတစ်ရံ အကြောင်းတစ်ခုခုကြောင့် ဇနီးသည်မှာ ဝမ်းနည်းသလို အားငယ်သလို ဖြစ်နေတတ်၏။ သည်လိုအခါများတွင် အကင်းပါးသော လင်ယောကျ်ားဖြစ်ပါက ချစ်သူဇနီး၏ အရိပ်အကဲကိုကြည့်ပြီး ချော့မော့နှစ်သိမ့်ခြင်း၊ အားပေးစကားပြောခြင်း စသည်ဖြင့် မိမိ၏ စေတနာ မေတ္တာကို ပြသပါက မိန်းကလေးတွင် အထူးပင် အားတက်လာတတ်၏။ လောကကြီးတွင် ခင်ပွန်းသည်ကို အမှန်အားကိုးရသောသူအဖြစ် သိမြင်လျက် ချစ်ခင်မြတ်နိုးစိတ်များပင် တိုးလာတတ်ပေသည်။ဤအချက်ကို အိမ်ထောင်သက် အတန်ကြာလာသောအခါ၌ လင်ယောကျ်ားများ အထူးသတိထား သင့်ကြပေသည်။ မကြာခဏ စီးပွားရေး အလုပ်အကိုင် အဆင်မပြေမှု၊ ပင်ပန်းမှုတို့ကြောင့် လင်ယောကျ်ားက အိမ်ပြန်ရောက်ချိန် အေးအေးလူလူ အနားယူချင်နေခိုက် ဇနီးသည်က သူ ရင်ဆိုင်နေရသော ပြဿနာအကြောင်း၊ စိတ်ရှုပ်စရာ တစ်ခုခုအကြောင်းကို အားကိုးတကြီးနှင့် ပြောပြချင်တတ်၏။ ထိုအခါ လင်ယောကျ်ားသည် "အရေးထဲ မိန်းမက ရှုပ်နေပြန်ပါပြီ" ဟု ယူဆလျက် စိတ်တိုတိုနှင့် အော်ငေါက်ပစ်တတ်၏။ ဤတွင် ဘာမဟုတ်သော အကြောင်း

www.burmeseclassic.com

www.burmeseclassic.com


ကလေးကြောင့် လင်မယား ကတောက်ကဆဖြစ်ရန် လမ်းစ,ပေါ်လာ တတ်တော့၏။ အမှန်အားဖြင့် ဇနီးသည်က သူ့စိတ်ထဲ ခံစားရသော အကြောင်း တစ်စုံတစ်ရာကြောင့် ဝမ်းနည်းအားငယ်နေသည်ကို ခင်ပွန်းသည် လင်ယောကျ်ား ပြန်လာချိန်၌ အားကိုးတကြီးဖြင့် ရင်ဖွင့်သည့် သဘောဖြစ်ပေ၏။ ထိုအချိန်တွင် လင်ယောကျ်ား၊ ကိုယ်တိုင်က စိတ်ရှုပ်ပြီး အိမ်ပြန်လာသည့်အခါမျိုးနှင့် ကြုံကြိုက်ကောင်း ကြုံကြိုက်နေပေမည်။ သို့ရာတွင် လင်ယောကျ်ားအနေနှင့် မိမိ၏ စိတ်ရှုပ်မှုကို အသာဘေးချိတ်ပြီး ကိုယ်ကျိုးစွန့်သည့် သဘောဖြင့် အားနွဲ့သူ မိန်းမသားအား ဦးစားပေးကာ အရေးတယူ လက်ခံစကား ပြောခြင်း၊ နှစ်သိမ့်အားပေးခြင်းတို့ကိုသာ ကြိုးစားပြုသင့်ပေသည်။ သည်လိုအခါမျိုး၌ ဇနီးသည်မှာ ကြင်နာယုယမှု၊ နားလည်မှု၊ နှစ်သိမ့်အားပေးမှု အများဆုံး လိုအပ်တတ်ကြောင်းကိုလည်း သိထားသင့်ပေ၏။

မိန်းမတို့ သဘာဝအရ အားငယ်လွယ်တတ်သည်ဖြစ်ရာ အရေးရှိလျှင် ချစ်ခင်မြတ်နိုး အားကိုးရမည့် ခင်ပွန်းယောကျ်ား ကိုသာလျှင် ပြေးကပ်တိုင်တည်လိုသည့်ဆန္ဒ အစဉ်သဖြင့် ဖြစ်တတ်ကြောင်းကိုလည်း အိမ်ထောင်ရှင် ယောကျ်ားမှန်သမျှ နားလည် သဘောပေါက်ထားရမည် ဖြစ်၏။ သဘောပေါက်သည်နှင့်အမျှ ကာယကံမြောက်အနေနှင့်လည်း ဇနီးသည်အား နားလည်မှုပေးခြင်း၊ ကိုယ်ချင်းစာတရားဖြင့် ကြင်နာယုယခြင်း၊ နှစ်သိမ့်အားပေးခြင်းတို့ကို ကြိုးစားပြုသင့်ကြပေ၏။

ဤကား လင်ယောကျ်ားအတွက် အကြံပေးချက် ဖြစ်ပေရာ အိမ်ရှင်မဖြစ်သူ ဇနီးသည် အနေဖြင့်လည်း လိုက်နာသင့်သော အချက်များ ရှိပြန်လေသည်။ မိန်းကလေးကိုယ်တိုင်က မိမိ၏ လင်ယောကျ်ားကို တကယ်ချစ်မြတ်နိုးပါမူ မိမိ၏ ကိုယ်ရေးကိုယ်တာ ပြဿနာ စိတ်ရှုပ်စရာများ ရှိနေလျှင်ပင် ခင်ပွန်းသည်၏ အရိပ်အခြေကို လေ့လာအကဲခတ်ပြီးမှ ပြောသင့်လျှင်ပြော၊ မပြောသင့်လျှင် မပြောဘဲနေခြင်းကို ကြိုးစားလေ့ကျင့်သင့်၏။

အထူးသဖြင့် သားသမီးတွေ ရရှိလာပြီး အိမ်ထောင်၏ စားဝတ်နေရေးအတွက် လုံးဝတာဝန်ယူထားရသူ လင်ယောကျ်ားအဖို့ စီးပွားရေး အလုပ်အကိုင် အပေါက်အလမ်း မတည့်ချိန်၊ အိမ်ထောင်စရိတ်က ကြီးမြင့်လာချိန်မျိုးတွင် လင်ယောကျ်ားသည် စိတ်များကြည်လင်ခြင်း မရှိဘဲ ခေါင်းရှုပ်နေတတ်၏။ သူ့ဟာသူ စိတ်ညစ်စရာ ပြဿနာ မပြေလည်နေခိုက် နောက်ထပ်ဇနီးဖြစ်သူ၏ အခက်အခဲ ပြဿနာအကြောင်း လုံးဝ,မသိချင် ၊မကြားချင်သော အခြေအနေမျိုး ဖြစ်နေတတ်၏။ ယင်းသို့ဖြစ်နေလျှင် ဇနီးဖြစ်သူက အကင်းပါးစွာ သိရှိနားလည်ပြီး လင်ယောကျ်ား၊ နောက်ထပ် ခေါင်းရှုပ်စေမည့် စကားဟူ၍ တစ်ခွန်းမှ မပြောဘဲ ချစ်ကြည်ရင်းနှီးစွာ ချိုသာသော စကားမျိုးကိုသာ ပြောသင့်ပါ၏။ မိမိတွင် တိုင်ပင်စရာ၊ တင်ပြစရာ ပြဿနာ အခက်အခဲ ရှိနေသည်ထားဦး။ လင်ယောကျ်ား၏ မျက်နှာအမူအရာကိုကြည့်၍ ကြည်လင်သာယာပုံ မရပါက ခေတ္တဆိုင်းငံ့ထားပြီး နောက်တစ်ကြိမ် ခင်ပွန်းသည် စိတ်ကြည်လင် နေသည့် အချိန်မျိုးကျမှ ပြောဆိုသင့်ပေသည်။ ဤသို့ပြုနိုင်ပါမူ ဇနီးသည်အနေဖြင့် မိမိ၏ကိုယ်ရေးကိုယ်တာ ပြဿနာကို ထိပ်တန်း မတင်ဘဲ ချစ်သူလင်ယောကျ်ား၊ စိတ်ချမ်းသာမှုအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံရာလည်း ရောက်၏။ မိမိချစ်သူ စိတ်အနှောက်အယှက် မဖြစ်စေရန် အနစ်နာခံရခြင်း သည်ပင်လျှင် စိတ္တဗေဒပညာ သဘောအရ မိမိအတွက် ကျေနပ်ပီတိ ဖြစ်နိုင်ပါသေး၏။ တစ်ချိန်ထဲမှာပင် ယောကျ်ားဖြစ်သူက "ငါ့ဇနီးဟာ ငါ့အတွက်

www.burmeseclassic.com

ဦးစားပေး စေတနာထားပါကလား" ဟု တွေးမိပြီး ဇနီးသည်အပေါ် အချစ်တိုးလာသည့်အခြေအနေမျိုးပင် ဖြစ်လာနိုင်ပေသည်။

ဤသို့ပင်လျှင် ဇနီးမောင်နှံ နှစ်ဦးစလုံးက မိမိ၏ ကိုယ်ကျိုးကို စွန့်လွှတ်ခြင်း၊ တစ်ဖက်သားအား ကိုယ်ချင်းစာနာခြင်း၊ တစ်ယောက်ကိုတစ်ယောက် စိတ်ချမ်းသာအောင် အလိုက်သိစွာ ပြုမူပြောဆိုခြင်း၊ ယုယချော့မော့ခြင်း၊ နှစ်သိမ့်အားပေးခြင်းတို့ကို အပြန်အလှန် ကျင့်သုံးနိုင်ကြပါလျှင်ကား အိမ်ထောင်ရေး သာယာအဆင်ပြေမှုအတွက် ရာခိုင်နှုန်းပြည့်နီးပါး စိတ်ချနိုင်ပြီဟု တစ်ထစ်ချ မှတ်ယူနိုင်မည် ဖြစ်ပေသည်။ အထူးသဖြင့် အိမ်ထောင်သက် နှစ်များ ကြာညောင်းလာသည့်အခါ အထက်ပါအတိုင်း ပြုမူနိုင်မည်ဆိုလျှင် သာယာချမ်းမြေ့သော အိမ်ထောင်မှု အရသာကို ဝမ်းမြောက်ကြည်နူးစွာ ခံစားနိုင်ကြမည် ဖြစ်ပေသည်။

လက်ထပ်ပြီးကာစ ဇနီးမောင်နှံတို့နှင့် လက်ထပ်အံ့ဆဲဆဲ သတို့သမီး၊ သတို့သားလောင်းတို့အား အထူးတလည် သတိပေးလိုသည်ကား တစ်ယောက်နှင့်တစ်ယောက် စကားပြောပုံ ပြောနည်းပင်ဖြစ်၏။ သမီးရည်းစားဘဝ ချစ်သူချင်း ပြောပုံပြောနည်း၊ လက်ထပ်ကာစ အိမ်ထောင်ဦးကာလ ဇနီးမောင်နှံတို့ ပြောပုံပြောနည်းများသည် အချိန်ကာလ ရွေ့လျောလာသည်နှင့်အမျှ ကြာရှည်စွာ မတည်မြဲတတ်ဘဲ ကြာသော် နှစ်ယောက်စလုံး လေသံသည် တစ်စတစ်စ ပြောင်းလဲလာတတ်သည်ကို ကြိုတင်သိထားသင့်၏။ ဤအချက်ကို ပို၍ သိသာထင်ရှားစေရန် အောက်ဖော်ပြပါ ဝတ္ထုစာတတ်လမ်းသဖွယ် ရေးထားသော ဇနီးမောင်နှံ အချီအချ စကားပြောပုံကို လေ့လာကြည့်သင့်ပါ၏။

လက်မလွှတ်သေးသော သားသမီး သုံးယောက်ရှိသည့် အိမ်ထောင်တစ်ခုတွင် လင်ယောကျ်ားက အလုပ်သွားခါနီး



အဝတ်အစားလဲခြင်းမှအစ ဇနီးသည်၏ ကူညီပြင်ဆင်ပေးမှုကို သဘောကျ၏။ အိမ်ထောင်ကျပြီးချိန်မှစ၍ တကယ်လည်း ဇနီးသည်က လင်ယောကျ်ားအား လိုလေသေးမရှိ ပြုစုခဲ့၏။ သို့သော် သားသမီးများ၏ ဝေယျာဝစ္စ တာဝန်တွေ များလာသောအခါ ဇနီးသည်ခမျာ လင်ယောကျ်ားအား ယခင်ကလောက် ဂရုမစိုက်နိုင် ဖြစ်လာ၏။ ယောကျ်ားကတော့ ယခင်ကကဲ့သို့ပင် သူ့ကို ဂရုစိုက်စေချင်နေ၏။

တစ်နေ့သ၌ မနက်ကလေးက မီးဖိုချောင်ထဲ ချက်ပြုတ်နေရင်း ကလေးငယ်က တစာစာ အော်ငိုနေသဖြင့် ပြေးချော့လိုက်ရ၊ ကလေးအကြီးက ရေချိုးခန်းထဲ ဆော့နေပြန်၍ ဟစ်အော်သတိပေးရနှင့် အလုပ်များနေခိုက် အခန်းထဲ အဝတ်အစားလဲနေသော လင်ယောကျ်ား က လှမ်းခေါ်ပြန်၏။ ဤတွင် အောက်ပါစကားမျိုးတွေ အချီအချ ဖြစ်ပေါ်လာတော့၏။

"ခင်ရေ--ခင်၊ လာပါအုံးကွဲ့"

"အော်--မောင်ကလည်း အရေးထဲ ခေါ်နေပြန်ပါပြီ၊ ဒီမှာ ချက်ပြုတ်လို့ မပြီးသေးဘူးရှင့်"

"မပြီးသေးတာကို ခဏအသာထားပြီး လာခဲ့စမ်းပါ"

"ခက်လိုက်တာနော်၊ ဘာပြောမလို့လဲ၊ အဲဒီကနေ လှမ်းပြောပါလား၊ ဒီမှာ မပြီးသေးဘူး၊ ခဏချ,ထားပြီး လာလို့လည်း မဖြစ်ဘူး၊ ဟင်းတွေ ပစ်ရကုန်မှာပေါ့"

ဤတွင် ဇနီးသည်၏ "လေသံ" က အနည်းငယ် မာလာ၏။ ခင်ပွန်းသည် အပေါ် စိတ်တိုနေပုံရ၏။

"မင်းရဲ့ ဟင်းတွေက ဘယ်လောက် အရေးကြီးလို့လဲ၊ ဒီမှာ လက်ကိုင်ပုဝါ လျှော်ပြီးသား ရှာမတွေ့လို့ ခေါ်နေတာ"

www.burmeseclassic.com

လင်ယောကျ်ား၏ အသံကလည်း ယခင်ကထက် ပိုမာလာပေပြီ။ သူ ခေါ်တာကို ချက်ချင်း မလာရကောင်းလားဟု အလိုမကျဖြစ်နေပုံရ၏။

"အမယ်လေးတော် ၊ လက်ကိုင်ပုဝါ ရှာမတွေ့တာများ လူကိုလှမ်းခေါ်နေရသေးတယ်၊ ခုတင်ဘေးက ဘီဒိုထဲမှာ ကိုယ့်ဟာကိုယ် ရှာယူပါလား၊ ဒီမှာ မအားရတဲ့အထဲ"

ဖနီးသည်က အသေးအဖွဲကိစ္စကလေးအတွက် အရေးတကြီး ခေါ်ရပါမည်လားဟု ပို၍ စိတ်မရှည်ဟန်ဖြင့် အော်ပြောပြန်၏။

"ကိုယ့်ဟာကိုယ် ရှာမတွေ့နိုင်လို့ ခေါ်တာပေါ့ကွ ၊ ဘီဒိုထဲရှာတာ နံ့နေပြီ။ လက်ကိုင်ပုဝါဆိုလို့ တစ်ထည်မှတောင် မတွေ့ဘူး၊ ငါ့လဲ စိတ်တိုတိုနဲ့ ရှိသမျှအဝတ်တွေ အကုန်ဆွဲထုတ်ထားတာ အားလုံးကြမ်းပြင်ပေါ် ပြန့်ကြဲနေပြီ"

လင်ယောကျ်ား ပြောလိုက်ပုံက ဘုကျကျ ဖြစ်နေသည်ဟု ယူဆသူ ဖနီးသည်ကလည်း ပို၍ စိတ်တိုလာပါလေပြီ။

"လက်ကိုင်ပုဝါ ရှာမတွေ့တာနဲ့ ဘာဖြစ်လို့ ဘီဒိုထဲက အဝတ်အစားတွေ အကုန် ထုတ်ပစ်လိုက်ရတာလဲ၊ ပြီးတော့ ရှင်ဒီတိုင်းပစ်ထားခဲ့ပြီး ထွက်သွားရင် ဘယ်သူက ပြန်သိမ်းမှာလဲ"

"ဒီတိုင်းပစ်ထားခဲ့ရမှာပဲ၊ ဘယ်သူက သိမ်းမယ်ဆိုတာတော့ မသိဘူး၊ အရေးကြီးတာက ငါ့ လက်ကိုင်ပုဝါတွေ ဘယ်ရောက်ကုန်သလဲ၊ ဘယ်သူများ ထုတ်ကိုင်လို့လဲ"

ယောကျ်ား၏ အသံက တင်းမာသည်ထက် တင်းမာလာပြီး အပြစ်တင်ဟန်ဖြင့် ပြောလိုက်သောအခါ ဖနီးသည်ကလည်း ပြန်၍ အရွဲ့တိုက်လိုစိတ် ဖြစ်ပေါ်လာတော့၏။

"အော်—ရှင့်လက်ကိုင်ပုဝါတွေကိုလေ ကျွန်မ အကုန်ကိုက်စားလိုက်ပြီရှင့်၊ မနေ့က စားစရာ မရှိလို့ ဝါးစားပစ်လိုက်တယ်"



ဖနီးသည်က ဤသို့ ဘောက်ကျကျ ပြန်ပြောလိုက်သောအခါ ယောကျ်ားတွင် ပို၍ပင် ဒေါသထွက်လာပြီးနောက် ဆက်လက်ပြောနေလျှင် လွန်သည်ထက် လွန်လာတော့မည်ဟု တွေးမိဟန်ဖြင့် ခြေသံပြင်းပြင်း ဆောင့်နင်းလျက် အလုပ်သို့ ထွက်သွားလေတော့သည်။

ဖနီးသည်က အချိန်တန်၍ မီးဖိုထဲမှ ထွက်လာပြီး လင်တော်မောင် ဆွဲထုတ်ဖြန့်ကြဲထားသည့် အဝတ်အစားတွေကို ကြည့်ရင်း တစ်ယောက်ထဲ ဒေါသဖြစ်နေပြန်လေသည်။

ထိုနေ့အဖို့ ဖနီးမောင်နှံ နှစ်ဦးစလုံးသည် စိတ်ကြည်လင်ရွှင်ပျခြင်း မရှိနိုင်တော့ပေ။ ယောကျ်ားလုပ်သူက အလုပ်ခွင်သို့ ရောက်သွားသည့်တိုင်အောင် ဒေါသစိတ် မပြေနိုင်သေးသလို ဖနီးသည်ကလည်း တစ်နေ့လုံး ခင်ပွန်းသည်အပေါ် မကျေမနပ်ဖြစ်နေတော့၏။

ယင်းအဖြစ်အပျက်ကို ပြန်လည်သုံးသပ်ကြည့်သော် နှစ်ဦးစလုံးတွင် ချို့ယွင်းချက်ရှိကြောင်း တွေ့ရမည်ဖြစ်၏။ သူတို့မောင်နှံသည် သားသမီးသုံးယောက် ရ,လာပြီးနောက် အိမ်ထောင့်တာဝန်၊ ကလေးတွေတာဝန် များပြားလာချိန်၌ စိတ်ရောလူပါပင်ပန်းပြီး အေးအေးဆေးဆေး နေနိုင်မည့်အချိန်က နည်းလာသည်နှင့်အမျှ သမီးရည်းစားဘဝ၊ လက်ထပ်ကာစ အချိန်ကာလတုန်းကလို တစ်ယောက်နှင့် တစ်ယောက် ချစ်ကြည်ချိုသာစွာ ဆက်ဆံပြောဆိုခြင်း မပြုနိုင်တော့ချေ။ ဒါကိုလည်း သူတို့ကိုယ်တိုင်က အမှုမဲ့ အမှတ်မဲ့နေခဲ့၍ ပြန်လည်ဝေဖန်သုံးသပ်ခြင်း မပြုသောကြောင့် မသိကြဘဲဖြစ်နေ၏။ စိတ်ရှုပ်လျှင် ရှုပ်သလို တစ်ယောက်က ဘုပြောသည့်အခါ ကျန်တစ်ယောက်က ဘောက်ပြန်ပြောတတ်လာ၏။ ထို့ကြောင့်ပင်

www.burmeseclassic.com

www.burmeseclassic.com

လင်ယောကျ်ားက အလုပ်သွားကာနီး လက်ကိုင်ပုဝါ ရှာမတွေ့၍ ဘယ်ရောက်ကုန်လဲဟု မေးသောအခါ ဇနီးသည်ဖြစ်သူ "လက်ကိုင်ပုဝါကို ကိုက်စားပစ်လိုက်ပြီ" ဟု အခွဲ့တိုက် ပြောလိုက်ခြင်းပင် ဖြစ်ပေသည်။ သည်လိုပြောလိုက်ခြင်းအားဖြင့် လင်ယောကျ်ားတွင် ပို၍ ဒေါသဖြစ်ရုံမှလွဲ၍ မည်သို့မှ ပြဿနာ၏ အဖြေကို ရှာရာမရောက်ပေ။

ဖြစ်သင့်သည်ကား တစ်ယောက်က တင်းနေလျှင် တစ်ယောက်က လျှော့ပေးလိုက်ရန်ပင် ဖြစ်၏။ ယောကျ်ားက ချစ်ဇနီးအား ချစ်ခင်အားကိုးသည့်သဘော ကလေးက မိခင်ထံ ပူဆာသလို လက်ကိုင်ပုဝါတောင်းခြင်းပဲဟု ယူဆလိုက်လျှင် ပြီး၏။ ဤတွင် ဇနီးသည်က–

"ဟုတ်တယ်၊ မောင်ရေ၊ မနေ့က သားသားကလေး နေမကောင်းလို့ ခင်လဲ အဝတ်မလျှော်ဖြစ်ခဲ့ဘူး၊ ကုတင်အောက်က သေတ္တာထဲမှာ လက်ကိုင်ပုဝါအသစ်တွေ ဝယ်ထားတာ ရှိပါတယ်။ အဲဒီထဲကပဲ မောင်တစ်ထည်ယူသွားပါတော့၊ ခင့်ကိုတော့ မီးဖိုထဲက ထွက်မလာနိုင်တာကို ခွင့်လွှတ်ပါနော်၊ ဒီညနေ လက်ကိုင်ပုဝါတွေ အားလုံး ခင် လျှော်ထားလိုက်ပါ့မယ်"

ချိုချိုသာသာ ပြောလိုက်ပါက လင်တော်မောင် ငနဲသားမှာ ဒေါသမဖြစ်ရုံမက ချစ်ဇနီးအား ဆထက်တံပိုး အချစ်တွေ တိုးလာသည့် အဖြစ်မျိုးပင် ရောက်သွားနိုင်ပေသည်။

ယခုတော့မူ ထိုသို့မဟုတ်ဘဲ ဇနီးသည်က ကလေးတွေ ကာဝန်ကိစ္စ၊ မီးဖိုချောင်ကိစ္စတွေကြောင့် စိတ်ရှုပ်နေရိုက် ယောကျ်ားကလည်း အလုပ်သွားခါနီးမှ လက်ကိုင်ပုဝါ ရှာမတွေ့၍ စိတ်တိုနေချိန်ဝယ် တစ်ယောက်နှင့်တစ်ယောက် စကားကို ချိုချိုသာသာ မပြောကြဘဲ ဒေါသဖြစ်ဟန်နှင့် ပြောရာမှ လေသံက ပြင်းသည်ထက် ပြင်းလာကာ ဘုတွေ ဘောက်တွေ ပြောမိသည်အထိ ပြဿနာ ဖြစ်လာခဲ့ရတော့၏။

ဤဖြစ်ရပ်ကို ဖော်ပြရခြင်းမှာ အဓိပ္ပါယ် ရှင်းလင်းအောင် သာဓကတစ်ရပ်အဖြစ်သာ ထောက်ပြလို၍ ဖြစ်ပြီး အလားတူ ဖြစ်ရပ်မျိုးတွေ မကြာခဏ အိမ်ထောင်ရှင်ဘဝတွင် ကြုံတွေ့နိုင်ပေသည်။ ရုတ်တရက်ကြည့်လျှင် အသေးအဖွဲကိစ္စဟုသာ မြင်ကြပြီး စကားကို စိတ်လိုက်မာန်ပါ မဆင်မခြင် ပြောမိကြသောအခါမှ အသေးအဖွဲကိစ္စက လင်မယား စကားများရသည်အထိ ကြီးကျယ်သော ပြဿနာမျိုး ဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် အိမ်ထောင်ရေး သာယာမှု ရှိစေရန်အတွက် စကားပြော သတိထားဆင်ခြင်ခြင်းသည် အလွန်အရေးကြီးကြောင်း ဇနီးမောင်နှံတိုင်းက အိမ်ထောင်ဦး ကာလ မှစ၍ နားလည်သိရှိထားသင့်ပေသည်။ တစ်ခါတစ်ရံ တစ်ယောက်က မစဉ်းစားဘဲ အမှတ်မဲ့ ပြောလိုက်သောအခါ ကျန်တစ်ယောက်က ပိသာလေးနှင့် ဘေးပစ်လိုက်သလို နာကျည်းစွာ ခံစားရသည့် အဖြစ်မျိုး ကြုံရတတ်လေသည်။ ပြောလိုက်သူကတော့ အမှတ်မထင် ပြောလိုက်ခြင်းဖြစ်၍ ခပ်အေးအေး ခပ်ပေါ့ပေါ့ပင် နေမည် ဖြစ်သော်လည်း အပြောခံရသူအဖို့မှာမူ တော်ရုံနှင့် စိတ်ထဲ မပြေနိုင်အောင် မကျေမချမ်း ဖြစ်နေတတ်၏။ အမှန်တော့ ပြောသူက တစ်ဖက်သား စိတ်ထိခိုက်စေလို၍ ပြောခြင်းမဟုတ်။ စေတနာရိုးနှင့် ပြောလိုက်ခြင်းသာ ဖြစ်သည်။ သို့သော် စကား၏ အဓိပ္ပါယ် သက်ရောက်မှု အကျယ်ကို မတွေးမိဘဲ ခပ်ပေါ့ပေါ့ ပြောလိုက်ရာမှ ကြားရသူတွင် အဓိပ္ပါယ် အကုန်တွေးပြီးအောင် သက်သက်ခံစားရခြင်းမျိုး ဖြစ်တတ်ပေသည်။ အထူးသဖြင့် အိမ်ထောင်သက် ကြာရှည်လာပြီး သမီးရည်းစားတုန်းကလို အချိုပေါ် သကာလောင်း ပြောသည့် ချိုချိုသာသာ ပြောပုံပြောနည်းများ

www.burmeseclassic.com

မေ့ပျောက်လာချိန်တွင် ဇနီးမောင်နှံတို့သည် စကားပြောဆင်ခြင်ရန်၊ ပြောလျှင်လည်း စဉ်းစားပြီးမှ ပြောရန် လိုအပ်လာပေသည်။ များသောအားဖြင့် ကတောက်ကဆ ဖြစ်ကြသော လင်မယားများ၏ အဖြစ်သည် ကြီးကြီးကျယ်ကျယ်ကိစ္စက စ,သည်မဟုတ်။ အမှုမဲ့ အမှတ်မဲ့ စကားပြောရာမှ တစ်ယောက်ကိုတစ်ယောက် အနိုင်လု ပြောရင်း တစ်ဖြည်းဖြည်း လေသံ ပြင်းလာပြီး လင်မယား စကားများရသည့်အဖြစ်သို့ ရောက်ရှိသွားတတ်ပေသည်။

လင်ယောကျ်ားအနေဖြင့် ဇနီးသည်အား ဆက်ဆံပြောဆိုရာတွင် သတိထား ဆင်ခြင်ရန် အထူးလိုအပ်ပေသည်။ ထို့ပြင် မိန်းမတို့၏ စိတ်နေစိတ်ထားနှင့် ပတ်သက်၍ သူတို့သဘာဝအကြောင်း စိတ္တဗေဒ ပညာနည်းအရ ယောကျ်ားများက နားလည် သိရှိထားသင့်ပါ၏။ တစ်ခါတစ်ရံ ယောကျ်ားများအနေနှင့် အဓိပ္ပါယ်မရှိဟု ယူဆရသော အပိုစကားမျိုးတွေလည်း မိန်းကလေးက ပြောတတ်လေရာ သည်လို အခါများတွင် လင်ယောကျ်ားများအနေဖြင့် "အော်--ဒါက သူတို့ရဲ့ သဘာဝပေကိုး" ဟု တွေးတော ခွင့်လွှတ်လျက် စကားကို အလိုက်အထိုက် ဖျောင်းဖျပြောဆိုသင့်ပေသည်။ မိန်းမတို့၏ သဘာဝ တစ်ခုကား သားသမီးတွေ ထွန်းကားပြီး အိမ်ထောင်သက် ကြာရှည်လာသည့်တိုင်အောင် သမီးရည်းစားတုန်းကလို လင် ယောကျ်ား၏ ကြင်နာယုယမှု၊ ချော့မော့နှစ်သိမ့်မှုကို ဆက်လက် ခံစားလိုခြင်းပင် ဖြစ်၏။ ခံစားလိုရုံမက ချစ်သူယောကျ်ား၏ ယုယမြတ်နိုးမှုကို အမြဲတစေ မျှော်လင့်နေတတ်၏။ ယောကျ်ားက ချော့မော့နှစ်သိမ့်လိုကြား စကား စ,တတ်၏။ ဒါကို အကင်းမပါးသော ယောကျ်ားက အကဲမခတ်မိဘဲ လျစ်လျူရှုလျှင်ဖြစ်စေ စကားကို ကျကျ ပြန်ပြောလျှင်ဖြစ်စေ မိန်းကလေးတွင် အကြီးအကျယ် ဝမ်းနည်းယူကြုံးမရ ဖြစ်ရတတ်၏။ "ငါ့ယောကျ်ားဟာ ငါ့ကိုအရင်လို



မချစ်တော့ဘူး" ဟူ၍ အဓိပ္ပါယ် ကောက်ယူတတ်၏။ ဤသို့ဖြစ်ရာမှ ဇနီးမောင်နှံတို့၏ အိမ်ထောင်သာယာမှုကို ထိခိုက်လာစေနိုင်၏။

အောက်ပါ ဇနီးမောင်နှံတို့၏ ဖြစ်ရပ်ကလေးကို သာဓက တစ်ခုအဖြစ် လေ့လာကြည့်ကြပါဦး။

ကျောင်းသူ ကျောင်းသားဘဝက တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်စုံမက်ခဲ့ပြီးနောက် နှစ်ယောက်စလုံး ပညာစုံကြသောအခါ တင့်တင့်တယ်တယ် ထိမ်းမြားလက်ထပ်ခဲ့ကြသော ဇနီးမောင်နှံ တို့ရှိကြ၏။ အိမ်ထောင်ရှင်ဖြစ်လာသောအခါ၌လည်း တစ်ယောက်ကို တစ်ယောက် ချစ်ခင်ကြင်နာစွာနေကြသဖြင့် သူတို့၏ အိမ်ထောင် ရေးမှာ သာယာအဆင်ပြေခဲ့၏။ သည်လိုနှင့် အိမ်ထောင်သက် ဆယ်နှစ်ခန့် ကြာသွားသောအခါ သားသမီးငါးယောက် ထွန်းကား ရှိလာချိန်၌ လင်ယောကျ်ားမှာ အလုပ်အကိုင်ရာထူး တိုးလာသည်နှင့် အမျှ အချိန်ပိုအလုပ်ဆင်းရ၊ အစည်းအဝေးတွေတက်ရနှင့် အလွန် အလုပ်များခြင်းကြောင့် အိမ်တွင်ရှိနေသည့်အချိန်က နည်းလာ၏။ အထူးသဖြင့် နေ့စဉ်လိုလိုပင် အလုပ်မှအိမ်သို့ ပြန်ချိန် နောက်ကျ တတ်၏။

ဇနီးသည်မှာ ကလေးငါးယောက်မိခင် ဖြစ်လာသော သူ၏ ရုပ်ရည်ကို မှန်ထဲကြည့်ပြီး အားငယ်ကာ စိတ်ဓါတ်ကျနေလေသည်။ ရုပ်နာမ်သင်္ခါရတို့၏ ဖြစ်ပျက်ခြင်း တရားသဘောက မဆင်ခြင်မိဘဲ ဇရာကြောင့် ဆယ်နှစ်ကာလအတွင်း ပြောင်းလဲလာသော သူ၏ ခန္ဓာကိုယ်နှင့် အင်္ဂါရုပ်ကို "ငါဟာ ငယ်ငယ်ကလို မလှတော့ ပါလား" ဟု တွေးပြီး တုန်လှုပ်ချောက်ခြားနေရှာ၏။ တဆက်တည်းမှာပင် ခင်ပွန်းသည် လင်ယောကျ်ားက သူ့အပေါ် ယခင်ကလိုမှ ချစ်ခင်မြတ်နိုးပါ့မလားဟု သံသယစိတ်သည် မသိမသာ ဖြစ်ပေါ် လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ လင်ယောကျ်ားက အလုပ်များသည်ဆိုပြီး အိမ်ပြန်နောက်ကျခြင်း၊ တနင်္ဂနွေလို အလုပ်အားရက်များတွင် အလုပ်ကိစ္စ ရှိသေးသည်ဆိုကာ ထွက်သွားတတ်ခြင်း၊ တစ်နေ့တစ်နေ့ အိမ်မှာရှိသည့်အချိန်က နည်းလှခြင်းတို့ကို သတိပြုမိသည့်ပြင် အိမ်ရောက်တော့လည်း ယောကျ်ားသည် (အလုပ်တာဝန်တွေကြောင့် စိတ်ရှုပ်နေသဖြင့်) ဇနီးသည်အား ချစ်ရေးပျူငှာ ချိုသာစွာသော စကားမျိုး အပြောနည်းလာခြင်းတို့ကြောင့် မိန်းကလေးခမျာ ပို၍ပင် သိမ်ငယ်သည့်စိတ် ဖြစ်ပေါ်မိရှာလေသည်။ တစ်ချိန်တည်းမှာပင် မှန်ထဲကြည့်၍ မြင်ရသောသူ၏ ရုပ်ရည်ကို စိတ်ပျက်ရာမှ ငါ့ယောကျ်ားဟာ တစ်ခြားမိန်းမ ငယ်ငယ်ချောချောကလေးများ တွေ့နေရော့သလား စသည်ဖြင့် တွေးပူလာမိပြန်၏။

ဤသို့လျှင် စိုးရိမ်မှု၊ သိမ်ငယ်မှုများဖြင့် စိတ်ခါတ်ကျနေသော ဇနီးသည်ခမျာ တစ်နေ့တွင် ခါတိုင်းထက်ပို၍ အားငယ်နေမိသဖြင့် လင်ယောကျ်ားပြန်လာသောအခါ ဖွင့်မေးမည်ဟု ကြံစည်မိ၏။ ထိုနေ့ည အတော်မိုးချုပ်မှ ခင်ပွန်းသည်က အိမ်ပြန်လာပြီး စကား များများပင် မပြောဘဲ အိပ်ယာဝင်လေတော့ရာ ဇနီးသည်ခမျာ သူ့ရင်ထဲ တအုံနွေးနွေး ဖြစ်နေသောကိစ္စကို ဖွင့်မေးရန် ဆုံးဖြတ်လိုက်၏။

"မောင်"

"ဟင်"

ယောကျ်ားပါးစပ်က ဝတ်ကျေဝတ်ကုန် ထူးလိုက်သော်လည်း လူကတော့ အိပ်ယာပေါ် လှဲအိပ်နေပြီးဖြစ်၏။

"မောင်ရေ"

"ဘာတုန်း"



သည်တစ်ခါလည်း ယောကျ်ားက မျက်လုံးမဖွင့်ဘဲ ပြန်မေးလိုက်သည်။

"မောင်ဟာလေ၊ ခင့်ကို အရင်ကလိုမှ ချစ်သေးရဲ့လားဟင်"

"ဟင်--မင်းကလဲ၊ အရေးထဲ ကလေးကလား စကားတွေ ပြောနေပြန်ပါပြီ၊ အိပ်မှာဖြင့် အိပ်စမ်းပါ"

ယောကျ်ားက သည်လိုပြောလိုက်သောအခါ ဇနီးသည်မှာ လုံးဝ မကျေနပ်နိုင်ဆွေး သူ့ယောကျ်ားက မချစ်တော့လို့သာ ဒီလိုပြောလိုက်ခြင်းဖြစ်သည်ဟု ပို၍ စိုးရိမ်သွားရှာ၏။

"ခင်မေးတာကို ဖြေစမ်းပါအုံး၊ မောင်ဟာ ခင့်ကို အရင်ကလိုပဲ ချစ်သေးရဲ့လားလို့"

"ဟာ–သွားစမ်းပါကွာ၊ ဒီမှာ ပင်ပန်းလွန်းလို့ အိပ်ချင်ရတဲ့ အထဲ"

"ဘာလဲ– ခင်မေးတာ မဖြေတာဟာ ခင့်ကို မချစ်တော့လို့ မဟုတ်လား"

ဇနီးသည်က ငိုသံပါနှင့် ဆက်ပြောလိုက်ချိန်တွင်ကား လင်ယောကျ်ားမှာ ထိုစကားကိုပင် မကြားတော့။ တစ်ခေါခေါနှင့် ဟောက်ရင်း အိပ်ပျော်လျက် ရှိနေပေပြီ။ မိန်းကလေးမှာ လင်ယောကျ်ားထံမှ ချစ်ခင်ကြင်နာသော စကားများ ကြားရပြီး ယုယ နှစ်သိမ့်မှု ရလေမလားဟု မျှော်လင့်ချက်ကြီးစွာဖြင့် စကားစ ခဲ့ခြင်းဖြစ်ရာ ယခုတော့ ထင်သလို မဖြစ်လာသောကြောင့် ဝမ်းနည်း ပမ်းနည်း ငိုချလိုက်ရှာပါတော့သည်။

အထက်ပါ အဖြစ်အပျက်ကို ပြန်လည်သုံးသပ်ကြည့်ကြပါစို့။

အမှန်က လင်ယောကျ်ားသည် ထိုနေ့က အလု[illegible]ကိစ္စတွေ များပြားပြီး စိတ်ကရှုပ်၊ လူကပင်ပန်းလွန်း၍ အိမ်ရောက်ရောက်ချင်း ဘာစကားမှ မပြောဘဲ အလွန်အိပ်ချင်နေသဖြင့် အိပ်ယာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပစ်အိပ်ချလိုက်ခြင်းသာ ဖြစ်၏။ သူနှင့်သားသမီး ငါးယောက်ရလာသည်အထိ ချစ်ခင်ပေါင်းသင်းခဲ့သူ ဇနီးသည်အား မချစ်တော့၍ မဟုတ်။ ချစ်မြဲချစ်နေပါ၏။ ဇနီးသည်က ထင်သလို အခြားမိန်းကလေး ငယ်ငယ်ချောချောများနှင့်လည်း ဘာအရှုပ်အရှက်မှ မရှိ။ သူသည် ပင်ကိုယ်က အပျော်အပါး လိုက်စားသူ မဟုတ်။ လူရိုး လူအေး တစ်ယောက်ဖြစ်လေသည်။ ချစ်သူနှင့် ငယ်ရွယ်စဉ်က စတင်မေတ္တာနှောင်ကြိုး သွယ်တန်းမိပြီး အသက်ထက်ဆုံး သစ္စာရှိစွာ ပေါင်းသင်းသွားပါမည်ဟု အခိုင်အမာ စိတ်ပိုင်းဖြတ်ထားသူလည်း ဖြစ်၏။ သို့သော် ရာထူးတိုးပြီး အလုပ်တာဝန်တွေ များပြားလာသော လူလတ်ပိုင်းအရွယ်တွင် စိတ်မော လူမော မကြာခဏ ဖြစ်ရသဖြင့် အိမ်ပြန်ရောက်သည့်အခါ ချစ်သူဇနီးအား ယုယကြင်နာမှု၊ ချိုသာ ချစ်ကြည်သော စကားဆိုမှုများ မပြုနိုင်ခြင်းသာလျှင် ဖြစ်ပေသည်။ သူ၏စိတ်ထဲတွင်ကား သားသမီးငါးယောက် ရသည့်တိုင်အောင် ပေါင်းသင်းလာခဲ့မှတော့ သူတို့ဇနီးမောင်နှံ၏အချစ်ကို မည်သို့မှ သံသယဖြစ်စရာ အကြောင်းမရှိဟု လေ့နံ့ခါးထစ် မှတ်ယူထားပြီးဖြစ်၏။ ငယ်စဉ်တုန်းကလို တစ်ယောက်ကိုတစ်ယောက် "ချစ်ရဲ့လား" ၊ "ချစ်ပါတယ်" စသည်ဖြင့် အချီအချ သစ္စာတိုင်နေစရာ မလိုတော့ဟုလည်း ယူဆ၏။ ထို့ကြောင့် မောမောနှင့် အိမ်ပြန်လာချိန်တွင် ကလေးငါးယောက်မိခင်က "ချစ်ရဲ့လား" ဟု မေးသည်ကို ကလေးကလား ပြောရန်ကောဟု သဘောထားလျက် ပေါ့ပေါ့ဆဆပင် နေလိုက်ခြင်း ဖြစ်ပေသည်။

ထိုအချိန်၌ ဇနီးသည်ခမျာမှာ ဇရာတည်းဟူသော တရား၏ အရိပ်အယောင်များ လက်တွေ့မြင်နေရပြီဖြစ်သည့် သူ၏ခန္ဓာကိုယ်နှင့် ရုပ်ရည်ကို မှန်ထဲကြည့်ပြီး စိတ်အားငယ်နေရှာလေရာ လင်ယောကျ်ားက "ချစ်ပါတယ်" ဟု ပြောရန် ဝန်လေးနေသလို ဖြစ်နေသော



ကြောင့် အထူးပင် စိတ်ထိခိုက်သွားပါတော့သည်။ မိန်းမတို့ဘာဝ ယောကျ်ားဟူသည် အိမ်ထောင်သက် ကြာရှည်လာသောအခါ အငယ်အနှောင်းများ ယူတတ်သည်ဟု စိုးရိမ်သည့်စိတ်ကလည်း ရှိသောကြောင့် ယခု မိမိမေးသော မေးခွန်းကိုပင် မဖြေဘဲ လျစ်လျူရှုကာ အိပ်ပျော်အောင် အိပ်ချလိုက်သည်တွင် မည်သို့မှ ဖြေမဆည်နိုင်တော့လျက် ချုံးပွဲချ ငိုကြွေးရသည့်အဖြစ်သို့ ရောက်ခဲ့ရ ရှာလေသည်။

တစ်ချိန်ထဲမှာပင် သူ၏စိတ်ထဲ၌ "ငါ့ယောကျ်ားဟာ ငါ့ကို မချစ်တော့ပါဘူး၊ ကေန္တ သူ့မှာ ချစ်စရာ အသစ်တစ်ယောက် တွေ့နေပါပြီ"ဟု တစ်ထစ်ချ တွက်လိုက်မိလေသည်။ အမှန် မဟုတ်ပါဘဲလျက် ယင်းသို့အထင်မှားခြင်းသည် အိမ်ထောင်တစ်ခု ပြိုကွဲပျက်စီးသွားလောက်အောင်ပင် ဖန်တီးလာနိုင်ကြောင်းကိုကား သူတို့နှစ်ဦးစလုံးက မစဉ်းစားမိကြချေ။ ဤသည်ပင်လျှင် အိမ်ထောင်ရေး သာယာအဆင်ပြေမှုအတွက် အန္တရာယ်တစ်ခု ဖြစ်လာတတ်ပေသည်။

မိန်းကလေးသည် လင်ယောကျ်ားက သူ့အား မချစ်တော့ဟု ထင်မိလိုက်ပြီးနောက် ပြန်၍အရွဲ့တိုက်လိုစိတ် ဖြစ်ပေါ်လာတတ်၏။ စကားကိုလည်း ချိုချိုသာသာ မပြောတော့ဘဲ ချစ်ခင်ယုယမှုအားလုံးကို သားသမီးများအပေါ်သို့သာ ပုံအပ်ကာ ခင်ပွန်းသည်အား ဂရုမစိုက်တော့ဘဲ နေလိုစိတ်မျိုး ဖြစ်ပေါ်တတ်၏။ လင်ယောကျ်ားက မောမောပန်းပန်းနှင့် ပြန်လာသည့်အခါ ဆီးကြိုနှုတ်ဆက်ခြင်း၊ အားပေးစကားပြောခြင်းများကိုလည်း မပြုချင်တော့။ ကိုယ့်ဟာကိုယ် ဖာသိဖာသာ နေတတ်လာ၏။ ဤသို့ဖြစ်လာပါမှ ဇနီးမောင်နှံတို့သည် တစ်ဦးနှင့်တစ်ဦး တစ်ဖြည်းဖြည်း ဝေးသည်ထက် ဝေးလာကာ လင်မယား အကြီးအကျယ် ပြဿနာဖြစ်ရသည့်အခြေအနေသို့

www.burmeseclassic.com

www.burmeseclassic.com



ဦးတည်လာတတ်ပေသည်။ ထို့ကြောင့် ဇနီးမောင်နှံတိုင်းသည် ဤအဖြစ်မျိုးမှ တစ်ဆင့် အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ရတတ်သည့် အန္တရာယ်မျိုး ရှိနိုင်ကြောင်းကို သတိထား ဆင်ခြင်ကြရန် အထူးလိုအပ်ပေသည်။

အထက်ဖော်ပြပါ အိမ်ထောင်ရှင် ဇနီးမောင်နှံတို့ဆိုလျှင် နှစ်ဦးစလုံး၌ ချို့ယွင်းချက် မကင်းကြဟု ဝေဖန်ရပေမည်။ အထူးသဖြင့် လင်ယောကျ်ားလုပ်သူတွင် ပို၍တာဝန်ရှိပေ၏။ မိန်းမတို့၏ သဘာဝအရ မိမိ၏ လင်ယောကျ်ားသည် အချစ်တွေ ပြယ်ပြီး နောက်ထပ်ချစ်သူအသစ် တွေ့သွားလေမလားဟု စိုးရိမ်တတ်ကြသည်မှာ ဓမ္မတာပါကလား ဟု ယောကျ်ားအနေဖြင့် သိရှိနားလည်ထားရပေမည်။ မိမိတွင် မည်မျှပင် အလုပ်ပင်ပန်းလွန်း၍ စိတ်ရှုပ်နေစေကာမူ အိမ်ပြန်ရောက်သောအခါ ကြင်ယာဇနီးအား ယုယမြတ်နိုးမှုကို အတတ်နိုင်ဆုံး ပြသ,သင့်ပါ၏။ မိန်းကလေးက–

"မောင်ဟာ ခင့်ကို ချစ်သေးရဲ့လား"

–ဟု မေးသည်ကိုလည်း ကလေးကလား စကားမျိုး ပြောရကောင်းလားဟု အပြစ်မမြင်သင့်။ သူ့ခမျာ ငါ့အပေါ် ချစ်မြတ်နိုး၍သာ မေးခြင်းဖြစ်သည်ဟု ယူဆအပ်၏။ ပင်ပန်းလာ၍ အိပ်ချင်နေခိုက် ဖြစ်နေလင့်ကစား ချစ်ဇနီး၏ မေးခွန်းကို ကျေနပ်လောက်အောင် အဖြေပေးသင့်၏။

"အော်–ခင်ကလဲ မေးမှမေးတတ်ပလေတယ်၊ အရင်ကလို ချစ်ရုံမကဘူး၊ အခုပိုလို့တောင် ချစ်ပါသေးတယ်ဗျ၊ ချစ်သမှ သိတ်ချစ်တာ ၊ အသဲထဲ အူထဲက လှိုက်လှိုက်လှဲလှဲ ချစ်ပါသတဲ့ဗျား၊ ကိုင်း– ကျေနပ်ပလား"

–ဟု အိပ်ချင်စိတ်ကို ဖျောက်ဖယ်ထားပြီး ပြောပြောဆိုဆို ဇနီးသည်အား သိမ်းကြုံးပွေ့ဖက်လျက် ယုယုယယ မွေးမွေးပေး



လိုက်လျှင် မိန်းကလေးအဖို့ သိန်းထီပေါက်သည်ထက်ပင် ဝမ်းမြောက်ကြည်နူး ပီတိဖြစ်သွားနိုင်ကြောင်း သိထားသင့်ပေသည်။

ဆိုလိုသည်ကား ယောကျ်ားအနေဖြင့် အားနွဲ့သော မိန်းမသားအပေါ် အခါခပ်သိမ်း ညှာတာထောက်ထားရမည်ဆိုသည့် ဥပဒေသကို အစဉ်မပြတ် သတိချပ်စေချင်သည့် သဘောပင်ဖြစ်၏။ မိမိချစ်မြတ်နိုး၍ ယူထားသော ဇနီးသည်အား သမီးရည်းစားဘဝ ညားကာစ အချိန်ကာလတုန်းကလို ကန့်ကရ ကလေးကလား ပြောဆိုပြုမူခြင်း မလိုတော့ဟု ဘယ်သောအခါမှ မမှတ်အပ်။ မိန်းမတို့ သဘာဝအရ ဇနီးမောင်နှံ အဖိုးကြီး၊ အမယ်ကြီး အရွယ်သို့ ရောက်နေစေကာမူ ခင်ပွန်းသည်က "ချစ်ပါတယ်"ဟု ပြောလိုက်ခြင်းသည် သာယာနာပျော်ဖွယ် အကောင်းဆုံး ဂီတသံကဲ့သို့ ဖြစ်နေမည်သာတည်း။

အဆိုပါ မိန်းမတို့၏ သဘာဝ စိတ်ထားကို လင်ယောကျ်ားက သိရှိနားလည်ပြီး ချစ်သူဇနီး၏ အခြေအနေ အရိပ်အကဲကို လိုက်၍ တတ်နိုင်သလောက် လိုက်လိုက်လျောလျော နှစ်သိမ့်စကားပြောခြင်း အပြုအမူဖြင့် ကြင်နာယုယမှုပြခြင်း စသည်တို့ကို လိုက်နာနိုင်ပါလျှင် အိမ်ထောင်ရေး သာယာအဆင်ပြေမှုသည် အလိုလို ဖြစ်နေပေလိမ့်မည်။

မိန်းမတို့၏ သဘာဝဆို၍ ယောကျ်ားများအနေဖြင့် နောက်ထပ် သိထားသင့်သည်ကား သူတို့၏ စိတ်သည် အမြဲတစေ တသမတ်တည်း မရှိ။ ပြောင်းလဲနေတတ်သော သဘောရှိသည်ပင် ဖြစ်၏။ အချို့နေ့တွင် ပျော်ရွှင်ကြည်နူးနေပြီး အချို့နေ့ကျတော့ အလိုလို အားငယ်နေတတ်ပါ၏။ အမျိုးသမီးတိုင်းတွင် စိတ်ကြည်လင်ပျော်ရွှင်မှု သို့မဟုတ် စိတ်အားငယ်မှုသည် တာလှည့်စီ ဖြစ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com

တတ်ခြင်းကို အင်္ဂလိပ်ဘာသာဖြင့် 'မုဒ်' (Mood) ဟုခေါ်၏။ တစ်ခါတစ်ရံ ဘာအကြောင်းမှ မယ်မယ်ရရ မရှိဘဲ စိတ်အားငယ်သလို ဝမ်းနည်းသလိုလည်း ဖြစ်တတ်၏။ တစ်ခါတစ်ရံ စိတ်တိုပြီး အော်ချင်ငေါက်ချင် ဘုပြောချင်စိတ်များပင် ဖြစ်၏။ အကြောင်းရယ်လို့ ရှိ၍မဟုတ်။ အလကားနေရင်း စိတ်က အမျိုးမျိုး ပြောင်းလဲတတ်သည့် သဘောမျိုး ဖြစ်ပေ၏။ ဆရာဝန်များနှင့် စိတ္တဗေဒ ပညာရှင်များ၏ စုံစမ်းလေ့လာချက်အရ အကြောင်းတစ်ခု ရှာ၍ရသည်ကား အမျိုးသမီးများတွင် လစဉ် ဓမ္မတာရာသီသွေး ပေါ်သည့်အခါများ၌ အားငယ်ဝမ်းနည်းသလို၊ စိတ်တိုသလို အခိုက်အတန့်အားဖြင့် ဖြစ်တတ်သည်ဆို၏။ သို့သော် ရက်ပိုင်းမျှသာဖြစ်ပြီး အချိန်တန်လျှင် ပြန်၍ နဂိုရ်အတိုင်း ဖြစ်သည်ဟု ဆိုပေသည်။

မည်သို့ပင်ဖြစ်စေ ဤသို့သော မိန်းမတို့၏ သဘာဝကို နားလည်သိရှိထားသော လင်ယောကျ်ားအနေဖြင့် မိမိချစ်ဇနီး၏ စိတ်ကြည်လင်မှု အခြေအနေ သို့မဟုတ် 'မုဒ်' (Mood) ကို အကဲခတ်၍ ကိုယ်ချင်းစာတရားဖြင့် ပြေပြစ်စွာ ဆက်ဆံသင့်ပါ၏။ မိန်းကလေးအဖို့မှာမူ မည်မျှပင် အိမ်ထောင်သက် ကြာရှည်လာစေကာမူ ခင်ပွန်းယောကျ်ား၏ ယုယမှု ၊ ကြင်နာမြတ်နိုးမှု၊ အမူအယာ အပြောအဆိုများသည် သာယာကြည်နူးဖွယ် ဖြစ်စေတတ်ကြောင်း အိမ်ထောင်ရှင် ယောကျ်ားတိုင်းက တစ်ထစ်ချ မှတ်ယူအပ်ပေသည်။ မိမိ၏ ချစ်ဇနီးအား ချော့မော့နှစ်သိမ့်ရန် မည်သည့်အခါမှ ဝန်မလေးပါနှင့်ဟုလည်း အကြံပေးလိုပါ၏။ ဤအတိုင်း လိုက်နာကျင့်သုံးပါက အိမ်ထောင်ရေး သာယာအဆင်ပြေမှုအတွက် အာမခံချက်တစ်ခုပင် ဖြစ်သည်ဟု ဆိုရပေမည်။

** ** **



အိမ်ထောင်တစ်ခုတွင် အချိန်ကာလ ကြာလာသောအခါ၌ မလိုလားအပ်သော အဆင်မပြေမှု၊ ပဋိပက္ခများ ဖြစ်ပေါ်စေသော အကြောင်းတစ်ရပ်လည်း ရှိပါသေးသည်။ ယင်းအကြောင်းတား တစ်ခုခုဖြစ်လျှင် တစ်ယောက်တစ်ယောက် အပြစ်ပုံချတတ်သော အလေ့အထပင်ဖြစ်၏။ ဤအလေ့အထကို အသေးအဖွဲ ကိစ္စကလေးများကအစ အရေးကြီးသော ပြဿနာများအထိ တွေ့ရတတ်ပေသည်။ ကာယကံရှင်အနေဖြင့်တော့ သူ့ဟာသူ ရိုပ်မိဟန် မတူဘဲ ဘာကိစ္စမဆို တစ်ဖက်သားကို အပြစ်တင်ချင်သည်။ ပုထုဇဉ်လူသားတို့၏ သဘာဝစရိုက်တစ်ခုဟု ဆိုချင်ဆို အိမ်ထောင်တိုင်းလိုလိုတွင် ရှိတတ်သည်မှာ အမှန်ဖြစ်၏။ ယင်းအလေ့အထကြောင့်ပင်လျှင် မကြာခဏ လင်မယား တစ်ယောက်တစ်ခွန်း စကားများရသည့် အဖြစ်မျိုး ကြုံရတတ်ပေသည်။

ဥပမာ– ဇနီးမောင်နှံတို့တွင် သားသမီးသုံးယောက် ရှိသည့် အနက် အကြီးဆုံး (ဆယ်နှစ်အရွယ်) သားယောကျ်ား ကလေးသည် အဖော်ကလေးများနှင့်အတူ ဘောလုံးကန်ကစားရာမှ လဲကျပြီး ဒဏ်ရာများ ရခဲ့၏။ ထိုနေ့ ညနေဖက် ဖခင်ဖြစ်သူ အလုပ်မှ ပြန်လာသောအခါ ခရီးရောက်မဆိုက်မှာပင် ကလေးအမေက အကျိုးအကြောင်း ပြောပြရင်း ဆီး၍ အပြစ်တင်စကား ပြောတတ်၏။ ထိုသို့ ပြောရာက အောက်ပါပုံစံမျိုး လင်မယား စကားအချေအတင် ပြောပွဲ ဖြစ်လာတတ်၏။

"ဆန်နီ၊ ဒီလိုဖြစ်တာ အံ့သြစရာ မရှိဘူး၊ အဖြစ်တောင် နည်းသေးတယ်၊ ဒါဟာ ရှင့် အပြစ်ပဲ၊ ရှင်ကိုက လိုတာ"

"အလို၊ ဘယ့်နှယ်ကြောင့် ငါ့ အပြစ်ရမှာလဲ၊ ကလေးက ဆော့လို့ လဲကျတဲ့ ဥစ္စာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ဟိုတစ်လောကပဲ ရှင့်ကို သတိပေးခဲ့သေးတယ် မဟုတ်လား၊ ညနေဖက် ဆန်နီတစ်ယောက် လမ်းမထွက်ပြီး မဆော့ရအောင် ပညာလဲတော်အောင် ကျူရှင်သင်တန်းတစ်ခုခု တက်ဖို့ရာ စီစဉ်ပေးပါလို့ ရှင့်ကို ပြောခဲ့တယ်လေ၊ ဒီလိုအချိန်မှာ ကျူရှင်တက်နေရင် ဒီကွာလေးက ဘောလုံးကန် ကစားနိုင်ပါအုံးမလား၊ အချိန်အားနေတော့ ကစားရောပေါ့၊ ကစားရင်း ချော်လဲပြီး ဒဏ်ရာ ရတော့တာပေါ့။ အခုကြည့်စမ်း၊ ကလေးမှာ ဒူးပြဲသွားလိုက်တာ မနည်းဘူး၊ ဒါ ရှင့်အပြစ်ပဲ"

"မင်းကလဲကွာ၊ ခက်လိုက်တာ၊ ဆန်နီက အတန်းထဲမှာ စာတော်သားပဲ၊ ကျူရှင်ပေးစရာလည်း မလိုပါဘူး။ ကလေးဆိုတာ အားတဲ့အချိန် ကစားကြတာ သဘာဝပဲ မဟုတ်လား၊ ပညာလဲသင်၊ ကစားလဲကစားမှ အဖက်ဖက်က ပြည့်စုံနိုင်တယ်၊ ကစားလို့ မတော်တဆ ထိခိုက်ဒဏ်ရာရတာမျိုးတော့ ရှိမှာပေါ့၊ သိပ်လဲ အရေးမကြီးပါဘူး"

"အံမာ–ဘယ့်နှယ် အရေးမကြီးရမှာလဲ၊ တော်တော်ကြာ အနာက ရင်းပြီး ဖျားသွားနိုင်တယ် မဟုတ်လား၊ နေထိုင်မကောင်း ဖြစ်တယ်ဆိုရင်ပဲ ကျောင်းပျက်ရတော့မယ်၊ ဒါဟာ ဘာကောင်းသလဲ၊ ကလေး အခုလိုဖြစ်ရတာ ရှင့်ကြောင့်ပဲ၊ ရှင်ကျူရှင်အတွက် စီစဉ်မပေးလို့ ဖြစ်ရတာ"

ဇနီးသည်က ဤသို့ ပြောလိုက်သောအခါ လင်ယောကျ်ား မှာလည်း စိတ်တိုလာပါတော့သည်။

"ဟော့–မင်းစကားက ငါ့ဖက်ချည်း လှည့်အပြစ်တင်နေပါ လား၊ ကျူရှင်စီစဉ်မပေးတာနဲ့ ကလေးဒဏ်ရာရတာနဲ့ ဘာဆိုင်လို့လဲ၊ ကိုင်း––ဒါဖြင့် မင်းကရော ဘာဖြစ်လို့ ကလေးကစားနေတာကို ကြည့်မပြောသလဲ၊ ဘောလုံးကန်နေရင်လဲ ကြည့်ရှုသတိပေးပါ တော့လား၊ ကလေးဆိုတာ အထိန်းအကွပ် မရှိရင် ထင်သလို ဆော့တော့တာပေါ့"

"အံမယ်၊ ကျွန်မက ဆန်နီကစားနေတာကို တစ်ချိန်လုံး ထိုင်ကြည့်ပြောမနေနိုင်ပါဘူးတော်၊ မီးဖိုထဲ ချက်ရ၊ ပြုတ်ရ၊ ကလေးအငယ်တွေ ရေမိုးချိုးပေးရနဲ့ အားကို မအားဘူး၊ ရှင်ကသာ ကလေးကျူရှင်အတွက် လုပ်မပေးရုံတင် မဟုတ်သေးဘူး၊ ရုံးဆင်းရင် အိမ်တန်းမပြန်ဘဲ ဘယ်သဝေလျှောက်ထိုးနေသလဲ မပြောတတ် ပါဘူး၊ ဆန်နီအခုလို ဖြစ်တာ ရှင့်ကြောင့်ပဲ၊ ရှင်တာဝန်မဲ့လို့ ဖြစ်တာ"

"တော်တော့ကွာ၊ မဆီမဆိုင်တာတွေ လျှောက်ပြောမနေနဲ့၊ အိမ်ပြန်နောက်ကျတာ အလုပ်ရှိလို့ပေါ့ကွ"

"မတော်နိုင်ဘူး၊ မတော်နိုင်ဘူး၊ စကားစပ်မိလို့ ဆက်ကို ပြောရဦးမယ်၊ ရှင်ဟာလေ––ရှင်"

နောက်ပိုင်းသူတို့၏ စကားရည်လုပွဲကြီးမှ စကားများကို ဆက်လက်၍ ရေးမပြလိုတော့ပါ။ ကလေးဘောလုံးကန်၍ လဲကျ ဒဏ်ရာရခြင်းကို တစ်ယောက်အပေါ်တစ်ယောက် အပြစ်ဖို့ရန်းက လင်တော်မောင် အိမ်ပြန်နောက်ကျခြင်းအကြောင်း ဆက်သွားပြီး လင်မယား စကားများရသည့်အဖြစ်သို့ ရောက်သွားတော့၏။ ထိုနေ့ည အဖို့ သူတို့၏ အိမ်ထောင်မှာ သာယာပျော်ရွှင်ဖွယ်မရှိ တော့ဘဲ တစ်ယောက်ကိုတစ်ယောက် စကားလည်းမပြော မျက်နှာချင်းလည်း မဆိုင်ချင်တော့ဘဲ အိပ်ယာဝင်ခဲ့ကြရသောဟူ၏။

ကာယကံရှင်များအနေဖြင့် မမြင်ကြသော်လည်း ဘေးမှ ဝေဖန်သုံးသပ်ကြည့်သူများကတော့ ထိုလင်မယားသည် ဘာ မဟုတ်သော အကြောင်းကိစ္စကလေးတစ်ခုနှင့် ဖော်သက်၍ တစ်ယောက်ကိုတစ်ယောက် အပြစ်တင်ရာမှ ဇနီးမောင်နှံ ဖဒိုပကျွ

www.burmeseclassic.com

ဖြစ်ကြရသည်ဟု ကောက်ချက်ချကြလိမ့်မည် ဖြစ်ပေသည်။ ဤနေရာတွင် ပညာဝန် ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများထဲမှ တစ်ယောက်ကိုတစ်ယောက် အပြစ်ရှာတတ်သူ အိမ်ထောင်မိသားစု အကြောင်း ပုံပြင်မှ သင်ခန်းစာ ကို ယူထိုက်လှပေသည်။ စင်စစ် တစ်ယောက်က အပြစ်တင်နေချိန်တွင် တစ်ယောက်ဟ "ဟုတ်တယ်၊ ငါ့အပြစ်ပဲ"ဟု ဝန်ခံလိုက်ရုံဖြင့် စကားနည်း ရန်စဲကာ နောက်ထပ် ပြဿနာတက်စရာ အကြောင်းမရှိချေ။ လူမှန်သမျှ ချို့ယွင်းချက်တွေ၊ အပြစ်တွေ ရှိစမြဲဟု နှလုံးသွင်းလျက် အပြစ်ကို ဝန်ခံရမှာ ဝန်မလေးခြင်းသည် အကောင်းဆုံးပင်ဖြစ်၏။ ဤသို့ခံယူတတ်ပါက ဇနီးမောင်နှံ အမိပွါယ်မရှိ၊ ကတောက်ကဆ ဖြစ်ရခြင်းများကို ကာကွယ်တားဆီးနိုင်ပြီး အိမ်ထောင်ရေး သာယာ အဆင်ပြေနေအောင် ဖန်တီးနိုင်ကြမည် ဖြစ်ပေသည်။

အထက်ဖော်ပြပါ သာဓကမှ ဇနီးမောင်နှံတို့ဆိုလျှင် နှစ်ဦးစလုံးက တစ်ယောက်အပေါ်တစ်ယောက် အပြစ်တင်လိုစောဖြင့် မည်သူကမှ အလျှော့မပေး၊ အပြစ်တင်၍ ဝန်မခံကြသဖြင့် မလိုလား အပ်သော ပဋိပက္ခမှုကို ဖိတ်ခေါ်ဟာကိုယ် လုပ်ယူသလို ဖြစ်ခဲ့ရပေသည်။ အမှန်တော့ တစ်ယောက်ယောက်က ဝန်ခံလိုက်ပြီး ပြေပြေ ပြစ်ပြစ်ပြောခြင်းအားဖြင့် နောက်ပိုင်းအငြင်းပွားမှုကို ရပ်စဲပစ် လိုက်နိုင်ပေသည်။ ပထမအချက်အနေနှင့် မိန်းကလေးက မှား၏။ ကလေးက ဘောလုံးကန်၍ ဒဏ်ရာရလာခြင်းကို ခင်ပွန်းသည်အပေါ် အပြစ်ပုံ မချသင့်။ အလုပ်မှ ပင်ပင်ပန်းပန်း ပြန်လာ၍ ခရီးရောက် မဆိုက်မှာပင် ဇနီးသည်က ဆီး၍ အပြစ်တင်လိုက်သောအခါ လင်ယောကျ်ားမှာ စိတ်ထဲအောင့်သက်သက် ဖြစ်သွားရ၏။ သူ့အနေဖြင့် ဇနီးသည်ထံမှ ချစ်ကြည်ချိုသာသော စကားများ ကြားရပြီး အမောပြေလေမလားဟု မျှော်လင့်နေခိုက် "ဒါဟာ ရှင့်အပြစ်ပဲ" ဟူသော ဆီး "ဟောက်"သံမျိုး ကြားလိုက်ရသည်တွင် ထောင်းခနဲ ဖြစ်သွားမိခြင်းမှာလည်း အံ့ဩဖွယ်ရာ မရှိချေ။ ကလေးတို့မည်သည် ဆော့ကြ ကစားတတ်ကြသည်ချည်းဖြစ်၍ မတော်တဆ လဲကျ ဒဏ်ရာရခြင်းကို မည်သူ့ကိုမှ အပြစ်မတင်ဘဲ မိမိသားငယ်အား နောင်ကို သတိထားကစားရန် ပြောဆိုဆုံးမရုံသာ ရှိ၏။ အလုပ်မှ ပြန်လာသော လင်ယောကျ်ားအား ဆီး၍ အပြစ်တင်ခြင်းက လုံးလုံး အဓိပ္ပါယ်မရှိ ဖြစ်နေပေသည်။

ဤကား ဇနီးသည်အား ဝေဖန်ချက်ပင်ဖြစ်ပြီး လင်ယောကျ်ား လုပ်သူကိုလည်း အကြံပေးရပါဦးမည်။ အိမ်ရောက်ရောက်ချင်း ဇနီးသည်က ဆီးကြို အပြစ်တင်စကား ပြောကြားသည်ပဲ ထားဦး။ ချက်ချင်းသတိဖြင့် ဆင်ခြင်၍ ဇနီးသည်အား ခွင့်လွှတ်သည့် စိတ်မျိုး မွေးမြူလိုက်သင့်ပါ၏။ မိန်းကလေးက အပြစ်တင်ခြင်းသည် မှားနေမှန်း သိလျက်နှင့် အပြစ်မဆိုဘဲ စကားကို အထိုက်အလိုက် ပြေပြစ်အောင် ပြောလိုက်ခြင်းသည် အကောင်းဆုံးပင် ဖြစ်ပေသည်။ မိန်းကလေးက ဆီး၍ အပြစ်တင်စကား ပြောလိုက်သည်နှင့် တစ်ပြိုင်နက်–

"ဟုတ်ပါရဲ့ကွယ်၊ ဆန်နီကို ညနေဖက် ကျူရှင်သင်တန်း ပို့ထားလိုက်ရင် အကောင်းသား၊ ဘာပဲဖြစ်ဖြစ်လေ လောလော ဆယ်တော့ သားလေး ဒဏ်ရာ ဆေးဝါးထဲ့ဖို့သာ အရေးကြီးတယ်။ ဒဏ်ရာကိုကြည့်ပြီး လိုအပ်ရင် ဆရာဝန်ဆီ ခေါ်သွားသင့် ခေါ်သွားရတာပေါ့"

–စသည်ဖြင့် ပြောလိုက်ခြင်းအားဖြင့် မိမိကပင် အပြစ်ကို ဝန်ခံလိုက်ရာ ရောက်သည့်အပြင် သားငယ်အတွက် စိုးရိမ်မှု၊ စိတ်ဝင်စားမှုပါ ပြသသည့်သဘောမျိုး ဖြစ်လျက် ဘာပြဿနာမှ ပေါ်စရာ အကြောင်းမရှိတော့ [illegible] သည်မှာလည်း [illegible] သည်ကို

www.burmeseclassic.com

အပြစ်ကို ဝန်ခံကာ ပြန်လည်ငြင်းဆို ချေပခြင်း မပြုသည်ကိုပင် ကျေနပ်သွားမည်ဖြစ်၏။ ဤနည်းအားဖြင့် ထိုနေ့အဖို့ ဇနီးမောင်နှံတို့၏ ဆက်ဆံရေးသည် သာယာပြေပြစ်လျက် သားငယ်အတွက် နှစ်ယောက်သား အတူတူ ဝိုင်းဝန်းပြုစုရခြင်းကပင် တစ်မျိုး ပျော်ရွှင်ဖွယ်ရာကောင်းမည် ဖြစ်ပေသည်။

ဤကား ယောကျ်ားက အလျှော့ပေးခြင်းအားဖြင့် "စကားနည်း ရန်စဲ" ဖြစ်အောင် ဖန်တီးနည်း ဖြစ်၏။ မိန်းကလေးက အလျှော့ပေး လိုက်လျှင်လည်း ပြေလည်သွားနိုင်ပါသေးသည်။

လင်တော်မောင် အလုပ်မှ ပြန်ရောက်ရောက်ချင်း ဆီးကြို အပြစ်တင်လိုက်မိပြီးနောက်မှပင် ဇနီးသည်က ပြန်လည်ဆင်ခြင်၍ ပြေလည်စေနိုင်၏။ မိမိက စတင်၍ အပြစ်တင်စကား ပြောလိုက်ပြီး နောက် ခင်ပွန်းသည်က–

"အလို– ဘယ့်နှယ်ကြောင့် ငါ့အပြစ်ရမှာလဲ၊ ကလေးက ဆော့လို့ လဲကျတဲ့ ဥစ္စာပဲ"

–ဟု ပြန်ချေပသည်နှင့် တစ်ပြိုင်နက် "အင်း––သူကတော့ အပြစ်ကို ဝန်ခံမှာ မဟုတ်ဘူး" ဟု ချက်ချင်းတွေးမိလိုက်ကာ မိမိကပင် အလျှော့ပေးပါတော့မည်ဟု ဆုံးဖြတ်သင့်၏။ ထို့ကြောင့်–

"ဟုတ်ပါရဲ့ မောင်ရယ်၊ ဆန်နီကိုယ်က လွန်ပါတယ်၊ ကစားတာ လုံးလုံးသတိမထားဘူး၊ ကဲ––သားရဲ့ဒဏ်ရာကို လာကြည့်ပေးပါဦးလားဟင်၊ ဆရာဝန်ဆီ ခေါ်သွားရ ကောင်းမလား လို့"

–ဟု ပြောလိုက်ခြင်းအားဖြင့် မိမိက စတင် အပြစ်ဖို့ခဲ့ခြင်း အကြောင်းကို လုံဝမဆက်တော့ဘဲ သားငယ်အား ပြုစုရေးအတွက် ခင်ပွန်းသည်ကို အားကိုးဟန်ဖြင့် ပြောလိုက်ပါက လင်ယောကျ်ားတွင် စိတ်ပြေသွားမည့်အပြင် ချစ်ဇနီးခမျာ ငါ့ကို အားကိုးရှာတာ



ပါကလားဟု တွေးတောပီတိဖြစ်လျက် အလုပ်ပင်ပန်းလာခဲ့ခြင်းကို မေ့ကာ ချက်ချင်း သားငယ်အား ဂရုစိုက်ကြည့်ရှုပေးမည် ဖြစ်ပေသည်။

ဆိုလိုရင်းကတော့ ဇနီးမောင်နှံတို့သည် တစ်ဦးကိုတစ်ဦး စတင်အပြစ်ဖို့ခြင်း၊ မိမိဖက်က အပြစ်ကို ဝန်ခံရမှာ ဝန်လေးခြင်း စသည်တို့ကို ရှောင်ခြင်း ၊ အလျှော့ပေး ခွင့်လွှတ်သည့်စိတ်မျိုး မွေးမြူရန် တကယ်လိုအပ်သည်ဟူ၍ပင်ဖြစ်၏။ မည်မျှပင် သေးငယ်သောကိစ္စကလေး ဖြစ်စေကာမူတစ်ယောက်က အပြစ် တင်လျှင် ကျန်တစ်ယောက်က အလျှော့ပေးခြင်းအားဖြင့် ပြဿနာကို ပြေလည်စေသင့်၏။

တစ်ခါက ဇနီးမောင်နှံ နှစ်ဦးတို့သည တစ်ယောက်ကို တစ်ယောက် ချစ်မြတ်နိုးကြလျက် အသေးအဖွဲကိစ္စတွင် သည်းမခံ အလျှော့မပေးမှုကြောင့် အကြီးအကျယ် ပြဿနာ ဖြစ်ရဖူး၏။ သူတို့မောင်နှံတွင် မိန်းကလေးက ကြောင်အလွန်ချစ်တတ်သဖြင့် ကြောင်မွေးထားရာ ယောကျ်ားဖြစ်သူက ကြောင်ဆိုလျှင် ကြည့်၍ မရ အလွန်မုန်းသည်ဆို၏။ အရေးထဲ ကြောင်က အိပ်ယာပေါ်တက်ပြီး သေးပေါက်လေ့ရှိသဖြင့် လင်ယောကျ်ားမှာ ကြာတော့ စိတ်တိုပြီး ကြောင်ကိုရိုက်၏။ ဤတွင် မိန်းကလေးက သူချစ်သော ပူစီကလေးကို ရိုက်ရပါမည်လောဟု ဒေါသထွက်ကာ လင်မယား စကားများတော့၏။ ပြောပါများတော့ စကားထဲ အမှားတွေ ပါကုန်ကာ မိန်းကလေးသည် အိမ်ပေါ်မှဆင်း၍ မိဘထံ ပြန်နေလိုက်၏။ စိတ်လိုက်မာန်ပါ ပြောဆိုပြုမူခြင်းမျှသာဖြစ်၍ နောက်ပိုင်း လူကြီးမိဘများ၏ ဖျောင်းဖျစေ့စပ်မှုကြောင့် ပြေလည်ခဲ့ရလင့်ကစား ဤအဖြစ်မျိုးမှစပြီး အိမ်ထောင်ပြိုကွဲရသည့် အခြေအနေမျိုးထိအောင် ဖြစ်သွားနိုင်ကြောင်း သတိပြုသင့်ပေသည်။

www.burmeseclassic.com

ဖော်ပြပါ သာဓကမျိုးများသည် အိမ်ထောင်သက် ကြာလာမှ ဖြစ်တတ်သည် မှန်သော်လည်း သာယာချမ်းမြေ့သော အိမ်ထောင်ရေး တည်ဆောက်လိုသူ လင်ယောက်ျားမယားများ အနေဖြင့် အိမ်ထောင်ဦး ကာလ အချိန်စောစောကပင် ကြိုတင်ပြင်ဆင်ထားမှ တော်ရုံကျ မည်ဖြစ်ကြောင်း မှတ်ယူရာ၏။ ညားကာစ သာယာကြည်နူး "ဆွေမျိုးမေ့" နေသည့် အချိန်ကာလကပင် လာလတ္တံ့သော အနှောက် အယှက်များကို ကြိုတင်နားလည် သိရှိထားသင့်ပါ၏။ မည်သည့် အန္တရာယ်မဆို မဖြစ်မီက ကြိုတင်ကာကွယ်ထားခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်သည် ဟူသော စကားသည် အိမ်ထောင်ရေးတွင် လည်း အလွန်မှန်ကန်လှပေသည်။ အိမ်ထောင်ကျကာစ အချိန်၌ ခံစားရသော သာယာကြည်နူးမှုသည် အချိန်ကာလ ရွေ့လျောလာ သောအခါ အစဉ်သဖြင့် တည်မြဲနေမည် မဟုတ်ကြောင်းကို လင်ယောက်ျားမယားများအနေဖြင့် ယုံကြည်ရန်ပင် ခဲယဉ်းပေလိမ့်မည်။ သို့သော် အိမ်ထောင်သက် တစ်ဖြည်းဖြည်း ကြာရှည်လာသောအခါ လက်ထပ်ပြီးကာစ အခြေအနေမျိုး မဟုတ်တော့ဘဲ ပြောင်းလဲ လာတတ်သည်ကို ကိုယ်တိုင် သိရှိလာကြရမည် ဖြစ်ပေသည်။ ပြောင်းလဲရုံမက ချစ်ကြည်သာယာမှု၏ ဆန့်ကျင်ဖက်ဖြစ်သော ပဋိပက္ခများသည်လည်း ဇနီးမောင်နှံကြားဝယ် ဖြစ်ပေါ်လာတတ်လေရာ အိမ်ထောင်ဦးကာလကပင် နားလည်သဘောပေါက်ထားခြင်းအားဖြင့် ကြိုတင်ကာကွယ်တားဆီးနိုင်မည် ဖြစ်ပေသည်။ ယင်းသို့ အိမ်ထောင်ရေး သာယာအဆင်ပြေမှုကို နှောက်ယှက်ဖျက်ဆီး စေနိုင်သည့် ပဋိပက္ခမှုများအကြောင်း လူငယ်များက ကြိုတင်သိရှိပြီး ရှောင်ကြဉ်နိုင်ရန်အတွက် ဤအခန်းတွင် အတတ်နိုင်ဆုံး ပြည့်စုံအောင် ရှင်းလင်းတင်ပြနေရခြင်း ဖြစ်ပေသည်။



အိမ်ထောင်ရေး သာယာအဆင်ပြေမှုအတွက် ဆွေးနွေးသဖွယ် အကြံပေးရေးသားရသည့် အချက်များအနက် မရိုးနိုင်အောင် ထပ်တလဲလဲ သတိပေးလိုသည့် အချက်ကတော့ လင်နှင့်မယား အခါခပ်သိမ်း ကြင်နာယုယမှု မလျော့ပါးစေအောင် အထူး သတိပြုရန်ပင် ဖြစ်၏။ ဤသည်မှာလည်း မေတ္တာတရား၏ တုန့်ပြန်တတ်သော သဘောကို အခြေပြု၍ အကြံပေးရခြင်း ဖြစ်ပေသည်။ ဇနီးမောင်နှံတို့တွင် အိမ်ထောင်သက် မည်မျှပင် ကြာရှည်စေကာမူ တစ်ယောက်က ကြင်နာယုယမှုကို အပြောအဆို အပြုအမူများဖြင့် ပြသ,ပါက ကျန်တစ်ဦးကလည်း "အော်-- သူဟာ ငါ့ကို အတော်ချစ်သားပဲ" ဟူ၍ ကြည်နူးပီတိဖြစ်ရာမှ ပြန်လည်၍ အလားတူ ကြင်နာယုယမှုကို တုန့်ပြန်လိုစိတ် ဖြစ်ပေါ်တတ်၏။ ဤနည်းအားဖြင့် သူတို့နှစ်ဦးအကြားဝယ် ပဋိပက္ခမှုများ ဖြစ်ပေါ်ရန် အလားအလာ မရှိတော့သလောက် ဖြစ်လာ၏။ တစ်ယောက်နှင့်တစ်ယောက် ကြင်နာယုယမှု အစဉ်သဖြင့် ရှိအောင် ကြိုးစားခြင်းသည် အိမ်ထောင်ရေး သာယာမှုအတွက် ကြိုးပမ်းရာလည်း ရောက်ပေသည်။ ယင်းအချက်ကို အိမ်ထောင်ဦး ကာလကပင် ဇနီးမောင်နှံတို့ သတိချပ်သင့်ကြပေသည်။

BURMESE CLASSIC

တစ်ယောက်ကို တစ်ယောက် ကြင်နာယုယမှု ရှိရမည်ဟူသော စကား၏ အဓိပ္ပါယ်က အလွန်ကျယ်ပြန့်လှပေသည်။ ဇနီးမောင်နှံ တိုင်းလိုလို သမီးရည်းစားဘဝ လက်ထပ်ပြီးကာစ ကာလမှ အပြောအဆို အပြုအမူများသည် ကြာလျှင် မေ့ပျောက်တတ်ကြသည်ကို သူတို့ကိုယ်တိုင်က အမှုမဲ့ အမှတ်မဲ့နေ၍ မသိဘဲ ဖြစ်နေတတ်၏။ ကြင်နာယုယမှု လျော့ပါးလာသည်ကို တစ်ယောက်ယောက်က နေထိုင်မကောင်းဖြစ်သည့် အခါမျိုးတွင် အလွန်သိသာတတ်ပေသည်။ လင်ယောက်ျား သို့မဟုတ် ဇနီးသည် တစ်ဦးဦးက ကျန်းမာမကျန်းဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com

အခါ ကြင်နာယုယမှု လျော့ပါးလာသော အိမ်ထောင်တွင် ဂရုစိုက်မှုလည်း ကောင်းစွာမရှိ ဖြစ်တတ်၏။ အမှန်က သည်လို နေထိုင်မကောင်းဖြစ်သည့်အခါများ၌ ချစ်သူ၏ ယုယကြင်နာမှု၊ ဂရုစိုက်မှုသည် အထူးပင် လိုအပ်ပေသည်။

လူတို့၏ သဘာဝတစ်ခုမှာ နာမကျန်းဖြစ်သည့်အခါ အလိုလိုနေရင်း စိတ်အားငယ်တတ်ခြင်းပင် ဖြစ်၏။ ရောဂါက ကြီးကြီးကျယ်ကျယ် မဟုတ်သည့်တိုင်အောင် ချစ်သူက မိမိအပါးမှ မခွာဘဲ ပြုစုဂရုစိုက်ခြင်းကို အလွန်လိုလား တောင့်တတတ်၏။ ယုတ်စွအဆုံး ဆေးဝါးမှိုဝဲရာ၌ပင်လျှင် ချစ်သူက ဂရုတစိုက် ဆေးတိုက်မှ သောက်ချင်၏။ မိမိ၏ခင်ပွန်း သို့မဟုတ် ဇနီးသည်ကိုယ်တိုင် ဂရုစိုက် ဆေးတိုက်ခြင်းကို ကျေနပ်သဘောကျရာမှ စိတ္တဇဗေဒ သဘောအရ ချက်ချင်းလက်ငင်းပင် ရောဂါသက်သာလာသည်ဟု ထင်ရတတ်၏။

အထူးသဖြင့် မိန်းကလေးများအနေဖြင့် နေထိုင် မကောင်းသည့်အခါ ပို၍ပင် စိတ်အားငယ်တတ်လေရာ လင်ယောကျ်ား၏ ကြင်နာယုယမှု၊ ဂရုစိုက်မှုကို သာမန်အချိန်မျိုးထက်ပင် လိုလားတောင့်တ,တတ်ပေသည်။ အချို့အမျိုးသမီးများဆိုလျှင် ပါးစပ်မှ ဖွင့်၍ပင် သွယ်ဝိုက်ပြီး ခင်ပွန်းသည်၏ ဂရုစိုက်မှုကို တောင်းဆိုတတ်၏။

ဥပမာ– ညနေဖက် ထမင်းစားပြီး၍ လင်ယောကျ်ား အေးအေးဆေးဆေး သတင်းစာဖတ်ရင်း ဆေးလိပ်ထိုင်သောက်နေခိုက် ဇနီးသည်က အခန်းထဲမှ လှမ်းပြီး–

"မောင်ရေ–ဘာဖြစ်လို့မှန်း မသိဘူး၊ ခင် သိပ်ခေါင်းကိုက်တာပဲ"

–ဟု ပြောလိုက်၏။ ထိုအခါ လင်ယောကျ်ားက သတင်းစာ ဖတ်မပျက် ၊ ထိုင်ရာမှ မထဘဲ––

"ခေါင်းကိုက်ရင် ကိုဒါနင်ဆေးတစ်ပြားလောက် သောက်လိုက်ပါလား၊ ထမင်းစားခန်းထဲက ဘီဒိုပေါ်မှာ ဆေးပုလင်းရှိတယ်"

–ဟု ပြန်ပြောလိုက်၏။

အမှန်က လင်ယောကျ်ားက ဤသို့ပြောလိုက်ခြင်းကို ဇနီးသည်က လုံးလုံး မလိုလားချေ။ သူ လိုချင်သည်ကား––

"ဟင်–ဟုတ်လား ခင်၊ ဒီလိုဆိုရင် အိပ်ယာထဲပဲ အသာလှဲနေလိုက်ပါ၊ မောင်ကိုယ်တိုင် ဆေးလာတိုက်မယ်"

–ဟု ပြောပြောဆိုဆို သတင်းစာကို ချထားလိုက်ပြီး ချက်ချင်းခေါင်းကိုက်ပျောက်ဆေး ကိုယ်တိုင်ယူလာပြီး ဂရုတစိုက် ဆေးတိုက်ခြင်းမျိုးကို လိုလား၏။ထမင်းစားခန်းထဲက ဘီဒိုပေါ်တွင် ခေါင်းကိုက်ပျောက်ဆေးပုလင်း ရှိမှန်းလည်း သူကိုယ်တိုင် သိပြီးဖြစ်၏။ သူ့ဟာသူထ,ပြီး ဆေးယူသောက်လိုက်လျှင်လည်း ပြီး၏။ သို့ရာတွင် သူ့အနေဖြင့် ဒါကို မလိုချင်။ လင်ယောကျ်ားက ပျာပျာသလဲ ထပြီး ယုယုယယနှင့် ပြုစုရင်း ဆေးတိုက်ခြင်းကိုမှ အလိုရှိ၏။ အမှန်တော့ ခေါင်းကိုက်ခြင်းကလည်း ကြီးကြီးကျယ်ကျယ် မဟုတ်။ မခံသာအောင်လည်း ပြင်းထန်ခြင်း မရှိ။ သို့ဖြစ်လင့်ကစား လင်ယောကျ်ား၏ ယုယကြင်နာမှုကို လိုချင်၍ ခင်ပွန်းသည်ကား လှမ်းခေါ်လိုက်ခြင်းပင်ဖြစ်၏။ဒါကို ယောကျ်ားဖြစ်သူက မရိပ်မိဘဲ ကိုယ့်ဟာကိုယ် ဆေးထ,သောက်ဟု လှမ်းပြောလိုက်ခြင်းသည် မှား၏။ အထူးသဖြင့် အိမ်ထောင်သက် ကြာရှည်လာသောအခါမျိုး ဆိုလျှင် "ငါ့ယောကျ်ားဟာ အရင်ကလို ငါ့ကို မချစ်တော့ဘူး ထင်ပါရဲ့" ဟူသော အတွေးမျိုးပင် ဝင်လာကာ ဝမ်းနည်းပြီး စိတ်ထိခိုက်တတ်ပေသည်။ ထို့ကြောင့် လင်ယောကျ်ားအနေဖြင့်

www.burmeseclassic.com

အလိုက်သိစွာ ဇနီးသည်အား ကြင်နာယုယမှုကို အမြဲတစေ ပေးရန် ဂရုစိုက်သင့်လှပေသည်။

နေထိုင်မကောင်း ဖြစ်သည့်အခါ ကြင်နာယုယစွာဖြင့် ဂရုစိုက်ခြင်းကို မိန်းကလေးက အထူးလိုလားသည်ဟု ဆိုရာ၌ လင်ယောကျ်ားက မလိုလားဟု မဆိုလိုချေ။ ယောကျ်ားများသည်လည်း ပုထုဇဉ်သားများပင်ဖြစ်ရာ နာမကျန်းဖြစ်သည့်အခါ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ ပြုစုခြင်းထက် ချစ်ဇနီးက ကြင်နာယုယစွာဖြင့် ဂရုစိုက်ပြုစုခြင်းကို ပိုမိုလိုလားတတ်၏။ သာယာကြည်နူးပီတိဖြစ်တတ်၏။ ဇနီးသည်က အနားမှနေ၍ ခြေဆုပ်လက်နယ် ပြုစုပါလျှင် အတိုင်းထက်အလွန် ကျေနပ်ပီတိဖြစ်ကာ ခံစားနေရသော ဝေဒနာပင် သက်သာသည်ဟု ထင်တတ်၏။

လင်ယောကျ်ားက အလုပ်မှ ပြန်လာပြီးနောက်–

"ဒီနေ့ အလုပ်တွေ သိပ်များပြီး ခါတိုင်းထက် ပိုမောတယ်ကွာ"

–ဟု ညည်းလိုက်လျှင် အလိုက်မသိစွာဖြင့်–

"မောရင်လဲ အားဆေးလေး ဘာလေး ဝယ်စားပါလား ၊ ဒါမှမဟုတ်ရင် ရုံးကအပြန် ဆေးတိုက်တစ်ခုခု ဝင်ခဲ့ရောပေါ့"

–ဟု ပြောပါက လင်တော်မောင်က ကျေနပ်သဘောကျမည် မဟုတ်ချေ။ ဆေးတိုက်သွားခြင်း၊ ဆေးဝယ်စားခြင်းတို့ကို ဇနီးသည်က မပြောဘဲ သူသိပြီး နားလည်ပြီးဖြစ်၏။ ချစ်ဇနီးက ယုယကြင်နာစွာ နှစ်သိမ့်အားပေးခြင်းကိုသာ ၊ သူ့အနေဖြင့် တောင့်တမိပေလိမ့်မည်။

**·တက္ကသိုလ် နေဝင်း**